

www.burmeseclassic.com
လမင်းမိုမို
ငြိမ်းချမ်းသာယာသောဘဝ
ဂဂုပါကို၏
www.burmeseclassic.com

www.burmeseclassic.com

# လမင်းမိုမို

## ငြိမ်းချမ်းသာယာသောဘဝ ရ,ရပါလို၏ ...


စာမူခွင့်ပြုချက်အမှတ် - ၅၀၀၄၄၁၀၆၀၄

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၄၄၆၀၆၀၄

၂၀၀၆ ခုနှစ်၊ ဩဂုတ်လ၊

ပထမအကြိမ်

တန်ဖိုး - ၁၀၀ိ/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဒေါ်ခင်ခင်စိန်(၀၁၈၁၉) ချစ်မင်းလှစာပေ

အမှတ်-၄၃/က၊မလိခလမ်း၊၇-မိုင်၊

မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်း။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၃၇၃) စေတနာOFFSET

အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။


BURMESE CLASSIC .com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး

အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com





# လမင်းမိုမို

ငြိမ်းချမ်းသာယာသောဘဝ
ရရပါလို၏




စီစဉ်သူ
မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com








# ၂၀၀၅-ဆောင်းရာသီ

www.burmeseclassic.com

www.burmeseclassic.com







## ၁

တစ်ဖက်က ဖုန်းခေါ်သံ တတူတူကို နားစွင့်စောင့်စားနေရင်း မေမေက ဘေးဘီကို ငုံ့ကြည့်လိုက်ပါသည်။ အနားမှာ ဂျူဂျူး ရှိမနေပါ။ဘယ်ရောက်သွားပါလိမ့်။

"အုန်းအုန်း"

"......"

"လုံးလုံး"

"ရှင်"

"နင်တို့ ဘယ်နားမှာလဲ"

"ကျွန်မ နောက်ဖေးမှာပါ"

www.burmeseclassic.com

www.burmeseclassic.com



"လာစမ်း"

မေဓါက အပေါ်ထပ်တက်သော လှေကားဆီ လှည့်ကြည့်သည်။ ဂျူဂျူးရဲ့ အရိပ်အရောင် မတွေ့ရ။ ဟိုတစ်ဖက်က ဖုန်းကလည်း မကိုင်သည်နှင့် မေဓါက ခလုတ်ကို ပြန်ပိချလိုက်ကာ...

"ဟဲ့ ... နင်တို့ကို ငါ ဘာပြောထားလဲ လုံးလုံး၊ နှစ်ယောက်စလုံးကို မနေ့က ငါ သေချာပြောပြီးသား၊ နင့်အစ်မ ဘယ်မှာလဲ"

"အုန်းအုန်း ခြံထဲမှာ အဝတ်လှမ်းနေပါတယ်"

"ဂျူဂျူးရော ... ဘယ်မှာလဲ"

"ခုန ဒီနားမှာပဲ ထိုင်နေတာလေ မမ"

"အခုမရှိတော့ဘူး မဟုတ်လား၊ နင်တို့ကို ငါမှာထားပြီးသား၊ တစ်ယောက်မဟုတ် တစ်ယောက် ဂျူဂျူးကို မြင်နေ တဲ့နေရာမှာ နေပါ၊ မလှမ်းမကမ်းမှာ အမြဲရှိပါဆိုတာ အခု အုန်းအုန်း အဝတ်လှမ်းနေရင် နင်က ဂျူဂျူးကို ကြည့်နေပါလား"

"ကျွန်မ ရေနွေးအိုး တည်ထားတာ ကြည့်နေလို့ပါ မမ"





"ဟဲ့ ... ရေနွေးအိုးက ဘာစောင့်ကြည့်နေစရာရှိလဲ၊ သွား အပေါ်ထပ်ကို၊ လိုက်ရှာ၊ မယောင်မလည်ပဲကြည့်၊ ဘာမှ သွားမပြောနဲ့"

"ဟုတ်"

လုံးလုံးက လှေကားကို ခပ်ကုပ်ကုပ် တက်သွားပါသည်။ မေဓါသည် သက်ပြင်းမောတစ်ချက်နှင့် ခေါ်ရခက်လှတဲ့ ဖေဖေ့ဖုန်းကို Redial ပြန်နှိပ်၍ ပြန်ခေါ်လိုက်ပါသည်။ ပညာအရာမှာ ထင်ရှားကျော်ဇောလှတဲ့၊ အလွန်တော်တယ်လို့ နိုင်ငံအရပ်ရပ်ကို သတင်းပျံ့မွှေး နာမည်ကြီးတဲ့ ခွဲစိတ်ကုသဆရာဝန်ကြီး ဖေဖေဟာ ပညာရပ်ဘက်မှာ ချွန်လွန်းလို့လား မသိ။ တခြားဘက်တွေမှာ အတော်ချို့ယွင်းချက်ရှိသည်။

သူ့ဖုန်းကို ဖွင့်ထားဖို့ မေ့ရင် မေ့လျော့သည်။ သို့မဟုတ် အိတ်ထဲက ထုတ်ပြောပြီး ကြုံရာပေါ်တင်ရင် တင်ရစ်ခဲ့သည်။ ဖေဖေ့ဖုန်းဟာ ခဏ ခဏ ပျောက်သည်။ ဖုန်းတစ်ခုတင်လား ဆိုတော့ မဟုတ်။ မေ့လျော့မှုကြောင့် တခြားပစ္စည်းတွေလည်း အမြဲပျောက်ပါသည်။ သော့တွဲ၊ ဝေါလက်၊ ဝန်ထမ်းကတ်ပြား၊ မီးခြစ်၊ ဖုန်းကတ် စသည်တို့ မကြာ မကြာ ပျောက်နေကျ။



www.burmeseclassic.com

www.burmeseclassic.com



**မနေ့ညနေကတည်းက** ဖုန်းခေါ်နေတာ ခေါ်လို့ကို **မရ။ အခေါက** ဖုန်းကို ထပ်ခါ ထပ်ခါ စိတ်တိုတိုနှင့် ခေါ်နေမိ **ရင်း** တစ်ချိန်မှာတော့ ဖုန်းကို ဖွင့်နားထောင်လိုက်သံ ကြား၍ **ဝမ်းသာအားရပင်** ...

"ဟယ်လို ... ဖေဖေ"

"ဟယ်လို ... ဟယ်လို၊ သမီးကြီးလား"

"ဟုတ်တယ် ဖေဖေ၊ မနေ့ကတည်းက ဖေဖေ့ကို ဖုန်းခေါ် နေတာ ဆက်တိုက်ပဲ၊ လုံးဝ ခေါ်မရဘူး"

"အေး ... အေး၊ ဟုတ်တယ်၊ ဖေဖေ့ဖုန်း ပျောက်လို့ သမီး ရဲ့၊ ဖေဖေ့မိတ်ဆွေ ဒေါက်တာဘယ်လာတို့အိမ်မှာ ကျန်ခဲ့ တာတဲ့၊ ခုနကမှ ဖုန်းပြန်ရတယ်၊ အခုလည်း ဖေဖေ ဖုန်း ကို ရုံးခန်းမှာထားပြီး ဝါ့ဒ်ထဲရောက်နေလို့၊ ဆောရီး သမီးကြီး၊ နေကောင်းကြလား"

"ဖေဖေ"

"အေး ... သမီးကြီး"

"ဖေဖေ ... ဒေါ်မာရီယာ ဆုံးသွားတယ်"

"အို ..."





ဖေဖေ့ထံမှ အံ့အားတသင့် အာမေဍိတ်နှင့် အတူ မသဲမကွဲ ညည်းညူသံလို အသံတချို့ ထွက်လာသည်။

"မနေ့က မနက်က ဆုံးတယ် ဖေဖေ"

"ဩော် ...၊ ကျွတ် ... ကျွတ် ... ကျွတ် ...၊ အိုင်မ်ဆိုး ဆောရီးဖော် ... အဲဒီသတင်း ကြားတဲ့အတွက်ကွယ်"

ဖေဖေ့ ထုံးစံ ဗမာတစ်ဝက် ဘိုလိုတစ်ဝက်နှင့် ပြောချင်သလို ပြောနေပါသည်။

"ချက်ချင်းပဲ မေမေ စိစဉ်စရာရှိတာတွေ လိုက်စီစဉ်ပြီး မွန်းလွဲပိုင်းမှာပဲ ချက်ချင်း သင်္ဂြိုဟ်လိုက်တယ်"

"အိုင်ဆီး ... အိုင်ဆီး၊ ဆုံးသွားတာတော့ ဂျပ်စ် ... ဟိုသင်း ပဲပေါ့၊ သမီး ပြောဖူးတဲ့ ..."

"ဟုတ်တယ် ဖေဖေ၊ အဲဒါနဲ့ပဲ ဆုံးသွားတယ်"

"ဩော် ... ဩော် ... ပိုးဝါးသင်းဂ်ပဲ၊ ဒါပေါ့လေ၊ သေရ တော့မှာပဲလေ၊ ဒါနဲ့ ... အခု ... အဲဒီတော့ ..."

"အဲဒီတော့ ဒါပဲပေါ့ ဖေဖေ၊ ဂျူဂျူးကို မေမေ ခေါ်လာ တယ်၊ အခု အိမ်မှာပဲ ရောက်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့ ... ဒါပေါ့။ သနားစရာ ကောင်းပါတယ်၊ ဖေဖေ ဂျူဂျူးနဲ့ ဖုန်းပြောရမလား"

"မပြောနဲ့ဦး ဖေဖေ၊ နောက်မှပဲ ဖေဖေ ဆက်လိုက်ပါ၊ အခုတော့ သူ့ကိုလည်း အခြေအနေ ကြည့်နေရတာပေါ့"

"သိပ်ခံစားနေရလား"

"သူ့ကြည့်ရတာတော့ အကဲမခတ်တတ်ပါဘူး၊ သိပ်တော့ မငိုဘူး၊ ဒါပေမဲ့ အခု စကားမပြောဘူး၊ သူ့ဟာသူငြိမ်ပြီး တိတ်နေတယ်၊ အခု အပေါ်ထပ်မှာ ထင်တယ်"

"နေပါစေ ... နေပါစေ၊ ဖေဖေ ဒါဖြင့် နောက်ရက်တွေမှ ဂျူဂျူးဆီ ဆက်ပါ့မယ်၊ သူ့ကိုသာ နွေးနွေးထွေးထွေး ဂရုစိုက်ပေးလိုက်ပါ သမီးကြီး"

"စိတ်ချပါ ဖေဖေ၊ မေဓါ ဂရုစိုက်ပါ့မယ်"

"ကောင်းပြီ ... ကောင်းပြီ သမီးကြီး"

"ဖေဖေရော ... နေကောင်းရဲ့လား၊ အလုပ်တွေ သိပ်များသလား"

"အလုပ်တွေကတော့ များနေတာပဲ၊ အချိန်တိုင်းပဲ"

"ဖေဖေလည်း ကိုယ့်ကျန်းမာရေး ကိုယ်ဂရုစိုက်နော်"



"စိုက်တယ် သမီးကြီး၊ ဂရုစိုက်ပါတယ်၊ ဘာမှ ဖေဖေ့ အတွက် မစိုးရိမ်နဲ့ ... ဒုန့်ထ်ဝါရီ၊ သမီးတို့သာ အဆင်ပြေ စေချင်တယ်"

"အဆင်ပြေပါတယ် ဖေဖေ၊ ဖေဖေ စိတ်မပူနဲ့နော်"

"ဟုတ်ပြီ ... ဟုတ်ပြီ၊ ဒါပဲလား သမီးကြီး"

"ဟုတ်ကဲ့ ... ဒါပဲ ဖေဖေ"

ဖေဖေနှင့် မေဓါ ဖုန်းပြောလျှင် အဲသလိုပဲ ငါးမိနစ်နှင့် ဆယ်မိနစ်အတွင်းသာ။ လိုရင်းပြောပြီး ဖုန်းချမြဲပင်။ အဖေ ဆိုတော့လည်း သူ့ဘက်မှာလည်း အသေးစိတ်စိတ် ဖွဲ့ဖွဲ့နွဲ့နွဲ့ ပြောဆို အသိပေးချင်တာမျိုး အထူးတလည် ဘာမှရှိပုံမရ။ နေကောင်းတယ်၊ အဆင်ပြေကြတယ် ဆိုရင်ပဲ ပြီးနေပေပြီ။

မေဓါသည် ဖုန်းကိုချပြီး အပေါ်ထပ်ကို ခပ်သွက်သွက် တက်လာခဲ့ပါသည်။ ဂျူဂျူးကို ပေးထားတဲ့ အခန်းရဲ့ အပြင်ဘက်မှာ လုံးလုံးက ကုန်းကွကွနှင့် အခန်းထဲကို ချောင်းနေပါသည်။ မေဓါက လုံးလုံးကျောကို ဖတ်ခနဲ တစ်ချက်ပုတ်ရင်း လေသံတိုးတိုးနှင့် ...

"ဘာချောင်းနေတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"မမက ဘာမှသွားမပြောနဲ့ဆိုလို့ ကျွန်မကို မတွေ့အောင် ချောင်းကြည့်နေတာ"

"ကဲ ... သွား ... သွား၊ အခုတော့ ငါရှိပြီ၊ နောက်ဆိုရင် ဂျူဂျူး အနားမှာ ငါမရှိရင် နင်တို့ မသိမသာ အမြဲစောင့်ကြည့်ရမယ်၊ နားလည်လား"

လုံးလုံးက နားတော့ မလည်သော်လည်း ဝန်ခံကတိပြုတဲ့အနေနှင့်တော့ ခေါင်းညိတ်ပြလိုက်ပါသည်။

ဂျူဂျူး အခန်းဝမှာ ခပ်ကွယ်ကွယ် အရင်ရပ်ပြီး မသိမသာ အထဲကို လှမ်းကြည့်လိုက်တဲ့ မေခါသည် မှန်တင်ခုံရှေ့မှာထိုင်ပြီး မှန်တင်ထားတဲ့ ကနုတ်စားပွဲပေါ် တံတောင်ဆစ်နှစ်ဖက် လက်ပိုက်တင်ကာ မှန်ထဲ စူးစူးစိုက်စိုက် ငေးကြည့်နေတဲ့ ဂျူဂျူးကို တွေ့လိုက်ရသည်။

ရွှေရောင်ဆိုးထားတဲ့ ဆံပင်တို့ဟာ တချို့နေရာရင့် တချို့နေရာနု၊ အရောင်ကွက်ကြားကြားဖြစ်ကာ အရောင်ချွတ်ဖန်များ၍ ဂျူဂျူး ဆံပင်တို့က ဂုန်နီအိတ်က ဂုန်နီမွေးအမျှင်တွေနှင့် အတော်တူသည်။ မှန်ထဲကြည့်နေသော ဂျူဂျူး မျက်ဝန်းတို့က အစိမ်းဖျော့ရောင် မျက်ကပ်မှန် တပ်ထား၍ ကြောင်တောင်တောင်လိုလို ထင်ရသည်။





ဂျူဂျူးသည် နောက်ဘက်ကို ခေါင်းဆောင်းလှန်ချထားသော စပို့ရှပ်လက်ရှည် အစိမ်းနုရောင်နှင့် ခါးမှာ ဖွံ့ကြီးထည့်ချည်ပြီး ကြိုးတန်းလန်းကျနေတဲ့ ခြေသလုံးလောက် ဘောင်းဘီစက ပျော့အိအိ ထူပွပွ အဖြူရောင်ကို ဝတ်ထားသည်။

သူ့ကို ကြည့်လိုက်လျှင် လူတခြား စိတ်တခြား ဖြစ်နေပုံနှင့် အမြဲတူသည်။

"ဂျူဂျူး"

ဂျူဂျူးက မလှည့်ဘဲ မှန်ထဲကနေ မေခါ့ကို လှမ်းကြည့်သည်။

"ဒီမှာ ကြည့်စမ်း မမ"

"ဘာလဲ ဂျူဂျူး"

မေခါက ဂျူဂျူးအနား အပြေးလှမ်းသွားလိုက်ပါသည်။

"ဂျူဂျူး ဘယ်တုန်းက နှုတ်ခမ်းကိုပေါက်အောင် ကိုက်ထားမိတယ် မသိဘူး၊ ဟောဒီမှာ အောက်နှုတ်ခမ်းပေါက်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



မေါသည် အနည်းငယ်ရောင်ကာ နီညိုရောင်သွေးကြောနေတဲ့ အောက်နှုတ်ခမ်း အလယ်နားက ဒဏ်ရာကို ကြည့်ရင်း ...

"ဟုတ်ပါရဲ့၊ စိတ်မကောင်း ဖြစ်စရာတွေ မစဉ်းစားနဲ့နော် ဂျူဂျူး၊ ကောင်းကောင်း အနားလည်း ယူရမယ်၊ မနေ့ညကလည်း ဂျူဂျူး သေချာမအိပ်ဘူး၊ အခု ခဏလှဲပြီးနားရင်း မေးလိုက်ပါလား၊ ခဏနေမှ မမ နှိုးပြီး အတူတူ ထမင်းစားကြမယ်"

ဂျူဂျူးက သူ့ဆံပင်တစ်ခွေကို လက်ညှိုးတစ်ချောင်းနှင့် လိမ်ကာ ရစ်ကာ ကလိနေသည်။

"မာမီ သေသွားပြီနော်"

"ဒါတွေ မစဉ်းစားပါနဲ့တော့ ဂျူဂျူး၊ အန်တီ မကြာခင်ခုလို ကြုံရမယ်ဆိုတာ ကြိုသိကြတာပဲ၊ ရုတ်တရက်မှ မဟုတ်တာ၊ ကြိုသိပြီးသား ရင်ဆိုင်ဖို့ ကြိုးအားမွေးပြီးသားပဲ မဟုတ်လား၊ ဘာပဲဖြစ်ဖြစ် အန်တီလည်းပဲ သူ့အနေအထားနဲ့သူ ကြည့်ရင်တော့ ညင်ညင်သာသာပဲ အသက်ထွက်ပါတယ်"





"ဂျူဂျူး ကြောက်တယ်"

"ကြောက်စရာ ဘာမှမရှိပါဘူး ဂျူဂျူးရယ်၊ ဂျူဂျူးမှာ မမ ရှိတယ်၊ ဂျူဂျူးနားမှာ လိုအပ်သမျှ မမ အားလုံး ကာကွယ်စောင့်ရှောက်သွားမှာပဲ"

ဂျူဂျူးက ခေါင်းကလေးကို ယမ်းနေသည်။

"ဒီအိမ်မှာ လူလေးယောက်တောင်၊ မမ၊ ဂျူဂျူး၊ အုန်းအုန်း၊ လုံးလုံး၊ အစကဆိုရင် မမတို့ သုံးယောက်တည်းတောင်မှ ဘာမှကြောက်စရာ မရှိဘူး၊ ဂျူဂျူးလည်း တစ်ခါတလေ ဒီလာလာအိပ်ဖူးသားပဲ၊ အခု လေးယောက်တောင် အမြဲအဖော်ရှိနေတာ"

"မိန်းမတွေချည်းပဲ"

"ဘာဖြစ်လဲ ဂျူဂျူးရဲ့၊ မမဖြင့် ဒီလိုပဲ နေလာတာပဲ၊ ဟိုစာုန်းက ဂျူဂျူးတို့အိမ်မှာလည်း ဂျူဂျူးတို့ သားအမိနဲ့ ကုလားမပဲ ရှိတာပဲ မဟုတ်လား"

"မမ"

"ဟင်",

"မိုးမောင်ကို ခေါ်ထားချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူ !"

"မိုးမောင်"

"ဘယ်သူလဲ မိုးမောင် ဆိုတာ"

"မိုးမောင် ဆိုတာ ဂျူဂျူး ရည်းစားပါ"

မေခါသည် အသံမထွက်သော်လည်း အတော်အံ့အားသင့်သွားရပါသည်။ တစ်ချက် အံ့အားသင့်စရာက ဂျူဂျူးမှာ ရည်းစားရှိတာ မေခါ သိမထား၍ သော် ... သူက ရည်းစားနဲ့ ပါလားလို့ ရိုးရိုး အံ့အားသင့်ရတာမျိုး ဖြစ်ပါသည်။ နှစ်အချက် အံ့အားသင့်ရတာက ဂျူဂျူး ပြောပုံကို။ မိုးမောင်ကို ခေါ်ထားချင်တယ်တဲ့။ ဘယ်လိုပူဆာမှုမျိုးနည်း။

မေခါ မျက်နှာပျက်ပျက်နှင့် မျက်လုံးပြူးနှင့် ဂျူဂျူးကို တအောင့်ကြာအောင် စိုက်ကြည့်နေမိသည်။ ဘာပြန်ပြောရမယ် မသိ။ ခေါ်လေ ... မခေါ်နဲ့ ဆိုတာမျိုး ဘာပြောရမလဲ မသိတာကို ဆိုလိုတာ မဟုတ်။ အံ့သြစိပ်ပျက်ကြီးနှင့် ဘာဆက်လို့ ပြောရမည်လို့ကို မသိနိုင်တော့တာသာ ဖြစ်သည်။

ဂျူဂျူးက မှန်ထဲမှတစ်ဆင့် မေခါ့ကို အကဲခတ်ရင်း ...





"အလကား လျှောက်ပြောတာ ... အဟင်း"

မေခါသည် ဂျူဂျူးကို မှန်ထဲကပဲ ဆက်ပြူးကြည့်နေမိသည်။ သူ့ခေါင်းပေါ်ရုတ်တရက် အလုံးအရင်း ပုံကျလာတဲ့ တာဝန်တွေအတွက် တွန့်ဆုတ် ချောက်ချားကာ အားခွန်မရှိဘဲ ဖြစ်နေသည်။ တကယ်တော့ ဂျူဂျူးကို သူ သိတစ်ဝက် မသိတစ်ဝက် ဖြစ်သည်။ အပေါ်ယံရုပ်ပြီး အကြမ်းဖျဉ်း သိပေမဲ့ အသေးစိတ်စိတ်တော့ မသိ။

မျက်ခုံးကို မသိမသာတွန့်ကာ စဉ်းစားနေမိသည်။ ဒီလိုအချိန်အခါမျိုးမှာ ဒီလိုကိစ္စနှင့် ပတ်သက်ပြီး ပြောရဆိုရမှာ သင့်တော်ပါ့မလား။ သို့သော်လည်း သင့်တော် မတော်ဆက် ဂျူဂျူး အကြောင်းကို သူ တတ်နိုင်သမျှ သိနိုင်သမျှ များများ သိထားလေ ကောင်းလေ ဖြစ်ရာ ...

"ဂျူဂျူး ရည်းစားထားတာ ကြာပြီလား"

ဂျူဂျူးက လျှပ်တစ်ပြက်ပင် ...

"သူနဲ့လား"

သူကတော့ ရိုးရိုးမေးလိုက်ပုံဖြင့်။ မေခါ့မှာသာ လျှာတွေရော အာခေါင်တွေပါ စေးကပ်သွားသလို ဆွံ့အပြီး နောက်တစ်ကြိမ် ငေးငိုင်ငြိမ်သက်သွားရပြန်လေသည်။ ဒီတစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



တော့ အံ့သြတယ်ဆိုတာထက် စိတ်ပျက်လက်ပျက်ကြီး ဖြစ်သွားတော့တာ။ မဖြေချင်လည်း နေတော့ရယ်လို့ ထပ်မမေးဘဲ ငြိမ်နေမိသည်။ သူ့ ဖြေရင်တောင်မှ ဆက်ကြားရမှာတွေကို ခပ်လန့်လန့် ဖြစ်နေပြီ။

မေဓါက ထပ်မမေးတဲ့အခါ ဂျူးဂျူးက အလိုအလျှောက် သက်တောင့်သက်သာနှင့်ပင်။

"မိုးမောင်နဲ့က နှစ်လကျော်လောက် ရှိပြီပေါ့၊ မိုးမောင်က ဂျူးဂျူးကို အရမ်းကြင်နာတာ၊ အရမ်းလည်း သဘောကောင်းတယ်၊ မမနဲ့တွေ့ပေးဦးမယ်၊ မမ မြင်ရင်လည်း ခင်မှာပါ"

"ကဲ ... ဂျူးဂျူး၊ ခဏ အိပ်လိုက်၊ ဂျူးဂျူး မျက်ကွင်းတွေ ချောင်နေတယ်၊ နေ့လယ် ထမင်းစားခါနီးမှ မမ နှိုးမယ်"

"မအိပ်ချင်ပါဘူး"

"မအိပ်ချင်ရင်လည်း မျက်စိလေးမှိတ်ပြီး လှဲပြီး နားနေလိုက်"

မေဓါက စကားဖြတ်ကာ အခန်းထဲမှ ခပ်မြန်မြန် ထွက်လာခဲ့ပြီး ဂျူးဂျူး အခန်းတံခါးကို ဆွဲပိတ်ပေးခဲ့သည်။

* ◆ *





## ၂

"မေဓါ"

မေဓါသည် ဆိုင်က ကောင်မလေးတွေကို မှာစရာရှိတာမှာ၊ စာရင်းလေး ဘာလေး အပေါ်ယံ လှန်လှောကြည့်ကားသော့ကို ကောက်ကိုင်ကာ ပြန်တော့မည် ပြုစဉ်မှာပင် ခေါ်သံတစ်ခွန်း ချိုရွှန်းရွှန်းနှင့် မေဓါ ထိုင်တဲ့ ကောင်တာစားပွဲလေး ရှေ့က ကုလားထိုင်လေးဆီ ဝုန်းခနဲ ပစ်ဝင်ထိုင်ချလိုက်တဲ့ "ယော"ကို အလန့်တကြား ဖြစ်သွားရရင်း ...

"ယော"

"ဘာ ယောလဲ၊ ဘယ်လို ကောင်မလေးလဲကွာ၊ ကိုယ့်ဆိုင်လည်း ကိုယ်မလာ၊ လစ်နေလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



ယောမင်းက နဖူးစပ်က ချွေးတွေကို သုတ်ရင်း ဆံပင်တွေကိုပါ တစ်ခါတည်း ပင့်လှန်သပ်လိုက်သည်။ ကြည်လင်ရယ်မြူးနေတတ်တဲ့ ယောမင်းရဲ့ မျက်လုံးလေးတွေက ဖျပ်ဖျပ်စင်လဲ့နေသည်။

"ကဲပါ ... ထိုင်ပါ ...၊ ဒါက ဘယ်ကို လစ်ဦးမလို့လဲ"

"ဖို ... မေခါလေ ... ယော ..."

"ထိုင်ပြီးပြောပါ၊ မိုးတိုးမတ်တတ်နဲ့"

မေခါက သက်ပြင်းကလေး ကျိတ်ရှိုက်ပြီး ပြန်ဝင်ထိုင်လိုက်ရပါသည်။

"ဘယ်နရက် ရှိပလဲ မတွေ့ရတာ။ မနေ့ကလည်း ... အဲမနေ့က မရောက်ဘူး၊ တစ်နေ့ကရော အဲဒီရှေ့ တစ်နေ့ကရော ဆိုင်ကို ကိုယ်လာတယ်၊ ခင်ဗျား မရှိဘူး။ နှင်းသီတာက မမက ဖျတ်ခနဲ လာရုံလာပြီး ဖျတ်ခနဲ ပြန်တာတဲ့"

"ဟုတ်တယ် ယော"

"အိမ်ကို ဖုန်းဆက်ရတာတောင် ခါတိုင်းလို စကားကြာကြာပြောလို့ မရ၊ မအားဘူး မအားဘူးနဲ့ ကမန်းကတန်း အသက်လုရှုပြီး ပြောနေရတယ်၊ ဘယ်နှရက်ရှိပြီလဲ မေခါ၊





ဟင် ...၊ ရှစ်ရက် ခင်ဗျား၊ ရှစ်ရက်ရှိပြီ၊ ဒီနေ့ပါနဲ့ဆို ကိုးရက်"

မေခါက ယော ပြောချင်ရာ ပြောဖို့ မေးထောက်ဆောင့်နေပေးလိုက်သည်။ ယော မျက်နှာကို ကြည့်ရင်းငေးရင်း ထောင်နေလိုက်သည်။ ယောတို့ မောင်နှမတစ်တွေဟာ ဘယ်လိုလေးတွေမှန်း မသိ၊ မျက်နှာလေးတွေက ဖူးဖူးအစ်အစ်ကလေး တွေနှင့် ပန်းသွေးပြေးတဲ့ အသားတွင် နေနည်းနည်းပူတာနှင့် ပါးပြင်တွေ ရဲတက်လာပြီး အသားအရေတွေက နုအိစိုပြေက်ကြွရောင်တောက်နေတတ်ကြတာပင်။

အဖေကစပြီး အမေရော မောင်နှမလေးငါးယောက်လုံးရော အလွန်ချောမော ရုပ်သန့်ကြပါသည်။ နာမည်ကလေးတွေကအစ သိပ်ချစ်ဖို့ကောင်းသည်။ ယောကျ်ား မိန်းမ မရွေး နာမည်နှစ်လုံးလေးတွေ။ မောင်ဆက်မင်း၊ မဖူးမင်း၊ မောင်ယောမင်း၊ ယွန်းမင်း တဲ့။

နေ့နံ့ကိုက်သော တစ်လုံးလေးတွေပဲ ရှေ့တင်ကာ အမေနာမည် ဦးထွန်းမြင့်မှ "မင်း"တစ်လုံးကို ယူတွဲထားတဲ့ နာမည်လေးတွေ။ မောင်နှမ အချင်းချင်းလည်း ကိုကို မမ ညီ၊

www.burmeseclassic.com



ညီမတွေ မခေါ်ဘဲ "ဆက်"၊"ဖူး"၊"ယော"၊"ယွန်း"လို့ အရွယ် မရွေး အဖျားဆွတ် ခေါ်ကြသည်။

ယောရဲ့ ညီမလေး ယွန်းနှင့် ယူအက်ဖ်အယ်လ်မှာ အင်္ဂလိပ်စာ အဓိက ကျောင်းအတူတူတက်ရင်းက "ယော"နဲ့ မြင်ဖူးတွေ့သိခဲ့ရတာ ဖြစ်သည်။ ယွန်းက ချစ်ဖို့ ခင်ဖို့ ကောင်းလှ ပေမဲ့ မေေါ်ရဲ့ အမြဲတတွဲတွဲ သူငယ်ချင်းတော့လည်း မဟုတ်ခဲ့။ သူက သူ့အုပ်စုနှင့် သူ မေေါ်ကလည်း ကိုယ့်အုပ်စုနှင့် ကိုယ် ပါ။

ဒါပေမဲ့ ယဉ်ကျေးခင်မင်တတ်တဲ့ ယွန်းကြောင့် ယွန်းကို လာလာကြိုတတ်တဲ့ ယောနှင့်ပါ မေေါ် ကျွမ်းဝင်ခဲ့ရ တာ။

ယောရဲ့ဖေဖေဟာ ရာထူးကြီးကြီး နိုင်ငံ့ဝန်ထမ်း ကြီး။ ထို့ကြောင့် ယောတို့ မောင်နှမလေးယောက်က နာမည်ကြီး လူသိများလှသည်။ နောက်ပိုင်း ယောမေမေက စိန်ရတနာဆိုင် တစ်ဆိုင် ဖွင့်လှစ်ကာ သူ့ရဲ့ "Precious Stones"ဆိုတဲ့ ဆိုင်က ပါ နာမည်ကျော်ကြားလာ၍ သူတို့မိသားစုဟာ အတော်ပင် လူ သိများပါသည်။





"ဆက်မင်း"က အင်ဂျင်နီယာဘွဲ့ ရပြီး ကွန်စထ ရပ်ရှင်ကုမ္ပဏီကြီးက တစ်ခု၊ စောင်ရေများများ ဂျာနယ်တ နှစ် စောင် ထုတ်ဝေလုပ်ကိုင်နေတာမို့ "ယောမင်း"ကွန်ပျူတာဆိုင်း ယင့်စ်နှင့် ဘွဲ့ရအပြီးမှာလည်း အစ်ကိုနှင့်အတူတွဲကာသာ အလုပ် ခွင်ထဲ ဝင်လိုက်ရပါသည်။

"မဖူးမင်း"ကတော့ ဆရာဝန်။ "ယွန်းမင်း"ကတော့ မေေါ်တို့နှင့် တစ်နှစ်တည်း အင်္ဂလိပ်စာနှင့် ဘွဲ့ရကာ ဒီဗိုင်နာ သင်တန်းတစ်ခု တက်နေပါသည်။

သူတို့တစ်မိသားစုလုံးဟာ အလွန်ချမ်းသာ အလွန် ချော အလွန်အဆင့်အတန်းမြင့် ... အလွန် ... အလွန်တွေ တစ်ပုံ တစ်ပင်နှင့် နည်းနည်းနိမ့်နိမ့်ဆိုတာ သူတို့ဘဝထဲမှာ ဘာမှကို မရှိပါ။ သူတို့မိသားစုရဲ့ အရှိန်အဝါ အဟာန့်က အတော်ကိုကြီး မားပါသည်။

နာမည်ဆိုး နာမည်ပျက် ဂုဏ်သတင်းညှိုး ဆိုတာ မျိုး လုံးဝမရှိဘဲ မွန်မွန်မြတ်မြတ် သန့်သန့်ကလေးတွေအဖြစ် လူ့ပတ်ဝန်းကျင်မှာ တစ်ဘာသာ ကွဲထွက်နေသလိုလေး ဖြစ်နေ ပါသည်။ သူတို့ အရှိန်အဟုန်ကြောင့် တော်ရုံလူဟာ သူတို့နှင့် မခင်မင် မပေါင်းသင်းရဲပါ။



www.burmeseclassic.com

www.burmeseclassic.com



သူတို့က အားလုံးကို ခင်မင်ဖော်ရွေသော်လည်း သူတို့အနား အနီးကပ်နေလိုက်လျှင် စိန်သန့်တစ်ပွင့်အနား အခြား တွင်းထွက် ကျောက်ရောင်စုံကလေးတွေ ချထားလိုက်သလို တစ်နေရာမဟုတ် တစ်နေရာမှာ ကိုယ့်ရဲ့အညံ့၊ အနိမ့်၊ လိုအပ်ချက်၊ ချွတ်ယွင်းချက်တို့က ပေါ်လွင်လာတတ်တော့တာမို့ တော်ရုံတန်ရုံ လူတွေက သူတို့ကို ရှောင်ဖယ်ဖယ်ပါ။

သူတို့မိသားစုနှင့် ပေါင်းမိလျှင် သူတို့လောက်မလှတာသော်လည်းကောင်း၊ သူတို့လောက် မချမ်းသာတာသော်လည်းကောင်း၊ သူတို့လောက် မဖြူစင်တာသော်လည်းကောင်း၊ သူတို့လောက် မယဉ်ကျေး မသိမ်မွေ့တာသော်လည်းကောင်း၊ တစ်ချက်မဟုတ် တစ်ချက်၌ ယှဉ်လိုက်သလို ပေါ်လွင်ထွက်လာတတ်သည်တည်း။

ထို့ကြောင့် မေဓါသည်လည်း သူတို့မိသားစု သူတို့အသိုင်းအဝိုင်းကို အလိုအလျောက် လန့်ဖြတ်ရှိန်တဲ့ အထဲမှာပါသည်။ ကိုယ်ဟာလည်း ကိုယ့်ဟာနှင့်ကိုယ် ဟန်ဟန်ပန်ပန် ဂုဏ်ရှိငွေရှိ ဣန္ဒြေရှိ အဆင့်တစ်ခုရှိတဲ့ အထဲက ဖြစ်သော်လည်း ပဲ သူတို့မိသားစုရဲ့ ရေပြည့်အိုးသဏ္ဌာန် ပြည့်ဝနေတဲ့ အရှိန်အဝါ





တစ်မျိုးနဲ့ ယှဉ်တော့ ခုနပြောသလိုပင် ကိုယ်ဟာ မိုးကုတ်တွင်းထွက် ရောင်စုံကျောက်ကလေးမျှလောက် ဖြစ်သွားရတော့တာပင်။

ဒါကြောင့်လည်း မေဓါ ဖတ်စ်ယီးယား စတက်ကတည်းက မြင်ဖူးကာ သိပ်မကြာပဲ သဲသဲမဲမဲ အရူးအမူး ချစ်ကြိုက်တော့တဲ့ ယောမင်းရဲ့ ချစ်ရေးဆိုမှုကို နှစ်ပေါင်းများစွာ မတုံ့ပြန်ရဲသေးပဲ ရှိခဲ့တာ။ အတော်ကြီးကို အထပ်ထပ် စဉ်းစားရတာ။ အခြေအနေ ကြည့်ရတာ။

စုစုပေါင်း ယောမင်း ကြိုးစားခဲ့ရတဲ့ကာလ ခြောက်နှစ်ကျော်မှ ယောမင်းကို အဖြေပေးခဲ့တာမို့ "ခက်ခက်ခဲခဲ လိုက်ယူရတဲ့ ကောင်မလေး"လို့ ယောမင်းက အမြဲပြောဆိုခဲ့ပါသည်။ ဒီကြားထဲမှာ သူ့အစ်ကို မေဓါ့ကို လိုက်နေတာသိတဲ့ "ယွန်း"က မေဓါ့ကို ခင်ခင်မင်မင် ကြည်ကြည်ဖြူဖြူပင်။ မလိုလားတဲ့ အမူအရာမျိုးလည်း မပြခဲ့သလို သိပ်ပြီး လိုလားကာ ကူညီတိုက်တွန်းဆွဲဆောင်မှုမျိုးလည်း မပြုခဲ့ပါ။

ယုတ်စွအဆုံး နောက်ကာ ပြောင်ကာ "ယောက်မ" လို့ ရယ်ပင်မစ,နောက်ဖူးပါ။ လုံးလုံး အပြင်ဘက် ပွဲကြည့်ပရိသတ်သက်သက်။ ခုချိန်မှာလည်း တခြား ဘယ်ကောင်မလေး တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကိုမှ ယောင်လို့တောင် စိတ်မဝင်စားဖူးတဲ့ သူတို့မောင်၊ သူတို့အစ်ကို၊ သူတို့သား ယောမင်းရဲ့ တစ်ဦးတည်းသော ချစ်သူ မိန်းကလေးအဖြစ် သူတို့လည်းသိ၊ အိမ်ကို ရံဖန်ရံခါ ဖုန်းခေါ်မိရင်လည်း ကြည်ဖြူလှိုက်လှဲစွာ ခေါ်ပေးတာမျိုးရှိသည့်တိုင် သူတို့ နှစ်ယောက်ကိစ္စထဲ စွက်စွက်ဖက်ဖက် ဝင်မပါ။

မေမေါက နှစ်ဆယ့်သုံးနှစ် ယောမင်းက နှစ်ဆယ့်လေးကျော် နှစ်ဆယ့်ငါးထဲ ရောက်စ,ရှိသေးတာမို့ လက်ထပ်ကြဖို့ စသဖြင့်လည်း စကားစ,တာ ကမ်းလှမ်းတာ မရှိသေး။ ယောအထက်က "ကိုဆက်"နှင့် "မမဖူး"သည်လည်း လွတ်လပ်သူတွေ အနေပဲရှိသေးသည်။

ကိုဆက်မှာလည်း ချစ်သူ ရှိသည်။ ကိုဆက် ချစ်သူဟာ ဆရာဝန်မလေးတစ်ဦးပဲဖြစ်ကာ ထိုမိန်းကလေးကိုလည်း ယောတို့ မိသားစုက ခင်မင်ကြည်ဖြူခြင်းနှင့် မှန်တမ်းပဲ ဆက်ဆံကြတာ ဖြစ်ပါသည်။ အသက်နှစ်ဆယ့်ရှစ်နှစ် ကျော်နေတဲ့ ကိုဆက်ကိုပင် အိမ်ထောင်ပြုပါတော့လို့ ဖခင်က, မိခင်က မတိုက်တွန်းသေးသည်ဖြစ်ရာ မေမေါနှင့် ယောတို့အဖို့ကတော့ အလှမ်းဝေးနေပါသေးသည်။





"ဆက် တစ်ယောက်ကကွာ၊ အလုပ်ပဲ စိတ်ဝင်စားနေတယ်၊ မိန်းမလေး ဘာလေး ယူတာမဟုတ်ဘူး ခပ်မြန်မြန်၊ သူသာယူသွားရင် ဘာပဲဖြစ်ဖြစ် ကိုယ်က ဖူး တစ်ယောက်ကိုတော့ ခုန်ကျော်လိုက်လို့ ကောင်းသေးတာပေါ့၊ ဆက်ကိုတော့ အံ့ပါရဲ့၊ ဒီမှာဖြင့် ကိုယ်တော့ မိန်းမ ယူချင်လှနေပါပြီ ... ကျွတ်"

ယော အမြဲလိုလို ညည်းညူနေကျစကား ဖြစ်သည်။ မေမေါက တပြုံးပြုံးလေးနှင့် ...

"အမယ်လေး ... အချိန်တွေ အများကြီးပါ ယောရယ်၊ မေမေါလည်း ငယ်ပါသေးတယ်နော်၊ ဖေဖေကလည်း ဒီမှာ ပြန်အခြေချဦးမှာ မဟုတ်ဘူး၊ အေးအေးဆေးဆေးပေါ့"

ရယ်လို့ နှစ်သိမ့်ရသည်။

"ဟိတ်"

"..."

"ဟိတ် ... ဟိတ် ...၊ ဟာ ... ပြဿနာ၊ မေမေါ အိပ်ရေးတွေ သိပ်ပျက်တယ် ထင်တယ်"

"အင် ... ဘာဖြစ်လို့လဲ"

"ခုန ထိုင်ရက်ကြီး အိပ်ပျော်နေတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး ယောရယ်"

"ဟုတ်ပါတယ်၊ မျက်စိရှေ့ကို လက်နဲ့ခြောက်တာတောင် မျက်တောင် မခတ်ဘူး"

"မေခါ တွေးနေတာပါ"

"ဘာတွေ တွေးနေတာလဲ၊ ကိုယ့်ချစ်သူနဲ့ ခုမှပြန်တွေ့ရတယ်၊ သူ့စိတ်က တခြားကို ရောက်နေတယ်"

မေခါက သက်ပြင်းလေး ချလိုက်ပါသည်။

"ကဲ ... ပြော၊ ဆိုင်က ဘာဖြစ်လို့ လာမထိုင်ရတာလဲ"

"မေခါ မအားသေးတာပါ၊ တစ်နေ့ကမှ ရက်လည်တယ်လေ ယောရယ်"

"အင်းလေ ... အဲဒါလည်းကွာ မေခါက သိပ်သူစိမ်းဆန်တာပဲ၊ မေခါ့ အဒေါ်တစ်ယောက် ဆုံးတယ်ဆိုတာပဲ ကိုယ်သိလိုက်ရပြီး တခြား ဘာမှလဲ မသိရ၊ အသုဘလည်း မပို့ရ၊ ရက်လည်တောင် မလာရဘူး"

"အသုဘက နေ့တွင်းချလိုက်လို့ မပို့ရတာလေ ယော"

"ဒါပေမဲ့ကွာ၊ မေခါရာ၊ မေခါ့ အိမ်မှာ မေခါ တစ်ယောက်တည်း ခေါင်းသူကြီး လုပ်နေရတာ၊ နေ့တွင်းချင်း အသုဘတစ်ခု ချတယ်ဆိုတာ နည်းတဲ့ အလုပ်ရှုပ်မှုလား၊ ပြေးလွှား စီစဉ်နေရမှာ၊ အဲဒါတွေ စီစဉ်နေကတည်းက ယောရေ ... မေခါ့ အဒေါ်တစ်ယောက် ဆုံးသွားတယ် ဆိုပြီး လိုတာတွေ ကိုယ့်ကိုပါ တာဝန်မှုဖို့ ကောင်းပါတယ်၊ မေခါ့မှာ ခပ်ရင်းရင်း ဆွေမျိုးတွေ ကျဲတယ်ဆိုတာ ကိုယ်သိထားတယ်လေ၊ အသုဘကို မေခါ ဘယ်သူ့အကူအညီနဲ့ စီစဉ်လိုက်လဲ"

"ဟို ... သူတို့နေတဲ့ ရပ်ကွက်ရဲ့ အကူအညီနဲ့ပါ"

"ဒါဆို ထားပါတော့၊ ရက်လည်ဆွမ်းကျွေးကိုတော့ ကိုယ့်ကို ခေါ်သင့်ပါသေးတယ်၊ စားဖို့ မဟုတ်ပါဘူးဗျာ"

"အို ... ယောကလည်း၊ ယောကို မေခါ အလုပ်ရှုပ်ရှုပ် ခေါင်းရှုပ်ရှုပ်တွေ မပေးချင်တာပေါ့ ယောရဲ့"

"ဘာလို့ မပေးချင်တာလဲ"

"ဘာကြောင့်ရယ်တော့ မဟုတ်ဘူးပေါ့၊ ဒီလိုပဲ မပေးချင်တာပေါ့၊ ပြီးတော့ ယောနဲ့ မေခါက ချစ်သူတွေပဲ ရှိသေးတာလေ၊ ဆွေထဲမျိုးထဲ ဆွေရေးမျိုးရေးအထိ ဝင်ထွက်ပတ်သက်မှုမှ မရှိသေးတာပဲ"




စေတနာ့ဂျာနယ်

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ ဒါက နာရေးကိစ္စလေ မေဓါရယ်၊ အထူးကိစ္စလေ၊ ကဲ ... ပြောပါဦး၊ မေဓါဟာလေ အမြဲအုံ့ပုန်းလေးတစ်သီးပုဂ္ဂလလေးပဲ၊ ကိုယ့်ကို ချစ်သူပေမဲ့ တချို့ဟာတွေ လျှို့လျှို့ဝှက်ဝှက်နဲ့ အကုန်မပြောဘူးဆိုတော့ ကိုယ်က မေဓါတို့ သားအဖနှစ်ယောက်ရယ်၊ အုန်းအုန်းရယ်၊ လုံးလုံးရယ်ကလွဲရင် တခြား ဘာမှ သိပ်သိတာ မပာတ်ဘူး"

"ယောကလည်း ... မေဓါလည်း ဒီလိုပါပဲ၊ ယောတို့မိသားစုအကြောင်းထက် ဘာပိုသိလို့လဲ၊ ယောတို့အိမ်က အလုပ်သမားတွေနဲ့တောင် မေဓါ မရင်းနှီးပါဘူး"

"ဒါက သူတို့က ဖုန်းမှ မကိုင်တာ၊ ခေါ်မြိုင်တို့၊ လှကလေးတို့၊ မစန်းတို့က ဖုန်းသိပ်ထွက်မကိုင်၊ မေဓါကလည်း တစ်ခါတစ်ရံမှဆက် ဆိုတော့ ဘယ်သိမလဲ၊ ကိုယ်သာ မေဓါအိမ် တဂီးဂီး ဖုန်းခေါ်ရတော့ ဖုန်းပြေးကိုင်တဲ့ အုန်းတို့ လုံးတို့ အုန်းလုံး ညီအစ်မကို အလိုလို သိနေခင်နေတာပေါ့"

မေဓါက ယောကို ပြုံးပြီးကြည့်နေမိပါသည်။ ကိုးရက် ဆယ်ရက် အတွင်း ယောမျက်နှာ မြင်ရတဲ့ ဒီတစ်ခေါ





စိတ်ချမ်းသာရသလိုမင်။ ယောက အသည်းယားသလို မေဓါ့သက်ညှိုးလေးတစ်ချောင်းကို စားပွဲပေါ်တွင် ဖျစ်ညှစ်လိုက်ရင်း ...

"ရက်လည်ကော၊ ဘယ်သူတွေ တူလုပ်လဲ"

"အဓိက;က သူတို့ရပ်ကွက်ပါပဲ၊ ပြီးတော့ ကိုမောင် ဆိုတဲ့"

"နေဦး ... နေဦး ... နေဦး၊ ကိုမောင် ဆိုတာက မေဓါ့ဖေဖေရဲ့ ဘာလဲ ... တပည့်လား၊ မေဓါ တစ်ခါပြောဖူးလားလို့"

"ဟုတ် ...၊ ဖေဖေ့ တပည့်ပါ"

"ဒါ သူစိမ်းကြီးပဲ၊ မေဓါ့ဆီက အဲဒီ ကိုမောင် ဆိုတဲ့ နာမည်ကို အားကိုးရမဲ့ ကိစ္စတွေမှာ နှစ်ခါ သုံးခါ ကြားဖူးတယ်"

"ဟုတ်ပါတယ်၊ ဖေဖေမှာတဲ့ စာအုပ်တွေ ရှာဝယ်ပြီး စာတိုက်က ပို့ပေးတာတို့၊ ပြီးတော့ ... ဟိုလေ ... ဖေဖေ ငွေလွှဲတာ လူကြုံပို့တာလို ကိစ္စမျိုးတွေ သူ လုပ်လုပ်ပေးတာပါ၊ ဖေဖေနဲ့ ပတ်သက်တာတွေလေ ယောရဲ့"

"အခု အသုဘကော"



www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ မေခါ့မှာ ကိုယ်ခွဲမရှိ တိုင်ပင်စရာမရှိလို့ဆို ပြီး ..."

"အဲဒါလေ ... အဲဒါကို ပြောတာပေါ့"

ယောမျက်နှာက ကလေးနယ် စူတူတူ ဖြစ်သွားရကာ ...

"မေခါ့မှာ ကိုယ်ခွဲတို့ တိုင်ပင်ဖော်တို့ လိုတဲ့အခါ ကိုယ် ဘာကြောင့် မဖြစ်ရတာလဲ မေခါ၊ ဒီ ကိုမောင် ဆိုတဲ့လူက ဘာကြောင့် တိုင်ပင်ဖော် ဖြစ်သွားရတာလဲ"

"သူကကျတော့ ဒီလို ကူညီစရာတွေ ကူညီရင်းနဲ့ပဲ မိတ်ဆွေလို ခင်မင်ခဲ့တာ ကြာပြီကိုး ယောရယ်"

"သူက ဘာလဲ"

"သူက ဆရာဝန်ပါ"

"ဩော် ... ဆရာဝန် ... !"

"ဟုတ်ကဲ့"

"ဖူးနဲ့ သိမလား"

"မမဖူးတို့ထက် စီနီယာပေါ့၊ ကိုမောင်က အသက်သုံးဆယ် ကျော်လောက်ရှိပြီ ယောရဲ့"





"ဒါဖြင့် ဒီအသုဘကိစ္စက ဒီလူ့အကူအညီနဲ့ ပြီးသွားတာ ပေါ့"

"ဆိုပါတော့ ယော"

"ဒါဖြင့် ရက်လည်နေ့ကိစ္စ၊ ဘုန်းကြီးပင့်၊ မုန့်မှာ စသဖြင့် မေခါနဲ့ ဒီလူ တတွဲတွဲ လှုပ်ရှားနေတာပေါ့"

"တတွဲတွဲ မလှုပ်ရှားပါဘူး၊ သူက ဖုန်းဆက်၊ အိမ်လာ၊ သူ့ပဲ အပြင်ထွက် စီစဉ်တာပါ"

"ကြည့်စမ်းပါဦး၊ သူက တကယ့်လူရင်းချာကြီး နေရာက ပေါ့နော် ... မေခါ၊ သူက လူပျိုလား"

မေခါက စိတ်ကျဉ်းကျပ်မိကာ ...

"အင်း"

ယောမင်းက နှုတ်ခမ်းကိုစေ့ပြီး ခေါင်းကို ခပ်ဖြည်း ...း ယမ်းခါနေပါသည်။ ယောနဲ့ ချစ်သူသက်တမ်း တစ်နှစ် ...ည့်ခင်အတွင်း ယောဟာ မေခါ့အပေါ် ဘယ်လောက် သဝန်တို ... ရှူးမူးတယ် ဆိုတာ မေခါ ကောင်းကောင်းသိခဲ့သည်ဖြစ်၍ ...ည်း စိတ်တွေ ကျဉ်းကျပ်နေပါသည်။ စိတ်တွေ ရှုပ်ထွေးလေး ...နိုင်တွင် ဘာမဟုတ်တာနဲ့ ချစ်သူရဲ့ အငြိုငြင်ကို မခံစားရ ...။



www.burmeseclassic.com

www.burmeseclassic.com



"မေခါတို့ သားအဖနဲ့ ခင်တာ ဘယ်လောက်ကြာပြီလဲ"

"ကြာပြီပေါ့ ယော၊ သူ ဇီဆေးကျောင်းတက်တုန်း ဖေဖေ

က သူ့ကို စာသင်ဖူးတဲ့ အချိန်ကစပြီး သူက ဖေဖေ့ကို

အရမ်းလေးစား အားကျတာ၊ ဆရာတပည့်အဖြစ် ခင်ကြ

တာပဲ၊ မေခါက အဲဒီတုန်းက ခြောက်တန်း ခုနစ်တန်း

လောက်ပဲ ရှိဦးမှာ"

"ဟား ... မနာလိုလိုက်တာကွာ"

"ယောကလည်း"

"ဟုတ်တယ်လေ၊ မေခါ ခြောက်တန်းလေးတုန်းက ဂါဝန်

တိုလေးနဲ့ တောက်ဆွ တောက်ဆွနဲ့ ဘယ်လောက် ချစ်

စရာ ကောင်းထားမလဲ၊ ကိုယ်တော င် မမြင်လိုက်ရဘူး

ဒီလူက မြင်ခွင့်ရတယ်၊ ကျွတ် ..."

မေခါသည် စိတ်ပင်ပန်းမှုပင် မေ့ကာ အသံလေး

ထွက်အောင်ပင် ယော ပုံစံကို ရယ်မောလိုက်မိပါတော့သည်။

ယောမင်းသည် တကယ် သဝန်တိုတာလည်း တစ်ဝက်၊ နွမ်းနေ

တဲ့ မေခါ့ မျက်နှာကလေးကိုကြည့်ကာ စိတ်ပင်ပန်း တင်းကျပ်

နေတာတွေ ပြေလျော့စေချင်လို့ကတစ်ဝက်၊ တမင်တကာ ပြော





နေတာ ဖြစ်လေရာ မေခါ ရယ်မောတာမြင်လျှင် ကျေနပ်ပြီး

အပေါ် ပြုံးစိစိ ဖြစ်လာသည်။

"ကိုမောင်နဲ့ ရိုးရိုးသားသား မောင်နှမတွေလို ခင်တာပါ

ယောရာ၊ ခုထိကိုပဲ မေခါတို့ အုန်းတို့ လုံးတို့ နေမကောင်း

ရင် ထိခိုက်ရှနာရင် ကိုမောင်ပဲ တာဝန်ယူ ကြည့်ပေးနေ

တာပါ"

"မေခါ့ကို ဆေးထိုးသေးလား"

"ယောနော် ... ခုခေတ်က ဆေးထိုးတဲ့ခေတ်မှ မဟုတ်ဘဲ

ယောရဲ့၊ ရိုးရိုး ဖျားနာတာတွေပဲဟာ၊ သောက်ဖို့ဆေးပဲ

ပြောတာပေါ့၊ တစ်ခါတည်း ဘာတွေ လျှောက်ပြောနေမှန်း

မသိဘူး"

"အင်းပါ ... ဘာပဲဖြစ်ဖြစ် ဒီ ကိုမောင်ဆိုတဲ့ ပုဂ္ဂိုလ်ကို

တော့ တစ်နေ့ တွေ့ဆုံအကဲခတ်ရပါဦးမယ်၊ ပြီးတော့

မေခါ့ညီမ ဆိုတာရော အိမ်ကို ရောက်နေတယ် ဆိုတာ

လေ"

မေခါသည် သက်ပြင်းတစ်ရှိုက်နှင့် ခေါင်းညိတ်လိုက်

...



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ဂျူဂျူးတဲ့၊ အခု အိမ်မှာ တူတူနေတယ်"

မေဓါသည် ဂျူဂျူးနှင့် ပတ်သက်သော အကြော[illegible] ကိစ္စရပ်တို့ကို သိပ်စကားလုပ် မပြောချင်လို့။ ဒါကြောင့် မေ[illegible] ဖုန်းဆက်လျှင် ဘာမှ ရှည်ရှည်ဝေးဝေး မပြောဘဲ မအား[illegible] သလိုလို ခပ်မြန်မြန် ဖုန်းချပစ်တတ်မြဲ ဖြစ်သည်။

"သူက ဘယ်အရွယ်လဲ"

"ဆယ့်ကိုးနှစ်"

"သူ့မှာ ဒီအမေပဲ ရှိတာလား၊ အဖေကော"

"ဆွေရေးမျိုးရေးတွေ သိပ်မပြောချင်ပါဘူး ယောရာ[illegible] စစ်ပေါက်ပေါက်တွေ မသိချင်ပါတော့နဲ့၊ သူတို့သား[illegible] နှစ်ယောက်ပဲ ရှိတာ၊ အခု အမေဆုံးတော့ မေဓါနဲ့ [illegible] နေတယ်"

"သူလည်း တခြားဆွေမျိုးရင်းချာ ရှိဘူးပေါ့"

"နည်းနည်းပါးပါးတော့ ရှိပေမဲ့ သွေးမနီးဘူးပေါ့"

"မေဓါတို့ကလည်း အမျိုးနည်းလိုက်တာ၊ အခု ဒ[illegible] ဒီအဒေါ်နဲ့ ဒီညီမက မေဓါ့အမေဘက်ကလား အဖေ[illegible] ကလား"





"အ ... အမေဘက်ကပါ"

"အရင်းလား"

"ဟင့်အင်း"

"မေဓါ့အဖေရဲ့ ညီမတစ်ဝမ်းကွဲ ဆိုရင် မေဓါနဲ့ ဂျူဂျူးက နှစ်ဝမ်းကွဲပေါ့၊ ဟုတ်လား"

"အခု မေဓါ ဂျူဂျူးကိုပဲ အာရုံစိုက်နေရတော့ သိပ်မအား ဘူးပေါ့ ယောရယ်"

"ဆိုင်တောင် လာမထိုင်တဲ့ထိ ဆိုတော့ မေဓါ့ညီမက သူ့ အမေ ဆုံးတဲ့အတွက် အတော်စိတ်ထိခိုက်သွားတာ မကျန်း မာ ဖြစ်သွားတာမျိုးလား"

"ဟုတ်တယ် ယော၊ သူ နေမကောင်းဘူး၊ အခု သူ့ကိုပဲ မပြတ် ဂရုစိုက်စောင့်ကြည့်နေရတာ၊ မေဓါလည်း ခေါင်းတွေ ပူထူရှုပ်ထွေးနေတာပဲ"

"ဒါများ ဘာခေါင်းပူစရာ စိတ်ရှုပ်စရာရှိ[illegible] မေဓါရယ်၊ ခဏတဖြုတ်ပေါ့၊ တစ်သက်လုံး ဖြစ်နေမဲ့ကိစ္စမှ မဟုတ် တာ၊ သူလည်း တစ်နေ့နေ့တော့ ပြေနိုင်သွားမှာပေါ့၊ သိပ်ငယ်လှတော့တာမှ မဟုတ်ဘဲ၊ ဆယ့်ကိုးနှစ် ဆိုတော့ နားလည်တဲ့အရွယ် ရောက်ပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဂျူဂျူးက လူကြီးစိတ် မဝင်သေးပါဘူး၊ ကလေးတစ်ယောက်လို ဖြစ်နေတယ်၊ ဘာပဲဖြစ်ဖြစ် သူ့တာဝန်ကတော့ မေခါ ခေါင်းပေါ် ကျလာတာပေါ့ ယောရယ်"

"တာဝန်ဆိုပေမဲ့လည်း လူမမယ် ကလေးလေးမှ မဟုတ်တာ မေခါရဲ့၊ ရေချိုးပေး ထမင်းခွံ့ပေး လုပ်ရမဲ့အရွယ်မှ မဟုတ်ဘဲ၊ ခဏနေ သူ ထူထောင်သွားရင် ပြီးပြီပဲဟာ၊ ဒါကိုပဲ မေခါက တအား စိတ်ဖိစီးနေသလို ဖြစ်နေတယ်၊ မျက်နှာလည်း မှုန်မှိုင်းလို့၊ ကိုယ်ရေတောင် စစ်သွားတယ်လို့ ထင်မိတယ် ...

ကဲ ... အခု မေခါ ဘယ်သွားမယ် ပြင်နေတာလဲ"

"အိမ်ပြန်မလို့ပါ"

"ဒါဖြင့် ကိုယ်လည်း အိမ်လိုက်ခဲ့မယ်"

"ဟင် ... ဘာလုပ်ဖို့လဲ၊ ယောကလည်း ..."

"ဟာ ... ငြင်းလိုက်တာ သွက်သွက်ခါခါ၊ ကိုယ်က မေခါနဲ့ တွေ့မယ်၊ စကားပြောမယ် ဆိုပြီး လစ်ထွက်လာတာလေ၊ ဆက်က ကိုယ့်ကို ခိုင်းထားတာတွေတောင် ခေါင်းထဲက ခဏထုတ်ထားတယ်၊ မေခါနဲ့ စကားပြောမယ်၊ နေ့လယ်စာ တူတူစားမယ် ကြံစည်ရည်ရွယ်လာတာ -





အခု မေခါက ဆိုင်မှာ မနေဘူး၊ အိမ်ပြန်မှာဆိုတော့ အိမ်ကိုပဲ ကိုယ်လည်း လိုက်ခဲ့တော့မှာပေါ့၊ ကိုယ်က မပြန်နဲ့ဦးဆိုပြီး အတင်းဆွဲထားရင်လည်း မေခါက ညီမကို စိတ်မဖြောင့်တာနဲ့ မပြန်ဘဲနေမှာမှ မဟုတ်တာ၊ ကိုယ်ပဲ လိုက်ခဲ့ဖို့ ရှိတာပေါ့"

မေခါသည် စိတ်ကျဉ်းကျဉ်းကျပ်ကျပ်နှင့် ...

"မလိုက်ခဲ့ပါနဲ့ဦး ယောရယ်"

"ဘာဖြစ်လို့လဲ"

"ဂျူဂျူးကို ဂရုစိုက် ဖေးမနေရတဲ့ အချိန်ဆိုတော့ မေခါက ကိုယ့်ချစ်သူကို အိမ်ခေါ်လာတယ်ဆိုရင် သူ ဝမ်းနည်းအားငယ်နေမှာ စိုးလို့ပါ"

"အာ ... အဓိပ္ပာယ်မရှိတာ မေခါကလည်း၊ မေခါ့မှာ ချစ်သူရှိတာကို မေခါ့ညီမလေးက ဘာဝင်အားငယ်နေစရာ လိုလဲ၊ ကိုယ်ကလည်း ခင်ခင်မင်မင် ဖေးဖေးမမ နေပေးမဲ့ သူပါပဲ၊ သူ ပြုံးလာအောင်တောင် ပေါက်ကရတွေ ပြောပေးလိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအတွက် စောပါသေးတယ် ယောရယ်၊ နောက်တော့ လည်း ဂျူဂျူးကို ယော တွေ့ရ ခင်ရမှာပဲဟာ၊ ခုတော့ ခဏနေပါဦး"

"အမိက,က သူနဲ့တွေ့ဖို့ ခင်ဖို့ လိုက်လာမှာမှ မဟုတ်တာ၊ မေဓါနဲ့ တွေ့ချင်သေးလို့ စကားပြောချင်သေးလို့ အိမ်လိုက်ချင်တာ"

မေဓါက စိတ်ကောက်ချင်တဲ့ ချစ်သူကို ထောင်းပန်အကြည့်နှင့် ...

"နောက်တော့မှနော် ... ယော"

❋ ❖ ❋





၃

မေဓါ စိတ်ထဲ ညကြီးသန်းခေါင်လို့ပဲ ထင်မိသည်။ အိပ်ပျော်ခဲ့တာတောင် ဘာမှမကြာသေးလို့ ထင်မိသည်။ နှာခေါင်းမှာ ထူးခြားတဲ့အနံ့၊ အာရုံမှာ ထူးခြားတဲ့ အသံတွေ ကြားသလိုလိုရှိပြီး အိပ်ရာက လန့်နိုးလာတဲ့အခါ အိပ်ခန်းရဲ့ မှန်ပြတင်းအပြင်ဘက်တွေမှာ မည်းမှောင်နေသေးတာပဲ တွေ့ရသည်။

ခုတင်ဘေး စားပွဲလေးမှ စားပွဲတင်နာရီကို ကြည့်မိတော့ မီးစုံးလက်တံလေးများက ငါးနာရီ မိနစ်နှစ်ဆယ်ကို ပြနေသည်။ ဆောင်းတွင်းထဲ ရောက်နေတာမို့ နေအထွက်နောက်ကျကာ ဒီအချိန်လေးမှာ မှောင်ကြီးမည်းကြီး ရှိနေတာပင်။ ပြီးတော့ ဒီဆောင်းတွင်းက အတော်လည်း အေးလှသည်။



www.burmeseclassic.com

www.burmeseclassic.com



**မေဓါ**သည် ခုတင်ပေါ်မှာ မလှုပ်သေးဘဲ ငြိမ်ကာ**သူ့ အိပ်မက်** မက်သလား တွေးနေမိသေးသည်။ မေဓါ့ရဲ့ အမြဲ **အိပ်ရာထ**နေကျ အချိန်ဟာ ခုနစ်နာရီခွဲ ဖြစ်သည်။ ငါးနာရီခွဲ လောက်ဆိုရင် အုန်းအုန်း အိပ်ရာက ထ,ကာ ထမင်းချက်ပြီ။ ခြောက်နာရီလောက်မှာ လုံးလုံးလည်း လိုက်ထ,တတ်သည်။

ခုတော့ သူတို့ ထ,ဖို့တောင် စောနေသေးသည်။

မေဓါသည် ငြိမ်နေရာမှ နှာခေါင်းထဲ ရလာတဲ့ အနံ့တစ်ခုကို အမည်တပ်နိုင်လာသည်။ မီးခိုးနံ့။ ညှော်နံ့လိုလို တစ်ခုခု။ အိမ်မှာ ကိုယ်ပဲ လူကြီးမို့ မီးကိစ္စ ဘာကိစ္စ ဆိုရင် ကြောက်လန့်စွာ သတိကြီးတတ်သော မေဓါက ဖျတ်ခနဲ လူးလဲ ထထိုင်လိုက်ပါသည်။

နောက်ပြီး နားထဲမှာ ဂစ်တာသံလေးလိုလို။ အဝေးဆီကလို့လည်း ထင်သည်။ ပြီးတော့ တိုးကျိတ်ကျိတ် ရယ်မောသံမျိုးတွေ။ မေဓါသည် အိပ်ရာထဲမှ ဝုန်းခနဲ ထ,လိုက်ကာ အခန်းပြင် ခပ်သွက်သွက် ထွက်ခဲ့သည်။ ဘယ်နေရာမှာများ မီးခိုးလုံးကြီး မြင်ရမလဲ ထိတ်ထိတ်ပျာပျာနှင့် ဟိုဟိုဒီဒီ ကြည့်ရင်း ဂျူဂျူးရဲ့ အခန်းကိုပါ ငဲ့ကြည့်မိ၏။





ကပ်ရက် ဂျူဂျူး အခန်းတံခါးက ဟဟလေး ပွင့်နေ၍ ကမန်းကတန်း ဖွင့်ဝင်လိုက်သည်။ အခန်းမီး ဖြောက်ခနဲ ထွန်းလိုက်သော် ခုတင်ပေါ်မှာ ခြုံထားပြီး တွန်းခွာထုတ်ထားတဲ့ စောင်အပုံ။ ဂျူဂျူး မရှိ။ မေဓါ ရေချိုးခန်းသို့ ပြေးကာကြည့်သည်။ ရေချိုးခန်းမှာလည်း ဂျူဂျူး ရှိမနေ။

"ဂျူဂျူး"

မေဓါ ခပ်အုပ်အုပ် တစ်ချက်ခေါ်မိကာ အပေါ်ထပ် ဘုရားခန်းဘက် ချိုးကွေ့လိုက်လျှင် ဘုရားစင်နောက်ဘက် မှန်ချပ်ကြီးကြီးမှာ ဖောက်မြင်နေရတဲ့ ပြင်ပမြင်ကွင်းဟာ မေဓါ့ အခန်းထဲက မှန်ပြတင်းမှ ဖောက်မြင်ရသလို မည်းမှောင်အတိ ဖြစ်မနေဘဲ နီစပ်စပ် အလင်းရောင်တစ်ခု ယိမ်းနွဲ့ကာ မပီဝိုးတဝါး လင်းလျက်။

မေဓါ ဘုရားစင်နောက်ဘက် မှန်ချပ်ဆီမှာ မျက်နှာကိုကပ်ရင်း အပြင်ကို ကြည့်လိုက်ပါသည်။

"ဟင်"

ခြံထဲမှာ မီးပုံတစ်ဖို။ ပြီးတော့ မီးပုံဘေးမှာ ... ဂျူဂျူး တစ်ယောက်တည်း မဟုတ်။ နှစ်ယောက်။



www.burmeseclassic.com

www.burmeseclassic.com



မေခါသည် ညဝတ်ဘောင်းဘီရှည် အနွေးထည်ရှည်ကြီးနှင့်ပင် အောက်ထပ်ကို ပြေးဆင်းလာခဲ့သည်။ အောက်ထပ် ဧည့်ခန်း၌ ဖိနပ်စင်ထောင့်ချိုးနေရာက မီးနီပွင့်ကလေးပဲ ခပ်မှိန်မှိန် ထွန်းထားကာ ဖိနပ်စင်နံဘေး တံခါးပေါက်မှ ခြင်ဆန်ကာ တံခါးရွက်နောက်မှာ ရပ်လျက် ခြံထဲကို ကြည့်နေသော အုန်းအုန်းက ခြေသံခပ်ပြင်းပြင်းကြောင့် မေခါထံ လှည့်ကြည့်လာသည်။

"အုန်းအုန်း"

"မမ"

"ဘာဖြစ်နေတာလဲ"

"မဂျူဂျူး မမ"

"သူ ဘာလုပ်တာလဲ"

"ဟို ... လူတစ်ယောက်လည်း ရောက်နေတယ်"

"လူတစ်ယောက် ! ... ယောက်ျားလား"

"ဟုတ်ကဲ့"

မေခါက ခြံထဲကို လှမ်းကြည့်သည်။ ကားဝင်လမ်း ကွန်ကရိခင်းပေါ်မှာ တစ်နေရာ၌ မီးပုံတစ်ပုံ ဖိုလျက်သား။ အဲဒီမီးပုံဘေးမှာ ဂျူဂျူးနှင့် ကောင်လေးတစ်ယောက်။ မီးလှုံနေတဲ့ ပုံစံ ဖြစ်သည်။ ကောင်လေး လက်ထဲမှာ ဂစ်တာတစ်လုံး။





"ကျွန်မ နိုးလာပြီးတော့ နာရီကြည့်လိုက်တော့ ငါးနာရီတောင် မထိုးသေးတာနဲ့ ပြန်အိပ်မယ် လုပ်နေတုန်း မဂျူဂျူး အောက်ဆင်းလာပြီး ဧည့်ခန်းထဲမှာ ဖုန်းဆက်နေတာ၊ အဲဒါနဲ့ အစောကြီး ဘယ်ကိုဖုန်းဆက်ပါလိမ့်လို့ ကျွန်မလည်း ပြန်အိပ်မပျော်တော့ဘဲ နိုးနေတော့တာပဲ၊ ဖုန်းချပြီး သူ ခြံထဲဆင်းပြီး မီးဖိုနေတယ်၊ ပြီးတော့ အိမ်ပေါ်တက်လာပြီး ဖရိဇာထဲက တူလားဗီးယားငါးတစ်ကောင်နဲ့ ပေါင်မုန့်ကင်တဲ့ စတီးညှပ်ပြားလေး ယူပြီး ဆင်းသွားတယ် ...

ခုနလေးတင်ကမှ အဲဒီကောင်လေး ရောက်လာတာ၊ ကားနဲ့ပဲ၊ ကားကို ခြံပြင်မှာ ရပ်ခဲ့တယ်၊ အခု သူတို့ငါးကင်နေကြတယ်၊ အဲဒါ ကျွန်မလည်း ချောင်းကြည့်နေတာ"

မေခါသည် အုန်းအုန်း ပြောသမျှကို ပါးစပ်အဟောင်းသားနှင့် နားထောင်နေမိကာ စကားဆုံးသွားတဲ့အထိ ဆက်ငြိမ်နေမိသေးသည်။ တအံ့တသြကြီး ဖြစ်နေကာ ...

"နင်ကလည်း ငါ့လာနှိုးရောပေါ့ အုန်းရယ်"

"ကျွန်မလည်း နှိုးရမလား မနှိုးရဘူးလား စဉ်းစားနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"နောက်ဆိုရင် စဉ်းစားမနေနဲ့၊ သူ ဘာပဲထူးခြားတာလုပ်လုပ် ငါ့ကို လာသာန္တိုးချည်၊ ဒီကောင်မလေးဟာ ထင်ရာတွေ လျှောက်လျှောက်လုပ်နေတာ၊ သူ့အတွက် ငါတို့အတွက် အန္တရာယ်တစ်ခုခု ရှိမဲ့ဟာဆိုရင် ငါစောစောသိမှ ကြည့်ကျက် အဆင်ပြေအောင် လုပ်နိုင်မှာ ..."

အဲဒါကြောင့် နင်တို့ ညီအစ်မကို သူ့ကို ကြည့်ပါ ကြည့်ပါ မှာထားရတာ၊ နောက်ဆိုရင် ဘယ်အချိန်ကြီး ဖြစ်ဖြစ် ငါ့ကို ပြေးလာပြော၊ နှိုးရမှာလည်း ဝန်မလေးနဲ့"

"ဟုတ်ကဲ့"

အုန်းအုန်းသည် ဂျူဂျူး လုပ်ပုံကိုင်ပုံတို့ကို တအံ့တသြ ဖြစ်နေဟန် မျက်နှာထား ရှိသည်။ ဘယ်လိုမိန်းကလေးပါလိမ့်လို့လဲ စိတ်ရှုပ်ထွေးစွာ စဉ်းစားနေပုံရသည်။ အုန်းသည် အသက်နှစ်ဆယ့်တစ်နှစ်မို့ ဂျူဂျူးထက်တော့ ကြီးသည်။ လုံးက ဆယ့်ရှစ်နှစ်ကျော်၊ ဂျူဂျူးနှင့် မတိမ်းမယိမ်း ဖြစ်သည်။

"ငါးများ ကင်စားစရာ အချိန်ရှားလို့၊ မိုးမှမလင်းသေးဘူး၊ ဒီကောင်မလေးနဲ့တော့ ခက်တာပဲနော်၊ ကျွတ် ... ဟိုသတ္တဝါလေးကလည်း ဘယ်ကကောင်လေးလဲ မသိဘူး"





"သွားမေးကြည့်လိုက်ပါလား မမ"

"သွားတော့ မေးမှာပေါ့ဟဲ့၊ စိတ်ရှုပ်နေသေးလို့"

"မဂျူဂျူးက မမ အပြင်ထွက်တာနဲ့ ဖုန်းဆက်တော့တာပဲ၊ အကြာကြီးပဲ၊ ဟိုတစ်နေ့ကဆိုရင် မမဆိုင်ကို သွားတာ နည်းနည်းကြာတယ်လေ၊ တစ်ချိန်လုံးပဲ သူ ဖုန်းပြောတာ၊ စုစုပေါင်း နှစ်နာရီပြည့်ဖို့ ဆယ်မိနစ်ပဲ လိုတယ်၊ သူ ဖုန်းချပြီး တက်သွားတော့ ဖုန်းကြိုးလိမ်ပြီးကျန်ခဲ့လို့ ကျွန်မ ဖုန်းကို ပြန်မ,ပြီး ကြိုးလှည့်ဖြေတာ ဖုန်းက ပူကျစ်နေတာပဲ"

မေခါသည် ခါးထောက်ပြီး ခြံထဲက မြင်ကွင်းကို ကြည့်လျက်က အုန်းအုန်း စကားကိုလည်း နားထောင်နေသည်။

"ကျွန်မကတော့ အလုပ်မအားတတ်လို့ လုံးလုံးက အားနေတတ်တော့ မဂျူဂျူးက လုံးလုံးကို ခေါ်ခေါ်ပြီး စကားပြောတယ်"

"ဘာတွေပြောလဲ"

"လုံးလုံးကိုလေ အဟီး ... ရည်းစားရှိလားတို့ ရည်းစားထားဖူးလားတို့၊ အုန်းအုန်းမှာရောတဲ့"



www.burmeseclassic.com

www.burmeseclassic.com



မေခါသည် ရှက်စနိုး မျက်နှာပျက်ကာ စိတ်ပါတို လာသည်။ ဈေးဝယ်တွေ ဘာတွေလဲ လွှတ်ရသော တစ်ခါတစ်ရံ ဖုန်းခွန့်တွေ ဘာတွေ တန်းစီသွားဆောင်ခိုင်းရတတ်သော ဒီအပို အရွယ် ညီအစ်မလေးကို သူ့မှာ ပိပိရိရိ ဂရုစိုက်ရနေဖို့၊ ကောင် လေးဝိတွေ လိုက်စကားပြောရင် ပြန်အဖွဲ့မကျဖို့၊ ရည်းစားမထား သေးဖို့ စသဖြင့် အဘွားအိုလေးလို အာပေါက်မတတ် ဆုံးမထား ရတာပါ။

ဒီအရွယ်လေးတွေအဖို့ စိတ်လှုပ်ရှားချင် စိတ်ကူး ယဉ်ချင်လေ။ အုန်း၊ လုံးတို့ ညီအစ်မက ရုပ်ကလေးတွေလည်း ဖြူဖြူတစ်တစ် ချစ်စရာ။ သူ့မှာ ခြံနီးပါးနားတစ်ဝိုက်က မာလီ တွေ ဒရိုင်ဘာတွေရဲ့ လက်ချက်စာမမိအောင် အမြဲတတွတ်တွတ် သွန်သင်ဆုံးမနေရပါသည်။

သူတို့လေးတွေဟာ ပညာလည်းနည်း၍ တစ်ခွန်း ပြောထားပြီးရင် တစ်သက်လုံး ခေါင်းထဲ စွဲမှတ်တာမဟုတ် မကြာ မကြာလေး နားထဲစွဲအောင် ရိုက်သွင်း ရိုက်သွင်းရတာ တကယ်တမ်း ကိုယ်က ချစ်တဲ့ ကြိုက်တဲ့သူ ရှိလာရင်လည်း မေခါ့ကို ဖွင့်တိုင်ပင်ဖို့။ တော်ရုံလူလောက်ကို ခေါင်းထဲ မမှန်းဖို့





…း ထဲက မာလီတွေ ဒရိုင်ဘာတွေ အစော်များများဟာ …ဆိုင်ရာအိမ်မှာ တစ်ကိုယ်တည်း အလုပ်လာလုပ်နေတာကို … သူတို့ မြင်ကြရတာဖြစ်ပြီး အိမ်မှာ မိန်းမတွေ ကလေးတွေ …တဲ့ အိမ်ထောင်သည်တွေ ဖြစ်တာတို့။

အလျဉ်းသင့်သလို ထိုညီအစ်မကို ထိန်းသိမ်းပဲ့ပြင် …သည်။ သူတို့လေးတွေကလည်း လိမ္မာကြပါသည်။ ကြောက် …း ကြောက်တတ်ကြ၍ တော်သေးသည်။ ခုတော့ ဂျူဂျူးဟာ …ဆောင်လမ်းပြ။

"မဂျူဂျူးက သူ ရည်းစားငါးယောက်တောင် ထားဖူးတာ တဲ့"

"ဟယ် ... သူ့ ပေါက်ကရ လျှောက်ပြောနေတာ အုန်းအုန်း၊ သူ့စကားတွေ နင်တို့ယုံမနေနဲ့၊ ရည်းစားရှိတာကိုပဲ ဟုတ်လှ ပြီ ထင်နေပြီး နင်တို့ကို နောက်ပြောနေတာ၊ အလကား"

မေခါသည် ဟုတ်ဟုတ် မဟုတ်ဟုတ် ငြင်းချက် …ပစ်လိုက်သည်။

"သူ့ရဲ့ အခု နောက်ဆုံးရည်းစားက မိုးမှောင်တဲ့၊ အခု ရောက်နေတာ မိုးမှောင်လား မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက် မှောင်ကြီးမည်းကြီးထဲ လာမှတော့ မိုးမှော
ဖြစ်မှာပေါ့"

မေခါသည် စိတ်ရှုပ်ရှုပ်နှင့် အုန်းအုန်း အသံထွ
မှားနေတာ သိပါလျက် အခွဲ့တိုက် ပြောမိကာ ထိုကောင်လေး
လည်း မကျေမချမ်း ဖြစ်လာသည်။ သူများသမီးပျိုတစ်ယော
အိမ်ကို ခုလို မိုးမလင်းခင် မည်းသည်းနေတုန်း ရောက်လာ
လား။ အင်း ... သူများကို အပြစ်တင်နေလို့လည်း မပြီးသေ
အိမ်ရှင်သမီးပျိုမကိုက ဖုန်းဆက်ခေါ်တာ ဖြစ်နေတော့ ခက်သည
ဒါပေမဲ့ ခေါ်လည်း လာစရာလား။

မေခါက တံခါးကို ဆွဲဖွင့်ကာ အပြင်ထွက်လာ
လိုက်သည်။ အမယ်လေး ... အပြင်မှာ အေးလိုက်တာ။ သူတို့
ချိန်းတွေ့ဖို့ အကဲပိုပို စဉ်းစားနိုင်အားသည်။ အပြင်ထွက်လာ
မေခါကို သူတို့နှစ်ယောက် လှည့်ကြည့်ကြသည်။ ဂျူဂျူးက ဗ
မပျက်။ ကောင်လေးသာ အနည်းငယ် ကိုးရိုးကားရား ဟန်ပျက်
ထိုင်မလို ထမလို ကုန်းကွကွ ဖြစ်သည်။

မေခါသည် လေသံတင်းတင်းနှင့် ...

"ဂျူဂျူး ... ဒါ ဘာလုပ်နေတာလဲ"

"ငါးကင်နေတာ မမ၊ လာစားပါဦးလား"





"သူက ဘယ်သူလဲ"

"သူက မိုးမောင်လေ"

ဂျူဂျူးက နည်းနည်းမှ ဣန္ဒြေမပျက်ဘဲ အရေးမ
ကြီးသလို ဆိုသည်။ ကောင်လေးက ထ,ရပ်လိုက်ရင်း ...

"ကျွန်တော် မိုးမောင်ပါ မမ"

"ဘာဖြစ်လို့ မင်းက မိုးမလင်းခင် ဒီရောက်နေတာလဲ"

"ဩော် ... ဒါ ... ဟိုဒင်း ... ဂျူဂျူးက ..."

"ဂျူဂျူး သူ့ကို ဖုန်းဆက်ခေါ်လိုက်တာ မမရဲ့"

"ဘာလုပ်ဖို့လဲ"

"ဂျူဂျူး မီးလှုံရင်း ငါးကင်ပြီး စားချင်လို့ အဖော်ရအောင်
သူ့ကို လှမ်းခေါ်လိုက်တာ"

"မမကို ဘာလို့ မနှိုးသလဲ"

"မမ အိပ်ရေးပျက်မှာပေါ့"

"သူကျတော့ အိပ်ရေးမပျက်ဘူးလား၊ သူက ဒီအချိန်
မအိပ်တဲ့သူမို့လို့လား"

"ဩော် ... ဒါကတော့ သူက ဂျူဂျူး ရည်းစားပဲ၊ ဂျူဂျူး
သည်းညည်းခံရမှာပေါ့၊ အိပ်ရေးပျက်လည်း ဘာအရေးလဲ၊
ဂျူဂျူး လုပ်ချင်တာ အလိုလိုက်ဖို့ တာဝန်ရှိတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



မေခါသည် ဂျူဂျူး ဖြေပုံကို စိတ်ပျက်လက်ပျ
ကောင်လေးရှေ့မှာမို့ ရှက်လည်းရှက်။ ကောင်လေးကတော့
ချစ်သူ ကောင်မလေးရဲ့ သတ္တိပြောင်ပြောင်နှင့် အစ်မကို ခပ်
အေး ပြောရဲပုံကို အံ့လည်းသြ၊ သဘောလည်းကျသလို ပြုံး
ဖြစ်နေလေသည်။

"ဒါ အိမ်ကို ယောကျာ်းလေး ညှော်သည် လာလည်
အချိန် မဟုတ်ဘူး ဂျူးဂျူး"

"သြော် ... သူက လာလည်တာ မဟုတ်ပါဘူး၊ ဂျူ
လှမ်းခေါ်လိုက်တာပါဆို"

"ဂျူဂျူးလည်း ခေါ်စရာ မလိုဘူးလေ၊ ဂျူဂျူး ခေါ်
လည်း မင်းက လာဖို့မသင့်ဘူး"

"ဟို ... ကျွန်တော်က အိမ်ကလူကြီးတွေ ကြိုက်ပါမ
လို့တော့ မေးပါသေးတယ်၊ ဂျူဂျူးက ရတယ်ဆိုလို့"

ကောင်လေးက သူ့အပြစ် မပါသလို ခေါင်း
သည်။

"အင်းလေ ... မိုးမောင်ကလည်း၊ အိမ်မှာ လူကြီးမ
ဘဲနဲ့"





"ဂျူဂျူး ... မမက ဒီအိမ်ကို အုပ်ချုပ်စီမံခန့်ခွဲပြီး နေနေ
တာ၊ မမ ဒီအိမ်မှာ လူကြီးပဲ၊ ဂျူဂျူး လုပ်ချင်တာ အား
လုံးကို မမကို ခွင့်တောင်းရမယ်"

"ဟာ ... လုပ်ချင်တာ အားလုံး ခွင့်တောင်းနေရမယ်
ဆိုတာတော့ မဟုတ်သေးပါဘူး မမကလည်း၊ ဂျူဂျူးက
ရေသောက်ချင်တယ် မမ၊ ရှူးပေါက်ချင်တယ် မမနဲ့ တစ်
ခွန်းမကျန် ခွင့်ပြုချက် ယူနေရမှာလား"

"စကားကို ကပ်မပြောနဲ့လေ ဂျူဂျူး၊ အခုလို သာမန်ဖြစ်
ရိုးဖြစ်စဉ် မဟုတ်တဲ့ ကိစ္စတွေအတွက်ကော့ ခွင့်တောင်းရ
မှာပဲ၊ ခွင့်တောင်းလို့ မမက မလုပ်ရဘူး ဆိုရင်လည်း
ဂျူဂျူး လုပ်ခွင့်မရှိဘူး"

"ဘာဖြစ်လို့လဲ"

မေခါ့ မျက်နှာမှာ တင်းသွားရပါသည်။ ဂျူဂျူးက
မေခါ့ကို ခပ်ရှုးရှုးပင် စိုက်ကြည့်နေကာ မီးဖိုပေါ် သူ့ လက်ဆန့်
တန်းတင် ကင်နေသည့် ငါးကင်ညှပ်ထားတဲ့ စတီးညှပ်ပြားကို
မီးပုံမှ ဖယ်လိုက်ပြီး မေခါ့ကို ရင်ဆိုင်တဲ့ဟန် အပြည့်နှင့် ...

"ဘာဖြစ်လို့လဲ ... လို့ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့ရမလဲ၊ ဒီအိမ်မှာ ငါလူကြီးပဲ၊ ငါမကြိုက်တာ ခွင့်မပြုတာ ဘယ်သူမှ ဘာမှမလုပ်ရဘူး၊ ဒါကို ဘာဖြစ်လို့ ဆိုတာ ရှင်းချက်ထုတ်နေစရာလား"

"ဒါဖြင့် ဒီလို ခွင့်ပြုချက်တောင်းနေရမဲ့ အိမ်ကို ဂျူဂျူးကို ဘာဖြစ်လို့ ခေါ်လာသလဲ"

မေခါသည် အတော်ဒေါသထွက်လာကာ ...

"ဟဲ့ ... ဘာဖြစ်လို့ ခေါ်လာရမှာလဲ၊ နင့်အမေ သေသွားတယ်လေ ဂျူဂျူး၊ ဟိုအိမ်မှာ ဘယ်သူမှ မရှိဘဲနဲ့ နင့်အသက်လေး ဆယ့်ကိုးနှစ်နဲ့ နင်တစ်ယောက်တည်း ဘယ်လိုနေမှာလဲ၊ ငါ နင့်အစ်မလေ၊ ခေါ်လာရမှာပေါ့၊ ငါ့မှာ နင့်ကို အုပ်ထိန်းစောင့်ရှောက်ဖို့ တာဝန်ရှိတယ်၊ နင်တစ်ယောက်တည်း နေချင်သလိုနေ လုပ်ချင်ရာ လုပ်နေလို့ ရမလား ...

ဒီမှာ ဂျူဂျူး ... ငါ နင့်အမေ ဒေါ်မာရီယာ မဟုတ်ဘူး၊ နင် ဘာတွေလုပ်နေနေ စိတ်မဝင်စား၊ ပစ်စလက်ခတ်နဲ့ သူအေးရင် ပြီးရော ပျော်သလို မှိန်းနေမဲ့သူလည်း မဟုတ်ဘူး၊ စည်းနဲ့ ကမ်းနဲ့ နင့်ကို ဂရုတစိုက်ကြည့်ပြီး





နင့်ကောင်းရာကောင်းကြောင်း လမ်းကြောင်းတည့်ပေးရမှာပဲ၊ ဖေဖေလည်း အဲဒီအတိုင်း ဆန္ဒရှိတယ် ...

အခုလို ကိစ္စမျိုး မနက်မိုးမလင်းသေးဘူး မှောင်ကြီးမည်းကြီးထဲ အိမ်ကို ယောကျ်ားလေး မိတ်ဆွေ ခေါ်တာမျိုး ငါ ဘယ်တော့မှ ခွင့်မပြုနိုင်ဘူးမှတ်၊ ဒါ လုပ်သင့်တဲ့ ကိစ္စ မဟုတ်ဘူး၊ နင့်ကို အုပ်ထိန်းဖို့ ငါ့မှာတာဝန်ရှိတယ်"

"တာဝန်ကြီး တစ်ခုနဲ့တော့ လုပ်မနေပါနဲ့"

"လုပ်မှာပဲ ... လုပ်ရမှာပဲ"

မေခါသည် အတော်စိတ်တိုစိတ်ပျက်လှ၍ နင်တွေ ငါတွေ သုံးကာ ခပ်မာမာ ပြောထွက်ကုန်သည်။ "ဂျူဂျူးရေ ... မမကလေ"နှင့် ပျော့စိစိ လုပ်နေလို့ ရမည့်သူ မဟုတ်။ သူကပဲ တစ်ပြန် အစ်မလုပ်သူကို မျက်လုံးပြူးကြီးနှင့် တင်းတင်းမာမာ စူးစူးရဲရဲ စိုက်ကြည့်နေသေး။ မိုးမောင်သည် ဂစ်တာကိုင်ကာ မတ်တတ်ကြီးနှင့် ဘာဆက်လုပ်ရမည် မသိတဲ့ပုံ အိုးတိုးအတ ဖြစ်နေသည်။

ဂျူဂျူးသည် ရုတ်တရက် မျက်ရည်တွေ လည်ဝိုင်းလာကာ ငိုချတော့မလို ရုပ်ကြီးနှင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ဂျူဂျူး စိတ်တွေ ဝေနေတယ် သိလား၊ ခေါင်းထဲမှာ ဗလာပဲ၊ ဘာလုပ်လို့ လုပ်ရမှန်း မသိဘူး၊ ဂျူဂျူး မာမီ မရှိတော့ဘူး၊ ဂျူဂျူး အရှမ်းစိတ်ထိခိုက်နေတယ် သိရဲ့လား ဂျူဂျူးကို အလိုလိုက် အကြိုက်ဆောင်ပေးမဲ့သူ လိုချင်တယ် ဒါပဲ၊ ကိုယ့်ချစ်သူကိုယ် ဂစ်တာလေး ခေါ်တီးခိုင်းပြမိတာ ဘာဖြစ်သွားလဲ၊ မချုပ်ချယ်နဲ့၊ ရူးသွားမယ် သိလား ဂျူဂျူး ပျော်ပျော်နေမယ်၊ ဒါပဲ"

ဂျူဂျူးသည် သူ့လက်ထဲက စတီးညှပ်ရော ငါးဖ အဝေးကို လွှင့်ပစ်လိုက်ပြီး အိမ်ဘက်သို့ ချာခနဲ လှည့်ပြေးသွား ပါသည်။ မေခါသည် ချက်ချင်း ပြေးလိုက်ဖို့ ပြင်ပြီးမှ ကောင် လေးဘက် ပြန်လှည့်ကာ ...

"မင်း ပြန်လိုက်တော့ မိုးမောင်၊ အသက်ငယ်သေးတဲ့ ညီမတစ်ယောက်ကို တို့ ထိန်းသိမ်းရမှာကို သဘောပေါက် ပါ၊ နောက်မှ မင်းကို အေးအေးဆေးဆေး စကားပြောဦး မယ်၊ အခုတော့ ပြန်လိုက်တော့"

မိုးမောင်က ပခုံးတွန့် ခေါင်းကိုညိတ်ကာ နှာခေါင်း ပဲ လှည့်ထွက်သွားပါသည်။

✱◆✱



# ၄

"ခုဆိုရင် မေခါ သူ့ကိုပစ်ပြီး အချိန်အကြာကြီး မထား ချင်တာနဲ့ပဲ ဆိုင်မထွက်ရတာ တစ်လရှိပြီ ကိုမောင်။ ဘာမှ နောက်ကြောင်းအေးအေး မလုပ်နိုင်ဘူး၊ သူ့ နောက် မှာ ထင်ရာလုပ်နေမှာ ကြောက်နေရတာနဲ့ပဲ ဘယ်မှမသွား ရဘူး၊ တကယ် စိတ်ရှုပ်တယ်၊ တခြားလည်း တိုင်ပင်စရာ မေခါ့မှာ မရှိဘူးလေ ...

ကိုမောင်ကတော့ သူတို့ သားအမိနဲ့ အရင်ကတည်း က သိကျွမ်းပြီးသား သူတို့ ရာဇဝင်လည်း သိပြီးသား ဆရာဝန်တစ်ယောက်ဆိုတော့ ကိုမောင့်ကိုပဲ တိုင်ပင်စရာ မြင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ကိုမောင်က ပြုံးရင်း ...

"ကိုယ်က သူ့အမေ ဒေါ်မာရီယာကိုပဲ ဆေးကုပေးခဲ့ဖူးတာပါ"

"ဘာပဲဖြစ်ဖြစ်လေ၊ သိတာတော့ သိတာပဲ၊ မေဓါကမှ အစ်မဆိုပေမဲ့ သူနဲ့က တောက်လျှောက် ရင်းရင်းနှီးနှီး နေခဲ့တာ မဟုတ်တော့ ဘာမှသိပ်သိတာ မဟုတ်ဘူး၊ သူ့အချိုးအချိတ် သူ့အထာလည်း နားမလည်ဘူး၊ သူတို့နဲ့က ကိစ္စဝိစ္စရှိမှ သွားလာ ဝင်ထွက်ခဲ့တာ၊ ဘာမှ အတွင်းကျကျ မသိဘူး၊ ကိုမောင့်ဆီက သိရသလောက်ပဲ မေဓါသိတာ၊ ကိုမောင်က သူ့ကို ပိုသိတယ်၊ ပိုလည်း ရင်းနှီးတယ် ...

မေဓာ ဘာလုပ်ရမလဲ ကိုမောင်ရယ်"

"မေဓါ ဘာမှ မလုပ်ရပါဘူး၊ သူ့ကို ဒီတိုင်းပဲ မသိမသာ ကြည့်ပြီး လွှတ်ထားလိုက်ပါ"

"လွှတ်ထားလို့ ဖြစ်ပါ့မလား"

ကိုမောင်က ပခုံးတွန့်သည်။ ကိုမောင်ကို ကြည့်ပြီး မေဓါ့မှာ အားမရလို အားမရပင် ဖြစ်မိပါသည်။ ကိုမောင်က





သွေးအေးနေသည်။ တကယ်တော့ ကိုမောင်ဟာ ဖေဖေ့တပည့်အဖြစ် ဖေဖေနှင့်စ,ခင်၊ မေဓါတို့အိမ်ကိုလည်း ဝင်ထွက်ဖူးပြီး ဆရာဝန်ဖြစ်ပြီးတဲ့နောက်မှ ဖေဖေ့မေတ္တာရပ်ခံမှု အစီအစဉ်အရ ဒေါ်မာရီယာကို တောက်လျှောက် ကြည့်ရှုကာ ကျန်းမာရေးတာဝန် ယူရတဲ့သူ ဖြစ်သည်။

ဒေါ်မာရီယာ့ ကျန်းမာရေးကိစ္စနှင့် ထိုအိမ်ကို ဝင်ရထွက်ရ သွားရတာက မေဓါတို့အိမ် လာဖြစ်တာထက်ပင် အကြိမ်စိပ်တဲ့အတွက် သူတို့သားအမိနှင့် အတော်ရင်းနှီးမှု ရှိခဲ့တာဖြစ်သည်။ သူတို့သားအမိအကြောင်းကို ကိုမောင်က မေဓါထက် ပိုသိသည်။ မေဓါက ကိုမောင် ပြောပြတာကိုသာ သိရပါသည်။

ဖေဖေ စင်ကာပူက မောင့်ထ်အဲလစ်ဇဘက်ဆေးရုံကြီးမှာ တာဝန်ထမ်းဆောင်ဖို့ ထွက်သွားကတည်းက မေဓါတို့အိမ်ကို ကိုမောင် အဝင်အထွက် ကျဲသွားသည်။ ကိစ္စဝိစ္စရှိမှပဲ လာပါသည်။ ဖုန်းကိုတော့ နှစ်ပတ်တစ်ကြိမ်လောက် ဆက်ကာ ဘာလိုသေးလဲ ဘာညာ မေးတတ်သည်။

မေဓါ့ဆီ အရောက်ကျဲသွားသော်လည်း ဂျူဂျူးတို့သားအမိထံကိုတော့ မရောက်မဖြစ် အမြဲရောက်နေရသည် ဖြစ်လေ



www.burmeseclassic.com

www.burmeseclassic.com



ရှာ အခုနောက်ဆုံး ဒေါ်မာရီယာ အခြေအနေ မကောင်းဘူး၊ ရက်ပိုင်းပဲ ခံတော့မယ် ဆိုတာကိုပင် ကိုမောင် လှမ်းအကြောင်းကြားလို့ မေခါ သိရတာဖြစ်သည်။ အဲဒီမဆုံးခင် ရက်ပိုင်းကမှပဲ ကိုမောင့်ထံက သူတို့သားအမိရဲ့ အခြေအနေ အနေအထားတွေကို သိရတာ ဖြစ်သည်။

"ကိုမောင်က အိမ်ကို ခဏလာခဲ့ပေးပါလား ဆိုတာကိုလည်း မလာဘူး၊ တစ်နေရာမှာပဲ ဆုံမယ် ချိန်းတယ်၊ မေခါကလည်း အိမ်ကအကြာကြီး မထွက်ဝံ့တော့ ဒီလမ်းထိပ်က ကော်ဖီဆိုင်ပဲ ချိန်းရတာ၊ ကိုမောင့်ကိုတော့ အပူလှမ်းတပ်ရတာ အားနာပါတယ်၊ ဒါပေမဲ့ ကိုမောင် ဘာဖြစ်လို့ အိမ်မလာတာလဲ၊ ဂျူဂျူးကများ ကိုမောင့်ကို ပြဿနာလုပ်ထားတာ၊ စိတ်တို စိတ်ကောက် နေတာမျိုး ရှိလား"

"အဲဒါမျိုးတော့ မရှိပါဘူး"

"ဒါဖြင့် ဘာရှိလဲ"

"ဘာမှတော့ မဟုတ်ပါဘူး"

"ကိုမောင်ကလည်း အေးစက်စက်နဲ့ မပွင့်တပွင့်နဲ့"





အမြဲ သဘောကောင်းတတ်တဲ့ ကိုမောင်က မပွင့်တပွင့် လုပ်နေသော်လည်း ပြုံးတော့ ပြုံးနေပါသည်။

"အခုက ဂျူဂျူး နေမကောင်း ဖြစ်နေတာလည်း မဟုတ်ဘူး မို့လား၊ ဒါကြောင့်ပါ၊ အိမ်လာကြည့်ဖို့ မလိုဘူးပေါ့"

"ဘာဆိုင်လဲ ကိုမောင်ကလည်း၊ ကိုမောင်က ဆရာဝန်ပေမဲ့ ဆေးကုဖို့ရှိမှ မေခါတို့အိမ် လာလည်ရမှာ ကျနေတာပဲ၊ ဘယ်သူမှတော့ နေမကောင်း မဖြစ်ပေမဲ့ ကိုမောင် အိမ်လာတော့ ဘာဖြစ်သွားမှာလဲ၊ အရင်က ဂျူဂျူးတို့ဆီဆို မကြာမကြာ ရောက်တယ် မဟုတ်လား၊ ခုလည်း မကြာမကြာ လာပေါ့"

"ကိုယ်လည်း လာဖို့ စဉ်းစားပါ့မယ်"

"စဉ်းစားရင် လာပေါ့၊ ကိုမောင် ဘာဖြစ်နေတာလဲဟင်၊ တစ်ခုခုတော့ ရှိကိုရှိပါတယ်၊ မေခါ့ကို ပြောပြပါ"

"ဘာမှ မဟုတ်ပါဘူး မေခါရယ်"

"ဟုတ်တယ် ... ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



မေခါသည် ကိုမောင်ကို အစ်ကိုတစ်ယောက်လို လေးစားအားကိုးကာ သံယောဇဉ်ရှိသော်လည်း အေးအေးမှန်မှန် ကလေးသာ ဆက်ဆံခဲ့မြဲဖြစ်လျက် အခုတစ်ခါတော့ ကိုယ့်စိတ် တွေလည်း ခပ်ရှုပ်ရှုပ်ရှိသည်နှင့် တရင်းတနှီး ဂျစ်ကန်ကန်လေသံမျိုး သုံးနှုန်းလိုက်မိသည်။

ကိုမောင်က ရယ်နေပါသည်။

"ဘာရယ်နေတာလဲ ကိုမောင်၊ မေခါ့ကို ပြောပါ၊ အိမ်မလာချင်တာ ဘာကိစ္စရှိတယ် ဆိုတာ"

"ဒီလိုပါ မေခါရယ်၊ ဂျူဂျူးကြောင့်ပါ၊ ဂျူဂျူးဟာ အခု သူ့အမေလည်း မရှိတော့ဘူး ဆိုတဲ့အခါမှာ ကိုယ့်ကို အရင်ကထက်တောင် ပိုပြီး အားကိုးတကြီး ဖြစ်မယ်"

"အဲဒါ ဘာဖြစ်လဲ"

"ဂျူဂျူးက ကိုယ့်ကို အရင်ကတည်းက အားကိုးတဲ့စိတ်နဲ့ရောပြီး တော်တော်ကြီး သံယောဇဉ်ကြီးတယ်"

"အင်းပေါ့ ... မေခါလည်း ကိုမောင့်ကို အစ်ကိုလို အားကိုးတာပဲလေ"

"မတူဘူး မေခါ"





"ဘယ်လို မတူတာလဲ"

"ဂျူဂျူးက အင်မတန် စိတ်ယိမ်းယိုင် ကစားတတ်တယ် ဆိုတာ မေခါ့ကို ကိုယ် ပြောဖူးပြီးပြီလေ"

မေခါသည် ကိုမောင့်ကို ပါးစပ်လေးဖွင့်ဟ ငေးမော မိတော့သည်။ ခေါင်းထဲမှာလည်း ဒီလောက်ပြောလျှင် အများ း တွေးစရာတွေ တွေးလိုက်မိပြီ။

"မေခါ့ကို ကိုယ် ပြောဖူးတယ် မဟုတ်လား၊ ဂျူဂျူးရဲ့စိတ်ဟာ စိတ်အင်အား မပြည့်ဝဘူး၊ အက်ဘ်နော်မယ်လ် သဘော ရှိတယ်ဆိုတာ"

"အန်တီမာရီယာ ဆုံးခါနီး သူတို့အကြောင်းတွေ ပြောပြတုန်းက ကိုမောင် ပြောတယ်လေ၊ ဂျူဂျူး စိတ်ဟာ အက်ဘ်နော်မယ်လ်(ပုံမှန်မဟုတ်သော)ဆိုတာ၊ အဲဒါကြောင့် မေခါ သူ့ကို ဂရုစိုက်ပြီးကြည့်တော့ အဲဒီလို တစ်ခွတ်ထိုး တစ်ယူသန် ဦးနှောက်မသုံး ထင်ရာလုပ် စိတ်နဲ့လူနဲ့ မကပ် အသိဉာဏ်မရှိ ဆင်ကန်းတောတိုး ဆိုတဲ့ အမူအကျင့်တွေ တွေ့ရတယ်"

"ဝေါဟာရတွေကလည်း ကြွယ်ဝလိုက်တာ မေခါရယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကြောင့်ပဲ မေဓါ သူ့ကို ပိုပြီး ဂရုစိုက် ကြပ်မတ် စောင့်ကြည့်နေတာ၊ စိတ်လေချင်တဲ့ စရိုက်လက္ခဏာမျိုး လည်း ရှိတယ်"

"အဲဒါ ... ရောဂါ မေဓါ"

"ရှင်"

"အဲဒါဟာ ရောဂါတစ်ခုလို့ ပြောတာ"

"ရူး ... ရူးတာမျိုးလား"

"ရူးတာလည်း မဟုတ်ဘူး၊ သူ ရူးမနေတာ မေဓါ အတွေ့ ပဲ၊ သူ အခု အဝေးသင်နဲ့ ဒုတိယနှစ်တက္ကသိုလ်ပညာ သင်ကြားနေတယ်၊ သွားနိုင် လာနိုင် လုပ်နိုင် ကိုင်နိုင် ကားမောင်းနိုင် လူတောထဲမှာ ဆက်ဆံကျင်လည်နိုင်တယ် ရူးတယ်လို့ ကိုယ် မပြောဘူး၊ ဒါပေမဲ့ မှုမှန်မဟုတ်သော စိတ်ဝေဒနာတစ်မျိုး ဂျူဂျူးမှာ ရှိတယ်၊ အဲဒါ ရောဂါတစ်ခု လို့ အမည်တပ်လို့ရတယ်၊ ဒါပေမဲ့ ကုသဖို့ လိုအပ်နေတဲ့ အထိလည်း မဟုတ်ဘူး"

မေဓါသည် နှုတ်ခမ်းလေး ပွင့်ဟကာ ကိုမောင့်ကို ငေးကြည့်နေသည်။ ကိုမောင်ကလည်း စကားလုံး ရွေးချယ်ရင်း စိတ်ကျဉ်းကျပ်နေပုံ ရပါသည်။





"အဲဒါ ဘာဖြစ်နိုင်သလဲ ကိုမောင်၊ သူ ဘာတွေဖြစ်လာ နိုင်လဲ"

"ဒါက စောင့်ကြည့်ရဦးမှာပဲ၊ လောလောဆယ် သူ့မှာရှိနေ တဲ့ သူ့စိတ်ရဲ့ မှုမမှန်မှုကို ဖော်ပြနေတဲ့ လက္ခဏာတွေက တော့ အဲဒီ စိတ်ကူးယဉ်လွန်ခြင်း၊ ကြောက်တတ်ခြင်း၊ ကြောက်တတ်ခြင်း ဆိုရာမှာလည်း သူဟာ ကြောက်တဲ့ အခါလည်း ဘာမဟုတ်တာလေးကို ကြောက်ရင် ကြောက် နေမယ်၊ မကြောက်ပြန်ရင်လည်း မကြောက်ဘူး"

"နောက်တော့ကော ကိုမောင်"

"စိတ်ပျော့ညံ့ အားငယ်လွန်းတဲ့အတွက် အမှားအမှန် သိပ်မဝေဖန်တတ်ဘူး၊ သူလုပ်ချင်ရာကို သူ ကောင်းတယ် ပဲ ထင်နေတယ်၊ ပတ်ဝန်းကျင်က လူတွေရဲ့ ကြင်နာယုယ မှု ချစ်ခင်အလိုလိုက်မှု အရေးပေးမှုကို အရမ်းမက်မော လိုအပ်နေပြီး ဒါကိုပဲ ရူးသွပ်နေတယ်၊ နောက်တစ်ခုက ဆန့်ကျင်ဘက်လိင်ကို အင်မတန် စိတ်ဝင်စားတယ်"

"ဟင်"

မေဓါ မျက်နှာလေး နီမြန်းသွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



မေခါသည် ဒေါ်မော်ရီယာ ဆုံးခါနီး ကိုမောင်ပြောပြခဲ့ဖူးတဲ့ ဂျူဂျူးဟာ အက်ဘ်နော်မယ်လ် နည်းနည်းဖြစ်နေတယ် ဆိုတဲ့ စကားတစ်ခုနှင့်ပင် ဂျူဂျူးကို အလွန်တရာ ဂရုတစိုက် စောင့်ကြည့်မိခဲ့သေးတာ။ ခုလောက်ထိ ပြည့်ပြည့်စုံစုံကိုတော့ ကိုမောင် အခုပြောမှပဲ သိပါသည်။

မေခါ့ ရင်ထဲ တဂျုန်းဂျုန်းမြည်အောင် ရထားကြီးတစ်စီး ဖြတ်မောင်းနေသလိုကို မြည်ဟည်းတုန်ခါနေပါသည်။ အံ့အားလည်းသင့် လန့်လည်းလန့်။ ပင်ပန်းမောဟိုက်ခြင်းကြီးစွာ အတော်စိတ်ညစ်သွားပါသည်။

"ဟိုလေ ... မေခါ ကြားဖူးတဲ့ ဟစ်စတီးရီးယား ဆိုတာမျိုးလား ကိုမောင်"

"အဲဒါမျိုး ဆန်တယ်၊ ဆန်တယ်လို့ပဲ ကိုယ်ပြောနိုင်တာက ဂျူဂျူးကို ကိုယ်လည်း အပြင်ပန်းအမြင်ပဲ သုံးသပ်ကြည့်လို့ ရတယ်။ သိပ္ပံနည်းကျ ဘာမှ စမ်းသပ်စစ်ဆေးခြင်း မလုပ်ဖူးတဲ့ အခါကျတော့ ယတိပြတ် နာမည်တပ်လိုက်ဖို့ကတော့ မလုံလောက်သေးဘူး"

"ရောဂါဝေဒနာအဖြစ်တော့ ရှိနေတာ ဟုတ်ကို ဟုတ်တယ်ပေါ့နော်"





"ဟုတ်တယ်၊ တချို့ မိန်းကလေးတွေ နည်းနည်းရဲချင်တယ်၊ ကဲချင်တယ်၊ လေချင်တယ်၊ ဇွတ်တရွတ်ဆန်တယ် ဆိုတာမျိုးနဲ့ကို မတူဘူး မေခါ၊ ဂျူဂျူးဟာ သိပ်စိတ်လှုပ်ရှား ထိခိုက်တဲ့ အခါမျိုးမှာ ဥပမာ ... သိပ်စိတ်ဆိုးမယ်၊ သိပ်ဝမ်းနည်းမယ် စသဖြင့် စိတ်ခံစားချက် လှုပ်ရှားပြင်းထန်လွန်းတဲ့အခါ ငိုချင်ငို ရယ်ချင်ရယ်၊ အစားမစားတော့ဘဲ နေတာ၊ အဲဒါမျိုးတွေ ဖြစ်ခဲ့ဖူးတယ်"

"စိတ်ညစ်လိုက်တာ ကိုမောင်ရယ်"

"စိတ်မညစ်ပါနဲ့ မေခါရယ်"

"သူ့ကို မေခါ နိုင်အောင်ထိန်းသိမ်းနိုင်ပါ့မလားဟင်"

"သူ့အခြေအနေကို ကြည့်ပြီး အတိုးအလျှော့ လုပ်ရမယ် မေခါ၊ တချို့ဟာတွေကို လူကောင်းတစ်ယောက်လို မြင်တွက်ရင် အပြစ်လို့ မေခါက ယူဆမှာ ဖြစ်ပေမဲ့ သူ့စိတ်အားနည်းချို့ယွင်းချက်နဲ့ ဝေဒနာသည်တစ်ယောက်လို မြင်ရင် တွက်ရင် အပြစ်ယူလို့ မဖြစ်တာတွေ ရှိတယ်၊ တချို့ကိစ္စတွေကို မတင်းကျပ်ပဲ လျှော့ပေးထားလိုက်ပါ"

မေခါသည် မိုးမောင်ကို မနက်မိုးမလင်းခင်ကြီးချိန်းခေါ်လိုက်တဲ့ အဖြစ်အပျက်ကို ကိုမောင့်ကို ပြန်ပြောပြနိုင်မိ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပထမတုန်းကတော့ ကိုယ့်ညီမရဲ့ ခပ်ကဲကဲ ခပ်ရဲရဲ အပြုအမူအဖြစ် ကိုမောင့်ကို အသိပေးနေရမှာ စိတ်ပျက်ရှက်ရွံ့၍ မပြောဝံ့ခဲ့ပါ။

အခုတော့ ဝေဒနာသည် တစ်ယောက်ရဲ့ အပြုအမူအဖြစ် ဆရာဝန်ဖြစ်သူတစ်ဦးကို ဖွင့်ပြောသင့်သည်ဖြစ်ရာ စိတ်ညစ်ညစ်နှင့် ပြောပြရပါသည်။

"ဒါမျိုး ခပ်ဆင်ဆင်တွေ အရင်ကလည်း ရှိခဲ့တယ် မေခါ"

"ဟင်"

"သူဟာ ဆန့်ကျင်ဘက်လိင်ရဲ့ စိတ်ဝင်စားမှု ယုယကြင်နာမှု အပေါ် သာယာညွတ်နူးတယ်၊ သူ့စိတ်ထဲ သဘောကျတတ ကောင်လေးတစ်ယောက်နဲ့ အနေနီးစပ်မှုရှိရင် မြင်ပါများရင် သူ အဲဒီတစ်ယောက်အပေါ် အစွဲကြီး စွဲလမ်းသွားပြီ၊ ဒီကောင်လေးက သူ့ကို ရိုးသားနေသေးရင်တောင် သူ့စိတ်ထဲမှာ သူ့ကို ဒီကောင်လေး ကြိုက်နေတယ် ပိုးနေတယ် ထင်ချင်ထင်လာတယ်၊ လူတိုင်းကို လိုက်ပြောတယ်၊ အဲသလို ယုံပြီး ဂုဏ်ယူကျေနပ် သာယာနေတယ်၊ အခွင့်အရေး ပေးတယ်"





"တော်ပါတော့ ကိုမောင်ရယ်၊ ဂျူဂျူး အခြေအနေက သိပ်ဆိုးပါလား"

"သိပ်မဆိုးဘူး မေခါ၊ အခြေအနေက အများကြီးပေါ့ပါတယ်၊ ဒီလိုလူမျိုး ရောဂါဝေဒနာ သိပ်ရင့် သိပ်ဆိုးလာတဲ့အခါ အဝတ်အစားတွေ ဘာတွေ ချွတ်ပစ်တာမျိုး ဆိုးဆိုးဝါးဝါးတွေအထိ ဖြစ်တတ်တယ်"

"ဟင်"

"ဂျူဂျူးက အနုစားပဲ ရှိပါသေးတယ်၊ ဆေးကုသမှုခံယူရလောက်အောင်ကို ဆိုးဝါးတဲ့ Sign တွေ မပြသေးပါဘူး၊ ဒေါ်မာရီယာက ဂျူဂျူးထက် ပိုဆိုးပါတယ်"

ဒါကိုတော့ မေခါ သိပြီးသားပါ။ ဒေါ်မာရီယာဟာ စိတ်မမှန်လှဘူးလို့ အစောကြီးကတည်းက ဖေဖေ့ထံမှ မေခါ သိခဲ့သည်။ သူ့စိတ်မမှန်ပုံဟာ ပတ်ဝန်းကျင်က လူတွေကို အန္တရာယ်ပြုသည် ပုံစံမျိုးနှင့် မဟုတ်။ ခပ်ယဉ်ယဉ်ကလေး။ ဘယ်သူ့ကိုမှ အနှောင့်အယှက် အန္တရာယ်မပေး။ သူ့ကိုယ်သူသာ အန္တရာယ်ပြုချင် ပြုသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မာရီယာဟာ ပတ်ဝန်းကျင်က လူတွေကို ယောက်ျားမိန်းမ မရွေး၊ လူမျိုးဘာသာ မရွေး၊ ကြီးငယ်ပိုုအို မရွေး၊ ကလေး၊ ခွေး၊ ကြောင်ကအစ အားလုံးကို အလွန့်အလွန် ချစ်သည်။ ဒါကြောင့်လည်း သူ့မှာ အသက်အရွယ်စုံ အပေါင်းအသင်းတွေ များလှသည်။ သူနှင့် သက်တူရွယ်တူတွေထဲမှာ သူ့လောက် စိတ်လေလေ စိတ်ပေါ့ပေါ့ ထင်ရာလုပ်တဲ့သူမျိုး မရှိနိုင်တော့သည်ဖြစ်ရာ သူ့ဘော်ဒါ အပေါင်းအသင်းတို့က လူငယ်လူရွယ်တွေ ဖြစ်သည်။ ဟေးလားဝါးလား ဆိုကြတီးကြ စားကြသောက်ကြ မူးရူးကြသည်။ မသိသူ အမြင်တွင် ဒေါ်မာရီယာဟာ အရွယ်လွန် လမ်းသရဲမတစ်ယောက်အလား ဖြစ်သည်။ တကယ်တမ်းမှာ သူဟာ သူ့စိတ်ကိုသူ တွန်းလှန်နိုင်စွမ်း မရှိသည့် စိတ်ဝေဒနာသည်ပင်။

သူ့လို အသက်ကြီးကြီး မိန်းမကြီးတစ်ယောက် ခပ်ပေါ့ပေါ့ ပျော်ပါးနေတဲ့အခါ တော်ရုံလူကောင်း ဣန္ဒြေသိက္ခာရှိရှိတို့က သူ့ကို မပေါင်းသင်းကြပေ။ သူနှင့် ပေါင်းသင်းနေသူတွေဟာလည်း ပေါ့ပေါ့နေ ပေါ့ပေါ့စား စရိုက်ခပ်ပျက်ပျက်တွေ ဖြစ်တာ များတော့သည်။ ယောက်ျားလေးမိတ်ဆွေက ပိုများသည်။





"အန်တီ" "မမ"နှင့် ခေါ်ကာ ဒီအရွယ်ကြီးနှင့် ဘော်ဒါလာဖွဲ့ပေါင်းဖြစ်နေကြသည်မှာ အဓိက သူတို့အကျိုးအမြတ်ရလို့။

ဒေါ်မာရီယာဟာ မိဘဘိုးစဉ်ဘောင်ဆက် အင်မတန်အိုကျိုတက် ချမ်းသာခဲ့ကာ သူတစ်ဦးတည်းပိုင် လေး,ငါး,ခြောက်လုံးသော ခြံတွေ တိုက်တွေကို သံရုံးတစ်မျိုး၊ နိုင်ငံခြားသား လုပ်ငန်းရှင်တစ်မျိုး၊ နယ်စပ်သူဌေးတွေကိုတစ်မျိုး ငှားရမ်းထားပါသည်။ ထိုအိမ်တွေမှရသော အိမ်ငှားခငွေတို့ဟာ တစ်လ တစ်လကို သောက်သောက်လဲ ငွေဝင်သည်။

သုံးမကုန် ဖြုန်းမကုန်။ ဘယ်သူနှင့် ပေါင်းပေါင်း ဘာလုပ်လုပ် ကုန်ကျစရိတ် သူချည်းခံတဲ့အခါ သူ့ကို ကပ်စားကြတဲ့ သူတွေလည်း မနည်းပါ။ သူ့ကို ချစ်ချစ်ခင်ခင် ပေါင်းသင်းဝင်ထွက်ပြီး အဖွဲ့ကျသည်နှင့် သူကလည်း အင်မတန် အချစ်ပိုအနွံတာခံတော့ကာ ပေးကမ်းကျွေးမွေး၍ နေတော့သည်။

အဲဒီက အဲဒီကတစ်ဆင့် ဒေါ်မာရီယာဟာ လူငယ်လူပျက်စီး တချို့နှင့် ပေါင်းရင်း မကြီးမငယ်နှင့် မူးယစ်ဆေးဝါးစွဲခဲ့တာပင်။ သူကပင် "ဆေး"ပါ တကာခံသေးတဲ့အခါ သူ့အိမ်မှာ လူလေလွင့်လေးတွေဟာ တရုန်းရုန်း။ တစ်ဆင့်ပြီးတစ်ဆင့်



www.burmeseclassic.com

www.burmeseclassic.com



နှင့် ခေါ်တာရီယာဟာ ဆေးထိုးအပ်သုံးတဲ့ အဆင့်ထိ ရောက်လာခဲ့ပြီး အစုနောက်ဆုံး ကွယ်လွန်ချိန်မှာ ကုရာနတ္ထိ ဆေးမရှိသေးတဲ့ AIDS ရောဂါနှင့် ကွယ်လွန်ခဲ့ရခြင်းတည်း။

"ကိုမောင် ... ဂျူဂျူးကော ဆေးတွေ ဝါးတွေ ကင်းရဲ့လား ဟင်"

"အဲဒါတော့ ကင်းတယ်၊ ကိုယ် သိတယ်၊ သူကကို ဝါသနာမပါတာ၊ သူ့အမေက သူ့သမီး ဒါမျိုးလုပ်ရင်တောင် တားမဲ့ ဆုံးမမဲ့ အမေမှ မဟုတ်တာပဲ၊ စိတ်မှ မပြည့်ဘဲ၊ ဂျူဂျူး သူ့ဘာသာ စိတ်မပါလို့သာ ရှောင်တာ၊ သူ ဘာဆေးမှ မသုံးပါဘူး"

မေခါက သက်ပြင်းမောကြီးတစ်ချက် ချလိုက်ပါသည်။

"ကိုယ် သိပ်မလာချင်တာက ဂျူဂျူးနဲ့ မကြာမကြာကြီး သိပ်တရင်းတနှီး မတွေ့ချင်လို့ပါ၊ ကိုယ် သွားကြည့်ပေးနေရတဲ့ သူ့အမေလည်း ရှိမှမရှိတော့တာ၊ သူကလည်း ဒီလောက် စောင့်ကြည့်ကူသပေးရလောက်အောင် မဟုတ်သေးဘူး၊ သူ့အမေ မရှိတော့ သူ ကိုယ့်အပေါ် အားကိုး





ခင်တွယ်မှုက အရင်ထက်တောင် ပိုလာမယ်၊ အရင်ကတည်းကလည်း ..."

ကိုမောင်က စကားကိုဖြတ်ကာ မဆက်ဘဲ ရပ်ထားလိုက်သော်လည်း မေခါ ရှေ့ဆက်သဘောပေါက်သည်။

"လိုအပ်လာရင် ကိုယ် အားလုံးကူညီပါ့မယ် မေခါ၊ မလိုအပ်ဘဲနဲ့ ကိုယ် သူနဲ့ မကြာမကြာ မတွေ့ချင်တာပါ"

"မေခါ နားလည်ပါပြီ ကိုမောင်ရယ်"

"သူ့ပတ်ဝန်းကျင်က ကောင်လေးတွေကလည်း သူနဲ့ သက်ရွယ်မတိမ်းမယိမ်းလေးတွေပဲ၊ သူ့ကို အကဲခတ်နိုင်မှာလည်း မဟုတ်ဘူး၊ အခြေအနေကို သိမှာလည်း မဟုတ်ဘူး၊ ဂျူဂျူးလို လှလှပပ ချမ်းချမ်းသာသာ မိန်းကလေးတစ်ယောက်က သူ့ဘက်ကစပြီး အခွင့်အရေးပေး ယိမ်းယိုင်နေတဲ့အခါ ရှောင်သွားမဲ့သူမျိုးဆိုတာ အလွန်ရှားမှာပေါ့ မေခါ၊ ဒီတော့ သူ့မှာ ရည်းစားများရတယ်၊ ဆိုးဆိုးဝါးဝါး မဖြစ်ရင် ပြီးတာပဲ၊ တော်ရုံကတော့ သူ့ကို အရိပ်အကဲစောင့်ကြည့်ပြီး လွှတ်တန်သလောက်သာ လွှတ်ထားပါ မေခါ၊ သိပ်ချုပ်ချယ်မိလွန်းရင်လည်း သူ့စိတ်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ကျဉ်းကျပ်တင်းကျပ်ပြီး အုံကြွပေါက်ကွဲစရာ ဖြစ်လာမှာလည်း စိုးရိမ်တယ်"

မေဓါက ခေါင်းကလေး ညိတ်ပြလိုက်ပါသည်။

"မေဓါ အရမ်းလည်း မစိုးရိမ်ပါနဲ့၊ သူ့အနေအထားက သိမ်မွေ့ပါတယ်"

"ဟုတ်ကဲ့ပါ ကိုမောင်"

"ကိုယ်လည်း ဂျူဂျူးကို သံယောဇဉ်ကြီးပါတယ် မေဓါရယ်၊ ဒေါ်မာရီယာ ရှိကတည်းက ကိုယ် အဲဒီအိမ်ရောက်သွားရင် မအေက နေချင်သလိုနေပြီး အပေါင်းအသင်းတွေ တရုန်းရုန်းနဲ့ တဝုန်းဝုန်း ပျော်ရွှင်သောင်းကျန်းနေတဲ့ အချိန်မှာ ဂျူဂျူးက အခန်းတစ်ခန်းထဲ ချောင်တစ်ချောင်ထဲမှာ တစ်ယောက်တည်း အထီးကျန်ကျန်၊ တစ်ခုခုကို ကုပ်ပြီး ကြောက်ချင် ကြောက်နေတယ်၊ ဝမ်းနည်းနေတယ်...

အဲဒီကတည်းက ကိုယ် သူ့ကို သနားပြီး ကရုဏာသက်ပြီး သူ့အခြေအနေကို စောင့်အကဲခတ်ခဲ့တာပဲ၊ အဲဒါကြောင့်လည်း တဖြည်းဖြည်း ရိပ်မိလာတာပေါ့၊ ဆိုလိုတာ





က ဂျူဂျူးကို သံယောဇဉ်လည်း ရှိတယ်၊ သနားတယ်၊ ဒါပေမဲ့ မဖလိုလားအပ်ပဲ မဖြစ်သင့်တာလည်း မဖြစ်အောင် ကိုယ် တမင်မလာတာပါ"

"နားလည်ပါပြီ ကိုမောင်"

မေဓါက ရေခဲပျော်ကာ နွေးတောင် နွေးလာပြီဖြစ်သည့် ကော်ဖီအေးကို ခုမှ သတိတရ သောက်ချလိုက်ပါသည်။ ဂျူဂျူး အတွက် ရင်ထဲမောပြီး လူက ငိုင်တိုင်တိုင်ကြီး ဖြစ်နေမိသည်။

"ဟော"

ဘေးက အသံတစ်သံကြောင့် အမှတ်တမဲ့ ငုံကြည့်လိုက်မိလျှင် ကော်ဖီဆိုင်ကလေးထဲ ဝင်လာသော ယွန်းကို တွေ့လိုက်ရပါသည်။

ယွန်းသည် အမြဲတမ်း ယဉ်ကျေးသူကလေး ဖြစ်သည့်အတိုင်း မေဓါ့ရှေ့မှာ ထိုင်နေတဲ့ ကိုမောင့်ကို ဖျတ်ခနဲ တစ်ချက်မျှသာ ကြည့်ရုံထက် မပို။ ဆက်အကဲခတ်တာမျိုးလည်း မရှိပဲ ...

"မေဓါ ... ကော်ဖီလာသောက်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... ယွန်း၊ ဟုတ်တယ်၊ ကော်ဖီလာသောက်တာ၊ မတွေ့တာတောင် ကြာပြီနော်၊ ယွန်း ဒီဖိုင်နှာ့ကို့စ်တစ်ခု တက်နေတယ်ဆို"

"ဟုတ်တယ် မေဓါ"

"ယွန်း တစ်ယောက်တည်းလား"

"ကားပေါ်မှာ ယော ပါတယ် မေဓါ၊ ချိစ်ကိတ် စားချင်လို့ လာဝယ်တာ"

"ဩော် ... ယောလည်း ပါလား"

"အင်း ... ကိတ်ဝယ်လိုက်ဦးမယ်နော်"

မေဓါ ဆက်ထိုင်နေရမလား၊ ယောကို ထွက်နှုတ်ဆက်ရ ကောင်းမလား၊ ချီတုံချတုံ ဖြစ်နေဆဲမှာပင် ဆိုင်ရဲ့မှန်တံခါးကို ကမန်းကတန်း တွန်းဖွင့်၍ ယော ဝင်လာပါသည်။ အပြင်ဘက်မှာ မေဓါ့ကား ရပ်ထားတာကို ယော တွေ့သွားပြီပေါ့။ စားမွဲတွေကို ဟိုဟိုဒီဒီ လိုက်ကြည့်နေသည့် ယောကို ...

"ယော"

မေဓါကပဲ လှမ်းခေါ်လိုက်ပါသည်။

ဒီဘက်လှည့်လာတဲ့ ယောရဲ့ မျက်နှာသည် မေဓါ့ရှေ့မှာ ထိုင်နေတဲ့ ယောကျ်ားတစ်ယောက်ကို အမြင်မှာတော့





သိသိသာသာကြီးပျက်ကာ မျက်လုံးများက အေးစက်သွားပါသည်။ သို့သော် စားပွဲရှိရာသို့ အေးအေးဆေးဆေးတော့ ဆက်လျှောက်လာသည်။ မေဓါနှင့် ကိုမောင် ထိုင်နေတာက နှစ်ယောက်စားစားပွဲလေးမျိုး မဟုတ်ဘဲ လေးယောက်စာ ခုံပါတဲ့ စားပွဲဖြစ်ရာ မေဓါက ခုံတစ်လုံးပေါ် လက်လေးလှမ်းတင်ပြသရင်း ...

"ထိုင်စောင့်ပါလား ယော၊ ဟိုမှာ ယွန်း မုန့်ဝယ်နေတယ်"

ယောက ဘာမှမပြောဘဲ ဝင်ထိုင်သည်။ ယောဟာ ကိုမောင့်ကို အကဲလှမ်းခတ်၊ မယဉ်ကျေးရာ ကျမှာလည်းစိုး၊ တိုးလိုးကန့်လန့် ဂနာမငြိမ် ဖြစ်နေပါသည်။

"ယော ... ဒါကလေ မေဓါတို့ အစ်ကိုလိုပဲ ခင်နေတဲ့ ဒေါက်တာမောင်မောင်တဲ့"

"ဩော် ..."

ယော အသံက ခပ်တောင့်တောင့်။ ကိုမောင့်ကို နှာမည်ပဲ ကြားဖူးပြီးတော့တောင် မေဓါ့ရဲ့ အားကိုးမှုကို ခံယူရတဲ့သူလို့ မှနာလိုချင်ပဲရှိတဲ့ ယောက ခုမှ လူမြင်ဖူးတဲ့အခါ သေချာစွာ လှည့်ကြည့် အကဲခတ်သည်။ သူ့ရဲ့လက်တစ်ဖက်ကိုတော့ ယဉ်ယဉ်ကျေးကျေး ရှေ့ထုတ်ပေးလိုက်ပါသည်။

"ကိုမောင် ... မေဓါ့ချစ်သူပါ၊ ကိုယောမင်းပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား၊ သိရတာ ဝမ်းသာပါတယ်"

ဒီတော့မှပဲ ယော မျက်နှာဟာလည်း ကြည်လင်ရွှန်းတောက်လာပါတော့သည်။ သူ့ကို မိတ်ဆက်ပေးပုံ အညွှန်းကို သူ သိပ်ကို ကျေနပ်သဘောကျသွားနိုင်တာမို့ပင်။

"တွေ့ရတာ ဝမ်းသာပါတယ် ဒေါက်တာ၊ မေခါ့ဆီက ဒေါက်တာ့နာမည် ခဏခဏ ကြားဖူးနေပါတယ်"

"ဟုတ်ကဲ့ ...၊ ကိုမောင်မောင်ပဲ ခေါ်လို့ရပါတယ် ကိုယောမင်း၊ မေခါတို့နဲ့ကတော့ ဆွေမျိုးပါ၊ ဖြစ်နေပါပြီ၊ မေခါ ငယ်ငယ်ကတည်းကပဲ ဆရာကြီးဆီ ဝင်ထွက်ခဲ့တာဆိုတော့ ခုလည်း ဆရာကြီးမရှိတော့ ကိုယ့်ညီမတွေလိုပဲ လိုတာကူညီပေးနေတာပါ"

"ကျေးဇူးတင်ပါတယ် ကိုမောင်မောင်၊ မေခါကလည်း ကိုမောင်မောင့်ကို အစ်ကိုတစ်ယောက်လိုကို အတော်အားကိုးတယ် ဆိုတာ ကျွန်တော် သိနေပါတယ်၊ ကျွန်တော်ကတော့ မိသားစုအလုပ်ပေါ့၊ မင်းကြီးဆောက်လုပ်ရေး လုပ်ငန်းပါ၊ လိုတာရှိရင် ပြောပါ"

"ဟုတ်ကဲ့၊ ကျွန်တော့်ကိုလည်း ဒီလိုပဲပေါ့၊ လိုတာပြောပါ၊ ကျန်းမာရေးကိစ္စပေါ့ ... အဟင်းဟင်း"





ယောမင်းက ခေါင်းညိတ်ရင်း မေခါ့ဘက် လှည့်ကာ ...

"မေခါ ဒီနေ့ ဆိုင်ကို ရောက်ဦးမလား"

"မေခါ ဆိုင်မသွားတော့ဘူး ယော၊ အိမ်မှာပဲ နေလိုက်ဦးမယ်၊ နောက်တစ်ရက် နှစ်ရက်လည်း ရောက်ချင်မှ ရောက်မယ်၊ ဂျူဂျူး သိပ်နေမကောင်းချင်လို့ပါ"

ကိုမောင်က မေခါ့ကို ပြုံးကြည့်ရင်း ...

"မေခါ သွားစရာ လာစရာ လုပ်စရာ ကိုင်စရာတွေ ပုံမှန်သွားလာလို့ ရပါတယ်၊ ဂျူဂျူးက ဒီလောက်ကြီး မစိုးရိမ်ရပါဘူး မေခါရယ်၊ အစိုးရိမ် မကြီးပါနဲ့"

"ဒါပေမဲ့ မေခါကတော့ စိတ်ပူသေးတာပေါ့ ကိုမောင်ရယ်၊ သူ့နားမှာ ဂရုစိုက်ပြီး နေပေးချင်ပါသေးတယ်"

"မေခါက သူ့ညီမဝမ်းကွဲကို တော်တော်ချစ်တဲ့ပုံ ကိုမောင်မောင်"

ကိုမောင်မောင်က မေခါ့ကို ဖျတ်ခနဲ ကြည့်လိုက်၍ [illegible]ကာ မျက်လွှာချထားလိုက်ပါသည်။

"သူ တော်တော်လည်း စိတ်ပူတယ်၊ ကျွန်တော်တောင် ဂျူဂျူးကို သတင်းမေးရင်း မိတ်ဆက် နှုတ်ဆက်ရင်း အိမ်



www.burmeseclassic.com

www.burmeseclassic.com



လာဦးမယ် ဆိုတာကို ဂျဂျူး စိတ်အနှောင့်အယှက် ဖြ
မှာစိုးလို့ မလာနဲ့ဦး ဆိုလို့ မလာရဘူး၊ ကိုယ်က နေ
ကားပေါ်မှာ စဉ်းစားနေတာ မေဓါရဲ့၊ မေဓါတို့ လမ်းထိ
ပဲလို့၊ ငါ ဖျတ်ခနဲ အိမ်ခဏဝင်လိုက်ရင် ကောင်းမလာ
လို့ ...

စဉ်းစားနေတုန်း မေဓါ့ကားကို ဒီမှာတွေ့လိုက်တာ
နဲ့ အထဲဝင်လာလိုက်တာ၊ ကိုမောင်မောင်လည်း ရှိနေတာ
ပဲဟာ၊ ဘာဒီလောက် စိုးရိမ်စိတ်ပူစရာ ရှိလို့လဲ မေဓါ
သူ့ကြည့်လိုက်ရင် ခုတလော စိတ်ပူပန်ဆင်းရဲနေသ
မျက်နှာကလည်းပျက်၊ လူကလည်း ကိုယ်ရေတောင် ေ
သွားပြီ ကိုမောင်မောင်ရဲ့"

ကိုမောင်က ခေါင်းတညိတ်ညိတ်နှင့် ပြုံးနေပါသည်
ထို့နောက်တော့ ယွန်း မုန့်ဝယ်ပြီးသွားပြီမို့ သူတို့မောင်နှ
မေဓါတို့ကို နှုတ်ဆက်ကာ ပြန်ထွက်သွားကြပါသည်။ ကိုမောင်
နှင့် မေဓါလည်း တစ်ခဏ နှုတ်ဆိတ်ပြီး ကျန်ရစ်သည်။

* ◆ *





## ၅

"ယောမင်း ... ငါတို့ရဲ့ ညာဘက်စားပွဲမှာ တစ်ယောက်
တည်း ထိုင်နေတဲ့ ကောင်မလေးကို မသိမသာကြည့်ကြည့်"

ဝဏ္ဏ စကားကြောင့် ယောမင်းက ဇက်လိမ်ချိုး
သလိုလိုနှင့် တစ်ဖက်စားပွဲကို ကြည့်လိုက်ပါသည်။ အင်မတန်
ခေတ်ဆန်တဲ့ အဝတ်အစား အဆင်အယင် ဂျင်းဘောင်းဘီချက်
ပြတ်နှင့် ဆံပင်ဝါတာတာ ကွက်ကြားဆိုးထားတဲ့ ကောင်မလေးက
ခေါ်မုန့်စားရင်း ဒီဘက်ကိုပဲ စိုက်ကြည့်နေသည်။

ထိုသို့သော ပုံစံရှိ မိန်းကလေးမျိုးကို ယောမင်း
စိတ်ပျက်ပါသည်။ လန့်လည်း လန့်သည်။ ရုပ်ကို ကြည့်လိုက်
ရာနှင့် ရဲတင်းပုံလည်း ပေါက်နေတဲ့ ခေတ်ရဲ့သမီးပျိုတွေ။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ"

"မင်းကိုပဲ တရားလွန် ရိုက်နေတာ"

"ဟာ ... တော်စမ်းပါကွာ ဝဏ္ဏရာ"

"ဩော် ... ငါက ပြောပြတာပါ"

ပြောရင်း ဝဏ္ဏက ပခုံးကိုလှုပ်ပြီး တကိကိ ကျိတ်ရယ်နေပါသည်။

"အဲဒီကောင်မလေးက ရေခဲမုန့် အလွန်ကြိုက်၊ ဆိုင်ကိုလာရင် တစ်ထိုင်တည်း သုံးခွက် လေးခွက် စားတယ်၊ တစ်ခွက်ပြီးတစ်ခွက် မှာရင်း တစ်ယောက်တည်း အကြာကြီး စားနေလိမ့်မယ် ကြည့်"

ထိုစနက်ခ်စ်ဆိုင်ကလေးဟာ ဝဏ္ဏရဲ့ဆိုင် ဖြစ်ပါသည်။

"ဒါဖြင့်လည်း မင်းကို စိတ်ဝင်စားပြီး ဒီဆိုင် အမြဲလာနေတာ ဖြစ်မှာပေါ့ကွာ"

"ပုတ်မထုတ်ပါနဲ့၊ အမြဲလိုလာပေမဲ့ ငါ့ကို ဘယ်တုန်းကမှ ခုလို စိတ်ဝင်တစား မရှိဘာ၊ အခု မင်းကိုပဲ သူအကြာကြီး စိတ်ဝင်စားနေတာ"





"တော်ကွာ ... တော်ကွာ"

"နေဦးကွ၊ ပြောပြဦးမယ်၊ သူ့မှာ ကောင်လေးတစ်ယောက် ရှိတယ်၊ အဲ ... တစ်နေ့က အထိပေါ့"

ယောမင်းက မျက်ခုံးရှုံ့၍ ဝဏ္ဏကို ကြည့်လိုက်သည်။

"အဲဒီကောင်လေးနဲ့ ဆိုင်ကို လာလာနေကျပဲ၊ သိတယ် မဟုတ်လားကွာ၊ ကလေးတွေဆိုတော့ သူတို့ကိုယ်သူတို့ ဟုတ်လှပြီဆိုပြီး တယုတယ ကယုကယင်နဲ့ လူရှေ့သူရှေ့ အချစ်ကြီး ချစ်ပြီး သည်းနေကြတာမျိုး၊ လူကြည့်အောင် လုပ်တာမျိုးပေါ့၊ နှဖူးတို့ ပါးတို့ ဟိုလုပ် ဒီလုပ်နဲ့"

"မလွယ်ပါလား"

"အေး ...၊ တစ်နေ့ကကျတော့ ဆိုင်မှာထိုင်နေရင်း ကောင်လေးနဲ့ သူနဲ့ ရန်ဖြစ်တယ်၊ ဘာကြောင့်ဖြစ်မှန်းတော့ မသိဘူးပေါ့၊ ဒါပေမဲ့ ရုတ်တရက်ထပြီး ဖြစ်ကြပြီးတော့ ကောင်မလေးကချည်း တီးတာဟ"

"ဟုတ်လား"

"အေးကွ၊ ဆံပင်တွေ ဆောင့်ဆွဲ၊ ကုတ်ဖဲ့၊ အချိုရည်နဲ့ပက်၊ မီးရာလှမ်းရိုက်၊ ကောင်လေးက တအားရှက်တာကွ၊ ဒိုက်



www.burmeseclassic.com

www.burmeseclassic.com



တွေ့ဆိုးပြီး သူ့ကို တအားဆောင့်တွန်းခဲ့ပြီး လစ်သွားတယ် ငါတို့ ဒီက ဝိတ်တာတွေ ဘာတွေလဲ သူတို့ ထချ[illegible] တော့ ဘာလုပ်ရမလဲ၊ ဆွဲရမလား အကြောင်းကြောင်း ပေါ့ ...

ကောင်လေးကသာ ရှက်တဲ့ပုံနဲ့ လစ်သွားတယ် သူကတော့ လုံး၀ပဲ ဟော့ကောင်၊ စားပွဲပြောင်းထိုင်ပြီး သူ တို့ ပြောင်းဆန်ထားတဲ့ စားပွဲကို ရှင်းခိုင်းတယ်၊ ခပ်တည် တည်ပဲ၊ ကွဲတဲ့ ဖန်ခွက်ပိုးတွေ ဘာတွေလျော်၊ ပြီးတော့ တစ်ယောက်တည်း ရေခဲမုန့် အသစ်ထပ်မှာပြီး ထိုင်စား နေရော"

"ဟာ ... မနိုင်ပါလား"

"လုံး၀ မျက်နှာမပျက်ဘူးနော်၊ ဘာမှမဖြစ်ဘူး၊ အေးအေး ပဲ၊ အဲဒါ ဟန်လုပ်ပြီး အရှက်ပြေ နေနေတာလည်း မဟုတ် ဘူး၊ ပုံမှန်၊ အေးအေးဆေးဆေး ဆက်စားသောက်ပြီးမှ ပြန်သွားတယ်၊ မနေ့က မလာဘူး၊ ဒီနေ့တော့ တစ်ယောက် တည်း၊ အခု မင်းဝင်လာကတည်းက မင်းကို မျက်တောင် မခတ် ရှိုးနေတာ ကြာပြီ"





ယောမင်းက ရှုံ့ရှုံ့မဲ့မဲ့ ပြုံးနေမိပါသည်။ ဘယ်လို [illegible]တ်သုတ်ခပါလိမ့်။

"ကဲ ... ကဲ ... တော်ပြီ၊ ငါ လစ်မယ်ကွာ ဝဏ္ဏ၊ မင်းမမေ့ နဲ့နော်၊ ဂဲသားရင်းကိစ္စ"

"သြော် ... မေ့ပါ့မလားကွာ၊ ဆက်တဒေး ... အီးဗနင်း ... ရွှေရှမ်းကန် ... ဟုတ်တယ်မို့လား"

"အေး ... ဒါဖြင့် သွားမယ်"

ယောမင်းက ထိုင်ရာကထ,ကာ ထွက်လာခဲ့လိုက် [illegible]ါသည်။ ယောမင်း ထ,ထွက်သည်နှင့် ဝုန်းခနဲ ထ,လိုက်တဲ့ [illegible]ကောင်မလေးကို ဝဏ္ဏပင် အလန့်တကြား ဖြစ်ရသည်။ [illegible]ကောင်မလေးက ထောင်တန်နှစ်ရွက် အသစ်ကျပ်ချွတ်လေးကို [illegible]းပွဲပေါ် ချကာ စားလက်စ ရေခဲမုန့်ပါ ထားရစ်ပြီး ကမန်းကတန်း [illegible]ိုက်ပုံမှာ ယောမင်း နောက်ကိုလိုက်တာ သိသာနေလှသဖြင့် [illegible]ဏ္ဏပင် အငိုက်မိ အံ့သြနေသည်။

ရေခဲမုန့်က တစ်ခွက် ငါးရာ၊ သူစားတာ သုံးခွက် [illegible]မြောက်။ ပိုက်ဆံကို ထောင်တန်နှစ်ရွက် တင်ခဲ့သည်။ အင်း ... [illegible]လွယ်ပါလား။ ဝဏ္ဏသည် စိတ်ဝင်တစား လိုက်ကောင်ကြည့်ရင်း



www.burmeseclassic.com

www.burmeseclassic.com



ပေမဲ့ ကားပါကင်က အဆောက်အအုံရဲ့ ဘေးဖက်မှာမို့ တကူ
တက ပတ်ထွက်ကြည့်မှ မြင်ရမှာမို့ လိုက်မနေတော့။

ယောမင်း အတွက်တော့ဖြင့် ပြုံးစိစိ ဖြစ်နေမိပါသည်

ယောမင်းသည် သူ့ကားနံဘေးရပ်ကာ သော့ထည်
၍ တံခါးကိုအဖွင့် နံဘေးသို့ မွှေးတပျံ့ပျံ့ရနံ့နှင့် ကပ်လာသော
လူရှိပ်ဟာ မိန်းကလေးဆိုတာလည်း ချက်ချင်းသိ၍ တအံ့တဩ
လှည့်ကြည့်လိုက်သည်။

"ဟာ ..."

ယောမင်း တကယ်ပဲ လန့်ဖျိန့်သွားကာ ဝဏ္ဏ ဆိုင်
ထဲက ကောင်မလေးကို အံ့အားတသင့်ကြီး ကြည့်နေမိပါသည်
ဘာကိစ္စ ဒီလောက် အနားကပ်ပြီး လိုက်လာရပါလိမ့်။

"အစ်ကို ဘယ်ကို ပြန်မှာလဲ"

ဟာ ... ရဲတင်းလှပါလား။ ကောင်းကောင်းကန်
ကန်းမှ ဟုတ်ရဲ့လား ထင်ရအောင်ကလည်း ထိုကောင်မလေးရုပ်
ကလေးဟာ အဆင့်ရှိရှိ ပိုက်ဆံရှိရှိ မိသားစုထဲက ကလေးရုပ်
ပင် သေချာမပျောက်ချင်သေးတဲ့ ပုံစံလေးဖြစ်၍ ထင်ဖို့ အားနာ
စရာ ကောင်းနေသည်။





"ဂျူဂျူး မောင်းလာတဲ့ကားက ပျက်သွားလို့၊ ကားရပ်ထား
ပြီး စိတ်ပျက်ပျက်နဲ့ မုန့်ဝင်ထိုင်စားနေတာ"

"ဩော်"

ယောမင်းမှာ အံ့အားတသင့်ပေမဲ့ သူ ထည့်ပြော
လိုက်တဲ့ ဂျူဂျူး ဆိုတဲ့ နာမည်ကိုတော့ စိတ်ဝင်စားသွားရပါသည်။

"အဲဒီတော့ ... ! ကိုယ်က ... !"

"အဟင်း ... ဘာမှ မဟုတ်တော့ပါဘူး၊ အားနာတယ်"

ကောင်မလေးက လက်ထဲက ကားသော့လေးကို
ဆော့ယမ်းနေသည်။ ကိုယ့်ကား ကိုယ်မောင်းတဲ့ လူတန်းစားထဲက
ပဲ။ သို့ပေမဲ့ ရဲတော့ ရဲလှပါကလား။

"ကားကို ကြည့်ပေးရမလား"

"မကြည့်ပေးနဲ့၊ အလကားပဲ။ ကားက ပျက်နေတာပဲ"

"ဘယ်လိုပျက်တာလဲ၊ ဝပ်ရှော့ခေါ်ပေးရမလား"

"ဟင့်အင်း၊ နေပါစေတော့၊ ဂျူဂျူးက ပထမ အိမ်ပြန်ပို့
နိုင်းမလားလို့ အကူညီတောင်းမလို့ပါ၊ ဒါပေမဲ့ ဘယ်ကောင်း
ပါမလဲနော်၊ လုံးဝလည်း မသိဘဲနဲ့ ခုလို လာပြောတာ
တစ်မျိုးကြီး ဖြစ်နေတော့မယ်"

"ဂျူဂျူးက ဘယ်မှာနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ထိုနာမည်ကြောင့်ပင် သူ့မှာ ရှုပ်ရှုပ်ယှက်ယှက် မဖြစ်ချင်ဘဲ ချက်ချင်းလှည့်ထွက်ဖို့ ခက်နေသည်။

"ဂျူဂျူးက (......)မှာ နေတာ"

"လမ်းနဲ့ အိမ်နံပါတ်က ..."

ဂျူဂျူးက ပြောလိုက်လျှင် ယောမင်းက ပြုံးမိကာ ခါးကို ထောက်၍ ဂျူဂျူးဘက် တည့်တည့်လှည့် ရပ်ကြည့်လိုက်သည်။ ယောမင်း အမူအရာကြောင့် ဂျူဂျူးက ရှက်ကိုးရှက်ကန်း ဖြစ်နေကာ ...

"ဘာဖြစ်လို့လဲဟင်၊ အဲဒီလမ်း သိလားဟင်"

"ဂျူဂျူးက မေဓါ ညီမလား"

"ဟင်"

ဂျူဂျူးက အလန့်တကြား ဖြစ်သွားရင်း ...

"ဒီအစ်ကိုက မမနဲ့ သိလား"

"သိတယ်၊ မေဓါ မိတ်ဆွေပါ၊ ကိုယ့်နာမည် ယောမင်း၊ ဂျူဂျူး နာမည်ကိုလည်း မေဓါဆီက ကြားဖူးနေတယ်၊ ဒါကြောင့် ဆက်မေးကြည့်နေတာ၊ ကဲ ... အခု ကားက ပျက်နေတယ်၊ ဂျူဂျူးက အိမ်ပြန်မယ်၊ ဟုတ်လား"

"ဟုတ်ကဲ့၊ ဒါပေမဲ့ ထားလိုက်ပါတော့"





"ဘာကို ထားလိုက်ရမှာလဲ"

"တော်ကြာ မမက ဂျူဂျူးကို ဆူနေပါဦးမယ်၊ သူ့မိတ်ဆွေကို ဂျူဂျူးက လိုက်အကူညီတောင်းတယ် ဆိုပြီးတော့"

"မိတ်ဆွေ ဆိုတော့ ပိုပြီးကူညီသင့်တာပေါ့၊ ကဲ ... မင်းရဲ့ ကားကို အရင်ကြည့်လိုက်ရအောင်လေ ဂျူဂျူး၊ ပြီးရင် ဝပ်ရှော့ကို ခေါ်သင့်သလား ဘာဆက်လုပ်သင့်လဲ ဆိုတာ အရင်ဆုံးဖြတ်ပြီးမှ စီစဉ်ခဲ့ပြီး ဂျူဂျူးကို ကိုယ် အိမ်ပြန်ပို့ပေးမယ်"

"ဟင့်အင်း ... ကားကို ကြည့်မနေနဲ့တော့"

"ဘာဖြစ်လို့လဲ"

"အိမ်ကျမှ ဝပ်ရှော့ပ်ကို ဖုန်းဆက်လိုက်မယ်၊ ဂျူဂျူးတို့ ကားပြင်နေကျ ဝပ်ရှော့ပ်ရှိတယ်"

"ဖြစ်ရဲ့လား၊ ကားကို ဒီတိုင်း ထားခဲ့မလား"

"ဖြစ်ပါတယ်၊ သော့ခတ်ထားတာပဲ၊ ဒီတိုင်းရပ်ခဲ့မယ်၊ သိပ်ကြာမှာမှ မဟုတ်တာ၊ နောက် ဆယ့်ငါးမိနစ်၊ မိနစ်နှစ်ဆယ်ဆို အိမ်ပြန်ရောက်၊ ဝပ်ရှော့ပ်ကို ဖုန်းဆက်ပြော၊ သူတို့ ဒီကိုလာ အလွန်ဆုံး နောက်တစ်နာရီခွဲပေါ့"

"သော့ကော"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့လာရင်း အိမ်ကိုဝင်ယူပစေ"

"အိုကေ ... အဲသလိုရရင် ပြီးတာပဲ"

ယောမင်းက ကားပေါ်တက်ကာ အတွင်းဘက်မှ သူ့နံဘေး ထိုင်နိုင်ဖို့ တံခါးလှမ်းဖွင့်ပေးလျှင် ဂျူဂျူးက ငြိမ်းစိစိ ဝင်ထိုင်လိုက်ပါသည်။

"ဂျူဂျူးက ကိုယ့်ကို မေ့ပါ မိတ်ဆွေမှန်း သိလား"

"ဟင့်အင်း၊ မသိဘူး"

"ဒါဖြင့် ကိုယ့်ကိုမှ ဘာဖြစ်လို့ ရွေးပြီးအကူအညီ လာတောင်းတာလဲ"

"အဟင်းဟင်းဟင်း၊ ဆိုင်ထဲတုန်းက ဂျူဂျူးက လူကောင်းလူရည်သန့်ဖြစ်မဲ့သူကို ရှာနေတာလေ၊ အကူညီတောင်းမိတဲ့လူက ကလေကချေဖြစ်လို့ ဘယ်ဖြစ်မလဲ၊ အဟီးဟီး ... အဲဒီတော့ အစ်ကို့ကို တွေ့တာပေါ့"

ဂျူဂျူးက သင့်တင့်လျောက်ပတ်သည့် ကျိုးကြောင်းဆီလျော်သည့် အဖြေတစ်ခုကိုပေးပြီး ကိုယ့်ဟာနှင့်ကိုယ် မလုံမလဲ နှုတ်ပိတ်နေလိုက်သည်။ ကားမောင်းထွက်လာသည့် ယောမင်းကို တစ်ချက် တစ်ချက် မသိမသာ ခိုးတကြည့်ကြည့်။ ဒီအစ်ကိုကြီး





ဟာ ဒီတိုင်းကြည့်လည်း ခပ်ဖြောင့်ဖြောင့်။ ကားမောင်းနေတာတောင် စတိုင်က ခပ်မိမိ။

"နေကောင်းသွားပြီလား ဂျူဂျူး"

"အင် ... ဘာကို မေးတာလဲ"

"နေကောင်းသွားပြီလားလို့"

"ဘယ်တုန်းက နေမကောင်းလို့လဲ"

"ဟောဗျာ၊ မေ့ခါက ဂျူဂျူး သိပ်နေမကောင်းလို့ သူ ဂရုစိုက်စောင့်ကြည့်ပေးနေရတယ် ပြောဖူးလို့ပါ"

"အလကားပါ"

ယောမင်းက ရှုပ်ပုပ် ဂျူဂျူး ဖြေဟန်ကို အံ့သြသြပြီးမိရင်း ...

"ဘာဖြစ်လို့လဲ"

"ဂျူဂျူးမှ ဘာမှ မဖြစ်တာ၊ နေကောင်းပါတယ်၊ ခေါင်ခေါင်မြည်ပဲ၊ အဲဒါကိုပဲ မမက မလိုအပ်ဘဲ လူကို လိုက်စောင့်ကြည့်နေတာ"

"မေ့ခါက ဂျူဂျူးကို စိုးရိမ်တာ ဂျူဂျူးရဲ့၊ ဂျူဂျူးကို ချစ်လို့ စိုးရိမ်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း၊ မဟုတ်ပါဘူး၊ အလကား၊ ဂျူဂျူးကို စိတ်မချတာ၊ ဂျူဂျူး ဘာလုပ်မလဲလို့ မျက်စိဒေါက်ထောက်ကြည့်ချင်လို့ သူ့ဟာသူ ကြည့်နေတာပါ၊ နေမကောင်းလို့ မဟုတ်ပါဘူး၊ ဂျူဂျူးကို ဟိုမသွားရ ဒီမထွက်ရ ချုပ်ချယ်ချင်လို့ နေမကောင်းဘူး လုပ်ထားတာ၊ အပိုတွေ ထွင်တာပါ"

ဂျူဂျူး ပြောဟန်ကြောင့် ယောမင်းက ပြုံးချင်နေပါသည်။ တော်တော်ရယ်ရတဲ့ ကောင်မလေး။ ကလေးတစ်ယောက်လိုပင်။ အစ်မဖြစ်သူအပေါ်လည်း ကြည်လင်ပြေလည်ပုံမရ။ ဆိုးမည့်ပုံကလည်း သူ့ရုပ်ကလေးမှာကို ထွက်နေသည်။

"အနုကျတော့ ဂျူဂျူး အပြင်ထွက်လို့ ရသားပဲ မဟုတ်လား"

"အို ... မမ မရှိတုန်း ခိုးထွက်တာပေါ့"

"ဩော် ... ဟော်"

"ကိုမောင်ကပါ ဝိုင်းပြောမှ ဂျူဂျူးကို ဒီလောက်ကြီး အနီးကပ် စောင့်ကြည့်ဂရုစိုက်နေဖို့ မလိုပါဘူးဆိုမှ အခုသူ ဆိုင်ကိုပြန်သွားတာလေ၊ ဒါတောင် နေ့တစ်ဝက်ပဲ သွားတယ်၊ တစ်နေကုန် ဆိုင်မှာ မနေဘူး"





မေခါ နေ့တစ်ဝက် ဆိုင်ပြန်လာနေတာ ယောမင်းလည်း သိပါသည်။ သူ့ညီမကို နေ့တစ်ဝက်လောက်ပဲ ကွယ်ရာထားဖို့ စိတ်ချတဲ့ သဘောပင်။ မေခါ စိတ်မချချင်လည်း စိတ်မချချင်စရာ။ အစ်မ မရှိတာနဲ့ လစ်ထွက်တဲ့ ကောင်မလေးပဲ။ ပထမပိုင်း နေမကောင်းဘူး ဆိုတာကတော့ ရောဂါတစ်ခုခု မဟုတ်ဘဲ သူ့အမေ ဆုံးထားကာစဖြစ်၍ စိတ်ထိခိုက် စိတ်ခတ်ကျနေတာမျိုး ထူထူထောင်ထောင် မရှိတာမျိုး ဖြစ်ပါလိမ့်မည်။

ဒီကောင်မလေး ဂျစ်တစ်တစ် နိုင်မှာ၊ ပတ်ဝန်းကျင်ကို ဘယ်သူ့မှ ဂရုမစိုက်မှာကိုတော့ ယောမင်း မှန်းဆနိုင်ပြီလေ။ ဝတ္ထု စကားအရ လူပုံအလယ်မှာ ကောင်လေးတစ်ယောက်နှင့် ထချ,ရဲတဲ့ သတ္တိမျိုးနဲ့ မဟုတ်လား။

ကားက မေခါတို့ လမ်းထဲ ချိုးဝင်ခဲ့ပြီ။ ခြံရှေ့ရောက်လျှင် ခြံတံခါးက ဖွင့်ဟနင့်လျက်။ ယောမင်းက အဆင်သင့် ချိုးကွေ့ဝင်ချလိုက်လျှင် တိုက်ရဲ့ပေါ်တီကိုအောက်မှာ ခလေးတင်မှ ရပ်လိုက်ပုံရတဲ့ မေခါ့ကား။ ကားနံဘေးမှာ မေခါ ရပ်နေကာ မျက်နှာက စိတ်ရှုပ်ထွေးထွေး။ ဘေးမှာ အုန်းတို့ လုံးတို့လည်း ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ယောမင်း ကားဝင်လာတာ မြင်လျှင် ဒီလိုပဲ ရပ်ကြည့်နေတဲ့ မေဓါဟာ ယောမင်းရဲ့ ကားရပ်ပြီး ကားတံခါးတစ်ဖက်မှ ဂျူဂျူး ဆင်းလာတာမြင်လျှင်တော့ အလွန်တရာ မှုပျက်တုန်လှုပ်သွားပါသည်။ အလောတကြီး ကားနားပြေးလာကာ ...

"ဂျူဂျူး"

ခပ်ဆတ်ဆတ် ခေါ်လိုက်ပြီးမှ ဆက်မပြောတော့ဘဲ ...

"ယော ... ဘယ်လိုက ဘယ်လိုဖြစ်ပြီးတော့"

"ကားပျက်လို့"

ဂျူဂျူးက အရေးမကြီးလှသလို ဖြေသည်။

"ဘယ်မှာ ပျက်တာလဲ"

"ဝဏ္ဏ ဆိုင်မှာ မေဓါ၊ အဲဒါ ကိုယ့်ကို ဂျူဂျူးကအကူအညီ တောင်းရင်း သူ့နာမည် စကားထဲထည့်ပြောတော့ ဂျူဂျူးဆိုတာ ကြားရတာနဲ့ မေးကြည့်ရင်း မေဓါ့ ညီမပဲဆိုတာ သိတော့ ကိုယ် အခု သူ့ကို ပြန်ပို့တာ"

"ကားကော ..."

မေဓါက ပြုံးစိစိ ဖြစ်ချင်နေတဲ့ ယောရဲ့ရုပ်ကို အကဲခတ်ရင်း အားပျော့ပျော့အသံနှင့် မေးသည်။





"ကားက ဝဏ္ဏ ဆိုင်မှာပဲ"

"မာမီတို့ ဂျူဂျူးတို့ ကားပြင်နေကျ ဦးမိုကြီးဝပ်ရှော့ ရှိတယ်၊ ဂျူဂျူး ဖုန်းဆက်ပြီး လွှတ်ယူခိုင်းလို့ ရတယ်"

ဂျူဂျူး အသံကလည်း အစ်မကို ပမာမခန့်။ အစ်မဖြစ်သူ မေဓါကလည်း ဂျူဂျူးကို မျက်လုံးပြူးကြီးနှင့် အမြင်ကတ်သလို ကြည့်နေသည်။ ညီအစ်မဟာ ပြေပြေလည်လည် ရှိပုံမရ။ ယောမင်းက ရယ်ချင်နေပါသည်။

"အပြင်ကို အဲသလို ကိုယ့်စိတ် ကိုယ့်သဘောနဲ့ လျှောက်လျှောက်မသွားနဲ့လို့ မမ ပြောထားတယ် မဟုတ်လား ဂျူဂျူး၊ တစ်ရက်လည်း မဟုတ်၊ နှစ်ရက်လည်း မဟုတ်၊ နေ့စဉ်နဲ့အမျှ ဘယ်တွေ လျှောက်သွားနေတာလဲ"

"ဒီလိုပဲပေါ့၊ ဈေးဝယ် မုန့်စား ကားမောင်း လေရှူ"

ယောမင်းက တစ်ဖက်လှည့်ပြီး မအောင့်နိုင်ပဲ ပြုံးလိုက်မိသည်။

"ဘာဖြစ်လဲ ... အဲဒါ ဘာဖြစ်လဲ၊ မမ ဘာတွေဖြစ်နေတာလဲ၊ အငှားကားနေ့ အဘွားအိုလေးလို ပူနေတာပဲ၊ ဘာပူစရာရှိလဲ၊ အိမ်ထဲချည်းကုပ်နေနိုင်ပါ့မလား မမရဲ့၊ သွား



www.burmeseclassic.com

www.burmeseclassic.com



လာရင်းမှာပေါ့၊ လူကို လူမမာကြီးလို ရောဂါသည်ကြီးလို လိုက်ကြည့် လိုက်ဆက်ဆံတဲ့အပြင် ဆေးလူတွေပါ လျှောက်သတင်းဖြန့်သေး”

“ဘာကို ပြောနေတာလဲ ဂျူဂျူး”

“ဒီအစ်ကိုက ဂျူဂျူးကို နေကောင်းသွားပြီလားတဲ့၊ အဲဒါ မမ စနက်ပေါ့၊ ဂျူဂျူး ဘယ်တုန်းက နေမကောင်းဖြစ်လဲ၊ ကျွတ် … တကယ် စိတ်ပျက်တယ်၊ လူကဖြင့် ခေါင်ခေါင်မြည်၊ မမကသာ ဟိုမလွှတ် ဒီမလွှတ် ချုပ်ထားချင်လို့ ဇွတ်အတင်း နေမကောင်းဘူး လိုက်လုပ်နေတာ၊ သူများတွေ အဟုတ်ထင်ပြီး ဂျူဂျူးကို ဘာရောဂါသည်လဲ ထင်မှာပေါ့၊ ဟင်း …”

မေခါ့ထံမှ ဘာသံမှ ထွက်မလာ၍ ယောမင်းက လှည့်ကြည့်လိုက်ပါသည်။ မေခါသည် စိတ်ရှုပ်ထွေးလှတဲ့ မျက်နှာကို တစ်ဖက်ကိုလွှဲကာ စိတ်ပျက် လက်ပျက် မှုံစံနှင့် ရပ်နေသည်။

မေခါသည် ခေါင်းထဲမှာလည်း ဒလစပ်တွေးနေသည်။ ယောကတော့ ဂျူဂျူး ဆိုတဲ့ နာမည် ကြားလိုက်တာက





ခ,ပြီး ဆက်စပ်မေးမြန်းရင်း သိသွားတယ် ထားတော့။ ဂျူဂျူးကတော့ ဆိုင်တစ်ဆိုင်လုံးမှာ ယောရဲ့အကူအညီကို တွေးတောင်းတာ ဘာကြောင့်များ ဖြစ်မလဲ။

“ကဲ … အိမ်ပေါ် မတက်ကြတော့ဘူးလား”

မေခါက ဂျူဂျူးကို တစ်ချက် လှည့်ကြည့်လိုက်ရင်း …

“ကိုယ့်ဟာကိုယ် တက်ချင်ရင် တက်သွားလေ၊ လူကြီးတွေကို ဘာဖြစ်လို့ အော်မေးနေရတာလဲ ဂျူဂျူး”

“လာပြန်ပြီ၊ လူကြီးတွေတဲ့ …”

ဂျူဂျူးက မပွင့်တပွင့် ရေရွတ်ကာ အိမ်ပေါ်တက်ဖို့ လျှောက်သွားရင်း တစ်ချက်လှည့်လျက် …

“ကိုယောမင်း … အိမ်ပေါ်တက်လေ”

ယောက ပြုံး၍ ခေါင်းဆတ်ပြလိုက်ကာ မေခါ့ကို လှမ်းကြည့်လိုက်ပါသည်။

“ယော”

“အင်း”

“ဂျူဂျူး ဘယ်လိုလာစ,ပြောသလဲ၊ ပြန်ပြောပြစမ်းပါ”



www.burmeseclassic.com

www.burmeseclassic.com



ယောမင်းက မေခါ့စကားကို အံ့ဩနေပါသည်။ ဘယ်လို လာစပြောလဲ ဆိုတာက ဘာအရေးကြီးလို့လဲ။ သို့သော် ဖြေရမည်ဖြစ်၍ ဆိုင်ထဲတုန်းက သူ့ကို စူးစူးစိုက်စိုက် တစ်ချိန်လုံး ကြည့်နေခဲ့တာကို ချန်လှပ်ပြီး အဖြစ်အပျက်ကို ပြောပြလိုက်ပါသည်။

ယောရဲ့စကားကို နားထောင်ရင်း မေခါသည် စိတ်တွင် အသိုလိုပင် ထင်လာသည်မှာ ဂျူဂျူး ကားပျက်တယ်ဆိုတာ မဟုတ်နိုင်ဘူးလို့ပင်။

"မေခါ"

"......"

"ဘာတွေ ဒီလောက်ကြီး အကြီးအကျယ် တွေးနေသလဲ၊ အဖြေရှာနေသလဲ၊ မျက်ခုံးလေးကို ရှုံ့နေတာပဲ"

"ဒီကောင်မလေးက ဖွတ်တရွတ်လေးမို့ ထိန်းသိမ်းစောင့်ရှောက်ရတာ ခေါင်းခဲတယ် ယော၊ အဲဒီဆိုင်ထဲမှာ သူ တစ်ယောက်တည်းလား၊ အဖော်ပါလာသေးလား"

"တစ်ယောက်တည်း"

ယောမင်းက ဖြေလိုက်ပြီးမှ မေခါ့ကို ပြောသင့်သည် ထင်၍ ...





"ဝဏ္ဏက သူ့ကို သိနေပြီ မေခါရဲ့၊ ဒီရှေ့ကလည်း လာဖူးတယ်၊ တစ်ခါတစ်ခါတော့ ကောင်လေးတစ်ယောက်ပါတယ်၊ တစ်နေ့ကတော့ ..."

"ဘာဖြစ်လဲဟင်"

"သူနဲ့ အဖော်ပါတဲ့ ကောင်လေးနဲ့ ဆိုင်ထဲမှာ ပြဿနာတက်တယ်လို့ ဝဏ္ဏ ပြောတယ်"

"ဘယ်လို ပြဿနာ တက်တာလဲ"

"ရန်ဖြစ်တဲ့ သဘောပေါ့"

"ဆိုင်ထဲမှာ ... ! လူတွေရှေ့မှာ ... !"

"ဟုတ်တယ်၊ ဝဏ္ဏကတော့ ဒီအတိုင်း ပြောတယ်၊ ခုခေတ် လူငယ်လေးတွေ ဒီလိုပါပဲ မေခါရယ်၊ သိပ်ကြီး ဆီးရီးယပ်စ် မထားပါနဲ့"

မေခါသည် ဂျူဂျူးရဲ့ အဖြစ်အပျက် အခြေအနေမှန်တို့ကို ယောကို ဖွင့်မပြောချင်ပါ။ ယောတို့မိသားစုရဲ့ အရှိန်အဝါက မေခါ့ကို ထာဝစဉ် အရိပ်လို ဖြန့်ကျက်ထားသည်ဖြစ်၍ မေခါသည် ကိုယ့်ဆွေမျိုးစု အသိုင်းအဝိုင်းထဲက အမည်းစက် အမည်းကွက်တို့ကို တတ်နိုင်သမျှ သိုသိုသိပ်သိပ်ပဲ ထားလိုသည်။



www.burmeseclassic.com

www.burmeseclassic.com



လုံးလုံးဖုံးကွယ်ထားမယ်တော့လည်း မဟုတ်။ မိလို အပ်သေးပဲ မပြောလည်းရတဲ့ အခြေအနေမှာတော့ အလကားနေရင်း ပြောပြမနေချင်တာမျိုး ဖြစ်သည်။ ပြီးတော့ ဒီအားနည်းချက်တို့ဟာ မေဓါရဲ့ အားနည်းချက်လည်း မဟုတ်၍ မပြောလည်း မေဓါ့်မှ အပြစ်မရှိလှလို့ပဲ ထင်သည်။

"မေဓါ မရှိတုန်း အပြင်တွေ လျှောက်လျှောက်သွားပြီး ထင်ရာတွေ လုပ်နေမှာ စိုးတာပါ"

မပွင့်တပွင့် ညည်းညူသလို ပြောနေမိဆဲ ဂျူဂျူသည် ကလေးတွေဝတ်သော စပို့ရှပ်အသား ဘောင်းဘီအတို အကျီအပြတ်ကလေး ဝမ်းဆက်ကို လဲလှယ်၍ ဆင်းလာသည်။ အသားပျော့ပျော့ အဖြူပေါ် ပန်းနုပွင့်ကျဲလေးတွေ အဆင်နှင့် ဂျူဂျူ ပုံစံက ကလေးငယ်လေး တစ်ယောက်လို ဖြစ်နေပေမဲ့ သူ့အသက် ဆယ့်ကိုးနှစ်နှင့်စာသော် ဘောင်းဘီတိုက တိုသင့်တာထက် ပိုတိုနေတယ် ထင်သည်။

"မမ ... ဦးမဲကြီးဆီ ဂျူဂျူ ဖုန်းဆက်လိုက်ပြီ သိလားကားသော့ လာယူလိမ့်မယ်"





ဂျူဂျူးဟာ ငါးမိနစ် ဆယ်မိနစ်အတွင်း စိတ်ပြောင်းကာ ကြည်ကြည်လင်လင် ဖြစ်သွားပြန်ပြီ။ မေဓါတို့ အနားလာ၍ မေဓါ့ လက်တစ်ဖက်ကို ခပ်နွဲ့နွဲ့ ချိတ်တွဲပြီး လာရပ်သည်။

"ဒီအစ်ကိုက ဂျူဂျူး အတင်း ဘာတွေ တိုင်သေးလဲ"

မေဓါက သက်ပြင်းတစ်ချက်ချကာ ...

"မတိုင်ပါဘူး ဂျူဂျူးရယ်၊ ဂျူဂျူး မနက်ကတည်းက ထမင်းမစားရသေးဘူးဆို၊ အုန်းတို့ ပြောတယ်၊ တစ်ခုခု သွားစားပါလား"

"ဟင့်အင်း ...၊ ဂျူဂျူး မဆာဘူး၊ ဂျူဂျူး ရေခဲမုန့် သုံးခွက် စားခဲ့တယ်"

"ရေခဲမုန့်တွေ ဒီလောက်တောင် စားရလား၊ ထမင်းမစားရင် လေခံတတ်တယ်၊ နည်းနည်းတော့ စားလိုက်ပါလား ဂျူဂျူး"

မေဓါက ချော့မော့သော လေသံနှင့် ပြောပါသည်။

"ဒါဖြင့် လာလေ၊ အားလုံး သွားစားကြမယ်၊ အိမ်ပေါ် တက်မယ်"

"ဂျူဂျူး တက်နှင့်၊ သူက ပြန်တော့မှာ"



www.burmeseclassic.com

www.burmeseclassic.com



ယောမင်းက မေဓါကို အလိုမကျသလို ကြည့်မိသည်။ သူ့မှာ ချစ်သူနဲ့ အေးအေးဆေးဆေး အချိန်ယူပြီးတော့ပဲ တွေ့ခွင့်မရတော့။ ခုလည်း ခဏတဖြုတ် ထိုင်ဦးမည်၊ စကားစမြည် ပြောဦးမည် ရည်ရွယ်ထားတာ ဖြစ်သော်လည်း မေဓါ ပုံစံက ဟန်ဆောင်ကြည်လင်ထားရပြီး စိတ်ကြည်လင်လှပုံ မရတာမို့ ဘာမှစောဒက တက်မနေမိတော့။

"ဟာ … ညည်းသည်ကလည်း အိမ်ပေါ် တက်ထိုင်ပါဦးလား၊ မမကလည်း မဖိတ်ဘူး"

"ကိုယောမင်းမှာ အလုပ်ရှိသေးတာပေါ့ ဂျူဂျူးရဲ့"

အဲဒီတုန်း ခြံထဲကို ဂျစ်ကားစုတ်စုတ်တစ်စီးနှင့် လူနှစ်ယောက် ဝင်လာသည်။ ဂျူဂျူးတို့ပြင်တဲ့ ဝပ်ရှော့ပ်မှ ဂျူဂျူးနှင့် လူသိတွေပဲဖြစ်၍ ဂျူဂျူး ကားသော့ကိုပေးကာ နေရာ အတိအကျ လမ်းညွှန်ပြောပြလိုက်ပါသည်။

မေဓါပုံစံဟာ ယောမင်းပါ အိမ်ပေါ်တက်ဦးမည် စိုး၍ သူပါ မတက်စေတော့တဲ့ပုံမျိုး ဖြစ်နေလေရာ၊ အဝတ်လည်း မလဲရ၊ မတ်တတ်ကြီးပဲ ဖြစ်နေရတဲ့ မေဓါကို ယောမှာ သနား တောင် သနားလာပါသည်။





"ကဲ … ကဲ … ဒါဖြင့်လည်း ကိုယ်ပြန်မယ် မေဓါ၊ နောက်မှ ဖုန်းဆက်မယ်"

မေဓါက ခေါင်းကလေးသာ ညိတ်ပြသည်။ ယောနှင့် ဂျူဂျူးကို မရင်းနှီးစေလိုပါဘူး။ သဝန်တိုတာလည်း မရှိ၊ ယောကိုလည်း ယုံသည်။ ဒါပေမဲ့ မမျှော်လင့်တဲ့ အပြုအမူတို့ကြောင့် ဂျူဂျူးကို အထင်သေးစရာ ဖြစ်မှာ အနေအထားတွေ မျက်နှာပူစရာ ကောင်းမှာကို စိုးရိမ်တာ။

ယော ပြန်သွားပြီး နာရီဝက်ကျော်လောက်မှာ ခုနက ဂျစ်ကားရော ဂျူဂျူးကားပါ ခြံထဲပြန်ဝင်လာသည်။ ဂျူဂျူးကား ဘာမှမဖြစ်၊ အကောင်းကြီးဟု သိရ၍ မေဓါ အတော်စိတ်ပျော့သွားမိသည်။

✳ ❖ ✳



www.burmeseclassic.com

www.burmeseclassic.com



## ၆

အစ်ကိုအကြီးဆုံး ဆက်ရဲ့ချစ်သူ မိန်းကလေးက ဖူးတို့နှင့် တစ်နှစ်တည်း ဆရာဝန်ဖြစ်သူ "မြတ်"ဆိုတဲ့ ဆရာဝန်မလေး။ ဖူးနှင့် မမြတ်က သူငယ်ချင်းတွေလည်း ဖြစ်ပါသည်။

"မေမေရယ် ... ဒီနေ့လေ မြတ်တို့ ဆေးရုံကို ဖူး ရောက်သွားသေးတယ်"

မမြတ်က ပုဂ္ဂလိကပိုင် စိတ်ကျန်းမာရေးဆေးရုံ တစ်ခုမှာ အလုပ် ဝင်လုပ်နေပါသည်။

"မြတ်က အလုပ်ဝင်နေပြီလား၊ အဲဒီမှာ"

"ဝင်နေပြီ၊ တစ်လကျော်ပဲ ရှိသေးတယ်"





ထမင်းဝိုင်းမှာ ထမင်းစားအပြီး သစ်သီးစုံဂျယ်လီ ပန်းကန် ကိုယ်စီနှင့် မိသားစု ထိုင်နေကြတာ ဖြစ်သည်။ ဖေဖေကတော့ ထမင်းစားပြီးသွားပြီ။ ဖေဖေ့ ကိုယ်ရေးအရာရှိနှင့်အတူ အလုပ်ကိစ္စအတွက် လူကြီးတစ်ယောက်အိမ်ကို သွားစရာရှိ၍ အားလုံးထက် စောစောစားကာ ပြန်ထွက်သွားပါပြီ။

"ဆေးရုံလေးက မဆိုးဘူး၊ သန့်နေတာပဲ ချစ်စရာလေး"

"ဖွင့်တာမှ တစ်နှစ်လောက် ရှိသေးတာကိုး၊ သန့်နေမှာပေါ့"

ဆက်က ဝင်ပြောလိုက်ပါသည်။

"မဟုတ်ဘူး ဆက်ရဲ့၊ ဖွဲ့စည်းတည်ဆောက်ပုံလေးကိုက စိတ်အေးချမ်းချင်စရာ၊ ဝင်းကလည်း အကျယ်ကြီး၊ အေးမြပြီး တိတ်ဆိတ်နေတာပဲ၊ အရိပ်ပင်ကြီးကြီးတွေ၊ ရေကန်လေးတွေနဲ့ စိတ်ကျန်းမာရေးဆေးရုံ ပီသတယ်"

"ငါလည်း ရောက်ဖူးပါတယ် ဖူးရာ၊ ဆေးရုံအနံ့လည်း မြတ် လိုက်ပြလို့ ကြည့်ဖူးပါတယ်"

"အင်းလေ ... မကောင်းလို့လား"

www.burmeseclassic.com



"ကောင်းပါတယ်၊ ငြိမ်းချမ်းပါတယ်၊ ဒါပေမဲ့ဟာ ဘာပဲဖြစ်ဖြစ် ဒီဆေးရုံမျိုးမှာ မြတ် အလုပ်ဝင်တာ ငါကတော့ သိပ်သဘောမကျဘူးပေါ့ဟာ၊ စိတ်လည်း ပိုပြီးပင်ပန်းတယ် ဖိစီးတယ်လို့ ထင်တယ်၊ လူနာတွေက ရိုးရိုးလူနာတွေ မဟုတ်ဘူးမို့လား၊ စိတ်နဲ့ ပတ်သက်ပြီး ကျန်းမာရေး ချွတ်ယွင်းတာဆိုတော့ ပုံမှန်တွက်ထားလို့ မရဘူး"

"အဲဒီမှာ ရောဂါပြင်းတဲ့ လူနာခပ်ကြမ်းကြမ်းတွေလည်း ရှိလား ဆက်"

ယောမင်းက စိတ်ဝင်တစား မေးမိသည်။

"သိပ်ကြမ်းတာတွေ မရှိဘူးကွ၊ အဲဒါမျိုးကျတော့ ဒီမှာ လက်မခံဘူးလေ၊ အစိုးရစိတ်ကျန်းမာရေးဆေးရုံကိုပဲ လွှတ်တယ်၊ ဒီက လက်ခံတာတွေက သာမန် ယဉ်ယဉ်လေးပဲ စိတ်ဖောက်နေကဲ့ သူမျိုး၊ စိတ်ဓာတ်ကျရောဂါ ခံစားနေရတဲ့ သူမျိုး၊ နောက် ... ဆေးဖြတ် အရက်ဖြတ်သမားတွေပေါ့ ကွာ၊ ဒါတွေလည်း တစ်ခါတလေကျ အော်တာဟစ်တာ ဖောက်လာတာတွေ ရှိတယ်"

"မမြတ်က အဲဒါမျိုးကိုမှ စိတ်ဝင်စားတာ ထင်တယ်"





"ဟာ ... မြတ်ကတော့ ပြောမနေနဲ့ကွာ၊ စိတ်ပါဝင်စားပြီး တက်ကြွနေတာပဲ၊ သူ သိပ်စိတ်ဝင်စား ဇါသနာပါတော့လည်း ငါက အတင်းအကျပ် တားမနေတော့ပါဘူး၊ သူ့ဝါသနာနဲ့သူ ကိုယ် အလုပ်လုပ်ရတာ ပျော်တဲ့နေရာမှာ လုပ်ပါစေတော့လို့ သဘောထားရတာပေါ့ကွာ"

ယောမင်းသည် မဆီမဆိုင် တစ်စုံတစ်ရာကို တွေးမိကာ ...

"ဆက်"

"ဟေ"

"ဆက်နဲ့ မမြတ်က မယူသေးဘူးလား"

ဆက်က ယောကို လှမ်းကြည့်ကာ ပြုံးစိစိနှင့် ...

"ယူမှာပေါ့ကွ၊ မင်းက ဘာလဲ၊ အလှည့်စောင့်ရတာ စိတ်မရှည်တော့ဘူးလား"

"ယူမှာဖြင့်လည်း ယူကြတော့တာ မဟုတ်ဘူး၊ အလကား ပေရှည်ပြီး အချိန်ဆွဲနေတယ်၊ အသက်တွေလည်း သင့်တော်တာထက် လွန်လာပြီ၊ နေးတုံ့ နေးတုံ့နဲ့ ဘာလုပ်နေကြတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ...၊ မြတ်ကလည်း အလှည့်စောင့်နေရလို့ပါကွ၊ နောက်နှစ်လနေရင် မြတ်ရဲ့အစ်ကို မင်္ဂလာဆောင်မယ်၊ အဲဒါပြီးမှ ငါတို့ပေါ့ကွ"

"ဒါဆို ဆက်တို့ နောက်သုံးလလောက်နေရင် ယူလိုက်ကြ"

"ဟကောင် ... မရဘူး ယောရ၊ တစ်နှစ်ထဲမှာ နှစ်မင်္ဂလာ မဖြစ်ရဘူး ဆိုတာက ရှိသေးတယ်"

"ဟာဗျာ ... ဒါဆို ဆက်တို့က နောက်နှစ်ထဲကျမှလား"

ယောမျက်နှာရှုံ့မဲ့ လိန်တွန့်တာကို ဖူးနှင့် ယွန်းက တခစ်ခစ် သဘောကျနေကြပါသည်။ ဖူးကတော့ ယောရဲ့အထက်က အစ်မဆိုပေမဲ့လည်း ဆိုင်သူမရှိ၊ စိတ်လည်းမဝင်စား၊ သူဟာသူ ခပ်အေးအေးနှင့် ဆေးပညာထဲပဲ စိတ်ဝင်စားကာ အမ်အက်စ်ဖြေဖို့ပဲ ခေါင်းထဲရှိသူမို့ ယောအဖို့ ဖူးကို ကျော်တက်လို့ ဘာမှမဖြစ်။

ရည်းစားရှိပြီး မကြာခင် မင်္ဂလာဆောင်ဖို့ရှိသည့် ဆက်ကိုသာ ကျော်တက်ဖို့ မကောင်းတာ။ ယွန်းကဝင်ကာ –





"ဟုတ်သားပဲ ဆက်ရယ်၊ သကြိန်ရဲ့ နောက်ပိုင်းဆိုရင် မြန်မာသက္ကရာဇ်နဲ့ နောက်တစ်နှစ် ပြောင်းသွားပြီလို့ ယူကြတာ ရှိပါတယ်၊ ဆက်နဲ့ မမြတ်က ပြေ့မေလောက် စီစဉ်လိုက်ပေါ့၊ ဒါတောင်မှ ယောခမျာ အင်္ဂလိပ်သက္ကရာဇ် နောက်တစ်နှစ်ထိ စောင့်ရဦးမှာ"

"ဟင် ... နင်တို့ဟာက မြန်မာသက္ကရာဇ်နဲ့ ယူလိုက်၊ အင်္ဂလိပ်သက္ကရာဇ်နဲ့ ယူလိုက်၊ လိုသလိုယူပြီး သက္ကရာဇ်ကို မျက်စိလည်အောင်လှည့်စားနေရာ ကျနေမှာပေါ့"

"မဆိုင်ဘူးလေ၊ မမြတ်တို့ အိမ်မှာ မြန်မာသက္ကရာဇ်ယူတာ၊ ဒီအိမ်မှာ အင်္ဂလိပ်သက္ကရာဇ် ယူတာ၊ သတ်သတ်စီပဲ၊ နော် ... ယော"

"မှန်တယ် ... ယွန်း၊ ဦးနှောက် ကောင်းတယ်၊ တော်တယ်"

မောင်နှမတစ်သိုက် ပွဲကျနေကြပါသည်။ မေမေကတော့ မျက်စောင်းလေး တစ္စယ်စွယ်နှင့် ...

"အမယ်လေး ... အမယ်လေး၊ မအေရှေ့ချထားပြီး ဘာမှမတိုင်မပင် ဆန္ဒမယူ၊ သူတို့ချည်း သေချာနေလိုက်ကြတာနော်"



www.burmeseclassic.com

www.burmeseclassic.com



"မေမေကလည်း၊ အကြမ်းဖျဉ်းတော့ တားဂက်သတ်မှတ်ပြီး ရည်ရွယ်ထားရမယ်ဗျ၊ ဒါမှ မေမေ့အဖေကိုလည်း လှမ်းအကြောင်းကြားထားပြီး အဲဒီအချိန်နဲ့အကိုက် ဒီကို ခဏပြန်လာနိုင်ဖို့တွေ ဘာတွေ စီစဉ်ရမယ်လေ၊ သူ့မှာ အဖေပဲရှိတာလေ မေမေရဲ့"

"အင်းပေါ့လေ၊ နောက်နှစ် ဆိုတော့ အချိန်တွေ အများကြီး ရှိပါသေးတယ် သားငယ်ရယ်"

"အန်တီ ... ဒေါ်မမကြီးတဲ့ ဖုန်းလာပါတယ်"

အိမ်က ကောင်မလေး မစန်း လာပြောလိုက်၍ မေမေက ထမင်းစား စားပွဲမှ ထ,သွားပါသည်။

"ယော"

"ဗျာ"

"ဒီနေ့တောင် ငါ မေမေ့ကို တွေ့ခဲ့သေးတယ်"

"ဘယ်မှာလဲ"

"မြတ်တို့ဆေးရုံသွားရင်းနဲ့၊ ဆေးရုံမှာ တွေ့ခဲ့တာ"

"ဟင် ... သူက အဲဒီစိတ်ကျန်းမာရေးဆေးရုံကို ဘာလာလုပ်တာလဲ၊ လူနာသတင်းမေး လာတာတဲ့လား၊ ဘာပြောလဲ"





"ငါနဲ့ နှုတ်မဆက်လိုက်ရပါဘူး၊ ငါက မြတ်နဲ့ ဆေးရုံကို တစ်ပတ် လိုက်ကြည့်နေတာလေ၊ သူ အဲဒီက ဆရာဝန် တစ်ယောက်ဆီ လာတွေ့တာပဲ၊ သူတို့ကို ဆေးရုံရဲ့ ကဲင်တင်းထဲမှာ လှမ်းတွေ့လိုက်တာ"

"ဘယ်သူ့ဆီ လာတာလဲ"

"ဒေါက်တာမောင်မောင်တဲ့"

ယော နားထဲမှာ "ကိုမောင်"ဆိုတဲ့ နာမ်စားလေး ပြေးယောင်လာသည်။ နာမည်အပြည့်အစုံက "ဒေါက်တာမောင်မောင်"လို့ ဟိုတလောကပဲ မေမေ မိတ်ဆက်ပေးသားပဲ။

"မေမေ့ကို မြတ်ကလည်း မြင်ဖူးပြီးသားလေ၊ ငါတို့တွေ လှမ်းတွေ့ကြတော့ မြတ်ကပဲ ပြောပြတာ၊ အဲဒါ ဒေါက်တာမောင်မောင်တဲ့၊ ဒီဆေးရုံ စ,ဖွင့်ကတည်းက အလုပ်ဝင်တာတဲ့၊ မြတ်လို အချိန်ပြည့်တော့ မဟုတ်ဘူး၊ အိုပီဒီ ထိုင်ပေးတယ်၊ ညနေပိုင်း လူနာကြည့်ပေးတယ်၊ အဲဒီဆရာဝန်က, တော်လည်း တော်တယ်၊ သဘောလည်း ကောင်းတယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဖူးသည် မတော်ရသေးတဲ့ ယောက်မလောင်း အ
တွဲထိုင်စကားပြောနေတဲ့ လူတစ်ယောက် အကြောင်း စိတ်ဝင်တ
မေးလာပုံ ပေါ်ပါသည်။ အချက်အလက် အတော်များများ သိ
သည်။

"ဒေါက်တာမောင်မောင်ကို ကျွန်တော် သိပါတယ်၊ မေ
အမေရဲ့ တပည့်ရင်းပဲ၊ ဟိုးတလောက ဆုံးသွားတဲ့ မေ
အဒေါ်တို့မိသားစုကိုလည်း သူပဲ တောက်လျှောက်ကြ
ပေးခဲ့တာ၊ မေဓါတို့အိမ်ရဲ့ ကျန်းမာရေးကိစ္စ အဝဝလ
သူပဲ တာဝန်ယူကြည့်ပေး ကူညီပေးပေါ့၊ သူတို့နဲ့ဆွေမျ
သားချင်းလို ဖြစ်နေကြတာ"

"ဩော် ... ငါတို့ထက် သုံး,လေးနှစ် စောတယ်ဆိုတေ
ငါက မမြင်ဖူးဘူး၊ သူတို့ အတော်ကြာ ကဲင်တင်းထိုင်
ကြတယ်၊ ငါ ပြန်လာတဲ့အထိ မေဓါ မပြန်သေးဘူး"

ဖူးကတော့ ရိုးရိုးပဲ သူတွေ့ခဲ့တာကို ပြန်ပြေ
တာ ဖြစ်မည်။ ယောမင်းကတော့ စိတ်ထဲ တစ်မျိုးကြီး မလိုတ
ဖြစ်လာပါသည်။ မေဓါ ကိုယ်တိုင် အဲဒီ ကိုမောင့်ရှေ့မှာ သူ
"မေဓါ့ ချစ်သူပါ"လို့ မိတ်ဆက်ပေးထားတာ မှန်သော်လည်





မေဓါဟာ တစ်ဆိတ်ရှိ အဲဒီ ကိုမောင်ကို အလွန်တရာ အားကိုး လွန်းတယ်လို့ ထင်တာပဲ။

ကိုယ့်ချစ်သူဟာ ကိုယ်မဟုတ်တဲ့ သူစိမ်းယောက်ျား မှယ်တစ်ယောက်ကို (ရိုးရိုးပဲ ဖြစ်ပစေဦး) အလွန်တရာ အားကိုး လှတယ် ဆိုတာကတော့ အောင့်သက်သက် ဖြစ်ချင်စရာပင်။ ကိုယ်က ချစ်သူတစ်ယောက် ဖြစ်ပါလျက် အဲဒီလောက် အားကိုး ခံရတာ မေဓါ့ စိတ်ထဲ အားကိုးလိုစိတ် မပေါက်တာတွေကို အသိကအောက် ခံစားရသည်။

ယောသည် မောင်နှမတွေရဲ့ စကားဝိုင်းထဲ သိပ်ပြီး စိတ်မဝင်စားလှတော့ပေ။ စိတ်ထဲမှာ မခံချိမခံသာ ဖြစ်နေ၍ အောင့်အည်းပြီး မနေနိုင်တော့ကာ ထမင်းစားပွဲက ထ,လ,ခဲ့ သည်။ မေမေ ဖုန်းပြောနေဆဲဖြစ်၍ ကိုယ့်အခန်းထဲက ဟဲန်းဒ် ဖုန်းကိုပဲ သွားယူလာကာ ခြံထဲဆင်းခဲ့ပါသည်။

မေဓါ့ အိမ်ဖုန်းကို ခေါ်မရ။ ဖုန်းက အင်ဂေ့ဂျ်ဖြစ် နေသည်။ မေဓါ့ ဟဲန်းဖုန်းကို ခေါ်သေးသော်လည်း ဟဲန်းဒ်ဖုန်း က ပိတ်ထားသည်။ ဒီတော့ ယောမင်းမှာ အိမ်ဖုန်းကိုလည်း ခေါ် ကြည့်လိုက်၊ အင်ဂေ့ဂျ်သံကြားလိုက်၊ ပိတ်ပြီး ခြံထဲပတ်လျှောက်



www.burmeseclassic.com

www.burmeseclassic.com



နေလိုက်။ ခဏကြာ ထပ်ခေါ်လိုက်၊ အင်္ဂျေကျိုသံ မပြီးသေးဘဲ ဖြစ်နေလိုက်နှင့် သုံးကြိမ်လောက်ရှိလျှင် ဖုန်းက လိုင်းဝင်သွားကာ တစ်ဖက်က ချက်ချင်းကောက်ကိုင်လိုက်ရင်း ...

"ကိုမောင် ... လိုင်းကျသွားရာယ်နော်၊ မေဓါလည်း ဒီဘက်က ပြန်ခေါ်တော့မလို့၊ ဆက်ပြောပါဦး ကိုမောင်၊ မသိစိတ်ကတစ်ဖက်သတ် တွယ်တာနေတယ် ဆိုတာ"

"မေဓါ"

ကြားလိုက်ရသော စကားကြောင့် ယောမင်းသည် ထူပူကာ နားထင်ကို သွေးဆောင့်သွားတယ် ထင်မိလျက် ခပ်ဆတ်ဆတ် အသံပေးလိုက်မိပါသည်။

ကိုမောင်နှင့် စကားပြောရင်း ဖုန်းလိုင်းကျသွားသည် ချက်ချင်းမို့ တခြားတစ်ယောက်ကို လုံးဝမမျှော်လင့်ထားမိတာရော၊ ယောမင်းရဲ့ အသံဟာ တစ်ခါမှ မကြားဖူးတဲ့ ဒေါသသံဖြစ်နေတာကြောင့်ရော တစ်ဖက်က မေဓါသည် ရုတ်တရက် အလန့်တကြား ဖြစ်ကာ ...

"ဘယ်သူလဲ"

"ဩော် ... ဩော် ...၊ ဘယ်သူလဲတဲ့လား မေဓါရယ်"





"ဟင် ... ယောလား"

"ဟုတ်ကဲ့၊ ကျွန်တော် ယောမင်းပါ"

ယောရဲ့ အစွဲတိုက် လေသံကြောင့် မေဓါသည် သက်ပြင်းတစ်ချက်ကို ချလိုက်မိရင်း ...

"ကိုမောင်နဲ့ ပြောလက်စ ဖုန်းကျသွားတော့ ကိုမောင်ပဲ ထင်လိုက်မိလို့ပါ ယောရာ"

"အဲဒီ ကိုမောင်နဲ့က နေ့လယ်ကလည်း ဆေးရုံသွားတွေ့ရ၊ ညကျလည်း ဖုန်းပြောရ၊ ကိစ္စတွေက လက်စကိုမသတ်သေးဘူးလား"

"ယော ဘာဖြစ်လို့ ဒီလောက် စိတ်တိုနေရတာလဲ"

"ဟာ ... စိတ်မတိုရဘူးလား၊ မင်း ဘယ်လိုလဲ မေဓါ၊ ကိုယ် တအားအံ့ဩတာပဲ၊ အစ်ကိုလို လေးစားတာ အားကိုးတာနဲ့၊ ဆွေးနွေးနေတဲ့ အကြောင်းအရာတွေက တစ်ဖက်သတ် အချစ်အကြောင်း၊ အဲဒါ ဘာသဘောတွေလဲ မေဓါ"

"စိတ်ညစ်လိုက်တာ ယောရာ"

မေဓါသည် အသံတုန်တုန်ကလေးနှင့် စိတ်ပျက်စွာ ညည်းညူလိုက်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ပြောနေတဲ့ အကြောင်းတွေ ကိုယ်ကြားသွားတော့ မင်း စိတ်ညစ်မှာပေါ့လေ၊ ကဲ ... အဲဒါ ဘာအကြောင်း တွေလဲ ရှင်းပြစမ်းပါ"

"တစ်ဖက်သတ်အချစ်လို့ မေခါ မပြောဘူး၊ မသိစိတ်ထဲက နေ တစ်ဖက်သတ် ... တွယ်တာ ..."

"တူတူပဲလေ၊ အဲဒီခေါင်းစဉ်မျိုးက သူစိမ်းယောက်ျားတစ် ယောက်က လာဆွေးနွေးနေတာကို မင်း လက်ခံနားထောင် ပေးရမဲ့ ခေါင်းစဉ်လား၊ ဆက်ပြောဖို့တောင် မင်းဘက်ကေ တောင်းဆိုလိုက်သေးတယ်၊ သူက ပြောလာရင်တောင် မင်းက နားထောင်ပေးစရာလား"

"စကားစ, ပြတ်သွားလို့ ဆက်ပြောဖို့ ပြောတာပဲ၊ သူ့ ဘက်က စပြောတာလည်း မဟုတ်ဘူး၊ သူ့အကြောင်း လည်း မဟုတ်ဘူး"

"ဩော် ... ဩော် ...၊ သူက မင်းကို မသိစိတ်ထဲက တစ် ဖက်သတ် တွယ်တာနေတာ မဟုတ်ဘူးပေါ့"

"ဘာဖြစ်လို့ ဟုတ်ရမှာလဲ၊ မေခါ့မှာ ချစ်သူရှိတာ ကိုမော သိသားပဲဟာ၊ တစ်ဖက်သတ် တွယ်တာစရာ အကြောင်း ရှိသလား"





"မသိစိတ်ကလေ ... ဟင်း ဟင်း ဟင်း"

"တော်တော့ ယော၊ မေခါ့ကို မယုံသင်္ကာ ရိသဲ့သဲ့လုပ်မ နေနဲ့၊ ဘာမှလဲ မဟုတ်ဘဲနဲ့ နေရင်း ထိုင်ရင်း လေသံ မာမာနဲ့ အပြစ်ပြော ခံနေရတာ သိပ်ဝမ်းနည်းတာပဲ၊ အပြစ်ပြောခံရတဲ့ အကြောင်းကလည်း ရှက်စရာတောင်မှ ကောင်းသေးတယ်"

"အဲဒီရှက်စရာကို သူက မင်းကို ဘာကြောင့် ပြောပြနေ ရတာလဲ"

"ဟာ ... အဲဒါ သူ့အကြောင်း သူပြောနေတာမှ မဟုတ် တာ"

"သူ့အကြောင်းမှ မဟုတ်ဘဲ၊ သူများရဲ့ တစ်ဖက်သတ် တွယ်တာတဲ့ အကြောင်းကို သူက ဘာကိစ္စ ပြောနေတာ လဲ၊ သူစိမ်းယောက်ျားတွေနဲ့ ခင်ခင်မင်မင် ရင်းရင်းနှီးနှီး ဆက်ဆံတဲ့အခါမှာ ပြောလို့ရတဲ့ ခေါင်းစဉ်တွေ ရှိတယ်၊ ပြောလို့မရတဲ့ ခေါင်းစဉ်တွေ ရှိတယ် ...

ဒီလို ချစ်ရေး ကြိုက်ရေး တွယ်တာရေးတွေကို ယောက်ျားတစ်ယောက်နဲ့ မင်း ဘာမှ ဆွေးနွေးတိုင်ပင် နေစရာ အကြောင်းကို မရှိဘူး မေခါ"



www.burmeseclassic.com

www.burmeseclassic.com



"ယောဘုယျအားဖြင့် ယော ပြောတာကို လက်ခံရမှာ[illegible]

"အခုက ဘာမို့လဲ"

"အခုကတော့ လိုအပ်လို့ ဆွေးနွေးရတာ ယော၊ ကိုမော[illegible] နဲ့ မေဓါ ဂျူဂျူးနဲ့ ပတ်သက်ပြီး ဆွေးနွေးနေတာ[illegible] ကျေးဇူးပြုပြီး မေဓါကို ပြဿနာမလုပ်ပါနဲ့ ယော"

မေဓါ့ အသံကလေးက တုန်တုန်ယင်ယင် ဖြစ်[illegible] ပါသည်။

"ဂျူဂျူးက ဘာဖြစ်လို့လဲ"

ယောမင်းရဲ့ အသံကလည်း အနည်းငယ်တော[illegible] ပျော့ပျောင်းသွားရပါသည်။

"ဂျူဂျူးရဲ့ နှလုံးသားရေးရာကိစ္စပဲ"

"အဲဒါကို မေဓါနဲ့ ကိုမောင်မောင် တိုင်ပင်နေတယ်ပေါ့"

"ဟုတ်တယ်၊ မေဓါက ဂျူဂျူး အစ်မဖြစ်သလို ကိုမော[illegible] ကလည်း အစ်ကိုတစ်ယောက်လို ဖြစ်နေတယ်"

ယောမင်းသည် ဂျူဂျူးရဲ့ နှလုံးသားကိစ္စ ဆိုတာ[illegible] ယုံကြည်ပါသည်။ ဂျူဂျူးဟာ ဝဏ္ဏ မျက်စိရှေ့မှာတင် ကော[illegible] လေးတစ်ယောက်နဲ့ 'ဝဏ္ဏဆိုင်မှာ အဆင်ပြေစဉ်က အတူထိုင်[illegible]





အဆင်မပြေတော့ ရပ်ပျက်ဆင်းပျက် ရန်ဖြစ် ဘာဖြစ် ဆိုတာ သူ ကြားဖူးပြီ မဟုတ်လား။

ပြီးတော့ ဂျူဂျူးပုံစံလေး ကြည့်လိုက်တာနှင့် ကလေး ရုပ်သာ မပျောက်ချင်သေးဘဲရှိတာ၊ ခပ်ကဲကဲ ရဲရဲလေးနဲ့ ရည်းစား ထားတဲ့ ကိစ္စလောက်ကို ထမင်းစား ရေသောက်သလောက်ပဲ သဘောထားမယ် ဆိုတာလည်း ငြင်းဖို့မရှိတဲ့ အနေအထားဖြစ် သည်။

ဟိုးတစ်ရက်က ယောမင်းကို ဆိုင်ထဲမှာ စူးစိုက် ကြည့်နေခဲ့တဲ့ မျက်လုံးကြီးကိုပဲ ကြည့်ပါဦး။ ပြန်ပြောဖို့မကောင်း လို့ မေဓါ့ကိုလည်း ပြန်မပြောခဲ့။ ထိုမျက်လုံးကြီးဟာ ဆိုင်ထဲက လူတစ်ယောက်ကို ဘာရယ်မဟုတ် ပေါ့ပေါ့ပါးပါး အကဲခတ်တဲ့ ရိုးရိုးကြည့်တဲ့ မျက်လုံးကြီးများမှ မဟုတ်ပဲ။

ရဲတင်းစွာ အထာပေးချင်တဲ့ မျက်လုံးကြီး။ တစ် ချက်မှ မလွှဲမဖယ် မသိ့သိအောင် ထိုင်ကြည့်ပြတာ။ ဒါမျိုးကို တော်ရုံ ဣန္ဒြေရရ ကောင်မလေးမျိုးတွေ လုပ်ပါ့မလား။ အိမ်ကို ရောက်တော့လည်း သူ့အစ်မရဲ့ မိတ်ဆွေဆိုတာ သေချာသွားပြီမို့ ခုန ဒီလိုကြီး ကြည့်ခဲ့တာ သူ မဟုတ်သလို ဖြစ်သွားပြန်လေရော။



www.burmeseclassic.com

www.burmeseclassic.com



"နေ့လယ်က ကိုမောင်မောင့် ဆေးရုံကို မေဓါ သွားတယ် နော်"

"ဟုတ်တယ် ယော"

"ဖူးက မေဓါ့ကို တွေ့ခဲ့တယ်၊ မေဓါတို့က ကင်တင်းမှာ၊ ခပ်လှမ်းလှမ်းမို့ နှုတ်မဆက်တော့တာ"

"ကိုမောင်က အဲဒီဆေးရုံမှာ လုပ်တယ် ယော"

"ဒါလည်း ဂျူဂျူးကိစ္စပဲပေါ့"

"ဂျူဂျူး ကိစ္စပါပဲ ယော"

"ဂျူဂျူးက ဘယ်လိုဖြစ်နေလို့လဲ၊ ပရော်ဘလဲမ်မ်ချိုင်းလ်များ ဖြစ်နေလို့လား"

ဂျူဂျူးရဲ့ ပုံရိပ်ကို ယောထံ ဘယ်လိုဖော်ပြရမလဲ စဉ်းစားရာမရတဲ့ မေဓါသည် ယောရဲ့ အသုံးအနှုန်းကိုပဲ သဘောကျသွားရပါသည်။ ပြဿနာကောင်မလေးပဲ ဥစ္စာ။ ယောပြောတဲ့ Problem Child ဆိုတဲ့ စကားလုံးနှင့် ညီညွတ်နေပါသည်။

"ယော ပြောတဲ့ အတိုင်းပဲ၊ ဂျူဂျူးက ပရော်ဘလဲမ်မ် ချိုင်းလ်ပဲ ယော၊ အိမ်မှာလည်း မေဓါ့ကို တစ်ခုမဟုတ် တစ်ခု ပြဿနာရှာချင်နေတာချည်းပဲ၊ အပြင်လွှတ်ရပြန်





လည်း စိတ်ကို မချရပါဘူး၊ ရည်းစားက များချင်တယ်၊ အဲဒါကို ပူနေရတယ်"

ယောမင်းသည် ခုတော့လည်း ကျွဲမြီးတိုတာတွေ အတော် ကျေပျက်သွားရပြန်ပြီဖြစ်ကာ ...

"ခုခေတ်မြီးကောင်ပေါက်ကလေးတွေ ဒီလိုတွေပါပဲ မေဓါရယ်၊ ရည်းစားထားတဲ့ ကိစ္စလောက်ကို သူတို့က စတန့်လို သဘောထားချင်တာ၊ ရည်းစား မဟုတ်ဘဲနဲ့တောင် ကောင်လေးတွေနဲ့ တရင်းတနှီး ပေါင်းသင်းနေတတ်တာ၊ ဒါပေမဲ့ ကိုယ့်အန္တရာယ် ကိုယ့်ဘေးတော့ ကိုယ်ကြည့်ရှောင်တတ်ကြတာ များပါတယ် မေဓါရယ်၊ သူတို့က ကိုယ်တို့ မေဓါတို့ ကလေးဘ၀ထက် လည်ဝယ်ပါးနပ်ကြပါ ယ်"

"ဂျူဂျူးနဲ့ ပတ်သက်ပြီး ကိုမောင့်ကို မေဓါ တစ်ချိန်လုံး အကူညီ အကြံဉာဏ် တောင်းနေရတာပါ ယော"

"ကိုယ့်ကိုလည်း လိုရင် အကူအညီတောင်းလို့ ရပါတယ် မေဓါ"

ယောမင်းက စိတ်ပြေသွားရပြီ ဖြစ်ပါသည်။

✱ ◆ ✱



www.burmeseclassic.com

www.burmeseclassic.com



## ၇

တနင်္ဂနွေကို ဆိုင်ပိတ်ရက် သတ်မှတ်ထားတာမို့ မေခါက နေမြင့်မှ အိပ်ရာက ထ,တတ်ပါသည်။ စနေညတွေမှာ တစ်ပတ်စာအတွက် ပစ္စည်းအဝင်အထွက် ငွေစာရင်းဖယားတွေ လုပ်ရသည်။ မေခါ့ရဲ့ဆိုင်က လည်သာအိတ်နှင့် ဖိနပ်များရောင်းချတဲ့ဆိုင်ဖြစ်ကာ စင်ကာပူ ပစ္စည်းများကို သွင်းကာ ရောင်းသည်။

မေခါ ကိုယ်တိုင် နိုင်ငံခြား ထွက်စရာမလို။ ဖေဖေက ဟိုမှာမို့ မေခါ့အတွက် အဆက်အစပ် အဝယ်အေးဂျင့်ကို ရှာထားပေးနိုင်ပါသည်။ ရန်ကုန်မြို့က ဆိုင်အတော်များများနှင့်





ချိတ်ဆက်လုပ်ကာ ပစ္စည်းဝယ်ပို့ပေးတတ်တဲ့ မြန်မာလူမျိုး အေးဂျင့်ဖြစ်ကာ ကိုယ်လိုချင်သော ကိုယ်သဘောကျသော ဒီဇိုင်းပုံစံမျိုးကို ကက်တလောက်မှာ ရွေးချယ်မှတ်သား မှာရုံပင်။

ဟိုမှာပဲနေတဲ့သူဖြစ်၍ ဘယ်ပစ္စည်း ဘယ်ရာသီမှာ ဈေးချမည်။ ဒစ်စ်ကောင့်ရှိသည်။ ဘယ်လလောက်ဆို ဈေးဘယ်နှုန်းရှိုင်းနှုန်းကျပြီ ဆိုတာတွေ ကျွမ်းကျွမ်းကျင်ကျင် သိသူဖြစ်၍ ပစ္စည်းကောင်းလေးတွေကို ခပ်တန့်တန့်လေး ရတတ်သည်။ ဒါက သူ့မိသားစုနှင့် ငွေရှင်းရုံ။

ထိုအလုပ်အတွက် စနေညတွေမှာ မေခါ စာရင်းရှင်းရလင်းရ ပစ္စည်းလက်ကျန်ဖယားလုပ်ရ၊ ညဥ့်နက်မှ အိပ်ရာဝင်တတ်သည်မို့ တနင်္ဂနွေနေ့တွေမှာ စောစောအိပ်ရာမထ။

ဒီမနက်တော့ ဖုန်းမြည်သံတွေ ခဏ ခဏ ဆက်တိုက်ကြားနေရကာ လူက လန့်လန့်နိုးနေရပါသည်။ အိမ်ကလိုင်းဖုန်းကို အောက်ထပ်မှာတစ်လုံး၊ အပေါ်ထပ်မှာ တစ်လုံးထားကာ အပေါ်ထပ်ကဖုန်းကို အစကတော့ မေခါ့ အိပ်ခန်းထဲပဲ သွင်းထားသည်။ ခုတော့ ဂျူဂျူး ရောက်လာတော့ ဂျူဂျူးလည်း အောက်ထပ်မဆင်းဘဲ အပေါ်မှာတင် ဖုန်းပြောချင် ပြောလို့ရအောင်



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းကို အပြင်ထုတ်ထားလိုက်ပါသည်။ အပေါ်ထပ်က ဖုန်းဟာ ဘုရားခန်းထောင့်နား အကွေ့ကလေးမှာ ရှိသည်။

နှစ်ချက် သုံးချက် မြည်လျှင် တစ်ယောက်ယောက် ပြေးကိုင်လိုက်သလို မြည်သံက ရပ်သွားသည်။ နောက်ငါးမိနစ် ဆယ်မိနစ်ခြားကာ ဖုန်းခေါ်သံ မြည်လာပြန်သည်။ ပြန်ရပ်သွား ပြန်သည်။ ဒီလိုနှင့် ဘယ်နကြိမ်လောက်တောင် ရှိနေပြီလဲ။ တစ်မနက်ခင်းလုံးလုံး ဆူညံနေတာ။

အဲဒီအပြင် ခုနကတော့ အိမ်ရှေ့ဘက်ဆီက တတီတီ တပွမ်ပွမ် ကားဟွန်းသံတွေကပါ ထူးခြားစွာ မြည်လာသည်။ ဟွန်းတီးလိုက် ဖြတ်မောင်းသွားလိုက်။ ကားသံပြန်ဝင်လာလိုက် ဟွန်းတီးလိုက်။ သာမန်ထက်ပိုတဲ့ ထူးထူးခြားခြား သိသိသာသာ အခြေအနေ ဖြစ်လာသောအခါ ဒါဟာ ဂျူဂျူးရဲ့ အဆက်အစပ် တွေကလွဲလျှင် တခြား ဘာမှမဖြစ်နိုင်ဆိုတာ မေဓါ ရိပ်မိနေပါပြီ။

အိပ်ရာထဲကနေ မထချင်သော်လည်း ပတ်ဝန်းကျင် နှင့် နေရတဲ့ လူ့သဘာဝမို့ ကိုယ့်အိမ်က အကြောင်းတစ်စုံတစ်ရာ ကြောင့် လမ်းထဲ ခုလို ကားတွေ ဖြတ်လိုက် သန်းလိုက် ဟွန်းသံ ဆူညံလိုက် ဆိုတာဟာ အိမ်နီးပါးချင်းကို အားနာဖို့ ကောင်းလှ





ပါသည်။ အိမ်ထဲမှာ မြည်နေတဲ့ ဖုန်းတွေလောက်ဆိုရင် မေဓါ စိတ်ရှုပ်ခံပြီး ထ,ကြည့်မနေချင်တော့။ တော်ရုံကို ပစ်ထားဆိုတဲ့ ကိုမောင့် မူအတိုင်း ပစ်ထားလိုက်တော့မည်။

အခုကတော့ တစ်လမ်းလုံး ကိုယ့်တစ်ခြံတည်း မဟုတ်။ ပတ်ဝန်းကျင်ခြံတွေ ရှိသည်။ အနှောင့်အယှက် ဖြစ်စေ တဲ့အပြင် ရှက်စရာလည်း ကောင်းသည်။

မေဓါသည် အိပ်ရာမှ ထ,ထွက်လာကာ ဆံပင်တွေ ကိုသာပင့်တင် ကလစ်ညှပ်လိုက်ရင်း အောက်ထပ်ကို ဆင်းလာ ခဲ့သည်။

"လုံးလုံး"

"ရှင်"

"ဘာတွေ ဖြစ်နေသလဲ"

"ရှင် ... ဟို ..."

"အိမ်ထဲမှာရော ခြံရှေ့မှာရော ကမ္ဘာပျက်နေတဲ့အတိုင်းပဲ"

လှေကားဆေါ်က မေဓါ ဆင်းဆင်းလာချင်း လှေကား ခြေရင်းက ဖုန်းက တစ်ချက် ထမြည်လာသည်။ မေဓါသည် ချက်ချင်းကောက်ကိုင်လိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို"

တစ်ဖက်က ဖုန်းကို လုကိုင်နေကြသလို ကွိကွိကွကွ သံ အတော်များများကြားမှာ ...

"ဟာ ... အဘွားကြီး ... အဘွားကြီး"

ဂျူဂျူး အသံ မဟုတ်တော့၍ အိမ်ကလူကြီးတစ်ယောက် ကိုင်ပြီလို့ ထင်ကြပုံရသည်။ မေဓါ အသံကလည်း တင်းတင်းမို့ ဖြစ်သည်။ တောက် ...။ အသေကောင်လေးတွေ ငါ့ကိုများ အဘွားကြီးတဲ့။

"ဟယ်လို"

"ဟို ... ဟို ... အန်တီ၊ ပလက်တီနမ် ရှိပါသလား"

"ဘာ"

"ပလက်တီနမ်"

"ဟိတ် ... ဘာတွေ လာပြောနေတာလဲ၊ ဘာနောက်တာလဲ၊ ဒါ ပလက်တီနမ်တွေ စိန်တွေ ရွှေတွေ ရောင်းတဲ့ဆိုင် မဟုတ်ဘူး"

"ဟိုလေ ... ပလက်တီနမ်ဆိုတာ လူနာမည်လေ၊ အဲဒီနံပါတ်ကလေ၊ ကျွန်တော် ခုနကဖဲ ပလက်တီနမ်နဲ့ စကားပြောပြီးပါပြီ"

BURMESE CLASSIC .com





"ပလက်တီနမ် ... !"

မေဓါသည် အံ့သြစိတ်ပျက်ကြီးဖြင့်သာ ရေရွတ်မိ[illegible]ဲ ထမင်းစားခန်းထဲက ဂျူဂျူး ထွက်လာကာ ...

"ပေး ... ပေး ...၊ အဲဒါ ဂျူဂျူး ဖုန်း"

မေဓါသည် ဂျူဂျူးကို စိုက်စိုက်ကြီး ကြည့်နေမိဆဲ [illegible]ဂျူးက ဖျတ်ခနဲ ပြေးလာကာ ဖုန်းကို ခပ်တည်တည်ပဲ လှမ်း[illegible]ယူလိုက်ပါသည်။ မေဓါသည် သက်ပြင်းတစ်ချက်နှင့် ဘေးမှာ[illegible]ထောင့်ပေါ်[illegible]ငုံ့ကြီး ရပ်ကြည့်နေမိသည်။ ဂျူဂျူး အပေါ် ဒေါသ[illegible]ဝက် [illegible]ရဏာတစ်ဝက်။

သူ့ဟာနှင့်သူ ရီးရီးသားသား ကဲနေတာ ဆိုရင်တော့ [illegible]ဒါသ[illegible]ဦး ဆူပူငေါက်ငမ်းလိုက်ရုံပင်။ အခုဟာကတော့ စိတ်[illegible]ဒနာနှ[illegible] ဆက်နွယ်နေသည်ဆို၍ အကြမ်းလည်း မဖက်ရဲ။ [illegible]စိတ်တွေ[illegible]ဦး တို။ ဒီကြားထဲက ငါ့ညီမကလေး တစ်ယောက် ဒီလို [illegible]ကနာ ခေါ်နိုင်တဲ့ ရောဂါကြီးမျိုး ခံစားနေရပါက [illegible]သား[illegible]ကြင်နာမိသေးသည်။

[illegible]တစ်ခါတစ်ရံတော့ ဒါဟာ ရောဂါလို့ ဆိုတာကို [illegible]က်မခံနိုင်သလို ဖြစ်နေမိပြန်သည်။ သို့သော် ...

"သူလေ[illegible]"

"မင်းတို့[illegible]"



www.burmeseclassic.com

www.burmeseclassic.com



သူ့အမေ ဒေါ်မာရီယာရဲ့ အကြောင်းကို ကြားထားသိထားမှ
မယုံကြည်လို့ မရတာကို သိသည်။ ဒါမျိုးဟာ မျိုးရိုးလိုက်ပါတ
တာကိုလည်း သိသည်။

စိတ်ပျက်သော်လည်း ဂျူဂျူးအတွက် ငါ့မှာတာ
ရှိကို ရှိပါတယ်ဟု ခံယူထား၍ အေးရာအေးကြောင်း လွှတ်ထာ
လို့လည်း မဖြစ်ပြန်ပေ။

"ဟယ်လို ... အင်း"

"......"

"တို့အစ်မပါ၊ အင်း ... ဟုတ်တယ်"

"......"

"စိတ်ဆိုးနေမှာပေါ့၊ ယူတို့က တအားကဲနေ ကကို"

မေခါသည် ဂျူဂျူး စကားတွေ န ငိုနေရာ
ခြံရှေ့ကို မြင်ရတဲ့ ပြတင်းပေါက်တစ်ခု၌ ရပ်ကာ နာက် ရှေ့ကိုမျှော်
ကြည့်သည်။ ဒပ်ဘယ်လ်ကက်ဘ်လို့ ခေါ်တဲ့ ကား င်းတဲ့ တစ်စီး
ဟာ ဖြတ်ချည်သန်းချည် ခေါက်တုံ့ခေါက်ပြန် သည်
ကောင်ကလေးတစ်စု ဒီလိုရမ်းကားရဲ့အောင် လေ၊ အဲဒီ
ဂျူဂျူးဖြစ်၍ ဂျူဂျူးကိုလည်း စိတ်တိုလှသော်လ က်တိနမ်နဲ့





လုပ်လို့က မဖြစ်လေရာ ကားပေါ်က အကောင်လေးတွေကိုပဲ
ဒါသအကြီးအကျယ် ယမ်းပုံမီးကျ ဖြစ်လာသည်။

"ဂျူဂျူး"

"ရှင်"

"အဲဒီအကောင်တွေကို ခြံထဲဝင်လာခဲ့လို့ ပြောလိုက်စမ်း၊
သူတို့ပဲ မဟုတ်လား၊ ခု ဖုန်းပြောနေတာ"

"ဟုတ်တယ်၊ ကားပေါ်က ဟဲန်းဒ်ဖုန်းနဲ့ ပြောနေတာ"

"ခေါ်လိုက်စမ်း"

"ဟာ ... ၊ ယူတို့ကို တို့အစ်မက ခြံထဲဝင်လာခဲ့ဖို့ ခေါ်နေ
တယ်"

" သည်း "

" သက် တကယ်ပြောနေတာကွ၊ တကယ်လာခဲ့"

"အဟား ခြံတံခါး သွားဖွင့်လိုက်"

သူ့ကိုဘစ် ပြုံတစ်နှင့် အလန့်တကြား ချောင်းနေကြ
တဲ့ မေခါ၏ အမိန့်ကြောင့် ခြံထဲတလွှင့်လွှင့်ပြေးကာ
ခြံတံ သူလေးငိုကြပါသည်။ ဂျူဂျူးကလည်း ဖုန်းကိုချ
လိုက် "မင်းတို့



www.burmeseclassic.com

www.burmeseclassic.com



မေဓါသည် ပေါ်တီကိုအောက်ထွက်ကာ လက်ပိုး...

ရပ်နေသည်။ လူက မျက်နှာတောင် မသစ်ရသေး။ ဆံပင်...

ဖွားကို အလွယ်ညှပ်တင်လျက်။ တစ်ကြိမ်တစ်ခါမှ ဒီပုံစံနှင့်...

စိမ်းကို လက်ခံမတွေ့ဆုံစဖူး။ ခုတော့ ဒေါက်ပွနေလေရော ကြ...

ကောင်း ရှကောင်း ပြုပြင်စီမံနေလိုစိတ်လည်း မရှိ။

ဒပ်ဘယ်လ်ကက်ဘ် နီညိုရောင်ကားက မေဓါ့ရှေ့...

တုံ့ခနဲ ရပ်သွားသည်။ ကားပေါ်မှာ ကောင်လေး လေးယော...

တစ်ယောက်ပြီး တစ်ယောက် ကားပေါ်က ဆင်းဂိုက်ကြပါသည်...

ဘယ်လိုပုံစံတွေလဲမသိ။ အလွန်တရာ ကြီးမားလှ...းတဲ့ အ...

ဘောင်းဘီကြီးတွေနှင့်။ ဘောင်းဘီခွကြားက နေ ရာ...ကျမရှိ...

ဒူးလောက်နိမ့်ကျကာ အောက်ဘက်မှာ ခေါက်... ...ဘတော...

...ဘိုက်နေသည်။ စတီးရောင်ဆွဲကြိုးလက်ကော် ...ကြိုးတွေနှင့်...

ရုပ်လေးတွေကြည့်တော့ နုနု... ...း...တဲ့...

နှစ်ပတ်လည်တွေ။ ရုပ်ပုံတွေအားလုံးကလည်... ...

အထက်တန်းလွှာ မိဘတွေက ပေါက်ဖွားဆင်...

သာကြသည်။ အပြုအမူတွေ ရမ်းကားခြင်း ဆ...က်တီနမ်နဲ့...

မိဘတွေကပဲ မဆုံးမမ, မြှောက်စားထားလို့လ... ...ါလူ...





...လေးတွေကပဲ မျက်ကွယ်ရာ ရောက်သည်နှင့် ထင်ရာလုပ်တတ်...

...ျင့် စွဲနေလို့ပေလား။

"မင်းတို့ ဘယ်ကလဲ"

မလျှော့မတင်း မေဓါ့ အသံကြောင့် ကောင်လေး...

...လေးယောက်က တစ်ယောက်ကို တစ်ယောက် ကြည့်နေရာမှ...

...ဒီကိစ္စရဲ့ ကာယကံရှင် ဖြစ်ဟန်တူသော ကောင်လေးတစ်ယောက်...

...က သတ္တိခပ်ရှိရှိထဲကပါ ဆိုတဲ့ ပုံစံဟန်ပန်နှင့် ...

"ကျွန်တော်တို့က ပလက်တီနမ် အပေါင်းအသင်းတွေပါ"

ဂျူဂျူးသည် အိမ်ရှေ့ တံခါးမကြီးအနား ပေါ်ပေါ်...

...ဆင်ထင် ထွက်တယ်လည်း မဟုတ်၊ လုံးလုံးလျားလျား ကွယ်...

...ဘယ်လည်း မဟုတ်၊ ဝင်မလို ထွက်မလို လူလုံးပြနေသည်။

"ပလက်တီနမ် ဆိုတာ ဘယ်သူလဲ"

"အဟား ... အစ်မကလည်း"

"သူ့ကို ပြောတာလား"

မေဓါက ဂျူဂျူးကို လက်ညှိုးညွှန်လိုက်၍ ...

"သူလေ"

"မင်းတို့နဲ့ ဘယ်မှာတွေ့ပြီး ဘယ်တုန်းက သိကြတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ပြီးခဲ့တဲ့ တစ်ပတ်က အင်းယားလိတ်မှာ ချယ်ရတီဘားမှာ တွေ့ကြတာ"

မေဓါ ခေါင်းတညိတ်ညိတ် လုပ်မိသည်။ ပြီးခဲ့တဲ့ အပတ် တနင်္ဂနွေနေ့က မနက်ပိုင်းမှာ ထုံးစံအတိုင်း မပြောမဆို နှင့် ဂျူဂျူး ကားတစ်စင်းနှင့် ထွက်သွားခဲ့သည်။ နေ့လယ်တစ် နာရီလောက်မှ ပြန်လာပြီး မေဓါက မေးတော့ ဈေးရောင်းပွဲတော် သွားတာတဲ့။ ဘာသွားလုပ်တာလဲ ဆိုတော့ မုန့်တွေဝယ်စားပြီး ရပ်ကွက်သွားစီးတာဟု ဆိုသည်။

"ဒါဖြင့် မင်းတို့ သူ့ကိုသိတာ တစ်ပတ်တောင် ရှိသွားပြီပေါ့"

မေဓါ့ရဲ့ အငေါ်တူးစကားကြောင့် ကောင်ကလေးတို့က သိပ်မခံချင်ချင် ရှိပုံရသည်။

"မမ"

ဂျူဂျူး အသံက မကျေနပ်ချင်သလို ထွက်လာသည်။ "သူတို့က ဘော်ဒါတွေပါ၊ ဖုန်းနံပါတ်ပဲ လဲလာကြတာ။ မနေ့ကမှ သူတို့မေးလွန်းလို့ လိပ်စာပြောပြလိုက်တာနဲ့ သူတို့က ဟုတ်မဟုတ် ဒီမနက် လာချက်ကျက်ကြတာ၊ ဘာမှမဟုတ်ဘူး၊ သိပ်ရစ်မနေပါနဲ့"





"မရစ်ပါဘူး၊ ရစ်စရာလည်း မရှိဘူး၊ ပြောစရာလေးတွေရှိလို့ ခေါ်လိုက်တာ၊ ဘော်ဒါတွေ သူငယ်ချင်းတွေပဲဆိုရင် တစ်ယောက်ကို တစ်ယောက် နာမည်တွေ အမှန်အသိပေးပေါ့"

"ကျွန်တော်က တိုးဆွေ၊ သူက ဇော်မင်းငယ်၊ သူက ဝေယံ၊ သူက ကျော်ဇေသော် တဲ့၊ သူ သိပါတယ်"

"အေး ... တိုးဆွေတို့ အုပ်စုကို မမ နှစ်ချက်ပြောမယ်၊ တစ်အချက်က သူ့နာမည် ဂျူဂျူး၊ တို့ညီမ၊ ပလက်တီနမ် မဟုတ်ဘူး"

ကောင်လေးတွေ "ဟာ" "အင်" "အိ"နှင့် နှုတ်ဆွဲ ဘာတွေရိုက် မျက်နှာတွေ ဘာတွေပွတ် သူတို့ကို ဂျူဂျူးက ကြောင်ရိုက်ပြီဆိုတဲ့ ပုံစံ၊ ခံလိုက်ရပြီဆိုတဲ့ဟန်၊ ဂိုက်တွေဆိုက်ကွ ထုတ်ပြီး ရှိုးများနေကြပါသည်။

"နှစ်အချက်က ဘာလဲ ဆိုတော့ မင်းတို့ ဂျူဂျူးနဲ့ မိတ်ဆွေသူငယ်ချင်း ဘော်ဒါတွေ ဆိုတဲ့အတွက် အိမ်ကိုဖုန်းဆက်တာ ရတယ်၊ ဆက်၊ ဒါပေမဲ့ အိမ်ကလူတွေ နားအနှောင့်အယှက် ဖြစ်လောက်အောင် ခေါ်လိုက်၊ ပြန်ချလိုက်၊ ပြန်ခေါ်လိုက်၊ ပြန်ချလိုက်၊ တစ်ခါပြန်ခေါ်၊ ဖုန်းသံဆူညံနေအောင်တော့ မနှောင့်ယှက်နဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



မင်းတို့အိမ်တွေကို အဲသလို ဖုန်းသံ တဝွမ်း ဆက်ကာ ဆက်ကာ မြည်နေရင် မင်းတို့ အဖေ အမေ မိဘ မောင်နှမတွေ စိတ်အနှောင့်အယှက် မဖြစ်ဘူးလား ကိုယ့်မိသားစုနဲ့ ကိုယ်ချင်းစာပြီး ယဉ်ကျေးသိတတ် စိတ်မျိုးမွေးပြီးမှ ဖုန်းခေါ်ပါ၊ မင်းတို့မှာ ပိုက်ဆံပေါ ဘယ်နခါဖြစ်ဖြစ် ခေါ်နိုင်တယ် ဆိုပေမဲ့ တစ်ဖက် အနှောင့်အယှက် ဖြစ်မယ်ဆိုရင် ဆင်ခြင်ရမယ် ...

"မင်းတို့ စီးလာတဲ့ကား ဝတ်စားဆင်ယင်ထားတာ တွေ လက်ထဲက ဟဲန်းဖုန်းတွေအရ မင်းတို့ဟာ အနုံညံ တွေ မဟုတ်ကြပါဘူး၊ အဆင့်အတန်းရှိတဲ့ မိသားစုက လာတာတွေလို့ပဲ ယူဆတယ်၊ အဲဒါကြောင့် အဆင့်အတန်း မရှိတဲ့ လုပ်ရပ်တွေနဲ့ မင်းတို့နဲ့ မအပ်စပ်ပါဘူး၊ မိန်း လေးတစ်ယောက် ခြံရှေ့က ကားကို ခေါက်တုံ့ခေါက်ပြန် ဖြတ်မောင်းလိုက်၊ ဟွန်းတွေ တီးသွားလိုက် ဆိုတဲ့ လုပ် ရပ်က ဒီမိန်းကလေး အိမ်ကိုရော ပတ်ဝန်းကျင်ကိုရော မထေမဲ့မြင်ပြုရာ ကျတဲ့အပြင်၊ အောက်တန်းစားလည်း ဆန်တယ် ...





တို့က မင်းတို့လုပ်ရပ်တွေကြည့်ပြီး ခုလို ကားပေါ်က ဆင်းလာမဲ့သူတွေဟာ ဒီလိုပုံစံ အဆင့်ရှိရှိလို့ကို ထင်မထားဘူး၊ ကားပေါ်ကနေ တေလေဂျပိုး ကလေကချေတွေ ဆင်းလာမယ် ထင်တာ၊ မင်းတို့ပုံစံနဲ့ လုပ်ရပ်က မအပ်စပ်ဘူး ဖြစ်နေတယ်၊ ကိုယ့်အဆင့်အတန်းလေးနဲ့ ကိုယ် ပြုမူသင့်တယ် ...

မင်းတို့ ဂျူဂျူး သူငယ်ချင်းတွေမို့ အိမ်လာလည် ချင်သလား၊ ရတယ်၊ ခြံဝကနေ ဟွန်းတစ်ချက်ပဲတီးရင် တံခါးလာဖွင့်ပေးမယ်၊ ဝင်လာခဲ့၊ ဣန္ဒြေရရ ထိုင်စကား ပြော၊ ရတယ်၊ ခုနကလို လုပ်ရပ်မျိုးကတော့ မင်းတို့ရော ငါတို့ပါ ရှက်စရာကောင်းတယ်၊ ဂျူဂျူးကို ခင်မင်ဝင် ဆိုရင် ခင်မင်ခွင့်ရှိတယ်၊ ဖုန်းဆက်ခွင့် ရှိတယ်၊ ဝင်ထွက် လာလည်ခွင့်ရှိတယ်၊ အခု အိမ်ထဲ ဝင်ထိုင်ကြမလား"

ကောင်လေးတွေဟာ တစ်ယောက်ကို တစ်ယောက် ကြည့်ရင်း အိုးတိုးအမ်းတမ်း ဖြစ်နေသည်။ ဤသို့ မျှော်လင့် မထား၍ ဘာလုပ်ရမလဲမသိ ဖြစ်နေကြပုံပင်။ သူတို့က ခြံရှေ့ က ဟွန်းအကျယ်ကြီး ဖြတ်တီးဖို့လောက်ပဲ ကြိုတင်ရည်ရွယ်



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားလာတာ။ အသံပေးဖို့လောက်သာ။ အထဲဝင်ထိုင်ဖို့အထိ အစီအစဉ်ရှိတန် မတူ။

"မင်းတို့ထဲက ဂျူဂျူးကို စကားပြောချင် ကျွမ်းဝင်ချင်တာက ဘယ်တစ်ယောက်လဲ၊ တိုးဆွေလား"

"အား ... အဲ ... အဲသလိုတော့လည်း မဟုတ်ပါဘူး"

"ဒါဖြင့် ဘယ်လိုလဲ"

"ဟုတ်တယ်လေ ... သူလေ၊ အဲဒီနေ့က ဂျူဂျူးကို တကောက်ကောက် ရည်းစားစကား လိုက်ပြောတာ တိုးဆွေပဲ၊ ကျန်တဲ့ကောင်တွေက ဘေးက ဖော်လို"

ဂျူဂျူး ဘတ်ခနဲ ဝင်ပြောလိုက်၍ တိုးဆွေ ယောင်နန ဖြစ်သွားရရင်း ...

"အဲဒါ ... ဟိုဒင်း ..."

အစ်မတစ်ယောက်ရှေ့မှာ ဘာမှ သိပ်ဂရုမစိုက်လှတဲ့ရုပ်မျိုး ရှိနေသော ဂျူဂျူးကိုပဲ အကဲခတ်နေစဉ် ...

"ကဲ ... ယွတို့က ဖုန်းထဲကကျတော့ တွေ့ချင်လို့ လာချင်လို့နဲ့၊ အခုကျတော့ အိမ်ပေါ် မတက်ဘူးလား"

ဂျူဂျူး ထပ်ပြောလိုက်တဲ့ စကားကြောင့် ...





"နောက်မှ အေးအေးဆေးဆေး လာမယ်၊ ခုတော့ မမပြောသလိုပဲ အနှောင့်အယှက်တွေပေးတာ များသလို ဖြစ်နေပြီမို့လို့ ပြန်လိုက်တော့မယ်"

ဂျူဂျူးသည် ခြေကို ဆောင့်ခနဲဆောင့်၍ ချာခနဲလှည့်ကာ အိမ်ရှေ့တံခါးက သူ ပြူတစ်လုပ်နေသော ခြင်ဆန်ကာတံခါးကို အသံကျယ်ကြီးမြည်အောင် ဒိုင်းခနဲ ဆောင့်ပိတ်ပစ်ခဲ့ရင်း အိမ်ထဲဝင်ရောက် ပျောက်ကွယ်သွားပါတော့သည်။ မေဓါက သက်ပြင်းတစ်ချက်ချကာ တိုးဆွေဘက် လှည့်ကြည့်လျှင် တိုးဆွေက မျက်ခုံးပင့်၍ ပခုံးကိုတွန့်သည်။

"မင်းတို့ကို ရိုးရိုးသားသား ရှင်းရှင်းလင်းလင်း ကစ်ခုပြောပြရဦးမယ်"

"ဟုတ်"

"မင်းတို့အနေနဲ့ စိတ်ထဲမှာ ဘာမှ လေးလေးနက်နက် ရေရေရာရာ မဟုတ်လှဘူး ဆိုရင် ဂျူဂျူးကို မပတ်သက်ဘဲ ဘေးမှဲ့ထားထားလိုက်ပါ၊ မင်းတို့အနေနဲ့လည်း လူငယ်ချင်းတွေ့တုန်း ဟီးဟီးဟားဟား လုပ်တာလောက်ပဲ ဖြစ်မှာပါ၊ ပေါ့ပေါ့ဆဆ အပျော်ပေါ့၊ အဲဒါကို တို့မပြစ်

မတင်ပါဘူး၊ ဒါပေမဲ့ ဒီဘက်မှာက ပြဿနာရှိတယ်၊ ဒီပြဿနာကို တို့ အမြဲဖြေရှင်းနေရတယ်၊ တို့အတွက် အစ်မတစ်ယောက်အနေနဲ့ ခေါင်းလေးတယ်၊ တာဝန်ကြီးတယ်၊ စိတ်ညစ်ရတယ်"

"ဘာပြဿနာလဲ မသိဘူး"

"ဂျူဂျူးဟာ မင်းတို့လို ရိုးရိုးသာမန် စိတ်အခြေအနေနဲ့ မိန်းကလေးတစ်ယောက် မဟုတ်ဘူး၊ မဲင်တယ်လ်ပရော်ဘလဲမ်မ်ရှိတဲ့ မိန်းကလေးတစ်ယောက်ပါ"

"ဗျာ ... ဂေါက်နေတာလား"

"ဂေါက်နေတယ် ပြောရလောက်အောင် သိသိသာသာ မဟုတ်သော်လည်း သူ့စိတ်ဟာ ကျန်းမာရေးချို့တဲ့နေပါတယ်၊ မှုမှန် မဟုတ်ပါဘူး၊ တစ်ခါတစ်ရံတော့ သူ့အပြုအမူတွေက ဘယ်လိုပါလိမ့်လို့ ဖြစ်စရာ ဖြစ်တယ်၊ တစ်ခါတလေလည်း မသိသာဘူး၊ ဘာပဲဖြစ်ဖြစ် မင်းတို့ဘက်မှာ အလေးအနက် အကြောင်းပြချက် မရှိဘဲနဲ့တော့ သူ့ကို မပတ်သက်စေချင်ဘူး၊ မင်းတို့ရဲ့ ခင်မင်ပတ်သက်မှုက ရိုးရိုးပေမဲ့ သူ့စိတ်ကို အနှောင့်အယှက် သွားဖြစ်စေတယ် ...





မင်းတို့က ထင်ကောင်း ထင်မယ်၊ ဒီကောင်မလေး ခပ်ကဲကဲ ခပ်လွယ်လွယ်လို့၊ ဒါကြောင့်လည်း အိမ်ရှာပြီး လိုက်လာပြီး ဒီလိုပြုမူတာပဲ၊ သူဟာ ကဲနေ လွယ်နေတာ မဟုတ်ဘူး၊ ရောဂါရှိနေတာ၊ အဲဒီတော့ မင်းတို့ကို မိန်းကလေးတစ်ယောက်ရဲ့ အစ်မအနေနဲ့ တို့ တောင်းပန်ပါတယ်၊ မဲန်းတဲလီး ချွတ်ယွင်းချက် ရှိနေတဲ့ မိန်းကလေးတစ်ယောက်ကို တစ်သက်လုံး ကြင်ကြင်နာနာ တာဝန်ယူ စိတ် မမွေးနိုင်ဘဲနဲ့ အပေါ်ယံရှုပ်ပြီး လာမလှုပ်ခတ်ပါနဲ့"

"ဟို ... ကျွန်တော်တို့ကလည်း တွေ့တာ တစ်ပတ်ပဲရှိသေးတာပါ၊ ဟိုလေ ... ခင်လို့ ပျော်လို့ လုပ်မိတာပါ၊ သူကလည်း ဈေးရောင်းပွဲမှာ တွေ့ကတည်းက လူရင်းကြီးတွေလို ပြောဆိုပြီး ဖုန်းနံပါတ်တွေ ဘာတွေ သူပဲပေးတာပါ၊ ကျွန်တော်တို့တောင် စ,မတောင်းလိုက်ရပါဘူး၊ ကျွန်တော်တို့က ဘေးကလိုက်ပြီး နာမည်မေးမိတာလောက်တော့ ရှိပါတယ်၊ အဲဒီထက်လည်း ပိုမနှောင့်ယှက်ခဲ့ပါဘူး၊ ဗိုက် ... ရည်းစားစကားလည်း မပြောခဲ့ရပါဘူး၊ သူ့ အဲပဲ

www.burmeseclassic.com



ကားပြောတာ အစ်မ၊ ဟိုဟာ ... လုတာဆိုတာလောက်ပဲ ပြောမိတာပါ"

"သဘောပေါက်ပါတယ်၊ အဲဒါဆိုရင် အစ်မရဲ့ မေတ္တာ ရပ်ခံချက်ကို အလေးအနက် ထားပေးပါ၊ တစ်သက်လုံး အတွက် မဟုတ်ဘဲနဲ့တော့ ဖုန်းလည်း ဆက်မနေပါနဲ့တော့"

"ဟုတ်ကဲ့ ... စိတ်ချပါ၊ နားလည်ပါပြီ၊ ကျွန်တော်တို့ မနှောင့်ယှက်တော့ပါဘူး၊ အခုကလည်း သက်သက်မဲ့ ပျော်လို့ စ,တာပါ"

ကောင်ကလေးတွေဟာ ဈေးရောင်းပွဲမှာ တွေ့က တည်းကတော့ ဂျူဂျူးရဲ့ သာမန်မဟုတ်သော ရဲတင်းမှုကို တွေ့ ခဲ့ကြမှာပင်။ သတိပြုမိကြမှာပင်။ ဒါကြောင့်လည်း နုလို လာလုပ် ရဲတာ နေမှာ။ ခုလို သိရတော့ ပြဿနာမရှာဘဲ အေးအေးဆေး ဆေး ဖြစ်လိုက်ကြပုံ ပေါ်သည်။

"ကျွန်တော်တို့ သွားတော့မယ် အစ်မ"

"ကောင်းပါပြီ"

ကားပေါ် ဝရန်းသုန်းကား ပြန်တက်ကြကာ မောင်း ထွက်သွားကြပါတော့သည်။ တကယ်တော့ ကိုယ့်ညီမရဲ့ ချစ်ယွင်း





ချက်ကို မေဓါလည်း ပြောချင်တယ် ဘယ်ရှိပါ့မလဲ။ ဒါပေမဲ့ တွေ့လေရာ ယောကျ်ားတိုင်းဟာ သူ့ကိုမြင်ရင် ချစ်ကြတယ် ကြိုက်ကြတယ် လိုက်ကြတယ် ရူးကြတယ် ဆိုတဲ့ လွှဲမှားနေတဲ့ ထင်တစ်လုံးနှင့် တစစ ပိုပြီးရဲရဲတင်းတင်း လုပ်ချင်ရာလုပ်ဝံ့လာ တဲ့ ဂျူဂျူး ဘက်ကို ကိုယ်က ကြမ်းကြမ်းတမ်းတမ်း ကိုင်တွယ် လို့ မရနိုင်လေတော့ တစ်ဖက်ကိုပဲ တားဆီးကာကွယ်ရတဲ့ သဘောပင်။

မေဓါသည် အိပ်ရာထ,ထ,ချင်း ခေါင်းနောက်လိုက် ရ၍ အိမ်ပေါ်ကို နေးတုံ့တုံ့ လေးတွဲ့တွဲ့ ပြန်တက်လာခဲ့ပါသည်။ ညှော်ခန်းထဲမှာ ဆိုဖာပေါ် ခြေထောက်တင် ဒူးထောင်ကာ ထိုင်နေ သော ဂျူဂျူးက ...

"ဟိုကောင်လေး ပြန်သွားပြီလား"

"အင်း ... ပြန်သွားပြီ"

"အလကား ... ကြောက် အခြောက်၊ မိန်းကလေးတစ် ယောက်ကို ချစ်တော့ ချစ်ချင်ပြီး သတ္တိတော့ မရှိဘူး"

"ချစ်တယ်ရယ် မဟုတ်ပါဘူး ဂျူဂျူးရယ်၊ ဒီလိုပဲ လူငယ် ရွယ်တူချင်းဆိုတော့ ခင်တာ မင်တာလောက် နေမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"အာ ... သူ ဂျူဂျူးကို မြင်မြင်ချင်း တအားကို ကြွေတာ၊ မမလည်း မပါပဲနဲ့၊ ဘာမှ မသိပဲနဲ့၊ နောက်က တစ်ချိန်လုံး ပါလာတာ၊ တကပ်ကပ်ပဲ"

ဒါတော့ ဒီလိုပွဲမျိုးကို အဖော်မပါ ဘာမပါ တစ်ယောက်တည်း လာတာမှန်း သိတာကိုး။ မိန်းကလေးငယ်ငယ် တစ်ယောက်တည်း ခပ်ရဲရဲဆိုတော့ သွေးတိုးစမ်းကြည့်ချင်တာယောကျ်ားတွေရဲ့ ထုံးစံပဲပေါ့ ... လို့ မေခါက စိတ်ထဲကပဲ တွေးမိသည်။

"သိပ်လှတာပဲ၊ သိပ်မိုက်တာပဲနဲ့ တစ်ချိန်လုံး တတွတ်တွတ် လိုက်ပြောနေတာ၊ ဟိုဆိုင်ဝင်လည်းပါ၊ ဒီဆိုင်ဝင်လည်းပါ၊ သူ တအားကြွေနေတာ၊ မြင်မြင်ချင်း ခိုက်တာ ဂျူဂျူး မသိဘဲ နေပါ့မလား"

"ဂျူဂျူးရယ် ... ယောကျ်ားလေးတွေ ဆိုတာ"

"ဟာ ... မပြောပါနဲ့၊ မမကလည်း တစ်မျိုးပဲ၊ ဂျူဂျူးကိုးတန်း ဆယ်တန်းတုန်းက သူငယ်ချင်း ဝင်းလှဲ့ ဆိုတာ ကျနေတာပဲ၊ အဲဒီ ဝင်းလှဲ့ ဆိုရင် ဂျူဂျူးကို အရမ်းမနာလိုတာ၊ သူ့ကိုမကြိုက်ပဲ ကောင်လေးတွေက ဂျူဂျူးကိုချည်းပဲ ဝိုင်းကြိုက်ကြ လိုက်ကြ ပတ်ချာလည် ဝိုင်းနေတော့ လုံးဝ ကျေ၀င်နေတာပေါ့ ...





အဲဒါ သူက ဂျူဂျူးကို သွားပုပ်လေလွင့် ပြောသေးတယ်၊ ဂျူဂျူးက နန့်လို့ ရွလို့ ကဲလို့ ယောကျ်ားလေးတွေက ကပ်ရဲတာတဲ့၊ ဂျူဂျူးကို လိုက်တဲ့ကောင်တွေဟာ တစ်ယောက်မှ ဂျူဂျူးကို မေတ္တာစစ်နဲ့ တကယ်ချစ်တာ မပါဘူးတဲ့၊ အလွယ်ရလို့တဲ့၊ ကဲလေ ... သူ အကြိုက်မခံရတာနဲ့ပဲ ဘယ်လောက် စိတ်ထားပုပ်လဲ ဆိုတာ"

မေခါသည် စကားတွေအတွက် နားထဲလည်းရှက်း၊ ဂျူဂျူးကို သနားကြင်နာစိတ်နဲ့လည်း ဝမ်းနည်းလာကာ မျက်ရည်ပင် လည်ချင်လာသည်။ သူ့ညီမလေးဟာ ဘယ်လိုဝဋ်ကြွေးပါလိမ့်။ စိတ်ရဲ့ကျန်းမာရေး အခြေအနေသာ ပြည့်စုံရင် မိန်းကလေးတစ်ယောက်ဟာ ဤစကားမျိုးတွေ ပြောဖို့ ရှက်ရကောင်းမှန်း သိမှာပင်။

ခုတော့ သူ့ခမျာ လှုပ်အလယ်လည်း ဒါမျိုးတွေ ပြောမိမှာ။ သူ့စကားတွေ အတွက်လည်း သူ့စိတ်ထဲ ဘယ်သို့ မရှိ။ မေခါသာ စိတ်တွေဆင်းရဲ ထိခိုက်နေပါသည်။

✳◆✳



www.burmeseclassic.com

www.burmeseclassic.com



# ၈

ဂျူဂျူးသည် တစ်ယောက်တည်းနှင့် နို့အေးသုံးခွက် တစ်ပြိုင်နက်မှာကာ စားပွဲဆီ ဗန်းနှင့်သယ်လာပြီး အေးအေးဆေး ဆေး ထိုင်သည်။ ကျေဒိုးနတ်ဆိုင်ထဲက တခြားစားပွဲတွေက ဂျူဂျူးကို တအံ့တသြ ပြုံးစိစိ ကြည့်ကြသည်။ ကောင် လေးငယ်ငယ် တစ်ယောက်တည်းနဲ့ ရှေ့မှာ နို့ကသုံးဖန်ခွက် ဒီတော့ ပြုံးချင်စရာ။

လူတွေ အဲသလို ကြည့်တာ ပြုံးတာ စိတ်ဝင်တ ရှိတာတွေကို ဂျူဂျူးက နှစ်သက်သည်။ ယုတ်စွအဆုံး လော သလို ကြည့်ပစေဦး ကိုယ့်ကိုကြည့်ရင် အာရုံစိုက်ရင် ကြိုက်



ချည်းပင်။ ထို့ကြောင့်လည်း သူမရဲ့ ဆံပင်ပုံစံ၊ ဆံပင်အရောင်၊ ဝတ်စားဆင်ယင်ပုံတို့ဟာ သူတကာထက် ထူးထူးကဲကဲ စူးစူး ရဲရဲ ပြူးပြူးပြဲပြဲ ဖြစ်အောင်ကို အမြဲတိထွင် ဆင်ယင်ထား သည်။

ဂျူဂျူး ခုတလော စိတ်မကြည်လင်။ စိတ်မကျေ နပ်။ အားလုံးကို မကျေနပ်နိုင်အောင် ဖြစ်နေသည်။ ထိပ်ဆုံးက မမကို မကျေနပ်။ သူ့မျက်နှာ မြင်လိုက်တာနဲ့ကို တစ်ခုခုအရွဲ့ တိုက် လုပ်ပစ်ချင်သည်။

နဖူးဆံစပ်မှ ခြေဖျားအဆုံး ငေးမောပင့်သက်ဖြာရ အောင် လှပသော မမရဲ့ ရုပ်ဆင်းရူပကာကိုတော့ အားလုံးထဲမှာ နံပါတ်တစ် မကျေနပ်ဆုံးပင်။ သူ့ကိုယ်သူလည်း လှလှပြီထင်နေ တဲ့ပုံ။ သူက လှပြီးသားမို့ မပြင်ဆင်ပါဘူးပေါ့လေ။ ဂျူဂျူး ချက်ခွံပေါ် အပြာရောင်တင်ပြီး မျက်တောင်တွေပါ အပြာရောင် ဆိုးလျှင်၊ ပခုံးသား လည်ပင်းသားတွေမှာ ငွေခြည်မှုန်တွေလက် လက်ကြဲ သုတ်လိမ်းလျှင်၊ မည်းတူးတူးဖြစ်လုအောင် ပုပ်တဲ့ နီညိုနှုတ်ခမ်းနီကို စိုရွှဲရွှဲဆိုးလျှင်၊ သူက အကြွားကြီးအိုကလေးလို ညည်းတွားဆုံးမသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ သူ ပြင်ဆင်ချင်ပါလျက် မပြင်ဆင်ရဲ အလှအပမျိုးကို ဂျူဂျူး ပြင်ဆင်ရဲပြီး ပေါ်လွင်လင်းလက်နေတာ ကို မနာလိုလို့ပဲပေါ့။ သူပဲ ပိုလှချင်နေတာ။ ခုတလော အိမ် ဖုန်းတွေလာရင်လည်း ဂျူဂျူးနှင့် တန်းတူ သူက ပြေးလွှား ကိုင်တာ။ ဂျူဂျူးဆီဆက်တဲ့ ကောင်ကလေးတွေနဲ့ သူလည်းအ ဖြစ်၏ နည်းလားဆိုပြီးတော့လေ။

ကြားကနေ သူ ဖြတ်ဖြတ် အိနေတာနဲ့ပဲ ခုတလော ဂျူဂျူးထံ ဖုန်းတွေလည်း အလာနည်းပြီး လာဘ်တိတ်နေပြ ဂျူဂျူးကစပြီး လှမ်းဆက်လိုက်တာကိုပင် သကောင့်သားတို့က အီးအဲ ဂီးဂဲနှင့် အပြင်ထွက်ခါနီးလို့ မအားလို့ ချိန်းသည်ရှိလို့ ဆိုပြီး ရှောင်ချင်ကြတာက တစ်မျိုး၊ တစ်ခါတလေ မရှိဘူးလို့ တောင်မှ လိမ်နိုင်းကြတဲ့ အဆင့်တွေ ဖြစ်ကုန်သည်။

မမဟာ သူမို့ ဖုန်းပြောရင် ဝ ါတိုး တိုးတိုး ဂျူဂျူး လက်ဦးပြီး ဖုန်းကိုင်မိပြီ ပြောနေပြီ ဆိုရင်တော့ ဘယ်က ဖြတ်လျှောက်လိုက်၊ ညာက ဖြတ်လျှောက်လိုက်၊ လက်ယာရှ ပတ်လိုက်၊ လက်ဝဲရစ်ပတ်လိုက်၊ ဘာတွေပြောမလဲ ချောင်းမှာ ထောင်ချင်သည်။





ဂျူဂျူးထံ ဖုန်းလာတွေ ကျဲကုန်တာ၊ ကောင်လေး တွေ ရှဲကုန်တာ သူ့လက်ချက်မှ သူ့လက်ချက်အစစ်။ ကျောင်း နှန်းက ဝင်းလှဲ အတိုင်း မနာလိုခြင်းကြီးစွာ ဖြစ်နေတာ။ ဂျူဂျူးမှာရှိတဲ့ လက်စ ဓာတ်လမ်းလေးတွေ ပျက်စီးပြတ်တောက် ကုန်လို့ ဓာတ်လမ်းသစ်တို့ ရှာဖွေဖန်တီးရတာ ခေါင်းတောင် ကိုက်ချင်လာပြီ။

လက်ညှိုးတွေ့ရာ ဖုန်းနံပါတ်တစ်ခုကို ကောက်ပြီး ဘာသာ လျှောက်နှိပ်လိုက်၊ တစ်ဖက်က ယောကျ်ားငယ်ငယ်သံ ရင် စကားရှာကြံ လုပ်ကြံပြောပြီး မိတ်ဆွေသစ် ရှာရတာပေါ့။ တွားကြီးသံ အဘိုးကြီးသံ မိန်းမသံ လာကိုင်ရင်တော့ ဖုန်းကို ချစ်ပေါ့။ ဖုန်းထဲမှာ ချိုဆိမ့်လှတယ်ဆိုတဲ့ ဂျူဂျူး အသံကြောင့် းသောအားဖြင့်သော ကောင်လေးတွေကလည်း စကားပြန်ပြော ကြတာပါပဲ။

အဲဒီထဲကမှ တစ်ရက်ပြီးတစ်ရက် ပိုရင်းနှီးလာတဲ့ သူတွေနဲ့ အပြင်တစ်နေရာကို ဘာဝတ်လာမယ် ချိန်းပြီး ဆုံတွေ့။ ခြိမ်းတာနဲ့ တလွဲဝတ်ဆင်လာတဲ့ ဂျူဂျူးက ထိုင်စောင့်နေတဲ့သူ တီးလှတ ဆိုရင် အဲဒီစားပွဲမှာ ဝင်ထိုင်မိတ်ဖွဲ့လိုက်ပြီး ပုံမလှ ရင်တော့ တပ်ခေါက် နောက်ဆုတ် ပြန်သွားလိုက်တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ပွဲလမ်း စတိတ်ရှိုးတွေ မလွှတ်တမ်းနီးပါးလောက် အရောက်သွားတတ်တဲ့ ဂျူဂျူး အတွက် မျက်စိတစ်ဆုံအတွင်းမှာလည်းပဲ မျက်လုံးချင်း စကားပြောဖို့ လူတစ်ယောက်ယောက် အလွယ်တကူ ရှာဖွေတွေ့ပါသည်။ အဲသလို ဂျူဂျူးကို စိတ်ဝင်စားသူတွေ ရှိလာလိုက်၊ မမျှော်လင့်ဘဲ ပျောက်ကွယ်ကုန်လိုက်။

အရင်က,ကြားက ဖျက်လိုဖျက်ဆီးလုပ်မဲ့ မမ မရှိတော့ ကောင်ကလေးတွေဟာ ဂျူဂျူးကို တန်းတန်းစွဲပါရဲ့။ ခုတော့ ဖျက်လိုဖျက်ဆီးသမား ရှိနေတော့ သူ့ဘက်ပဲ ယိမ်းကုန်ကြသလား မသိ၊ ကောင်လေးတွေဟာ ဂျူဂျူးကို မကြာခင် ရှောင်ကြ ဖြတ်ကြသည်။ ယုတ်စွအဆုံး ပျင်းလွန်း အထီးကျန်လွန်းလို့ မိုးမောင်ကို ပြန်ဖုန်းဆက် ဆက်သွယ်တာတောင်မှ ဒီကောင်က ဖုန်းကို ဂွမ်းခနဲ ချသွားပါသည်။

နေပေါ့။

မကျေနပ်တဲ့ အထဲမှာ ကိုမောင်လည်း ပါသည်။ မမကို မကျေနပ်တဲ့အထဲမှာ ကိုမောင်နှင့် ပတ်သက်တဲ့ မကျေနပ်ချက်ကတော့ အပြင်းထန်ဆုံး။ မုန်းတောင် မုန်းတီးရတဲ့ အထိပဲ။ ကိုမောင့်ကိုလည်း သူပဲ အပိုင်စီးထားပြန်တယ်လေ။



ကိုမောင်ကလည်း ဖုန်းကို ဂျူဂျူး ကိုင်မိရင်တောင်မှ ...

"မမေါ ရှိလား ဂျူဂျူး၊ မမေါ့ကို ပေးလိုက်"

အဲသလိုတောင်မှ ဖြစ်နေသည်။ တခြားကောင်တွေနှင့် ပတ်သက်လို့ စိတ်တိုတာအပြင် ဘာမှ သိပ်မခံစားရသော်လည်း ကိုမောင်နှင့် ပတ်သက်လို့တော့ ဂျူဂျူးက ဝမ်းလည်းနည်း ဒေါသလည်းထွက် မျက်ရည်တွေ တိတ်တိတ်ခိုးကျရတဲ့ အထိ ခံစားရသည်။

ဘာကြောင့်လဲဆိုတော့ ဘယ်သူတွေ ဘယ်လိုရှိရှိ ဂျူဂျူးဘဝမှာ ဂျူဂျူး အချစ်မြတ်နိုးရဆုံး ယောကျ်ားက ကိုမောင် ဖြစ်နေလို့ပေါ့။ ကိုမောင်နှင့် ဂျူဂျူးတို့ သားအမိ စသိတော့ ဂျူဂျူး ဆယ်နှစ်ပဲ ရှိသေးသည်။ ကိုမောင်ဟာ မမတို့သားအဖနှင့် စတင်ခင်မင်တာတော့ မှန်သည်။ မမတို့နှင့် ရင်းနှီးခင်မင်ပြီး နှစ်နှစ်ကျော်မှ ဂျူဂျူးတို့ သားအမိနှင့် ခင်မင်ရတာ။

အဲဒီတုန်းက ကိုမောင်က ကျောင်းပြီးစ၊ ဆရာဝန်ဖြစ်စ။ ကိုမောင် လာလျှင် ကိုမောင့် နားကြပ်ကို ဂျူဂျူး ယူတပ်တာ ကိုမောင့် နှလုံးခုန်သံကို စမ်းသပ်နားထောင်ဖူးခဲ့တာကလဲ၊

www.burmeseclassic.com

www.burmeseclassic.com



ပြီး ဂျူဂျူး ရင်ထဲက သံယောဇဉ် ရေသောက်မြစ်တို့ ရှင်သန်နိုင်မှာလာခဲ့တာပေါ့။

ကိုမောင်ဟာ မာမီ့ကိုလည်း ကြင်နာဂရုစိုက်တတ်သည်။ အင်မတန်မှ သဘောကောင်းသည်။ ဂျူဂျူး ငယ်ငယ်တုန်းကလည်း ဂျူဂျူးကို ကိုမောင် ချစ်ခင်လှတာ ဂျူဂျူး ခံစားရပါသည်။ နောက် တဖြည်းဖြည်းနဲ့မှ လွန်ခဲ့တဲ့ တစ်နှစ်ခွဲ နှစ်နှစ်လောက်ကမှစပြီး ကိုမောင် ဂျူဂျူးကို နည်းနည်းစိမ်းသွားချင်ခဲ့တာ။

ကိုမောင့် လည်ပင်းကို လက်နှစ်ဖက်နှင့် ယီးလေးခိုတွဲချင်တာကို ခပ်ကြမ်းကြမ်း ခပ်တင်းတင်းလေး တားဆီးတတ်လာတာ။ ဂျူဂျူးကတော့ ချစ်ရလို့ပါ။ ဂျူဂျူး အဖို့ ကိုမောင်ဟာ တခြားယောကျ်ားလေးတွေနဲ့ လုံးဝမတူတဲ့ ထူးမြတ်လေးနက်တဲ့သူ တစ်ယောက်ပါ။ ခုတော့ မာမီ ဆုံးပြီးတဲ့နောက်က စ,ပြီး ကိုမောင့်ကို မတွေ့ရတော့။ ကိုမောင်က ဂျူဂျူးထံ မလာတော့။

တွေ့ချင်လွန်းလို့ ကိုမောင့် အိမ်ကို ဂျူဂျူး လိုက်ချသွားခဲ့တဲ့ နှစ်ကြိမ်ပဲ ကိုမောင်နဲ့ တွေ့ခွင့်ရခဲ့ပါသည်။ ကိုမောင်က အလုပ်သွားရမှာမို့ ကြာကြာမနေရဘူး ပြန်ဆိုတော့ ဂျူဂျူး



ပြန်ခဲ့ရတာပင်။ ကိုမောင့်ကိုတော့ ဂျူဂျူးက ကလန်ကဆန်မှ မလုပ်ချင်ပဲ။

ကိုမောင့်ထံ ဖုန်းဆက်ဖြစ်တိုင်းလည်း ခဏတဖြုတ်ပဲ စကားပြောခွင့် ရပါသည်။ ကိုမောင်က ဟိုးအရင်ကလိုကို မဟုတ်ဘဲ စိမ်းကို စိမ်းသွားခဲ့တာ။ အဲသလို စိမ်းသွားရတဲ့ အကြောင်းရင်းကို ရှာကြည့်တော့ ... လက်စသတ်တော့ သူပဲလေ ... မမပဲ။ ဘယ်လိုပညာတွေ သုံးသလဲတော့ မသိ။ ကိုမောင့်ဆီက ဖုန်းလာရင် ဂျူဂျူးနဲ့ စကားပြောချင်တယ်မှ မရှိတော့ပဲ။

ဒီက အတင်းဝင်လုပြီး မရမက စကားရပ်ပြောမှ တစ်ခွန်း နှစ်ခွန်း ပြောခွင့်ရပြီး ဒီလိုမှ မဟုတ်ရင်တော့ မမနဲ့ စကားပြောပြီးတာနဲ့ပဲ ပြီးသွားတာ။ ခုတော့ အဲဒီ မမမေခါကို ဂျူဂျူး မုန်းမုန်းလာပြီ။ အတော်ကို မုန်းတီးလာပြီ။

အခုလည်း ဂျန်ရှင်အိတ်နှင့် မဝေးလှတဲ့ ကိုမောင့် အိမ်ကို ဂျူဂျူး လာခဲ့တာ။ ကိုမောင်ဟာ ရုံဖန်ရံခါ ထမင်းကို နေ့လယ်ဘက် အိမ်ပြန်ဝင်စားတတ်သည်။ အဲဒီအချိန်နဲ့များ ကြုံရမလားလို့ပါ။ ဂျူဂျူး သဘောကောင်းတဲ့ ကိုမောင့် မေမေနဲ့ပဲ တွေ့ခဲ့ရပါသည်။ ကိုမောင့် မေမေနဲ့ စကားပြောရင်း စကား

www.burmeseclassic.com

www.burmeseclassic.com



ထဲကနေ မမနဲ့ ကိုမောင် ခုတလော အပြင်မှာလည်း တွေ့ဖြစ်ဆုံဖြစ်ကြတယ်ဆိုတာ ဆက်စပ်ပြီး သိလာခဲ့ရတာ။

"ဟေး ... ဂျူဂျူး"

ဂျူဂျူးကို ဂျေဒိုးနတ်ဆိုင်ထဲမှာ တစ်ယောက်တည်း လှမ်းတွေ့လိုက်ရတဲ့ ယောမင်းက လှမ်းနှုတ်ဆက်လိုက်တာဖြစ်သည်။ သို့က ဂျွန်ရှင်အိတ် အပေါ်ထပ်တွေမှာနေသည့် ဗိသုကာ တစ်ယောက်ထံ လာတာ။ သူနှင့်တွေ့ အလုပ်ကိစ္စ ပြောစရာရှိတာ ပြောဆိုပြီးတဲ့နောက် အိမ်အပြန်မှာ အိမ်ကမိသားစုအတွက် မုန့်ဝယ်သွားတတ်တဲ့ အကျင့်ရှိတဲ့ မောင်နှမတွေပီပီ ဒီဂျွန်ရှင်အိတ် ကဲ့ဝင်ပြီး Season ဆိုင်ကဖြစ်ဖြစ်၊ ဂျေဒိုးနတ်ကဖြစ်ဖြစ် မုန့်ဝယ်မယ်လို့ ရည်ရွယ်ပြီး ဝင်ခဲ့တာပါ။

ဂျေဒိုးနတ်ဆိုင်ရဲ့ အပြင်ဘက်ကနေ ဆိုင်ထဲကို လှမ်းအမြင်မှာ ဆံပင်ကြောင်ကြောင်ကျားကျား အကျီကြောင်ကြောင်ကျားကျားနှင့် ဂျူဂျူးကို တန်းခနဲကို မြင်လိုက်တာ။ ဒါကြောင့် ဆိုင်ထဲ လှမ်းဝင်လာခဲ့တာပင်။

ဂျူဂျူး တစ်ယောက်တည်း ထိုင်နေတဲ့ စားပွဲမှာ ဝင်ထိုင်ချလိုက်ရင်း ...





"တစ်ယောက်တည်းပါလား"

ဂျူဂျူးက မမကို မုန်းလက်စနှင့် မမ မိတ်ဆွေဆိုတဲ့ လူကိုပါ တစ်ဆက်တည်း စိတ်ကောက်ချင်သလို မျက်နှာကို တည်ထားရင်းပဲ ခေါင်းညိတ်သည်။ ဒီလူချောလူဖြောင့်ကိုလည်း သူ့ရုပ်ရည် ရူပကာကြောင့်သာ မြင်မြင်ဖူးချင်း စိတ်ဝင်စားသယောင်ယောင် ဖြစ်လိုက်တာ။ မမရဲ့ မိတ်ဆွေလို့ သိရတော့ ဖီလင်မလာတော့။

"ဘယ်လို ဖြစ်တာလဲ၊ မျက်နှာကြီးက ပုပ်လို့ပါလား"

"ဟုတ်တယ်"

"မေဓါရော၊ မပါဘူးလား"

"အာ ... ပါစရာလား ကိုယောမင်းရာ၊ အပိုတွေ လာမေးနေပြန်ပြီ၊ ဘယ်တုန်းက သူနဲ့တူတူ သွားလို့လဲ"

ယောမင်းက ဂျစ်ကန်ကန် လုပ်နေတဲ့ ဂျူဂျူးကို ပြုံးရယ်ရင်း ...

"ခင်ဗျားတို့က ညီအစ်မပဲလေ"

"ဒါပေမဲ့ သူနဲ့ မသွားပါဘူး၊ သူနဲ့တူတူ အပြင်သွားမဲ့ အစားတော့ မီးသွေးမီးဖိုကြီးတစ်လုံး မိုက်ပြီးတော့ပဲ သွားလိုက်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ယောမင်းက တဟားဟား ရယ်လိုက်မိပါသည်။

"ကြည့်ပါဦး၊ လူကဲ ဘယ်သူတွေ လာဦးမှာမို့ နို့အေးက သုံးဖန်ခွက် ဖြစ်နေရတာလဲ"

"ဂျူဂျူး တစ်ယောက်တည်း သုံးခွက်ကုန်လို့ မှာထားတာပေါ့၊ ကိုယ်ကြိုက်လို့ ကိုယ်သောက်တာ"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့၊ သောက်ပါ ... သောက်ပါ၊ ဂျန်ရှင်အိတ်ကို နို့အေးသောက်ဖို့သက်သက် လာတာလား"

"ဟင့်အင်း ... မဟုတ်ပါဘူး"

ယောမင်းက ဂျူဂျူး မျက်နှာမကောင်းတာကို အကဲခတ်နေပါသည်။ ဒီညီအစ်မမှာ အစ်မလုပ်တဲ့သူကလည်း ညီမအတွက် လိုအပ်တာထက်ပိုပြီး Serious တွေ ဖြစ်နေတယ်လို့သာ ယောမင်းက မြင်သည်။ ညီမဖြစ်သူကလည်း အစ်မအပေါ် ကြည်ကြည်လင်လင်ရယ်လို့ မရှိ။ နောက်ကြောင်း နောက်ခံတွေထဲမှာ ယောမင်း မသိတဲ့ ဉာဏ်မမီတဲ့ အချက်ကလေးတွေ ရှိကို ရှိနေဦးမည်လို့တော့ ထင်မိပါသည်။

"ဂျူဂျူး ဘယ်လာတာလဲ"

"ဒီနားမှာ ကိုမောင့်အိမ် ရှိတယ်"





"ကိုမောင် ! ...၊ ဪ ... အဲဒီကို လာတာလား"

"ဟုတ်တယ်"

"တွေ့ခဲ့လား၊ ဒီအချိန် ရှိပါ့မလား"

"တစ်ခါတစ်ခါ ကိုမောင်က နေ့လယ် ထမင်းပြန်စားတတ်လို့ ဒီနေ့များ ပြန်စားမလားလို့ပါ၊ ဒါပေမဲ့ မတွေ့ခဲ့ပါဘူး"

"ဂျူဂျူးတို့ ညီအစ်မ နှစ်ယောက်စလုံးက ကိုမောင့်ကို အတော်ခင်ကြတာပဲနော်"

"ဂျူဂျူးက ချစ်ကိုချစ်တာ"

ပွင့်လင်းလှတဲ့ ဂျူဂျူး စကားကြောင့် ယောမင်းက ခေါင်းတညိတ်ညိတ် ဖြစ်သွားရပါသည်။

"ဒါပေမဲ့ အခုတော့ ကိုမောင်က ဂျူဂျူး ချစ်ရသလို မချစ်တော့ပါဘူး"

တကယ်ပင် မျက်ရည်လည်လာသလိုရှိတဲ့ ဂျူဂျူးကြောင့် ယောမင်းက တအံ့တသြ ဖြစ်ရသည်။ ဂျူဂျူး ကြည့်ရတာ တကယ်ကို ခံစားနာကျင်နေရတဲ့ရုပ် ဖြစ်သည်။

"ဘာဖြစ်လို့လဲ သိလား"

"ကိုယ် ဘယ်သိမလဲ ဂျူဂျူးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မမကြောင့်ပေါ့၊ ကိုယောမင်းရဲ့ မိတ်ဆွေကြီး ဒေါ်မေ
ကြောင့်ပေါ့"

"ဘာဖြစ်လို့လဲ ဂျူဂျူး"

ယောမင်းက စိတ်အနှောင့်အယှက် ဖြစ်သွားရကာ
မေးမိသည်။

"ဘာဖြစ်ရမလဲ၊ မမက ကိုမောင့်ကို ဂျူဂျူး လက်ထ
လုံယူလိုက်ပြီလေ"

ယောမင်းက မျက်နှာပျက်ပျက်နှင့် ...

"အာ ... မဟုတ်သေးဘူး ထင်ပါတယ်"

"ဟာ ... ရှင်က ဘာသိလို့လဲ၊ ဘာမှလဲ မသိပဲနဲ့"

"သိပါတယ်၊ ကိုယ်ကမေ့ခါချစ်သူပါ၊ မင်းအစ်မရဲ့ချစ်သူပါ"

ဂျူဂျူးက မျက်ခုံးမြင့်တက်ရင်း ...

"ဒါဖြင့် ရှင် စိတ်ပူပေတော့၊ ရှင် သိထားဖို့က ချစ်သူ
ဆိုတာဟာ အလကားပါ၊ တစ်ယောက်ကို တစ်ယောက်
ချစ်တယ်လို့ ပြောထားတာကလွဲရင် ဘာများနိုင်မှာတဲ့
ပတ်သက်မှု ရှိတာမို့လို့လဲ"

"နေစမ်းပါဦး ဂျူဂျူးရယ်၊ ကိုယ့်အစ်မကိုတော့ ကိုယ်ထင်
ရာမြင်ရာ မစွပ်စွဲသင့်ဘူးလေ"





"ဂျူဂျူး စွပ်စွဲနေတာ မဟုတ်ဘူး၊ ခံနေရတာ၊ ခံစားနေ
ရတာ၊ ရှင်ပြောတဲ့ ချစ်သူတွေ ရည်းစားတွေ ဂျူဂျူးလည်း
ထားဖူးတာပဲ၊ ဒါတွေက အလကားပါ၊ ဂျူဂျူးရင်ထဲမှာ
တစ်သက်လုံး ချစ်မြတ်နိုးခဲ့တာ ကိုမောင်၊ ငယ်ငယ်လေး
ကတည်းက ဂျူဂျူးရဲ့ နှလုံးသားက ကိုမောင်ပဲ၊ ကြာလှ
ပြီ၊ အခုတော့ ဂျူဂျူး အသည်းနှလုံးကို မမက လုယူနေ
ပြီ ... သိရဲ့လား"

"ဘယ်လို လုယူနေလဲ"

"ကိုမောင့်ကို သူပဲ ဆက်သွယ်မယ်၊ ဂျူဂျူး မဆက်သွယ်
ရဘူး၊ ကိုမောင့်ဆီကို သူကျတော့ သွားတယ်၊ ဂျူဂျူး
သွားရင် မတွေ့ရအောင် ကြံဖန်ထားတယ်၊ သူကျတော့
ကိုမောင်နဲ့ ဖုန်းပြောတယ်၊ ဂျူဂျူးကျတော့ ပြောခွင့်မပြု
ဘူး၊ ကိုမောင့်ဆီက ဖုန်းလာရင်လည်း သူပဲပြောတယ်၊
ဂျူဂျူး မပြောရဘူး"

"သူက ဒီလိုလုပ်ထားတယ်ပဲ ထားပါဦး၊ မင်း ကိုမောင်
ကသာ ဆန္ဒရှိရင် သူ ဒီလိုလုပ်လို့ ရမလား၊ ကိုမောင်က
မင်းနဲ့တွေ့ချင် စကားပြောချင်ရက်သားနဲ့ သူက ကြားကာ
ချုပ်ကိုင်ထားလို့ ရမလား"



www.burmeseclassic.com

www.burmeseclassic.com



"ရလို့ တဖြည်းဖြည်း ခုလိုဖြစ်လာတာပေါ့၊ ကိုမောင့်ကို ကလေးတစ်ယောက်လို သူက ချုပ်ကိုင်ရင်တော့ ကိုမောင် က ဘယ်လိုက်နာမလဲ၊ ဒါပေမဲ့ သူ့ရဲ့သိမ်းသွင်းဆွဲဆောင် မှုတွေနောက်ကို အချိန်ကြာလာတော့ ကိုမောင်က ကျဆုံး လိုက်ပါနေရပြီ၊ တဖြည်းဖြည်းနဲ့ ကိုမောင့် စိတ်ဝင်စားမှု ကိုမောင့်အချစ်တွေက သူ့ဘက်ကို ရောက်ရောက်သွားပြီ ဂျူဂျူးကို ခုတုံးလုပ်ပြီး ဂျူဂျူး ကောင်းရာကောင်းကြောင်း ရှေ့ရေးတွေကို ဆွေးနွေးသလိုလို တိုင်ပင်သလိုလိုနဲ့ အကြောင်းမရှိ အကြောင်းရှာပြီး ကိုမောင့်ဆီ သွားတွေ့ လိုက် ဖုန်းဆက်လိုက် ...

မမ ဘယ်လောက်လှလဲ ရှင် အမြင်ပဲလေ ကိုယော မင်းရဲ့၊ ဘယ်လိုလူက ကြာကြာတောင့်ခံထားနိုင်မှာလဲ ကိုမောင်လည်း အရည်ပျော်ကျပြီပေါ့၊ အခုဆိုရင် ကိုမောင် က ဂျူဂျူးကို အရင်လို လာလည်းမတွေ့တော့ဘူး၊ စကား လည်း မပြောတော့ဘူး၊ ပတ်လည်း မပတ်သက်ချင်တော့ ဘူး"

နှမ်းလျှညှိုးငယ်နေတဲ့ ဂျူဂျူး မျက်နှာလေးကို ယောမင်းက စိုက်ကြည့်နေမိသည်။ ဒါဟာ ဟန်လုပ်နေတဲ့ရုပ်





မဟုတ်။ တကယ်ခံစားနေရတဲ့ရုပ်။ တကယ်ဝမ်းနည်းနေတဲ့သူ တစ်ယောက်ရဲ့မျက်နှာ။

"ပထမတော့ ဂျူဂျူး နေမကောင်းဘူးဆိုပြီး ကိုမောင့်ကို အကူညီ အကြံဉာဏ်တောင်းသလိုလိုနဲ့ ဆက်သွယ်နေတာ ပဲ၊ အကြောင်းပြချက်က နားထောင်လို့ သင့်တော်တယ် လေ၊ ဒါပေမဲ့ တကယ်တမ်းက ဂျူဂျူး ဘာမှမဖြစ်ဘူး၊ နေကောင်းတယ်၊ ကျန်းမာတယ် ဆိုတာ ဂျူဂျူး ကိုယ်တိုင် အသိဆုံးပဲ"

ယောမင်းသည် မျက်ခုံးတွန့်တွန့်နှင့် စိတ်တွေရှုပ် ညစ်လာသော်လည်း ...

"အဲသလိုလုပ်ရင် မေမေါက သူ့အတွက် ဘာအကျိုးရှိမှာ မို့လဲ ဂျူဂျူးရယ်၊ အစ်မကို အထင်မလွဲပါနဲ့၊ သူ့မှာ သူ့ ချစ်သူ ကိုယ်တစ်ယောက်လုံး ရှိတာပဲ၊ ကိုယ့်ကို လက်ခံ ရမယ်လို့လည်း ဘယ်သူကမှ သူ့ကို ရိုက်နှက်တိုက်တွန်း တာ မဟုတ်ဘူးလေ၊ သူ့သဘောဆန္ဒနဲ့သူ ကိုယ့်ကိုရွေး ချယ်ထားတာပါ၊ အဲဒီလို စဉ်းစားကြည့်ပါဦး"

"ဒါဖြင့် ကိုယောမင်းလည်း ဒီလို စဉ်းစားကြည့်ပါဦး၊ ကိုမောင့်ကို မမရော ဂျူဂျူးရော ကလေးဘဝကတည်းက



www.burmeseclassic.com

www.burmeseclassic.com



စပြီး ကျွမ်းဝင်လာကြတာ၊ သံယောဇဉ် သိပ်ကြီးတာ ကိုမောင်က ဂျူဂျူးမာမီ ကျန်းမာရေးကို စောင့်ရှောက် ရတော့ ဂျူဂျူးတို့ဆီ ပိုဝင်ထွက်ပြီး ဂျူဂျူးကို ပိုချစ် ပိုသံယောဇဉ်ကြီးလာတယ်၊ ဒါကို မမက လုံးဝမကျေနပ် ခဲ့တာ၊ မခံချင်ခဲ့တာ၊ ကိုယောမင်းကို လက်ခံရွေးချယ် ကဏ္ဍကို ထားလိုက်တော့၊ အခု ကိုမောင့်ဆီပဲ တတန်း တန်း သွားပြီး ကိုမောင်နဲ့ပဲ တတွဲတွဲ ဖြစ်နေတာကို ဘယ် လိုပြောမလဲ ... ကဲ ...

ကိုယောမင်း မယုံလည်း နေပေါ့၊ သေချာစောင့် ကြည့်ရင် မသိဘဲ မနေပါဘူး၊ မမဟာ ကိုမောင့်ကို နှစ် ပေါင်းများစွာ တစ်ဖက်သတ်ချစ်ပြီး မျှော်လင့်နေတာ ခုတော့ မာမီဆုံးသွားတော့ ဂျူဂျူးကို သူ့ဆီခေါ်ထားလိုက် ပြီး သူ့မျက်စိအောက်ပဲထားပြီး ကိုမောင်နဲ့ တွေ့ခွင့်မ အောင် လုပ်ထားလိုက်တာလေ၊ သူကကျတော့ အပြင်မှာ သွားသွားတွေ့တယ်၊ အခုတော့ ကိုမောင်ကလည်း ဂျူဂျူး ကို ရှောင်နေပြီ”

ဂျူဂျူးက မျက်ရည်တလည်လည် မျက်နှာအမူ ပျက်နှင့် ဝမ်းပန်းတနည်း ပြောနေပါသည်။ ယောမင်းက မျက်စိ





ကြီးနှစ်ခုတွန့်ကာ သက်ပြင်းကျိတ်ရှိုက်ရင်း ဂျူဂျူး စကားတွေကို ဆခွဲစိတ်ဖြာနေသည်။ သူ့ စတင်ချစ်ရေးဆိုသည်က စ,ပြီး နှစ် ပေါင်းများစွာ သူ့ကို အဖြေမပေးဘဲ စဉ်းစားနေသေးသယောင် ချိန်ဆွဲခဲ့သည့် မေဓါ့ အနေအထားကို ပြန်စဉ်းစားလာမိပါသည်။

ကိုမောင့် အချစ်ကို စောင့်မျှော်နေခဲ့သေးလို့ များ သား။ တကယ်ဆိုတော့ ကိုယ့်ကိုယ်ကိုယ် ပိုတွက်တာ မဟုတ်ဘဲ သဘာဝကျသောစဉ်းစားလျှင် ယောမင်းလို လူတစ်ယောက်ဟာ လောက်ကြီး စဉ်းစားငြင်းဆန်နေရမှဲ့သူ မဟုတ်။ စိတ်မပြတ် သား မရဲတင်းသလို ရှိနေခဲ့သည့် မေဓါ့ ပုံစံကို ပြန်မြင်ယောင် ကာ ရင်ထဲမောကျပ်လာပါသည်။

“ကိုမောင် ဂျူဂျူးကို ရှောင်ဖယ်နေအောင် မဟုတ်က ဟုတ်ကတွေလည်း လုပ်ကြံလုပ်ပတ် ပြောထားမယ်လို့ ထင်တယ်၊ နို့မို့ရင် ကိုမောင် ဂျူဂျူးကို ဘာမှရှောင်စရာ အကြောင်းမရှိဘူး”

မျက်စိရှေ့မှောက်က အချစ်ရူးမလေးကလည်း သူ့ ခုနဲ့သူ တတွတ်တွတ် ရင်ဖွင့်လို့ပဲ မဆုံးတော့ရာ ယောမင်း သည် ကြားရ သိရတာတွေအတွက် စိတ်အနှောင့်အယှက် ဖြစ်ပြီး င်း ဖြစ်ရင်း။ ဂျူဂျူး ပြောတာတွေ ရာနှုန်းပြည့် မှန်တယ် မမှန်



www.burmeseclassic.com

www.burmeseclassic.com



ဘူးတော့ အတပ်မသိနိုင်ပေမဲ့ တချို့ အချက်အလက်တွေ
မှန်မယ်ဆိုတာ ခန့်မှန်းသိနေသည်။

အဓိကတစ်ချက်ကတော့ အခုဆိုရင် ဂျူဂျူး
သုံးတာ နှစ်လကျော် သုံးလရှိပြီ ဖြစ်ပေမဲ့ ခုချိန်ထိတိုင်အော
မေခေါ် စကားတွေထဲမှာ ဂျူဂျူး သိပ်နေမကောင်းလို့ ဂျူဂျူ
စိတ်မချလို့ဆိုတဲ့ စကားက ပါနေကျရှိဆဲပင်။

ဒီဂျူဂျူး ဆိုတဲ့ ကလေးမဟာ တွေ့လိုက်တ
စိတ်မကျေနပ်ခြင်း အလိုဆန္ဒ မပြည့်ဝခြင်းတို့နှင့် စုပုပ်ပုပ်
နေတတ်တာကလွဲပြီး ကျန်းကျန်းမာမာ လန်းလန်းဆန်းဆန်း
ရှိနေတာ မျက်မြင်ကိုယ်တွေ့ပဲ။ ဘယ်နေရာမှ ကြွံလှီချို့တဲ့
စိုပြည် သွက်လက် ကျန်းမာ လန်းဖြာနေတာကိုပဲ အမြဲ
တာ။

ပိန်ကပ်ညှိုးရော်ကာ အအိပ်ပျက် အစားပျက်
မျိုးလည်း လုံးဝမရှိ။ စားလိုက်မှဖြင့် ဆိုရင် ရေခဲမုန့်လည်း
လေးခွက်။ ခုဆိုရင်ပဲ နို့အေးချည်း သုံးခွက်ဆင့်ပြီး တစ်ခွ
တစ်ခွက် သောက်နေလိုက်တာ၊ သုံးခွက်လုံး ပြောင်နေပြီ။
ကိုယ်ထဲမှာ ကိုယ်မမြင်ရနိုင်တဲ့ ကင်ဆာလို ရောဂါကြီးမျိုး
ရင်တော့ မမှန်းဆတတ်ပေမဲ့ ရှိနေပုံလည်း လုံးဝမရပါ။





စိုပြည်သွက်လက် လန်းဆန်းကာ ကိုယ့်ကားကိုယ်
ဘိဝီမောင်းပြီး သွားနိုင် လာနိုင်နေတာ။ သွားနိုင် လည်နိုင်လွန်း
သော အပြစ်ဖြစ်စရာ ရှိရင်ရှိမှာ။ လူမမာ၊ လူနာ၊ ကျန်းမာရေး
တဲ့သူဆိုတဲ့ အဆင်အသွင် လုံးဝမရှိတာ သေချာနေလှသည်ပဲ။

ယောမင်းသည် ခပ်ငြိမ်ငြိမ် စဉ်းစားနေဆဲ ဂျူဂျူး
စ်ယောက်ကတော့ ကျောပိုးအိတ်ထဲမှ Correction Pen ကို
တ်ကာ အထဲက မင်ဖျက်အဖြူရည်တွေနှင့် သူများဆိုင်ရဲ့
လှပပ စားပွဲမျက်နှာပြင်တွေပေါ် စာတွေ ရေးနေသည်။

“ကိုမောင့်ကို လွမ်းတယ်”

“မမကို မုန်းတယ်”

“လူကို အပြစ်ကျူးလွန်မဲ့ ကလေးတစ်ယောက်လို လိုက်
ကြည့်နေတဲ့သူ အရူး”

အတော်ရေးပြီးမှ ယောမင်း မြင်ကာ ဘာတွေပါလိမ့်
ကိုင်းဖတ်ကြည့်ပြီးမှ မျက်လုံးပြူး မျက်ဆန်ပြူးနှင့် ...

“ဟိုတ် ... ဟိုတ် ...၊ ဟာ ... ဒီလိုတွေ လျှောက်မရေး
ရဘူးလေ၊ ပြန်ဖျက်ပစ်စမ်း၊ သူများဆိုင်က စားပွဲအကောင်း
တွေမှာ၊ ကျွတ် ... ဖျက် ... ဖျက် ...”

“ဘာဖြစ်လို့လဲ”



www.burmeseclassic.com

"ဟာ ... ဖြစ်တယ် ... ဖြစ်တယ် ...၊ ဖျက်"

ဂျူဂျူးက ဖန်ခွက်ထဲက ရေခဲတုံးအပျော်တွေနှင့် တစ်ရှူးစကို ရေဆွတ်ကာ ပြန်ပွတ်ဖျက်သော်လည်း ချက်ချင်း ခြောက်သွားတဲ့ စာလုံးဖြူတွေက လွယ်လွယ်ဖျက်မရတော့။

"ဟာ ... ဒုက္ခပဲကွာ၊ အဲဒါမျိုးက ကလေးတွေ လုပ်ရင် ကွာ၊ စည်းကမ်းမရှိတာ ခေါ်တယ်"

"ကိစ္စမရှိပါဘူးလေ၊ ဒီလို လင်ပန်းကြီးနဲ့ဖုံးပြီး ဖွက်ပစ်ခဲ့ ရင် ပြီးတာပဲ၊ လာ ... လာ ...၊ ပြေးကြမယ်၊ သူတို့ ဗန်း လာသိမ်းမှ မြင်မှာ"

ရုတ်ခနဲ ခုံကထ,ပြေး၍ ယောမင်းပါ ကြောင်တောင် တောင်နှင့် လိုက်ထ,ထွက်လာခဲ့ရကာ သူပါ လစ်ပြေးတဲ့စာရင်း ထဲ ရောက်ရတော့သည်။

"မင်းက ငရုပ်မပဲကွာ ... ကျွတ်"

"ဟား ဟား ဟား ... ဒါလေးကိုများ ဖြစ်နေလိုက်တာ ကိုယောမင်းရယ်၊ ဂျူဂျူး အဖို့က ရိုးနေပြီ၊ အိတ်ထဲမှာ Correction Pen က အမြဲပါတာ၊ ကိုယ်ရေးချင်တဲ့နေရာ ရေးပစ်တာပဲ"

"အဲဒါ နိုင်ငံကြီးသား မပီသတဲ့ အမူအကျင့် ခေါ်တယ်"



"နိုင်ငံကြီးသားဆိုတာ ဘာလဲ၊ နိုင်ငံအကြီးကြီးရဲ့ သား ယောက်ျားလေးတွေပေါ့၊ ဟုတ်လား"

"ကျွတ်"

"ဟဲ ဟဲ ဟဲ ... သူ စိတ်ဆိုးသွားပြီ"

"ဂျူဂျူး ... မင်းကလည်း မင်းပဲ၊ မင်းအစ်မ ကြည့်လို့ ရချင်စရာ တစ်စက်မှ မရှိဘူး၊ မင်းအစ်မ စိတ်မချတာ ရှည်း အပြစ်မရှိဘူး"

"ကိုမောင့်ကို ကြားကဖြတ်ပြီး ဆွဲဆောင်သိမ်းသွင်းနေတာ တော့ အပြစ်ရှိတယ် မဟုတ်လား"

ယောမင်းသည် ရုတ်တရက် စိတ်ကူးပေါက်ကာ ...

"ဒီမှာ ... မင်း ကိုမောင့်ကို တွေ့ချင်ရင် ကိုမောင့်ဆေးရုံ ကို လိုက်သွားပါလား"

"ဘယ်မှာလဲ၊ ကိုမောင့် ဆေးရုံမှ ဂျူဂျူး မသိတာ"

"မင်း မသိဘူး ! ..."

"ဟင့်အင်း၊ ဘယ်သူမှမှ မပြောတာ"

"သွားရော သွားချင်လား"

"သွားချင်တာပေါ့၊ ကိုယောမင်း သိသလား၊ လာ ... အခု သွားမယ် လာ"

www.burmeseclassic.com



"ကောင်းပြီလေ၊ မင်း ကားပါတယ် မဟုတ်လား၊ ကိုယ့်ကားနောက်ကနေ လိုက်ခဲ့၊ ဆေးရုံထိ လိုက်ပို့မယ်"

"ဟယ် ... ဝမ်းသာလိုက်တာ၊ တကယ်ပဲဟယ်၊ အရမ်းဝမ်းသာတာပဲ၊ ကျေးဇူးတင်လိုက်တာနော်"

ဂျူဂျူးဟာ ရုတ်တရက် ယောမင်းရဲ့ ပါးနှစ်ဖက်ကို သူ့လက်ဖဝါးနှစ်ဖက်နှင့် လှမ်းညှပ်ကိုင်ကာ ချစ်စနိုး ဆွဲလှုပ်ယမ်းလိုက်ပါသည်။ လူတွေအများကြီး အနားမှာမို့ ယောမင်း ဖြန်းခနဲ မျက်နှာပူကာ ရှက်သွားရရင်း ဂျူဂျူး လက်တွေကို ဆွဲဖြုတ်ချလိုက်ရသည်။

အား ... ဒီကောင်မလေး မလွယ်ပါလား။ အတော်ကို မလွယ်ပါလား၊ ခြေမြန်လက်မြန် လက်ရဲဇက်ရဲနှင့်။ သူ့ပုံစံက နေမကောင်းဖြစ်ဖို့ နေနေသာသာ ကျန်းမာတာရဲ့ ဟိုဘက်ကို တောင် လွန်ပြီး အလန်းလွန်နေတာမျိုးပါ။ ဘယ်နေရာက နေမကောင်း ဖြစ်ရမှာလဲ။

ယောမင်းသည် မေခါ့၌ လျှို့ဝှက်ဖုံးကွယ်မှုတွေ ရှိနေတာကိုတော့ ခံစားလို့ ရလာကာ စိတ်ထဲ တနုံ့နုံ့ ဖြစ်နေပါသည်။

❋ ❖ ❋





# ၉

ယောမင်းရဲ့ အလုပ်မှာ ကုမ္ပဏီကိစ္စမျိုးစုံနှင့် နေရာအနှံ့ကို ပြေးလွှားနေရတဲ့ အလုပ်ဖြစ်ကာ မအားလပ်တာက များသည်။ လုပ်ငန်းခွဲတွေက များလှသည်ဖြစ်ရာ ပြေးရလွှ ့တဲ့ ကိစ္စတွေကလည်း ဇယ်စက်သလို ဆက်တိုက် ပေါ်ပေါက်နေတတ်သည်။ ထို့ကြောင့် မေခါ့ထံ နေ့တိုင်းရောက်ဖြစ်ဖို့ ခက်ခဲပါသည်။

အားရင် အားသလိုလေး ဖုန်းပဲဖိဆက်ရတာ။ အခုဆော့ မေခါ့ကို စိတ်က သိပ်အမြင်မရှင်းချင်ကာ "မအားလို့ မတွေ့ဖြစ်လည်း ငါ့ချစ်သူပဲ"ဆိုပြီး လွှတ်ထားလို့ မဖြစ်ဘူးဟု သွားမိလာပါသည်။ မျက်စိမှိတ် ယုံကြည်လိုက်တာ မဟုတ်ပေ



www.burmeseclassic.com

www.burmeseclassic.com



လည်း ဂျူဂျူး စကားများက သူ့ရင်ထဲကို အတော်ထိကာ အတော်"တာ"သွားစေခဲ့တာ သူပဲသိသည်။

ထည့်စဉ်းစားရမည့် သတိမလွတ်ရမည့် အချက်တွေ ဖြစ်သည်။ ထို့ကြောင့်လည်း ဒီနေ့အဖို့ တမင်တကာပဲ အချိန်လု၍ မေခါ့ဆိုင်ကို လာခဲ့သည်။ အိမ်က လှူဒါန်းထားသည့် အလှူတို့အတွက် အိမ်မှာ ရေစက်ချ ဆွမ်းကျွေးပွဲမှာ အရင်းနှီးဆုံးလူ အနည်းငယ်နှင့် ဆွေမျိုးတို့သာ ဖိတ်ကြားတာဖြစ်၍ ဖိတ်စာမပါပါ။ ဖုန်းနှင့်ဆက်ကာ အကြောင်းကြားပြီး ဖုန်းထဲက ဖိတ်လိုက်လို့လည်း ဖြစ်ပေမဲ့ တမင်တကာ လူကိုယ်တိုင်ပဲ သွားဖိတ်ဖို့ ဆုံးဖြတ်လိုက်တာပင်။

မေခါ့ ဆိုင်မှန်တံခါးကို တွန်းဝင်သွားလျှင် မေခါ ဖုန်းပြောနေတာကို တွေ့ရပါသည်။ ယောမင်းက မေခါ့ စားပွဲရှေ့မှာ ဝင်ထိုင်လိုက်ပြီး ဖုန်းပြောနေတဲ့ မေခါ့ကို စိုက်ကြည့်နေမိသည်။

"ဘယ်အချိန်က ထွက်သွားတာလဲ၊ နင်တို့ကို ငါပြောထားသားနဲ့၊ သော့ကို သိမ်းထားပါဆိုတာ၊ ဩော် ... သူတောင်းလည်း လှည့်ပတ်ပြီး ပြောပေါ့ဟယ်၊ ဘယ်သွားပြန်သလဲ





မသိဘူး၊ အေး ... အေး ... ပြီးရော၊ သူ ပြန်ရောက်ရင် ရောက်ပြီဆိုတာ ငါ့ဆီ ဖုန်းဆက်ပြော"

မေခါက သူ့ဖုန်းလေးကို ပိတ်လိုက်ရင်း ယောမင်းကို မျက်နှာအိုအိုနှင့် နှုတ်ဆက်ပြုံးကာ ...

"ဂျူဂျူးတစ်ယောက် ဘယ်ထွက်သွားပြန်ပြီလဲ မသိဘူး၊ မေခါထွက်တာနဲ့ သူလည်း ထွက်ဖို့ကြံတော့တာပဲ၊ အဲဒါ ..."

"မေခါရယ် ... သူလည်း သူ့အသက်အရွယ်နဲ့ သူတော့ အသိဉာဏ် ရှိနေလောက်ပါပြီ၊ ကားမောင်းလည်း ကျွမ်းသားပဲ၊ သူ့ဟာနဲ့သူ ဘယ်သွားသွားပေါ့၊ ဘာဖြစ်လို့ အဲဒါတွေကို ဒီလောက်တောင် လိုက်ပူနေရတာလဲ"

"ယော မသိပါဘူးကွယ်၊ ကားကို ညင်ညင်သာသာ မောင်းပါ့မလား၊ အန္တရာယ်များ ဖြစ်မလား၊ လမ်းသွားရင်း နေမကောင်းတာ တစ်ခုခု ကြုံမလား၊ ဘာတွေ ပေါက်ကရ လျှောက်လုပ်မလဲ၊ အဲဒါတွေကို ..."

"အဲဒါ မေခါ လွန်လွန်းနေတာပဲ"

မေခါ့ စကားမဆုံးခင် ယောက ဖြတ်ပြီး ကန့်ကွက်လိုက်၍ မေခါ နှုတ်ဆိတ်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူ ကားမောင်းလည်း ကျွမ်းတယ်၊ သူမောင်းတာ ကိုယ် မြင်ဖူးတယ်၊ လူကလည်း ဒီလောက် မာမာချာချာကြီး၊ သွားရင်းလာရင်း ဘယ်အစိတ်အပိုင်းက နေမကောင်း ထ ဖြစ်ရမှာလဲ၊ အလကား အပိုပူနေတာ"

"ယော မသိပါဘူးနော်၊ သူ့စိတ် သူ့သဘော သူသွားချင် တိုင်း သွားနေရင်း မဟုတ်တာ တစ်ခုခု ဖြစ်သွားမှာ သိပ် စိုးတာပဲ"

"သူက ဘယ်တွေသွား၊ ဘာတွေ လုပ်နေတာမို့လို့ မဟုတ် တာ ဖြစ်ရမှာလဲ"

"ထင်သလို လျှောက်သွားနေတာ ယောရဲ့၊ ဟိုတစ်နေ့က ပဲ ကိုမောင့် ဆေးရုံကို ရောက်သွားလိုက်သေးတယ်၊ ကိုမောင့် ဆေးရုံကို သူ့ကို ဘယ်သူကများ လမ်းညွှန်လိုက် တယ် မသိပါဘူး"

"ကိုယ်လေ"

"ဟင်"

"အဲဒီနေ့က ကိုယ်နဲ့တွေ့တယ်၊ သူ မပြောဘူးလား"

"ဟင့်အင်း"





မေခါမှာ အံ့အားတွေ သင့်နေသည်။

"အဲဒီနေ့က မေခါနဲ့ကိုယ် ဖုန်းမပြောဖြစ်လို့ ဖြစ်မယ်၊ နောက်နေ့ကျတော့ ကိုယ် ပြောဖို့မေ့နေတာ မေခါ"

တကယ်ပင် ယောမင်းက လျှို့ဝှက်ထားဖို့တော့ စိတ်ကူးမရှိပါ။ သူက မေ့နေပြီး မပြောဖြစ်တာ။ ဂျူဂျူးကတော့ ဘာကြောင့်မပြောလဲ သူ မသိ။

"ဂျူဂျူးကို အဲဒီဆေးရုံ နင်ဘယ်လိုသိသလဲ မေးကြည့်တော့ သူ့ဟာသူ သိတယ်ပြောတာ"

"မေခါတို့က သူ့ကို ဘာလို့ မပြောတာလဲ၊ သူလည်း ကိုမောင်နဲ့ ခင်တယ် မဟုတ်လား"

"သူ သွားရှုပ်နေမှာ စိုးလို့ပါ ယောရယ်၊ ပြီးတော့ သူ့ ကို အဲဒီဆေးရုံကိုလည်း မသွားစေချင်လို့ပါ"

"သွားတာ ဘာဖြစ်လဲ မေခါ"

မေခါက စိတ်ရှုပ်သလိုလေး ငိုင်နေသည်။ ဂျူဂျူး ဟာ နှစ်ရက်ဆက်တိုက် ကိုမောင့်ဆီသွား၊ မနေ့က တစ်ရက် ဘယ်မှမသွားပဲနား၊ ပြီးတော့ ဒီနေ့ ထပ်သွားပြန်လေသလား မသိ။ အခု အိမ်မှာ မရှိပြန်ဘူးတဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ကိုမောင်ကလည်း ဆေးရုံမှာ အပျော်နေနေတာမှ မဟုတ်တာ ယောရယ်၊ သူ့အလုပ်နဲ့သူ ရှိတာဥစ္စာ၊ သူ ခဏခဏ သွားနေတော့ အနှောင့်အယှက် ဖြစ်တာပေါ့"

"အနှောင့်အယှက်ဖြစ်ရင် အဲဒီ ကိုမောင် သူ့ဟာသူဖြစ်ပါလိမ့်မယ်၊ မေခါက ဘာဖြစ်လို့ ဖြစ်နေရတာလဲ"

"မေခါကတော့ ဘယ်အနှောင့်အယှက် ဖြစ်မလဲ၊ ကိုမောင့်မှာ အနှောင့်အယှက် ဖြစ်နေတော့ မေခါလည်း ဘယ်ကောင်းပါ့မလဲ"

"ဘာမကောင်းစရာရှိလဲ မေခါ၊ ဂျူဂျူးဟာ ပြောစကားအတိုင်း နားမထောင်တဲ့ ကောင်မလေးမှန်း ကိုမောင်လည်း သိသားပဲ မဟုတ်လား၊ သူ့လုပ်ကိုင်ပြုမူမှုတွေမှာ မေခါ တာဝန်ရှိတာမှ မဟုတ်ဘဲ"

မေခါက သက်ပြင်းတစ်ချက် ချလိုက်သည်။ မေခါ့ အမူအရာဟာ ယောမင်း မျက်စိထဲတော့ လိုတာထက် ပိုနေသည်။ အရေးမကြီးတာကို အရေးချဲ့နေသည် ဆိုတာပဲ မြင်တွေ့နေရပါသည်။

"မဟုတ်သေးပါဘူး မေခါရယ်၊ မေခါ တစ်မျိုးကို ဖြစ်နေတယ်၊ တခြားကိစ္စတွေ ထားလိုက်ပါဦး၊ ဒီ ကိုမောင်နဲ့





ကတော့ မေခါလည်း ခင်တယ်၊ ဂျူဂျူးလည်း ခင်တယ်ပဲ မဟုတ်လား၊ မေခါလည်း ကိုမောင့်ဆီ သွားတာ ဖုန်းပြောတာ ရှိသလို သူ့ကိုလည်း ကိုမောင့်ဆီ သွားပစေ ဖုန်းဆက်ပစေ လွှတ်ထားလိုက်ပေါ့၊ ဘာအကြီးအကျယ် တားမြစ်နေစရာ လိုလို့လဲ၊ သိပ်အနှောင့်အယှက် ဖြစ်လာလောက်ရင်လည်း ကိုမောင် သူ့ဟာသူ ကြည့်ကျက်ဖြေရှင်းလိမ့်မှာပေါ့၊ ကိုမောင်လည်းပဲ ကလေးလေးမှ မဟုတ်တာ၊ ဒီကိစ္စလောက်ကိုတော့ သူ့ဟာသူ ဖြေရှင်းနိုင်စွမ်း ရှိပါလိမ့်မယ် မေခါ"

မေခါက မျက်နှာလေး ကြည်မလာ။ မကြည်မသာနှင့် နှမ်းမှုန်မှုန်ပင်။

"မေခါ့ကို ကြည့်ရတာ ကိုမောင်နဲ့ ဂျူဂျူးကို မတွေ့စေချင်တဲ့ သဘောမျိုး ဖြစ်နေသလိုပဲ"

မေခါ့ မျက်လုံးများက ယောမင်းထံ စူးစိုက်လာပြီး ...

"ယောကို ဂျူဂျူး ဘာပြောလို့လဲ"

ဂျူဂျူး တစ်ခုခု ပြောထားပြီလို့ မေခါက အတတ်ရိပ်မိပုံရကာ အသံမှန်နှင့် မေးလိုက်တာမို့ ယောမင်းက ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုမောင်နဲ့ ဂျူဂျူးကို မေဓါက မတွေ့စေချင်ဘူးလို့တော့
ပြောတာပဲ"

"ဒါပဲလား ယော"

"ဒီသဘောပါပဲ"

"ဒါနဲ့များတော်ကောင် ကိုမောင့် ဆေးရုံကို ယောက လမ်းညွှန်
လိုက်သေးတယ်"

"ကိုမောင့် ဆေးရုံကို ဂျူဂျူးက မသိဘူးဆိုလို့ ကိုယ်က
လည်း ကိုယ်သိတယ်လို့ ပြောလိုက်မိတယ်၊ လမ်းပြလိုက်
မိတယ်၊ မေဓါက လုံးဝတွေ့ခွင့်မပြုတဲ့ သဘောလား"

ယောကလည်း သူ့ကို လေသံမှန်နှင့် ပြန်မေး
ပြီ။ ယောရဲ့ အမေးစကားဟာ ရိုးရိုးရှင်းရှင်းကလေးပေမဲ့ ဘယ်
သဘောသက်ရောက်မှုတွေ တိမ်မြုပ်ပျော်ဝင်နေတယ်ဆိုတာ မေ
ရိပ်မိသလိုလို ရှိပါသည်။ မေဓါက သက်ပြင်းတစ်ချက်ကို ရှ
မောမော့နှင့် မှုတ်ထုတ်ပစ်လိုက်ရင်း ...

"သူတို့နှစ်ယောက်စလုံးဟာ မေဓါ ချုပ်ကိုင်အုပ်ထိန်းလို့
ရတဲ့ ကလေးတွေ မဟုတ်ကြပါဘူး ယော၊ အားလုံးရဲ့
ကောင်းရာကောင်းကျိုးကို တွေးပြီး ကောင်းမယ်ထင်တာ





လုပ်ရတဲ့ သဘောပဲ ရှိပါတယ်၊ လူတစ်ယောက် ကိုယ့်
စိတ်ကူးနဲ့ကိုယ် လုပ်ကိုင်ပြုမူနေတာကို ဘေးလူတွေက
ကြည့်ရင် တစ်ယောက်နဲ့တစ်ယောက် အမြင်ချင်းမတူပဲ
တစ်မျိုးစီ ထင်ကြ တွေးကြမှာပဲ၊ ဘယ်သူ ဘယ်လိုထင်
ထင်ပါ ကိစ္စမရှိပါဘူး၊ တစ်နေ့မှာတော့ ဒီလူဘာကြောင့်
ဘာတွေလုပ်နေတယ် ဆိုတာ ဘေးလူတွေ သိလာကြမှာ
ပါပဲ"

မေဓါရော ယောမင်းပါ စိတ်ထဲ မကြည်မလင်
င်းမလင်းဖြစ်ကာ မျက်နှာတွေ မသာယာကြပါ။ တစ်ဖက်လူ
ချော့မော့ အလျှော့ပေးလိုတဲ့ ဆန္ဒလည်း ဘယ်သူ့မှာမှ မရှိ
၊ နှစ်ဦးလုံးဟာ ကိုယ့်စီ စိတ်ရှုပ်ထွေးနေသည်။ အတန်ကြာ
ဘ်ဆိတ်ပြီး ငြိမ်နေမိကြပါသည်။

အတန်ကြာမှ ယောမင်းက စိတ်ကိုလျှော့ကာ ...

"ဆန်းဒေးကျရင် အိမ်မှာ ဆွမ်းကျွေးအလှူရှိတယ်၊ ဖိတ်
စာတော့ မလုပ်တော့ဘူး၊ လူရင်းတွေ နည်းနည်းပဲလေ၊
အဲဒါ မေဓါ့ကို လာဖိတ်တာ"

"ဘာအလှူလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"လှူထားတာတွေကို အိမ်မှာ ပြန်ရေစက်ချတဲ့ ဆွမ်းကျွေး ပါပဲ၊ မေခါ ဆယ်နာရီခွဲလောက် လာခဲ့လေ၊ ဒါမှမဟုတ် ကိုယ် လာခေါ်ရမလား"

"ဆန်းဒေး ... ဟုတ်လား"

"ဟုတ်တယ်၊ ခုလာမဲ့ ဆန်းဒေးပဲ"

"ဆန်းဒေး မနက်ပိုင်းဆိုတော့ မေခါ လာတောင်လာနိုင် ပါ့မလား မသိဘူး ယော၊ သိပ်မသေချာဘူး"

"ဆယ့်နှစ်နာရီလောက် လာလည်း ရတယ်လေ၊ နောက် ကျလည်း ဘာဖြစ်လဲ"

"မေခါ လာချင်ပါတယ်၊ ယော မိသားစုနဲ့လည်း တွေ့ချင် တယ်၊ သိပ်မတွေ့ဖြစ်ကြဘူး မဟုတ်လား၊ ဒါပေမဲ့ ဆန်းဒေးမှာ မေခါ ကိစ္စတစ်ခု ရှိနေတယ်"

"အလုပ်ကိစ္စလား၊ ရွှေ့လို့ မရဘူးလား၊ ရှေ့တိုးနောက် ဆုတ် နည်းနည်းလုပ်လိုက်ပေါ့"

"ချိန်းထားတာတော့ ဆယ်နာရီ နောက်ပိုင်းပဲ၊ အချိန် အတိအကျ ခန့်မှန်းလို့ မရတော့ ဘယ်အချိန်ပြီးမယ် မပြောတတ်ဘူး ယော၊ ဆယ်နာရီနောက်ပိုင်း ဆိုတော့ ဆယ့်တစ်နာရီလောက်မှ ကိုမောင်က ..."





မေခါသည် ပြောရင်းတန်းလန်း ယောမင်း မျက်နှာ ကို သတိပြုမိကာ စကားရပ်သွားပါသည်။ ယောမင်း မျက်နှာက နီမြန်းရောင်သမ်းလာကာ ...

"နေပါဦး ... မေခါ့ အလုပ်ကိစ္စမှာ အဲဒီ ဆရာဝန်က ဘာ အတွက်ရော ပါလာပြန်ပြီလဲ"

ယောမင်း အသံက မကျေမချမ်းနှင့် ဆတ်နေသည်။

"မေခါ့ စီးပွားရေးအလုပ် မဟုတ်ပါဘူး"

"ဒါဖြင့် သူ့အလုပ်လား၊ သူ့ကိစ္စကို လိုက်ပေးရမှာအတွက် ဟောဒီက ခင်ဗျားရည်းစား ယောမင်းရဲ့ မိသားစုက ချိန်း ဆိုတာကို မအားဘူးဆိုပြီး အပျက်ခံရမယ်ပေါ့"

"အဲဒီလို မဟုတ်ဘူး ယော၊ မေခါ သိပ်စိတ်ညစ်တယ် ယောရယ်"

မေခါသည် အသံကလေးတွေ တုန်လာကာ စိတ် ကျဉ်းကျပ် ညစ်နောက်လှ၍ မျက်ရည်လည်လာသည်။

"မေခါ ... ခင်ဗျား မျက်ရည်ကျလောက်အောင် ဟိုဘက် ကို မဖျက်ချင် မဖျက်ရက် ဖျက်ရခက်နေတဲ့ ကိစ္စက ဘာ လဲ၊ ဟင် ...၊ မင်း ဘာတွေဖြစ်နေတာလဲ၊ မင်း လျှော့နှစ် ဖက် ခွနင်းနေတာလား"



www.burmeseclassic.com

www.burmeseclassic.com



"ယော ဘယ်လိုပြောလိုက်တာလဲ"

"ဒီလိုပဲ ပြောလိုက်တာပဲ၊ တစ်ဆိတ်ရှိ ကိုမောင် ... ကိုမောင်၊ တစ်ဆိတ်ရှိ ကိုမောင် ... ကိုမောင်၊ အဲဒါ ဘယ်လိုဖြစ်နေတာလဲ မေခါ၊ အစ်မကလည်း အဲဒီ ကိုမောင်နဲ့ ညီမကို မတွေ့အောင် ကာကွယ်တားဆီးထား၊ ညီမကလည်း သူနဲ့ချည်း တွေ့နေတယ်ဆိုပြီး အစ်မကို မကျေမချမ်းဖြစ်၊ မင်းတို့ညီအစ်မက ဒီလူနဲ့ပတ်သက်ပြီး ဘယ်လိုအဖြစ်မျိုးတွေ ဖြစ်နေကြတာလဲ"

"မေခါ ဘာမှမဖြစ်ဘူး၊ ရိုးရိုးပဲ၊ ယော စကားကို လက်လွှတ်စပယ် မပြောနဲ့၊ မေခါ ကိုမောင့်ကို အားမကိုးမဖြစ် အားကိုးနေရတာပဲ ရှိတယ်"

"အားမကိုးလို့တောင် မဖြစ်ဘူးဆိုတော့ မင်းတို့ကြားက ပတ်သက်နွယ်ယှက်မှုတွေက ဘယ်လောက် ကြီးကျယ်ခမ်းနားနေလို့လဲ"

"ယော ... မေခါ့ကို စွပ်စွဲသမုတ်နေတာလား"

"ကိုယ့်ဘက်ကို အပြစ်လာလွှဲချမနေပါနဲ့၊ ဘာဖြစ်နေတယ်ဆိုတာကိုပဲ သိချင်တာ၊ မင်း အကြောင်းပြချက်ကိုပဲ ရှင်းရှင်းပြော"





"ကိုမောင့်ကို အားကိုးရတယ် ဆိုကတည်းက သူမှ တတ်နိုင်တဲ့ ကျန်းမာရေးကိစ္စပဲပေါ့"

"ကျန်းမာရေး ... !၊ လာပြန်ပြီ ... ဘယ်သူ ဘာဖြစ်နေပြန်ပြီလဲ၊ ဒေါင်ဒေါင်မြည်နေတဲ့ ဂျူဂျူး ဘာရောဂါရှိပြန်ပြီလဲ"

မေခါသည် အယုံကြည် ကင်းမဲ့ခံရခြင်း အတွက် နာကျင်စွာ နှုတ်ခမ်းကလေးကို စေ့ကိုက်ပြီး ယောမင်းကို ကြေကြေကွဲကွဲ စိုက်ကြည့်နေပါသည်။ ဂျူဂျူး၏ အားနည်းချက် ချွတ်ယွင်းချက်ကိုတော့ မေခါ ပြောထွက်မည်မဟုတ်။ ကြီးကျယ်ခမ်းနားကာ ဂုဏ်ကျက်သရေ ကြီးမြင့်လှတဲ့ ယောမင်းတို့ မိသားစု အသိုင်းအဝိုင်းထဲမှာ ကိုယ့်ရဲ့ အနုတ်လက္ခဏာကို မသိလိုက် မသိဘာသာလေး မပေါ်လွင် မထင်ရှားပဲ တိမ်မြုပ်နေစေချင်တာ။

သူ့မိသားစု မပြောနဲ့။ ယောမင်းကိုပင် မသိစေချင်။ ဂျူဂျူးဟာ စိတ်ကစဉ့်ကလျား လက္ခဏာ ဝင်နေပြီဖြစ်တဲ့ အပျော်စား စိတ်ကျန်းမာရေး ဝေဒနာသည်။ ပြီးတော့ သူ့ဝေဒနာဟာ တခြားစိတ်ကျန်းမာရေး ဝေဒနာအချို့လို ပြောပြဖို့ ဝန်မလေးတဲ့



www.burmeseclassic.com

www.burmeseclassic.com



ရှိုးရှိုးရှင်းရှင်း စိတ်ကျန်းမာရေးရောဂါ မျိုးမဟုတ်။ ဆန့်ကျင်ဘက်လိုင်ကို စိတ်ဝင်စား စွဲလမ်းယစ်မူးသာယာတဲ့ စိတ်ကျန်းမာရေးမျိုး။ ဒီထက်ဆိုးလာရင် အရှက်ကင်းမဲ့လာတဲ့ အနေအထားမျိုးရောက်သွားမှာ မေခါ စိုးရိမ်လှတဲ့ ဝေဒနာမျိုး။

ဪခြွေရပြီး အေးချမ်းတည်ငြိမ်တဲ့ ဘ၀လေးကို ပိုင်ဆိုင်တည်ဆောက်ခဲ့တဲ့ မေခါ့အဖို့ ဤအဖြစ်ကို လူသိရှင်ကြားဖြစ်ရမှာ အင်မတန် ရှက်စွံ့စိုးကြောက်နေပါသည်။ အခုလည်း လာမည့် တနင်္ဂနွေမှာ စိတ်ကျန်းမာရေးအထူးကု သမားတော်တစ်ဦးနှင့် ချိန်းထားတာ။ ကိုမောင်ပါ အပါဝင် ဂျူဂျူးကိုခေါ်၍ ထိုသမားတော်ကြီးကို သွားတွေ့ကြမှာ ဖြစ်သည်။

ဂျူဂျူး အနေအထားလောက်ဟာ ကုသဖို့ ဆေးသောက်ဖို့ လိုမလို သမားတော်ကြီးက စစ်ဆေးစမ်းသပ်မည်။ ဤသို့ စစ်ဆေးမှာကို ဂျူဂျူးက ဘယ်လိုတုံ့ပြန်မှု ပေးလာမလဲဆိုတာကိုလည်း ဦးနှောက်ခြောက်နေရသေးသည်။ တော်ကြာ သူက ဘာမို့ သူ့ကို စိတ်ကျန်းမာရေး အထူးကုနှင့် ပြကြရတာလဲ၊ ဘာလဲ ညာလဲနှင့် စိတ်ဆိုးကာ ဂျူဂျူး ပွဲကြမ်းမှာကိုလည်း မေခါ ကြောက်နေပါသည်။





မကုသသေးပဲထားလို့ ရောဂါတိုးလာမှာလည်း စိုးရ။ ကုသလိုက်လို့ ဂျူဂျူး ဒေါသတကြီး အခြေအနေ ပိုဆိုးမှာလည်း စိုးရ။ မေခါ့ ဦးနှောက်တွေဟာ ဘာလုပ်လို့ လုပ်ရမည် မသိအောင် ဆကာ ရှုပ်ထွေးနေသည်။

ဤအချိန်းအချက်ကို မေခါ မည်သို့ဖျက်ရမည်နည်း၊ ဘယ်နည်းနှင့်မျှ မဖျက်နိုင်။ ဖျက်ချင်းဖျက် မေခါ ရင်းနှီးချစ်ခင်လိုသော ယောတို့မိသားစုနှင့်တွေ့ဖို့ အခွင့်အရေးကိုပဲ ဖျက်ရမှာဖြစ်ပါသည်။ သီးသန့်ဆွေးနွေးလို့ရဖို့ ကြိုတင်ချိန်းဆိုပြီးမှ "မလာတော့ဘူး ဆရာကြီး"လို့ ဖျက်လို့ရစကောင်းလား။

ဒီအဖြစ်တွေကို လူသိမခံလိုတဲ့ မေခါ့မှာ ယောကို စိတ်ကျေနပ်အောင် ဖြေရှင်းစရာ အကြောင်းပြချက်လည်း မရှိ။ ပြောချင်စိတ်လည်း မရှိ၍ ပါးစပ်ကို ပိတ်ဇွကာ ခေါင်းမာမာ ရုပ်နှင့် ငြိမ်သက်နေလေရာ ယောမင်း အဖို့ ပို၍အသည်းယားစရာ။

"ပြောလေ မေခါ၊ ဂျူးဂျူး နေမကောင်းလို့ပေါ့၊ ဟုတ်လား"

မေခါက နှုတ်ဆိတ်ကာသာ ယောမင်းကို ငေးကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဂျူဂျူးမှာ အပြင်က မမြင်ရတဲ့ ကိုယ်တွင်းထဲက ရောဂါ အဆောက်အဦကြီးတစ်ခု ရှိနေတာလား၊ ဥပမာ ကင်ဆာ လို ရောဂါတစ်ခု၊ စိုးရိမ်စရာကြီး ဖြစ်နေတဲ့ သဘော လား"

"ကင်ဆာရောဂါတော့ မရှိပါဘူး၊ ဒါပေမဲ့ ဂျူဂျူးဟာ ကျန်းမာရေးနဲ့တော့ မပြည့်စုံတာ အမှန်ပဲ၊ အဲဒါအတွက် အခု စစ်ဆေးကုသဖို့ လိုတယ်"

"ကောင်းပြီ၊ အဲဒီနေ့ ဂျူဂျူး ဆရာဝန်သွားပြဖို့ ရှိတာပေါ့ ဟုတ်လား ... မေခါ"

"ဟုတ်တယ် ယောာ"

"ဒါဖြင့် အဲဒီနေ့ ကိုယ်လည်း လိုက်ခဲ့ပါရစေ"

မေခါ့ မျက်ခုံးများက တွန့်ကွေးသွားရရင်း ...

"ယောက ဘာဖြစ်လို့ လိုက်ရမှာလဲ"

"ကိုယ်လည်း သိချင်လို့လေ"

"ဂျူဂျူး ကိစ္စက ယောနဲ့မှ မဆိုင်ပဲ"

"ဂျူဂျူးက မေခါ့ ညီမပဲ၊ ကိုယ်နဲ့လည်း အမျိုးဖြစ်လာ ရမှာလေ"





"ဒါပေမဲ့ ဂျူဂျူး ကျန်းမာရေးကို အခု မေခါရော ကိုမောင်ရောတာဝန်ယူထားပါတယ်၊ လုံလောက်ပါတယ်၊ ယောာ မလိုအပ်သေးပါဘူး"

"လိုအပ်လို့ ကူညီမလို့ မဟုတ်ပါဘူး၊ ခင်ဗျားက အကူညီ တောင်းဖို့ရာ ကိုမောင့်လောက် အားမကိုးဘူး ဆိုတာလည်း သိပါတယ်၊ ဂျူဂျူးကို အခု ဘာရောဂါကုမယ်ဆိုတာ သိ ချင်တာ"

"ကျန်းမာရေး စစ်ဆေးမဲ့ သဘောပါ ယောာ၊ အခုကုမလို့ လည်း မဟုတ်ပါဘူး"

"မေခါ့ စကားတွေက ဝေ့ပြီး လည်နေတယ်၊ ကိုယ်လုံးလုံး ဘဝင်မကျဘူး၊ ဒါကြောင့် လိုက်ခဲ့ချင်တယ်"

"ယောတို့အိမ်မှာ အလှူကြီး ရှိနေမဲ့ဟာ၊ လိုက. ဲ့ ဘယ် ဖြစ်မလဲ ယောရယ်၊ မေခါ့ကို မရစ်စမ်းပါနဲ့"

"ကိုယ့်အလှူကို ကိုယ်ပျက်ကွက်ခံနိုင်ရင် ပြီးတာပဲ၊ ကိုယ့် စိတ်ထဲမှာ မိသားစုနဲ့ အလှူရေစက် အတူချဖို့ထက် ဂျူဂျူးမှာ ဘာဖြစ်နေလို့ မေခါနဲ့ ကိုမောင် နှစ်ယောက် တွဲပြီး ဘာလုပ်ပေးဖို့ ရှိနေတယ်ဆိုတာ ရှင်းရှင်းပိုသိချင် နေတယ်၊ တွေ့နေရတယ်၊ ဖုန်းပြောနေရတယ်၊ တွက်ထိုး



www.burmeseclassic.com

www.burmeseclassic.com



နေရတယ်၊ ပူးတွဲပတ်သက် တာဝန်ယူနေရတယ် ဆိုတဲ့ အဖြစ်အပျက်တွေ ခင်ဗျားတို့ နှစ်ယောက်တည်းမှာ ကျိတ်ဖြစ်နေဖို့ နိုင်လုံတဲ့ အကြောင်းအချက် တစ်ခုခုကို သိချင်တာ၊ ကိုယ်တိုင် တပ်အပ်ယုံချင်တာ”

မေခါသည် မဲ့မဲ့ကလေး ပြုံးမိကာ ...

“ယော ... မေခါ့ကို အယုံအကြည် ကင်းမဲ့နေတာပဲနော်၊ မေခါဟာ ယောကို ချစ်လည်းချစ်၊ သစ္စာလည်းရှိတဲ့ မိန်းမတစ်ယောက်ပါ ဆိုတာထက် တခြားအပိုတွေ မေခါ ဘာမှ ပြောစရာမရှိတော့ဘူး၊ ယော သံသယတွေ ထားနေရင်လည်း မေခါ မတတ်နိုင်ပါဘူး ယော၊ ကိုယ့်ချစ်သူက ကိုယ့်ကို မယုံကြည်ဘူးဆိုတာကိုပဲ ရင်နာမိပါတယ်”

ပါးပြင်ပေါ် မျက်ရည်ပေါက်ကလေး စီးလိမ့်ကျလာလျှင်တော့ ယောမင်းက ချစ်ရတဲ့သူလေးကို သနားသွားမိပြန်ပါသည်။ ဒါပေမဲ့ သနားတာက သတ်သတ်၊ စိတ်ထဲက အဖုအထစ်က သတ်သတ်ပင်။ ဘာတစ်ခုကိုမှ ရေရေရာရာ မပြောနိုင်တာကိုက သူ့ဘက်မှာ အားနည်းချက် ရှိနေလို့ပဲဟု ယောမင်းကတွက်ကာ သူ သိခွင့်မရတာကိုလည်း ခံပြင်းတာဖြစ်သည်။

✳ ❖ ✳





# ၁၀

ဂျူဂျူးဟာ အရူးပါးမ,လေး။

အရူးပါးလို့ ပြောရတာကိုပင် မေခါ စိတ်မကောင်းပါ။ သမားတော်ကြီး သူ့ကို စစ်ရင်း ဆေးရင်း မေးရင်း [illegible]းရင်းကပင် ဂျူဂျူးဟာ ဘာကိုရည်ရွယ်၍ သူ့ကို စစ်ဆေးနေတာလဲကို ကောင်းကောင်း ရိပ်မိလာသည်။ ပထမတွင် ဂျူဂျူးသည် ဆရာဝန်ကြီးကိုပင် အားနာဖို့ကောင်းလောက်အောင် ဒေါသတကြီး ရှူးရှဲဝုန်းဒိုင်းကြိလာကာ ...

“ဂျူဂျူးက ဘာဖြစ်နေလို့လဲ၊ ဂျူဂျူးကို ရူးနေတယ်လို့ သဘောထားနေကြတာပေါ့လေ၊ မမ ဂျူးဂျူးကို ဒီဆရာဝန်”

www.burmeseclassic.com

www.burmeseclassic.com



နဲ့ ပြစရာလည်း မလိုဘူး၊ ဂျူဂျူးမှာ မာမီ မရှိတော့လို့ အရုပ်တစ်ရုပ်လို လုပ်ချင်တိုင်း လုပ်လို့ရမယ် မှတ်နေလား။ ခုချက်ချင်းပြန်ပို့၊ အရူးဆရာဝန်နဲ့ ပြစရာ ဘာအကြောင်းမှ မရှိဘူး"

ဂျူဂျူးဟာ ကြောက်စရာ အံ့အားသင့်စရာ ကောင်း အောင်ဖင် အားခွန်တွေ ပြည့်ဝကာ ကြမ်းတမ်းလာပြီး စားပွဲတွေ ထု၊ ခုံတွေတွန်းရွှေ့ကန်ကျောက်၊ ပစ္စည်းတွေ ကောက်လွှင့်ပစ်နှင့် ရတ်တရက် ထ,ရမ်းလေရာ မေခါ့မှာ ပါးစပ်လေးဟ၍ အံ့သြ လန့်ဖျပ် ကြောင်တက်နေရသည်။ နောက်ဆုံး ဂျူဂျူးက မေခါ့ကို တွန်းထိုးကာ ရိုက်မောင်းပုတ်မောင်းပင် ဖြစ်လာတော့၍ ကိုမောင်က ဂျူဂျူးလက်တွေကို ချုပ်ကာ အတင်းသိမ်းဖက်ထားလိုက်ပါသည်။

ဤတွင် ဂျူဂျူးသည် ကိုမောင့် ရင်ခွင်မှာ မျက်နှာ အပ်ပြီး ရှိုက်ကြီးတငင် ငိုတော့သည်တည်း။

"ကိုမောင် ... ဂျူဂျူး မရူးဘူး၊ မရူးပါဘူးနော်၊ ဂျူဂျူး ကို ရူးနေတယ်လို့ ထင်တာလား၊ ဂျူဂျူး ဘာလုပ်လို့လဲ၊ ဂျူဂျူး မရူးပါဘူး ကိုမောင်ရယ်၊ ဂျူဂျူး လူကောင်းပါ၊ ဂျူဂျူး ဆရာဝန်မပြချင်ဘူး၊ ဂျူဂျူး ကြောက်တယ်"





ဆရာဝန်ကြီးဟာလည်း သည်းခံ စိတ်ရှည်လှပါ သည်။ စိတ်ကျန်းမာရေးကို အထူးကုသနေတဲ့ ဆရာဝန်ကြီးမို့ လည်း ပို၍သည်းခံခွင့်လွှတ်တတ်တာ ဖြစ်မည်။

"ဘယ်သူက ပြောလဲ၊ ငါ့သမီးကို ရူးတယ်လို့၊ အနံကယ် နဲ့ပြတိုင်း ရူးလို့ပြတာမှ မဟုတ်တာ သမီးရဲ့၊ လူကိုယ်မှာ လည်း တစ်ခါတလေ နေမကောင်းဖြစ်တဲ့အခါ အားနည်း တယ်၊ ဝိမ်ဖြစ်တယ် ဆိုတာ ရှိသလို၊ စိတ်မှာလည်းပဲ အဲသလို အားမပြည့်ပဲ အားနည်းနေတာ ဝိမ်ဖြစ်နေတာ ရှိတာပဲ သမီးရဲ့၊ အဲဒါဟာလည်း ဆေးကုသရတာပဲ၊ လူကိုယ်မှာ အားနည်းနေရင် အားဆေးသောက်တယ်၊ အားရှိတာ စားမယ်၊ မဟုတ်ဘူးလား ...

စိတ်မှာ အားနည်းနေတော့လည်း စိတ်အားဆေး သောက်ရမယ်၊ အားရှိစေအောင် နေထိုင်စားသောက်ရမယ်၊ ဒါပဲပေါ့ သမီးရဲ့"

"ဂျူဂျူး မရူးဘူး"

"သမီး မရူးတာ အန်ကယ်သိသားပဲ၊ အခုနေ သမီးအစ်မ ကိုပဲစစ်စစ်၊ ဟောဒီက သမီးအစ်ကို ဒေါက်တာမောင်မောင်



www.burmeseclassic.com

www.burmeseclassic.com



ကိုပဲစစ်စစ်၊ ယုတ်စွအဆုံး အန်ကယ့်ကိုပဲ စစ်စစ်၊ စိတ်အားနည်းနေတာမျိုး ဖြစ်နေနိုင်တာပဲ၊ ရူးမှ ဆေးကုရတာမဟုတ်ဘူး သမီး၊ ရူးလို့ ဆေးကုရရင်လည်း ဒါဟာသိက္ခာကျစရာ ဖြစ်ရပ်မဟုတ်ဘူး၊ ရုပ်နာမ်နှစ်ပါး ဆိုတာရှိတယ်မဟုတ်လား၊ ရုပ်မှာ ဝေဒနာဖြစ်နိုင်သလို၊ နာမ်မှာလည်းဝေဒနာဖြစ်နိုင်တာပဲ၊ ဘယ်နေရာမှာ ဝေဒနာတွေ့တွေ့၊ သေးသေးကြီးကြီး အမြန်ဆုံး ဆေးပေးကုသမှ ရောဂါနှန့်နဲ့ အညွန့်ကျိုးမယ်၊ ရောဂါရင့်လာရင် အပ်နဲ့ထွင်းရမှာပေါက်တူးနဲ့ ထွင်းရတယ်ဆိုတာ ရှိတယ် မဟုတ်လား"

"ပေါက်ဆိန်နဲ့ပါ အန်ကယ်"

"ဩော် ... ဩော်၊ အေး ...၊ ဟား ဟား၊ ငါ့သမီးကဗဟုသုတလည်း ရှိတယ်၊ တော်ပါတယ်။ ရှင်းပြရင် နားလည်တတ်မှာပါ၊ သမီမှာ မဲင်တယ်လ်ပိုင်းမှာ နည်းနည်းဝိမ်ဖြစ်တဲ့သဘော ရှိတယ်၊ နောက် စိတ်ဓာတ်နည်းနည်းကျချင်တဲ့ အရိပ်လက္ခဏာ ..."

"ဒီပရက်ရှင်လား အန်ကယ်၊ ဂျူဂျူး စိတ်ဓာတ်မကျတတ်ပါဘူး"





"စိတ်ကျတဲ့ ဝေဒနာ ဆိုတာ စိတ်ဓာတ်ကျတယ်လို့ပဲယေဘုယျ ပြောလို့ မရဘူး၊ သမီးမှာ ဖြစ်နေတဲ့ လက္ခဏာတချို့က ရောဂါတစ်ခုအနေနဲ့ မဟုတ်ပဲနဲ့တောင် အခြေအနေတစ်ခုကို ညွှန်ပြနေတယ်၊ အန်ကယ်တိုက်တဲ့ ဆေးတွေကို မှန်မှန်သောက်ပေးရုံနဲ့ သမီးရဲ့ ကိုယ်ရောစိတ်ပါကျန်းမာရေးဟာ ချက်ချင်း တိုးတက်ကောင်းမွန်လာမယ်၊ သမီး ဘာမှလုပ်ဖို့ မလိုဘူး၊ အန်ကယ်တို့ အစ်ကိုတို့ အစ်မတို့ စကားကို နားထောင်ပြီးတော့ တိုက်ကျွေးတဲ့ဆေးကို အချိန်မှန်မှန် ဆေးပတ်ပြည့်အောင် သောက်ပေးရုံလေး တစ်ခုပဲ၊ ဒါဟာ သမီးအတွက်လည်း ဘာမှအပန်းမကြီးဘူး၊ ကောင်းကျိုးရလဒ်ကတော့ သမီးအတွက် အင်မတန် အကျိုးရှိမယ်၊ ဒီတော့ စိတ်ရှည်ရှည် စိတ်ကြည်ကြည်သာသာနဲ့ ဆေးကို မှန်မှန်ကန်ကန် သောက်သွားပေးဖို့တစ်ခုပဲ သမီး လုပ်ရမယ်"

"ဂျူဂျူး ဆေးရုံတွေ ဘာတွေ မတက်ရဘူးပေါ့"

"ဘာဖြစ်လို့ တက်ရမှာလဲ၊ မတက်ရပါဘူး၊ ဂျူဂျူးက အန်ကယ်တို့စကား လိုက်နာပြီး ဆေးမှန်မှန်သောက်နေ



www.burmeseclassic.com

www.burmeseclassic.com



သရွေ့ တခြား ထရိုထ်မဲန့်ထ် မလိုဘူး၊ ဆေးပတ်ပျက် သွားရင် သမီးအတွက် မကောင်းဘူး၊ အနုတ်လက္ခဏာ ဖြစ်မယ်၊ အဲဒါဆိုရင်တော့ ဆေးရုံပေါ် သမီးကိုခေါ်ထား ဖို့ အန်ကယ် စဉ်းစားရလိမ့်မယ်"

"ဂျူဂျူး ဆေးရုံမှာ မနေချင်ဘူး"

ဂျူဂျူးက အသံကျယ်ကျယ်နှင့် ပြောလိုက်ပါသည်။

"ဟုတ်ပြီ ...၊ မနေနဲ့၊ ဆေးပဲ မှန်မှန်သောက်မယ်"

ဂျူဂျူးကို တိုက်ကျွေးမဲ့ ဆေးတွဲဆေးစပ်တွေဟာ အချိန်မမှန်ဘဲ ဆေးပတ်ပျက်လို့ မဖြစ်ဘူး ဆိုတာကိုတော့ မေဓါ ကို ဆရာဝန်ကြီးက အသေအချာ ရှင်းပြလိုက်ပါသည်။ တတ်နိုင် သမျှ အချိန်နာရီ အတိအကျ တိုက်ကျွေးရန် ဖြစ်သည်။ ဆေး သောက်ပြီးမှ ဆက်မသောက်ပဲ ရပ်ပစ်လိုက်လို့ ဖြစ်ပေါ်လာမဲ့ အကျိုးဆက်ဟာ ခုအခြေအနေထက် ပိုပြီး ဆိုးဝါးသွားနိုင်တာ ဖြစ်သည်။

တာဝန်ယူ စောင့်ရှောက်ရမည့် မေဓါနှင့် ဆရာဝန် ကြီးက အသေးစိတ် စကားပြောဆို ဆွေးနွေးညွှန်ကြားစဉ်မှာ ဂျူဂျူးက ကိုမောင့် လက်မောင်းကို ဖက်ပိုက်၍ ကိုမောင့် တစ်





ကိုယ်လုံးကို မှီတွယ်၍ ဆေးရုံဝင်းထဲ လမ်းလျှောက်ကာနေ သည်။ ဂျူဂျူးရဲ့ ကိုမောင့် အပေါ် နက်နက်ရှိုင်းရှိုင်း စွဲလမ်းမှု ကို ဂျူဂျူးရဲ့ ရောက်တတ်ရာရာ ဒိုင်ယာရီစာအုပ်တွေ ဖတ်ခွင့် ရပြီး မေဓါ ပိုသိခဲ့ပါသည်။

ဟိုးအရင်က သူ့မှတ်တမ်းတွေထဲမှာ ဂျူဂျူးဟာ ကိုမောင့်ကို သူ့အမေ ဒေါ်မာရီယာနှင့်လည်း မနာလို သဝန်တို တာ အထင်လွဲ စွပ်စွဲရေးသားခဲ့ဖူးသည်။ ခုနောက်ပိုင်း မှတ်တမ်း ထဲကျတော့လည်း ကိုမောင့်ကို မေဓါနှင့် စွပ်စွဲသမုတ်ပြီး သဝန်တို လောင်နေပြန်ပါသည်။ ဂျူဂျူးရဲ့ နုနယ်တဲ့ နှလုံးသားတွင် ဟိုးခပ်စောစော ခပ်ငယ်ငယ်ပိုင်းကတည်းက ကိုမောင်က နေရာ ယူထားခဲ့တာဖြစ်ပြီး၊ ဂျူဂျူးရဲ့ ရည်းစားတိုင်းရဲ့ နာမည်တွင် "မောင်"ဆိုတာ တစ်လုံးပါတာ ထူးခြားချက် ဖြစ်ပါသည်။

မအိပ်မစားပဲနေတာ၊ အားလုံးကို ပတ်ဝန်းကျင်ကို အယုံအကြည့်မဲ့ သံသယဝင်လာတာ၊ ကမူးရှူးထိုး ဒေါသကြီး ဝုန်းဒိုင်းကြဲလာတာတွေဟာ သူ့ဝေဒနာကပြတဲ့ လက္ခဏာရပ်များ ဖြစ်ပြီး အခုတလောမှာ ဤအမူအကျင့်တွေ ဂျူဂျူးထံ ခပ်စိပ်စိပ် တွေ့လာရ၍ မေဓါ စိုးရိမ်ကဲရတာပင်။ ဂျူဂျူး ဆယ့်ခြောက်နှစ်



www.burmeseclassic.com

www.burmeseclassic.com



သမီးက တစ်ကြိမ်၊ ဤလက္ခဏာများ ပြလာပြီးတဲ့နောက် အိမ် ဆေးခပ်များများ အိုဗာဒို့စ် သောက်ချကာ ကိုယ့်ကိုယ်ကိုယ် အန္တရာယ်ပြုဖူးပါသည်။

အဲဒီတုန်းက သူ့အကြောင်းပြချက်က ဆယ်တန်း ကျလို့ ဖြစ်သည်။ ဤသည်လည်း တစ်ချက်အပါအဝင် ဖြစ်ပေမဲ့ ကိုယ့်ကိုယ်ကိုယ် အလွန်အမင်း ယုံကြည်ချက်နည်းခြင်း၊ ပတ်ဝန်း ကျင်ကို အယုံအကြည်မဲ့ခြင်း၊ သူ့စိတ်သူ မလုံမခြုံ ခံစားရခြင်း ဆုံးရှုံးခြင်းကို ရင်မဆိုင်နိုင်ခြင်း၊ အလိုမကျစိတ် အပြင်းအထန် ဖြစ်ခြင်းတို့က အရင်းအမြစ် အကြောင်းရင်းတို့ ဖြစ်သည်။

"ဂျူဂျူးက ကြမ်းကြမ်းတမ်းတမ်း သိသိသာသာ မဟုတ် သေးပေမဲ့ ဆေးတိုက်ပြီး စ,ထိန်းထားသင့်တယ်လို့ အန်ကယ် ယူဆတယ်၊ သူ့ကို တိုက်မဲ့ဆေးတွေဟာ ထိုက်သင့်တဲ့ ဆိုက်ဒ်အဖက်က်လည်း ရှိမယ်၊ သောက်လိုက် ရပ်လိုက် မသောက်ဘဲ နေလိုက်၊ ပြန်သောက်လိုက်ဆိုရင် ကုသမှု ထိရောက်ဖို့ ဝေးသွားပြီး လူကို တစ်နည်းတစ်ဖုံ ပြန်ဒုက္ခ ပေးနိုင်တယ်၊ ဆိုလိုတာက ဆေးမသောက်ခင်ကလောက်ကို စိတ်တည်တည်ငြိမ်ငြိမ် မရှိနိုင်တော့တာ၊ မထိန်းသိမ်းနိုင်





တော့တာမျိုး၊ ပိုဆိုးလာမဲ့ သဘောမျိုးပေါ့၊ သူ့ကို စောင့် ကြည့်ပြီး သေသေချာချာ ဖိဖိစီးစီး ဆေးမှန်မှန်တိုက်ဖို့ လိုအပ်တယ်၊ လိုအပ်ရင် သူနာပြု ခေါ်ထားချင်ရင်တောင် ခေါ်ထားလို့ရတယ်၊ တခြားလုပ်ပေးဖို့ မလိုပေမဲ့ ဆေးတိုက် မှန်သွားတာပေါ့ ...

ဆေးကြောင့် သူ့မှာ ဒစ်စီးနက်စ်(မူးဝေထိုင်းမှိုင်း ခြင်း) ဖြစ်နိုင်တယ်၊ ဒါကို သူ သည်းမခံနိုင်ပဲ ဖြစ်နိုင် တယ်၊ သူ့ဟာသူ သောက်ခိုင်းနေလို့တော့ မလုံလောက် ဘူးလို့ အန်ကယ် ယူဆတယ်"

"မေခါ ကိုယ်တိုင် တိုက်မှာပါ အန်ကယ်လ်၊ သူနာပြု လည်း တခြားကိစ္စ မလိုတဲ့အတွက် မငှားတော့ပါဘူး၊ သူနာပြုခေါ်ထားရင်လည်း သူက တစ်မျိုးအခံဖွယ်ပေါက် ပြီး သူ့ကိုအစောင့်ချထားသလို စိတ်ဆိုးမှာ မေခါ သိတယ်"

"သမီးကိုယ်တိုင် တာဝန်ယူရင် ပိုကောင်းတာပေါ့၊ အေး လူရဲ့အမြင်မှာ ဂျူဂျူးဟာ ဘာမှမဖြစ်သလို လူကောင်းလို ထင်ရပေမဲ့ တကယ့်တကယ် သူ့စိတ်ထဲက ရုန်းရင်းဆန် ခတ် မတည်ငြိမ်မှုတွေက နှုးနှုးညံ့ညံ့ကလေးနဲ့ အမြစ်တွယ်



www.burmeseclassic.com

www.burmeseclassic.com



နေပြီဖြစ်တဲ့ သဘောပေါ့၊ သူ့ငယ်ဘဝတစ်လျှောက် သူ့ဟာစ်စ်ထရီတစ်ခုလုံးကို ပြန်ကြည့်လိုက်ရင် ဒီကလေးရဲ့ စိတ်တွင်းဒဏ်ရာဟာ အတော်ဆိုးဝါးနိုင်တယ် ...

သူ့အမေ ကိုယ်တိုင်က စိတ်ဓာတ်အင်အား ချို့တဲ့တဲ့ ဝေဒနာသည်၊ သူ့ကို အပြည့်အဝ စောင့်ရှောက်မှု ပြုစုလုံခြုံမှု မပေးနိုင်ခဲ့ဘူး၊ သူ့ကို မွေးခဲ့တာကိုက မလိုလားဘဲ ဆန္ဒမရှိပဲ မဖြစ်လို့ မွေးခဲ့ရတာ၊ ဒါကိုလည်း သမီးလုပ်သူကို သိစေခဲ့တယ်၊ အဖေကလည်း မိသားစုဝင်အဖြစ် ရင်းနှီးနွေးထွေးပြီး မနေပေးခဲ့ဘူး၊ မမျှော်လင့်တဲ့ မှားယွင်းမှုတစ်ခုကို တာဝန်ယူလိုက်ရတာမျိုးပဲရှိတယ်၊ တာဝန်ယူမှုဟာလည်း စာရွက်စာတမ်းပေါ်မှာပဲ ရှိပြီး စိတ်ဓာတ်ရေးရာ လူမှုရေးရာအရ နွေးထွေးတဲ့ စောင့်ရှောက်လုံခြုံမှုမျိုး မပေးခဲ့ပြန်ဘူး"

မေခါ မျက်လွှာကို ချထားမိပါသည်။

"အဖေဆိုတာ ရှိမှန်းသိတယ်၊ ဘယ်သူလဲ သိတယ်၊ ချစ်ခြင်းမေတ္တာကိုတော့ နွေးနွေးထွေးထွေး လက်မခံခဲ့ရဘူး အမေကတော့ အတူတော့ရှိတယ်၊ လှည့်မကြည့်ဘူး၊ နာ





နဲ့ ကြီးခဲ့ရတယ်၊ အမေကို အရောဝင်ချင်ပေမဲ့ အမေ့မေတ္တာကို လိုချင်ပေမဲ့ အမေကိုယ်တိုင်က စိတ်ပုံမှန်မဟုတ်တဲ့ ဝေဒနာသည်၊ လုပ်ချင်သလိုလုပ် နေချင်သလိုနေတဲ့ အမေနဲ့ ပတ်သက်တဲ့ မြင်ကွင်းတွေ အာရုံတွေ အတွေ့အကြုံတွေ အားလုံးဟာ ကလေးတစ်ယောက်အတွက် ဆိုးဝါးတယ်၊ ခါးသီးတယ်လေ ...

သူ့အသိဉာဏ်နဲ့ သူသိလာတဲ့အရွယ် ရောက်တော့ သူ့ကို ဂရုမစိုက်တဲ့ ပေါ့လားပါးလား ဆေးသမားအမေကို သူ လိုအပ်စိတ်နဲ့ စက်ဆုပ်တဲ့စိတ် သူ့ရင်ထဲမှာ တစ်သက်လုံး တိုက်ပွဲဖြစ်ပြီး နေခဲ့တယ်၊ အဲဒီအချိန်မှာ ချစ်ခြင်းမေတ္တာကို သူ တောင့်တတယ် တပ်မက်တယ်၊ ဖြစ်တဲ့နည်းနဲ့ ရှာဖွေယူတယ်၊ သူ့ဆန္ဒနဲ့သူ ဖြစ်ချင်တာနဲ့ သူ လက်ခံနေရတာတွေဟာ ဘာတစ်ခုမှ တစ်ထပ်တည်းမကျခဲ့ဘူး၊ သူ့မှာ ဘယ်သူမှ မရှိဘူး၊ တစ်ယောက်တည်းလို့ အမြဲတမ်း မလုံမခြုံ ခံစားနေခဲ့ရတယ်၊ အဲဒါကြောင့်လည်း ဆန့်ကျင်ဘက် ထွက်ပေါက်တစ်ခုလို သူဟာ ရန်လိုပြီး ဂျစ်ကန်ကန်နိုင်တဲ့ ကလေးတစ်ယောက် ဖြစ်လာတယ် ...



www.burmeseclassic.com

www.burmeseclassic.com



မောင်မောင် တစ်ယောက်ဟာတော့ သူယုံကြည်
သူအားကိုးတဲ့ သူလိုအပ်တဲ့ သူ့ရဲ့အရေးပါဆုံး လူ
ယောက် ဖြစ်နေတယ်၊ စိတ္တဇဆန်ဆန် လိုအပ်တယ်
ဒါပေမဲ့လည်း မောင်မောင့် အနေနဲ့ကလည်း သူနေသ
နေအပ်တဲ့ အနေအထားနဲ့ပဲ နေရတယ်ဆိုတော့ သူ့အ
ဆန္ဒအတိုင်း ဘယ်လိုက်လျောနိုင်ပါ့မလဲ"

ဒါတောင် ကိုမောင့်ခမျာ ဂျူဂျူးကို အင်မတန်
ပင်(အတတ်နိုင်ဆုံး)လိုက်လျောသည်းခံ ပေးဆပ်ပါသည်။ ဂျူ
အပေါ် ကိုမောင် အင်မတန်လည်း သံယောဇဉ်ကြီးမားတ
မေဓါ အသိပါ။ အခုတော့လည်း ကိုမောင်သည် ဂျူဂျူးကို
ရှောင်ရှောင်နေကာ အဝေးကနေပဲ ကူညီစောင့်ရှောက်ဖို့ ဆက်လ
စိတ်ကူးလို့ မဖြစ်တော့။ ဂျူဂျူးကို ဆေးကုသဖို့ကိစ္စမှာ ကိုမော
အခရာ ဖြစ်ခဲ့သည်။ ကိုမောင် ပြောလို့လည်း ခုလို ဆရာဝန်ကြ
နှင့် လိုက်ပါတွေ့ဆုံဖို့ မေးတာဖြေဖို့ အစမ်းသပ်ခံဖို့ ဂျူ
လက်ခံခဲ့တာပင်။

"သူ့ဘဝမှာ သူ့ဘဝကို နှစ်သိမ့်ကျေနပ်စရာကောင်းအော
အထောက်အကူပြုတဲ့ အချက်ဆိုလို့ တစ်ချက်မှ မရှိခဲ့ဘူ





ကြည်နူးစရာ ဘာမှမရှိဘဲ မကျေမချမ်းနိုင်စရာတွေပဲ ပြည့်နှက်နေတယ်၊ သမီးအဖို့ရာလည်း ဂျူဂျူးအပေါ် သည်းခံစိတ်ရှည်ဖို့၊ အချိန်တွေ မေတ္တာတွေပေးဖို့ ကြိုးစားစေချင်တယ်"

"မေဓါ ဂျူဂျူးကို ချစ်ပါတယ် အန်ကယ်၊ အန်ကယ်ပြောတဲ့အတိုင်း ကြိုးစားမှာပါ၊ သူနဲ့အတူ မနေရခင်ကတည်းက သူ့ကိုချစ်တဲ့စိတ် ရှိပါတယ်၊ အစစအရာရာ မေဓါ့တာဝန်လို့လည်း မှတ်ယူထားပြီးသားပါ၊ ဖေဖေကလည်း ဂျူဂျူးကို သံယောဇဉ်ကြီးတဲ့သူပါ၊ သူ့အမေရှိတုန်းကသာ ခပ်လှမ်းလှမ်းနေပြီး အဝေးကပဲ စောင့်ကြည့် စောင့်ရှောက်ခဲ့ပေမဲ့ ခုအခြေအနေမှာတော့ အနီးကပ် မေတ္တာပေးဖို့ ဖေဖေ့မှာလည်း ဆန္ဒရှိပြီးသားပါ၊ အခု အဝေးမှာမို့ပါ၊ ဖုန်းဆက်ရင် သူ့ကို ခေါ်ပြီး ဖေဖေ နွေးနွေးထွေးထွေး စကားပြောနေကျပါ"

"သူ့ဘက်ကကော ဘယ်လိုရှိလဲ"

"ဂျူဂျူးဘက်က ဆက်ဆံမှုကတော့ သူငယ်ချင်းဘော်ဒါ တစ်ယောက်ကို ဆက်ဆံနေသလောက်ပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲန်တီဒီပရက်ဆင့်င်အိုဗာဒို့စ် Antidepressant overdose ဖြစ်ဖူးတဲ့သူမို့ သူ့ကို အခြေအနေတိုင်းမှာ ဂရုစိုက်ရမယ်၊ သူ့စိတ်ကို ပျက်ပြားကျဆင်းသွားမဲ့ ပြဿနာမျိုး မဖြစ်အောင် ဂရုစိုက်ရမယ်ပေါ့၊ ဒီလိုလူနာကို ပြုစုစောင့်ရှောက်ရတဲ့ ပညာက သိမ်မွေ့တယ်"

"မေဓါ နားလည်ပါတယ် အန်ကယ်၊ မေဓါ ဂျူဂျူးကို အတတ်နိုင်ဆုံး စိတ်ရှည်ပါ့မယ်"

မေဓါသည် အဲဒီနေ့ကစ,ပြီး မြို့ထဲက သူ့ဆိုင်ကို လုံးဝမသွားဖြစ်တော့ပါ။ ဆိုင်မှာ ခန့်ထားတဲ့ ဝန်ထမ်းတွေထဲက လုပ်ရည်ကိုင်ရည် အရှိဆုံး တစ်ယောက်ကို ဆိုင်တာဝန်ခံအဖြစ် သတ်မှတ် တာဝန်ပေးလိုက်၍ သူနှင့်ပဲ မျက်နှာလွှဲထားလိုက်ရပါသည်။ လိုအပ်တာကလေး ဖုန်းဆက် ညွှန်ကြားရုံပဲ လုပ်နိုင်တော့သည်။

ဂျူဂျူးကို ဆေးတိုက်ရမည့် အချိန်တွေဟာ ခြောက်နာရီခြား လေးကြိမ်ဖြစ်၍ ကြားထဲက နာရီပိုင်းတွေမှာ ဆိုင်ကို ခဏတဖြုတ်သွားဖို့ အချိန်ရနိုင်သော်လည်း ကိုယ်ထွက်သွားခိုက် သူပါထွက်သွားပါက ဆေးချိန်အမီ သူ့ကို ပြန်မတွေ့မှာ စိုးရိမ်





ရသည် မဟုတ်လား။ ခြောက်နာရီခြားဖြစ်၍ ညလယ်မှာပါ တစ်ချိန်နိုး၍ ဆေးတိုက်ရသည်။ ထိုအတွက် မေဓါ့မှာ အလှမ်းပေးထားတဲ့ နာရီတစ်လုံးနှင့် ကိုယ့်ကိုယ်ကိုယ်ပါ ညလယ်ကောင်မှာ နိုးရပါတော့သည်။

ကိုယ်က အိပ်ရာကထပြီး သူ့ကို ဆေးတိုက်တာတောင်မှ သူက သူ့ကို ညလယ်ကောင် နိုးရပါ့မလားလို့ အချိန်မတော်မှာ ပူညံပူညံ စိတ်ကောက်ချင်သေးသည်။

စိတ်ရောလူပါ ပင်ပန်းရ၍ မေဓါသည် တစ်ရက်မှ လန်းဆန်းရွှင်ပျတယ် မရှိပါ။ စိတ်ကိုပို၍ ဖိစီးထိခိုက်စေသော အချက်ကား ယောမင်းက မေဓါ့ကို ကျေနပ်ပုံမရတဲ့ အချက်ပင်။

ဂျူဂျူးကို ဆရာဝန်ကြီးနှင့် ပြသည့်နေ့ ညနေက ယောထံ မေဓါကစ၍ ဖုန်းဆက်လိုက်ပါသည်။

"နေ့လယ်က မလာနိုင်လိုက်တာကို မေဓါ တောင်းပန်တာပါ ယော၊ ဆရာဝန်ဆီမှာ ကြာသွားတော့ နေ့လယ်တစ်နာရီ ကျော်သွားတာနဲ့ မေဓါ မလာတော့တာ၊ အန်တီတို့ ယွန်းတို့ကိုလည်း ပြောပြပေးဦးနော်"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်၊ ကိုပြောထားပြီးပါပြီ၊ မေခါ လာချင်မှ လာနိုင်မယ်ဆိုတာ၊ ဒါနဲ့ ဂျူဂျူးရောဂါကကော တော်တော်အဆောက်အဦ ကြီးသတဲ့လား၊ စိုးရိမ်နေရတဲ့ အခြေအနေလား"

ယော ရွှံ့မေးတာကို သိပါသည်။

"ဒီလောက်တော့ မကြီးပါဘူး"

"ဘာရောဂါလဲဆိုတာ လျှို့ဝှက်ထားတယ်ပေါ့"

မေခါက ကြိုစဉ်းစားထားပြီးဖြစ်၍ ...

"ဂျူဂျူးက ဒီပရက်ရှင်ဝင်တဲ့ သဘောပါ"

"ဒီလောက် ဖျတ်လတ်တက်ကြွ သွက်လက်မြူးထူးနေတဲ့ ခေါင်းထဲက မြင်းမလေးက ဒီပရက်ရှင် ဝင်နေတာတဲ့လား ဟား ဟား"

ယောရဲ့ လှောင်ရယ်ကို မေခါက နားလျှံစေလိုက်ပါသည်။

"သူလည်း အိမ်မှာပဲ နားနားနေနေ နေရမယ်လို့ ဆရာဝန်က ပြောလိုက်တော့ မေခါလည်း အိမ်မြဲရတော့မှာပေါ့"

"ဘာအတွက်လဲ"





"မေခါ မရှိရင် သူ ထွက်ထွက်သွားမှာ စိုးလို့လေ"

"ထွက်သွားလည်း ခဏပေါ့၊ ပြီးရင် ပြန်လာမှာပဲဟာ၊ ထွက်သွားပြီး ပြန်မလာတော့တာမျိုး ရှိဖူးလို့လား"

စကားအခွန်းတိုင်းကို ယော ခွတိုက်၍ ပြောနေတာ မေခါ ရိပ်မိပါသည်။

"ဆေးတွေ ဘာတွေလဲ တိုက်ဖို့ရှိတယ်"

"ဆေးလောက်တော့ သူ့ဟာသူ သောက်တတ်တဲ့အရွယ် ရှိနေပါပြီ မေခါရယ်"

"ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ မေခါ အိမ်မှာပဲ ခဏနေပေးရဦးမယ်၊ ဆိုင်ကို မသွားနိုင်သေးဘူး၊ အဲဒါလည်း ယောကို ပြောထားတာ၊ တော်ကြာ ယော မေခါ့ဆိုင် ဝင်လိုက်တဲ့အခါ မေခါ မရှိတာနဲ့ ကြုံနေရမှာမို့လို့"

"မရှိတော့လည်း လှည့်ပြန်လိုက်ရုံပဲပေါ့ဗျာ၊ အိမ်လည်း မလာနဲ့၊ ဆိုင်မှာလည်း မရှိဘူးဆိုတော့ မတွေ့ကြနဲ့ဦးစို့ ဆိုတဲ့ သဘောမျိုး ဖြစ်နေပြီပေါ့"

"မေခါလည်း ယောနဲ့ တွေ့ချင်ပါတယ်၊ မေခါ ထွက်လို့ရတဲ့အခါ တစ်နေရာရာမှာ ချိန်းပြီးဆုံမယ်လေ ယော"



www.burmeseclassic.com

www.burmeseclassic.com



"ထွက်လို့ရတဲ့အခါ ... !! ... အင်း ... အရမ်းကို ပဟေဠိဆန်နေတာပဲနော်၊ သဘောပါ မေခါရယ်၊ မင်းသဘောပါ၊ မင်းက တွေ့ကြမယ်ဆိုရင်လည်း တွေ့လိုက်တာပေါ့၊ မင်းက မတွေ့နိုင်သေးဘူး ဆိုတော့လည်း ပြီးရောပေါ့"

ယောမင်းရဲ့ လေသံ စကားလုံးတွေက မကြည်လင်တာ သိသာလှပါသည်။ နောက် နှစ်ရက် သုံးရက် တိုင်အောင် ဖုန်းပါမဆက်။ ညဘက်တစ်ညမှာ မေခါကပဲ စတင်ဖုန်းဆက်ရပြန်သည်။ စိတ်ခုနေတာ သိသိသာသာနှင့် စကားကို ဟက်ဟက်ပက်ပက် မပြောတဲ့ ယောမင်းကို မေခါကပဲ အရေးမပါတာတွေ ချဲ့ကားပြီး စကားရော ဖွဲ့ရော လုပ်ပြောရသည်။ ယောက ဂျူဂျူးနှင့် ပတ်သက်လို့လည်း ဘာမှမမေး မပြောတော့။ မေခါ ပြောနေတဲ့ ရောက်တတ်ရာရာတွေကိုပဲ အင်း ... အဲနှင့် လိုက်နေသည်။

မေခါသည် ယောနှင့် စကားပြောရင်း ဝမ်းနည်းလာပါသည်။ ကိုယ့်ကို ခြောက်နှစ်တိတိ သဲသဲမဲမဲ အရူးအမူးလိုက်ကာ ချစ်သူတွေ ဖြစ်တော့လည်း ယုယကြင်နာလှ၍ ဘာပြဿနာမှ မရှိခဲ့ဖူးသော ချစ်သူနှင့် အဖုအထစ် ဖြစ်ရသည်မှာ မေခါ





ကိုယ်ရေးကိုယ်တာကြောင့် မဟုတ်။ ထို့ကြောင့် မေခါ့စိတ်တွေ သို့ုံးဝေထိုင်းမှိုင်းကာ မကြည်မလင် မပျော်မရွှင်နိုင်ပါ။

ညလယ်ကောင်ထ,၍ ဂျူဂျူးကို ဆေးတိုက်ပြီးတဲ့အခါ ဂျူဂျူးဟာ ဆေးအစွမ်း အာနိသင်နှင့် ခပ်မြန်မြန် ပြန်လည် အိပ်မောကျသွားပေမဲ့ မေခါကတော့ ဟိုတွေးဒီတွေးနှင့် မရွှင်ပျတဲ့ စိတ်အခံက လူကို ဝမ်းနည်းစေတဲ့ အတွေးတွေကိုပဲ တွေးမိစေကာ အတော်နှင့် လွယ်လွယ်နှင့် ပြန်အိပ်မပျော်တော့ပါ။ နေ့လယ် နေ့ခင်းမှာလည်း ပြန်လည် မမှေးငိုက်ရဲ။

သူ အိပ်ပျော်သွားခိုက် ဂျူဂျူး လစ်ခနဲ ထွက်သွားမှာ စိုးရိမ်ကြီးနေပြန်ကာ နိုးနိုးကြားကြား နေရသည်။ အိပ်ရေးပျက်တော့ ပါးစပ်ပါ ပျက်ကာ စားလို့သောက်လို့လည်းမကောင်း။ သိပ်မစားနိုင်တော့ လေတွေခံကာ လူက နေလို့မကောင်း။ တစ်ရက်ခြား တစ်ကြိမ် ရောက်လာတတ်တဲ့ ကိုမောင်က မေခါ့ကို ဘာအုံ့တသြကြည့်ရင်း ...

"မေခါ ...၊ ငါ့ညီမ ... မျက်ကွင်းတွေ ချောင်ကျပြီး လူလည်း ကိုယ်ရည်စစ်သွားပါလား၊ ညည်းကော နေလို့ကောင်းရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



မေခါသည် သူဖြစ်နေရတဲ့ အခြေအနေကို ကိုမောင့်ကိုပဲ အားကိုးတကြီးနှင့် ဝမ်းပန်းတနည်း ပြောပြ ရင်ဖွင့်ရပြန်သည်။

"တော်ကြာ ဂျူဂျူးက နေကောင်းသွားပြီး မေခါက လူမမာဖြစ်ပြီး ကျန်ရစ်ခဲ့ဦးမယ်"

"ဂျူဂျူးကို လူကောင်းပကတိလေး ဖြစ်စေချင်တယ် ကိုမောင်ရယ်၊ တော်ကြာ ဆေးတွေမဝင်ဘဲ ဆေးပတ်ပျက်မှာ စိုးရလို့ ဆေးတကယ်မျိုချပြီး ဗိုက်ထဲဝင်တာ သေချာမှပဲ စိတ်ချတယ်၊ သေချာစောင့်ကြည့်ရတယ်၊ နည်းနည်းမှ အလစ်မပေးရဲဘူး၊ ဆေးသောက်ပြီးရင် သူ မူးငိုက်နေတတ်တော့ သောက်ခါနီးတိုင်း ဂျီကျတယ်"

အလည်မလေးဟာ မေခါ့ကိုသာ ဗိုလ်ကျ ဂျီကျတာ။ ကိုမောင် လာတုန်း လာခိုက် ဆေးသောက်ရလျှင်တော့ ဘာဆင်ခြေစကားမှ မလာ၊ ဖျတ်ခနဲ မျိုချ၊ ပါးစပ်ဟာပြပြီးလျှင် ကိုမောင့်အနီး တိုးကပ်၊ လက်မောင်းဖက်တွယ်ကာ တစွတ်စွတ် ချွဲနွဲ့နေလေ့ရှိသည်။ သူ လိမ္မာတဲ့အကြောင်း စကားနားထောင်တဲ့အကြောင်း တီတီတာတာ ပြောလေ့ရှိသည်။ ကိုမောင်လာလျှင် ဂျူဂျူး မျက်နှာမှာ စိတ်ချမ်းသာ ပျော်ရွှင်နေတာ သိသာလှသည်။





ကိုမောင်ကလည်း ဂျူဂျူးကို ပုံမှန်ထက်ကို အတော်ပို၍ ကြင်နာယုယပါသည်။ ဂျူဂျူးအပေါ်ထားတဲ့ ကိုမောင့်သံယောဇဉ်ကို မေခါ မြင်နေရပါသည်။ ကိုမောင်လို လူတစ်ယောက်ကိုသာ ချစ်သူအဖြစ် အိမ်ထောင်ဖက်အဖြစ် ပိုင်ဆိုင်ရလျှင် ဂျူဂျူး ဘဝတစ်သက်လုံးအတွက် စိတ်အေးစိတ်ချဖို့ကောင်းလှသည်။

သို့သော် ... ဒီအတွက် ကိုမောင့်ကို မေခါ ဘယ်လိုများ တိုက်တွန်း အားပေးရပါ့မည်နည်း။ ကိုယ့်ညီမ ကောင်းစားရေး တစ်ဖက်တည်းကို တစ်ကိုယ်ကောင်းဆန်ဆန် ကြည့်ရာကျမည်။ ကိုမောင်လို လူတစ်ယောက်ဟာ ရေရှည်ကိုတွေးမှာ။ ရေရှည်တွက်လျှင် စဉ်းစားဆင်ခြင်စရာတွေ အများကြီး။ ကိုမောင်ဆည့်တွက်ရမှာတွေ အများကြီး။ စိတ်ရင်းထဲကတော့ အတိုင်းထက်အလွန် အင်မတန်ကို ဖြစ်စေချင်နေပါသည်။

"အိမ်တွင်းအောင်းနေတော့ မေခါ့ အသားတွေတောင် ဖြူရော်ရော် ဖြစ်လာသလိုပဲ၊ ဘယ်မှ မထွက်တာလား"

"ဘယ်မှ မထွက်ဘူး ကိုမောင်၊ ဈေးတောင် မသွားဘူး၊ ကိုယ်သွားတုန်း သူ ထွက်သွားရင် ဆေးချိန်အမီ ပြန်မအုပ်မိမှာစိုးလို့"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယောမင်းကော လာသေးလား"

"သူ့ကို မေခါက အိမ်မလာခိုင်းထားဘူး၊ မေခါ ဆိုင်လည်း မသွားဘူးဆိုတော့ မတွေ့ဖြစ်ဘူး"

"အိမ်မလာခိုင်းတာက ဘာဖြစ်လို့လဲ"

မေခါသည် အစ်ကိုတစ်ယောက်ကို ခပ်ရွံ့ရွံ့ကြည့်သည့် အကြည့်မျိုးနှင့် ကိုမောင့်ကို တစ်ချက်ကြည့်ရင်း ...

"ဂျူဂျူးနဲ့ ပတ်သက်လို့ ယောကို မေခါ ပွင့်ပွင့်လင်းလင်း ဖွင့်ပြောမထားဘူး ကိုမောင်"

"အင်း ... အဲဒီလို ကိုယ် ထင်တယ်၊ ဘာဖြစ်လို့ မပြောလဲ မေခါရယ်၊ သူဟာ မေခါ လက်ထပ်မဲ့သူ မဟုတ်လား"

"သူတို့အသိုင်းအဝိုင်းက အရှိန်အဝါတစ်မျိုး ရှိတယ် ကိုမောင်၊ မေ ... မေခါ ရှက်မိတာလည်း ပါပါတယ်"

"ရောဂါဖြစ်တာ ရှက်စရာမှ မဟုတ်တာ မေခါ၊ ကိုယ်ဖြစ်ချင်လို့ ဒီရောဂါကို ရွေးချယ်ပြီး မွေးယူတာလည်း မဟုတ်ဘူး၊ သူ့အလိုအလျောက် ဖြစ်ရတာ၊ ဘယ်ရောဂါမျိုးကိုပဲ ဖြစ်ဖြစ် ဘယ်သူမှ မဖြစ်ချင်ကြပါဘူး မေခါ"





"ပြီးတော့ ဂျူဂျူး ပြုမူလိုက်တဲ့ အပြုအမူ တစ်ခုခုဟာ အထင်သေးစရာလိုမျိုး ယော စိတ်ထဲ ဖြစ်သွားမှာလည်း ကြောက်တယ် ကိုမောင်၊ တစ်ခါတောင် ဂျူဂျူးက ယောကို သွားရောပြီးပြီ၊ ကားမပျက်ဘဲ ကားပျက်တယ်ပြောပြီး အိမ်လိုက်ပို့ခိုင်းတာ၊ ယောကတော့ မရိပ်မိခဲ့ပါဘူး၊ ကားတကယ်ပျက်တယ်ပဲ သူ ထင်တယ်၊ မေခါ သဝန်တိုပြီး ပြောတာ မဟုတ်ပါဘူး၊ ပတ်သက်ရာ ပတ်သက်ကြောင်း ရှိတဲ့လူချင်းကြားမှာ မျက်နှာပူစရာ အထင်လွဲစရာတွေ ရှိလာမှာ စိုးရိမ်တာပါ"

"အဲဒါကြောင့် ဂျူဂျူး စိတ်အခြေအနေကို ပြောဖို့ လိုတာပေါ့ မေခါ၊ သူ အိမ်လည်းမလာရ၊ မေခါနဲ့လည်း မတွေ့ရဆိုတော့ ဘာကွန်ပလိန်းမှ မဖြစ်ဘူးလား"

မေခါက ဝမ်းနည်းနည်းနှင့် ...

"သူ မေခါ့ကို စိတ်ဆိုးနေပုံရတယ်"

"ကိုယောမင်းက မေခါ့ကို တကယ်မြတ်နိုးတဲ့သူပဲ၊ ဂျူဂျူးအားနည်းချက်ကို သိရလို့ ဘာမှမဖြစ်လောက်ပါဘူး၊ မေခါ အစိုးရိမ်လွန်နေတယ်လို့ ကိုယ်ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုမောင်ရယ် ...၊ မေခါ အစိုးရိမ်လွန်နေတာလည်း ဖြစ်ကောင်း ဖြစ်ပါလိမ့်မယ်၊ ဒါပေမဲ့ မေခါ့ကိုယ် မေခါထက် ဂျူဂျူးကို ဖေဖေ့ကို အထင်သေးစရာ ဖြစ်လာမှာ မေခါ သိပ်ကြောက်တာပဲ"

ကိုမောင်က မေခါ့ ခံစားချက်ကို နားလည်စွာ မေခါ့ ခေါင်းကလေးကို တချက် နှစ်ချက် ပုတ်ရင်း ...

"မေခါ ချစ်သလောက် သူလည်း မေခါ့ကို ချစ်မှာပဲဆိုတာ ထည့်တွေးဦးလေ၊ အမှန်အတိုင်းကို သူ့ကို မျှဝေသင့်တာပေါ့"

ကိုမောင်နှင့် မေခါ ခေါင်းချင်းဆိုင်၍ တိုးတိတ်စွာ တိုင်ပင်ပြောဆိုနေတာကို ဂျူဂျူးက မလိုတမာ ခါးသီးစွာ ကြည့်နေလေ့ရှိသည်။

✳ ❖ ✳





၁၁

"ဂျူဂျူးရေ ... ညီမလေး လာထိုင်၊ ထမင်းစားလိုက်တော့"

ဂျူဂျူးက ညှော်ခန်းဆိုဖာပေါ် ခွေခေါက်ကာ ဂျာနယ်တစ်စောင်ကို ဟိုလှန်ဒီလှန် လုပ်နေရာမှ ...

"မစားသေးဘူး"

"မစားလို့ ဘယ်ဖြစ်မလဲ ညီမလေးရယ်၊ ဆယ့်နှစ်နာရီထောင် ခွဲပြီဥစ္စာ၊ တော်ကြာနေရင် ဆေးတစ်ကြိမ်သောက်ဖို့က ရှိသေးတယ်"

မေခါက ထမင်းစားပွဲမှာ ပြင်ဆင်ရှုံးခပ်နေရင်းကို ရှည်ရှည်ထားလျက် ချော့မော့ရပါသည်။ ဂျူဂျူးက



www.burmeseclassic.com

www.burmeseclassic.com



ဂျာနယ်ထဲ မျက်နှာဝင်မတတ် ကပ်ဖတ်နေရင်း မျက်လုံး
စာလုံးတွေကိုလည်း တွေ့ပုံမရပါ။ ပါးစပ်ကိုလှုပ်ကာ မကျေ
ပွစိပွစိ ရေရွတ်နေသည်။

"ဂျူဂျူးရေ"

"ဘာဟင်းလဲ"

"ပုစွန်တုပ်ဟင်း ရှိတယ်၊ မရမ်းသီးလေး သုပ်ပေး
တယ်၊ ဒန့်ဒလွန့်သီးနဲ့ ကုလားဟင်းကလည်း ဂျူ
အကြိုက်ပဲ"

"ဒါပဲလား"

"မနေ့က ကြက်သားပြုတ်ကြော်လေးက ပေါင်တုံး
ချောင်း ရှိသေးတယ်၊ နွှေးပေးရမလား ဂျူဂျူး"

"နိုး"

"ကဲ ... လာ ... လာ ... ဂျူဂျူးရယ်၊ စားကြရအော
ကွယ်"

"မမ"

မေမေါက ဂျူဂျူး အနား လာရပ်ကာ ...

"ဘာလဲ ဂျူဂျူး"





"ဂျူဂျူး ဆိုင်မှာ ခေါင်းသွားလျှော်ချင်တယ်လို့ ပြောနေ
တာ၊ ဒီမှာ လက်သည်းခြေသည်းတွေလည်း လုံးဝမလှ
တော့ဘူး၊ သန့်ပြီး ပုံသွင်းပြီး ဒီဇိုင်းဖော် ဆိုးချင်တယ်"

မေမေါသည် ခေါင်းကိုစောင်း၍ ရင်မောတကြီး
ကြည့်နေရင်း မရှည်ချင်လာတဲ့ စိတ်တွေကို ဆွဲဆွဲဆန့်ယူ
...

"ကဲ ... ကဲ ... သွားရမယ်၊ ထမင်းလာစား"

"တကယ်နော်"

"တကယ်"

အုန်းနှင့် လုံးကိုပါ ကားပေါ်တင်ခေါ်သွားပြီး အလှ
ဆိုင်မှာ သူ့ကိုအစောင့်အရှောက်နှင့် ခေါင်းလျှော်ပေး ခြေသည်း
လက်သည်း ပြင်ပေးရတော့မှာပဲ။

"အုန်းအုန်း"

"ရှင်"

"လာခဲ့၊ စာရွက်နဲ့ ဘောလ်ပင် သွားယူ"

"ဟုတ်"

"ဘာလုပ်ဖို့လဲ ဂျူဂျူး"



www.burmeseclassic.com

www.burmeseclassic.com



"စာချုပ်ပြီး လက်မှတ်ရေးထိုးထားမယ်လေ၊ တော်ကြာ ငါ မပြောမိပါဘူး ဆိုပြီး မပို့ဘဲ နေဦးမယ်"

"မမ ဘယ်တုန်းက အဲလို ကတိမတည်ဖူးသလဲ ဂျူ ရယ်"

"အရင်တည်ပေမဲ့ ခုမတည်ရင်ကော"

မေခါ ကျွတ်ခနဲ စုတ်သတ်မိကာ သက်ပြင်းချ ထမင်းစားပွဲမှာ စိတ်ရှည်လက်ရှည် လာထိုင်စောင့်နေသည်။ တစ်ရက် နှစ်ရက်မှာကို ဂျူဂျူး တစ်မျိုးဖြစ်နေလားလို့။ မေခ စိုးရိမ်မှန်းသိလို့ပဲ တမင်ဟန်ဆောင် လှန့်နေသလားတော့ မသိ

"မမဂျူး ... ရပါပြီ"

"ကဲ ... ရေး"

"ကျွန်မ ..."

"ရေးပါ၊ နင်ပဲ ရေးပါ၊ ဘာလဲ ...၊ လက်ရေးမလှလို့လား ရတယ်၊ စာဖြစ်ရင် ပြီးရော၊ ငါ ခေါ်ပေးတာကိုရေး၊ ကဲ ဆိုပြမယ်နော်၊ ကျွန်မ မမေခါနှင့် ကျွန်မ မဂျူဂျူးတို့ နှစ်ဦးသဘောတူ စာချုပ်ချုပ်ဆို လက်မှတ်ရေးထိုးကြ





သည်။ မဂျူးဂျူး ဒီနေ့မနက်စာကို ကောင်းကောင်းစား လျှင် မမေခါက နေ့လယ်စောင်းတွင် အလုပြင်ဆိုင်လိုက် ပို့ပေး၍ ဂျူဂျူးကို ခေါင်းလျှော် ခြေသည်းလက်သည်းပြင်၊ ဆေးဆိုး ... စသည်တို့ ..."

"မမဂျူး ... မမဂျူး ... ကျွန်မ မမီတော့ဘူး"

"ဟာ ... တောက်၊ နင်က ဘာလို့ မမီရတာလဲ"

"မမဂျူးက တောက်လျှောက် ပြောသွားတာ"

"ကဲ ... ပြန်ရေး၊ နင်တို့နဲ့ သိပ်လက်ဝင်တာပဲ၊ အဲ ... ဘာလဲ ... အစက၊ ကျွန်မ မမေခါနှင့် ..."

"အဲဒါ ပြီးပြီ"

"ကဲ .. အုန်း ... လာ ... စာရွက်ယူခဲ့၊ ဂျူဂျူး ထမင်းစားပွဲ လာထိုင်၊ မမ ရေးပေးမယ်"

အုန်းက စာရွက်ယူကာ ကမန်းကတန်း ပြေးလာ ပေးလျှင် မေခါသည် စိတ်တိုတိုနှင့် စာရွက်ပေါ် ရေးချပစ်လိုက် ၏။ ကိုယ်ပါ ကလေးကလား။ ဂျူဂျူးများ တစ်ခုခု ဖြစ်နေသလား စိုးရိမ်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



မနေ့ကလည်း အကြောတွေ တောင့်တင်းသည်အ
ကာ လုံးလုံးကို တက်နင်းခိုင်းသည်။ လုံးလုံးရဲ့နာမည်နဲ့ လိုက်
အောင် ရာဝင်အိုးလေးကဲ့သို့ရှိသော ခန္ဓာကိုယ်ဒဏ်ကို ဂျူဂျူ
ဘယ်ခံနိုင်ပါမယဲ။ သူ့ကို နာအောင် နင်းရပါမည်လားလို့
လုံးလုံးကို ဒဏ်ပေးပုံမှာ စောင်ကြားကြီးကိုခြုံ၍ ဦးထုပ်တစ်လုံး
ဆောင်းကာ စာရေးစားပွဲပေါ် တက်ရပ်နေရတာ ဖြစ်သည်။
မေဓါ ပြောလို့လည်း မရအောင် ဂျူဂျူးက ဒေါသတွေကြီးနေ
သည်။

ခဏအကြာ ဂျူဂျူး အိပ်ပျော်သွားမှ လုံးလုံးကို
စားပွဲခုံပေါ်မှ ဖြည်းဖြည်းဆင်းစေရသည်။ သူ နိုးလာတော့လည်း
သူ ဒဏ်ပေးခဲ့တာကို မေ့သွားလေပြီ။ ထိုအူကြောင်ကြောင် အပြု
အမူမျိုးတို့ဟာ ဟိုးအရင်ကတည်းက ဂျူဂျူးထံမှာ ရှိသည်။
တစ်ခါတစ်ရံမှ ထကြောင်တာ ဖြစ်သည်။ ဒီတစ်ရက် နှစ်ရက်
တော့ ပြန်ဖြစ်လာတာလား၊ ဘာလား၊ ရိုးရိုးသားသား စိတ်အခန့်
မသင့်လို့ပဲ ခွတိုက်နေတာလား ဝေခွဲမရ။

"ကဲ ... ဂျူဂျူး၊ လက်မှတ်လာထိုး"

"မမ အရင်ထိုး"





"ငါ ထိုးပြီးနေပြီ"

ဂျူဂျူးက ထမင်းစားပွဲဆီ ထ,လာပါသည်။ ရှုပ်
သော မျက်နှာနှင့် မေဓါ ရေးထားသော စာရွက်ကို ဖတ်ကြည့်
နေသည်။

"နားလည်း ဖောက်မယ်ဆိုတာ ထည့်ရေးဦး"

"ဘာရယ်"

"နားဖောက်မယ်"

"နင့်မှာ နားပေါက်ရှိပြီးသားပဲ ဂျူဂျူးရယ်"

"မဟုတ်ဘူး၊ ညာဘက် တစ်ဖက်တည်း အပေါ်မှာ နှစ်
ပေါက် ထပ်ဖောက်ချင်တာ"

"ဟာ ... အဲဒါတွေက ခေတ်တောင်တုံးသွားပြီဟာ၊ ဘာ
ကိစ္စ ဖောက်မှာလဲ"

"ခေတ်က တုံးသွားတာကြာလို့ ပြန်ပြီး တစ်ခေတ်ဆန်းလာ
နေပြီ၊ ပြန်ဖောက်နေကြပြန်ပြီ မမ သိရဲ့လား"

"မဖောက်ပါနဲ့ ဂျူဂျူးရယ်၊ အလကားသက်သက် အသား
လည်းနာ၊ အနာရင်းရင်လည်း ခံရသေးတယ်၊ နားရွက်ဆို
တာ အဖျားမှာပဲ အသားသီးရှိတာ၊ ဘေးဖက်အပေါ်ဘက်



www.burmeseclassic.com

www.burmeseclassic.com



သွားရင် အရိုးနုဇရိယာရောက်ပြီ၊ မမဖတ်ဖူးတယ်၊ အခန့်မသင့်ရင် အရိုးနုဒဏ်ဖြစ်ပြီး နားရွက်ပုံပျက်သွားတတ်တယ်"

"အို ... မမကလည်း လူတိုင်းဖောက်နေကြတာပဲ"

"လူတိုင်း မဖောက်ပါဘူး"

"ဩော် ... အင်း ... ဟဲ ဟဲ ... မမလည်း လူပဲနော်၊ ဖောက်မှ မဖောက်တာ၊ ဒါပေမဲ့ ဂျူဂျူး ဖောက်တော့ ဖောက်ချင်နေတယ်၊ နားမှာ မဖောက်ရရင် ချက်မှာဖောက်မယ်"

"ဂျူဂျူး"

"လုံးလုံး"

မေဓါ ခပ်ဆတ်ဆတ် အော်လိုက်သံအတိုင်း ဂျူဂျူးကလည်း ခပ်ဆတ်ဆတ် အော်လိုက်ပါသည်။ လုံးလုံးက ညောင်နာနာသံနှင့် "ရှင်"လို့မရဲတရဲ ထူးသည်တွင် ...

"ရော့ ... ငါ့ပန်းကန်ထဲက ထမင်းနည်းနည်း ပြန်လျှော့"

"ဟုတ်ကဲ့"

လုံးလုံးက ခပ်မြန်မြန်ယူကာ ထမင်းအချို့ကို ထမင်းအုပ်ထဲ ပြန်ထည့်လိုက်ပါသည်။





"ငါ တောသူ့မ မဟုတ်ဘူး နားလည်လား၊ နင်တို့တောမှာလို ကောက်စိုက်ပြီး ပင်ပင်ပန်းပန်းနဲ့ ဆာတိုင်း ထမင်းနှစ်လုံးချက်လောက် အသားကုန် တွယ်မဲ့သူလို့ နင်ထင်နေလား"

"မထင်ပါဘူး၊ ကျွန်မလည်း နည်းနည်းပဲ ထည့်ထားတာပါ"

"အဲဒါ နည်းနည်း မဟုတ်ဘူး၊ အခု ကျန်တာကမှ နည်းနည်း၊ နင် မှတ်ထား"

"ဟုတ်ကဲ့ ... မမဂျူး"

ဂျူဂျူးက ဘာပြဿနာရှာရင် ကောင်းဦးမလဲဆိုတဲ့ မျက်ဝန်းမျိုးနှင့် ဟိုဟိုဒီဒီ လှည့်ပတ်ကြည့်နေသည်။

"ကဲ ... ဂျူဂျူး၊ စားတော့၊ စားသင့်ပြီ၊ နင် ဘယ်တော့စားမှာလဲ၊ ငါလည်း ဗိုက်ဆာနေပြီ"

"မမ ဗိုက်ဆာရင် စားပါတော့လား၊ ဘာဖြစ်လို့ ဂျူဂျူးစားမှ စ,စားမယ်လို့ ထိုင်စောင့်နေတာလဲ"

"နင် စားမှပဲ ငါ စိတ်ဖြောင့်မှာလေ ဂျူဂျူး၊ ထမင်းစားပြီးရင် အချိန်ခြားဖို့ စောင့်ရဦးမယ်၊ ပြီးမှ ဆေးကသောက်ရမှာ၊ အချိန်တွေ လွဲကုန်မယ်"

"အချိန်လွဲတော့လည်း ဘာမှမဖြစ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဂျူဂျူး"

"ဟိုမှာ ကညွတ်စည်းတွေ၊ အဲဒါကျ ဘာဖြစ်လို့ ဂျူဂျူးကို မကျွေးလဲ"

"ကညွတ်က ညနေ ကိုမောင် ထမင်းလာစားမှာမို့ ဝက်သားနဲ့ ရောကြော်ပေးဖို့ ကိုမောင့်အတွက် ဝယ်ထားတာ၊ ကိုမောင်က ကညွတ်ကြိုက်တယ် မဟုတ်လား၊ နင်လည်း မကြိုက်ဘဲနဲ့များ ဂျူဂျူးရယ်၊ စားစရာရှိတာ စားပါတော့"

"ကိုမောင် ကြိုက်ရင် ဂျူဂျူးလည်း ကြိုက်တာပဲ၊ အခုကြော်လိုက်"

"ဂျူဂျူး ... ဒီကညွတ်ကြော်ဖို့ရာ ဝက်သားကို အရင်ပြုတ်၊ နောက်မှ ကြော်ဦး၊ အချိန်တွေ အများကြီး သွားဦးမှာ၊ ဆေးကို အချိန်မီတိုက်ဖို့ အခု ဒါကို ထ,ကြော်စရာ အချိန်မရှိတော့ဘူး၊ နင် ကြိုက်ရင်လည်း ညနေကျ ကိုမောင် ထမင်းစားရင် အတူတူဝင်စားမှာပဲဟာ၊ အဲဒီကျမှ စားတော့"

"ဘာဖြစ်လို့လဲ၊ ကိုမောင့်ဖို့ မမက စေတနာပိုပို ဦးဦးဖျားဖျား ထူးထူးခြားခြား ဝယ်ထားတာကို ဂျူဂျူးကို ကျွေးမပစ်နိုင်လို့ မဟုတ်လား၊ ကိုမောင့်ဖို့ပဲ သထားတယ်၊ ဂျူဂျူးကို မသထားဘူးလား"





မေဓါသည် စိတ်မရှည်နိုင်တော့ဘဲ မျက်နှာပြင်လည်း နီရဲလာကာ ...

"ဂျူဂျူး ... နင်ဘာလို့ ဒီလောက်တောင် ပြဿနာလုပ်နေတာလဲ၊ အခု လုံးဝကြော်မပေးဘူး၊ ခုရှိတာနဲ့စား"

ဂျူဂျူးက ဝုန်းခနဲ ထ,ရပ်ကာ ...

"မစားဘူး၊ ကိုမောင့်ကိုမှ စေတနာပိုနေတဲ့ အဲဒီ ကညွတ်တွေကိုလည်း ခုလည်း မစားဘူး၊ ညနေလည်း မစားဘူး ကိုမောင်လည်း မစားရဘူး"

ဂျူဂျူးသည် မြန်မာကညွတ်ပေါ်တဲ့ ရာသီမဟုတ်ဘဲ စစ်တီးမားတ်မှ တစ်စည်းကို ထောင်ချီပေးကာ ဝယ်ထားရသော နယ်စပ်ကဝင်သည့် ကညွတ်စည်းကြီး နှစ်စည်းကို ဆွဲကိုင်ကာ စားပွဲခုံကို ရိုက်နှက်၍ အပိုင်းပိုင်း အစစ ချိုးချေပစ်လိုက်၏။ လွင့်စင်ပြတ်တောက်ကာ ပွကြွသွားတဲ့ ကညွတ်ထိပ်ဖူးလေးများ အဆစ်ပြတ်များကို ထိတ်လန့်အံ့သြစွာ ငေးစိုက်ကြည့်ရင်း ဒေါသတွေ သည်းမခံချင်မှုတွေ ဝမ်းနည်းခြင်းတွေ မေဓါ ရင်ထဲ အလိပ်လိုက် တိုးဝင်နင့်ကျပ်လာသည်။

"နင် ငါ့ကို ဒုက္ခပေးဖို့ ရောက်လာတာပဲ ဂျူဂျူး



www.burmeseclassic.com

www.burmeseclassic.com



မချိုတင်ကဲ ခပ်တိုးတိုး ညည်းညူလိုက်မိသည်။

"ဂျူဂျူး မလာဘူး၊ မမ လာခေါ်တာ၊ ဘယ်သူကလာလို့လဲ၊ ဘာဖြစ်လို့ လာခေါ်သေးလဲ"

"ဆယ့်ကိုးနှစ် သမီးလေးနဲ့ အိမ်တစ်လုံးနဲ့ အုပ်ထိန်းသူမရှိဘဲ နင် ဒီအခြေအနေနဲ့ ဘယ်လိုနေမှာလဲ၊ အစ်မတစ်ယောက် အနေနဲ့ နင့်ကို သံယောဇဉ်ကြီးလို့ တာဝန်ယူစောင့်ရှောက်ဖို့ လာခေါ်ယူတာ၊ နင့်ကို ခေါ်မိလို့ ငါ ဒီလောက် အလုပ်ပျက် အကိုင်ပျက် စိတ်အနှောင့်အယှက်တွေနဲ့ ပင်ပန်းတကြီး ဖြစ်နေရမယ်ဆိုတာ ငါ မသိခဲ့ဘူး"

"ဒီလိုတွေ ဖြစ်အောင် ဘယ်သူလုပ်တာလဲ"

"နင်လေ"

"မမ ... မမ ...၊ ဂျူဂျူး မဟုတ်ဘူး၊ မမ လုပ်တာ"

"အဟား"

မေခါသည် စမ်းနည်းစိတ်ပျက်သံနှင့် တစ်ခွန်းတည်း ကြောင်စီစီ ရယ်လိုက်မိရင်း ...

"ငါ ဘာလုပ်လဲ၊ ငါလုပ်တာဆိုရင်တော့ လုပ်မိတာတစ်ခုပဲရှိတယ်၊ အဲဒါ နင့်ကို ခေါ်မိတာပဲ"





ဂျူဂျူး မျက်နှာမှာ မီးထွက်မလို ခက်ထန်တင်းမာနေကာ ...

"အဲဒါလည်းပဲ ကိုမောင့်ဆီက အမှတ်လိုချင်လို့ မဟုတ်လား၊ မသိတာ မှတ်လို့၊ ဟိုဟာလည်း ကိုမောင်၊ ဒီဟာလည်း ကိုမောင်၊ ကိုမောင် ... ကိုမောင်နဲ့ ... မျက်စိကို နှောက် နားကို ညည်းနေတာပဲ၊ ကိုမောင့်ဆီမှာ မင်္ဂလာယူချင်ရုံနဲ့ ဂျူဂျူးကို ဘာလို့ခေါ်လာသေးလဲ၊ စေတနာလည်း မရှိဘဲနဲ့ ကိုမောင်နဲ့ နီးစပ်အောင်"

"နင် ဘာတွေ အဓိပ္ပာယ်မရှိ လျှောက်ပြောနေတာလဲ ဂျူဂျူး"

သာမန်အသိဉာဏ်ပညာရှိလျှင် ဒီလိုအတွေးတွေ မဝင်၊ ဒီလိုစကားတွေ မပြောနိုင်ပါဘူး၊ သူ့စမျာ စိတ်က ယုံစွဲချင်တာ ယုံစွဲနေလို့သာလို့ တွေးမိလျှင် မေခါသည် ဒေါသတွေ လျှော့ကာ ယူကျုံးမရခြင်းပဲ ရင်ထဲအုံ့မှိုင်းလျက် အားနည်းနေတဲ့ လူ မနှာက တလှပ်လှပ် မှုးဝေနောက်ကျိလာသည်။ ဂျူဂျူးတင်မက သူပါ ကြာရင် စိတ်ကျရောဂါ ခံစားရတော့မယ် ထင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



နားထင်ကို လက်ဖဝါးနှင့် အုပ်ကိုင်ကာ အနိုင်နိုင် ထိန်းရပ်နေရရင်းက နီးရာမှာ ထိုးခွေလှဲအိပ်လိုက်ချင်တော့သည်။ လူပင်ပန်းတာအပြင် စိတ်ပင်ပန်းတာက ပိုသေး၍ ဂျူဂျူးကို အချီအချ အတုံ့အလှယ် ဆွေးနွေးနေဖို့လည်း ခွန်အားမရှိချင်တော့။

မေခါ တယ်လီဖုန်းဆီ လျှောက်လာသည်။ အချိန်မီ ထမင်းစားဖို့ တစ်ခွန်းလောက် နားချချော့မော့လိုက်ဖို့ ကိုမောင့်ကိုပဲ အပူတပ်ရဦးမည်။ ဖုန်းကိုမ,လိုက်လျှင် ဂျူဂျူးက အပြေးကပ်လာကာ ...

"ဘယ်ကိုလဲ ...၊ ဘယ်ကို ဆက်မှာလဲ"

"ကိုမောင့်ဆီ"

"ဂျူဂျူး အကြောင်း တိုင်ပြောမလို့ပေါ့လေ"

မေခါက ဘာမှမဖြေဘဲ ဖုန်းခလုတ်တွေကို နှိပ်သည်။ ဂျူဂျူးက ဖုန်းခွက်တင်တဲ့ ဘုကလေးကို ဖိချရင်း ...

"မတိုင်နဲ့"

"ဖယ် ... ဂျူဂျူး၊ နင် အချိန်မီ ထမင်းစားဖို့ လိုတယ်"

"ဒါပဲ မဟုတ်လား၊ ဒါဆို မဆက်နဲ့"





မေခါက ဖုန်းကို ခပ်ကြမ်းကြမ်း ချလိုက်ရင်း ...

"ထမင်းစားမှာလား"

ဂျူဂျူးက ခြေဆောင့်ကာ လှည့်ဝင်သွားပြီး ထမင်းစားပွဲမှာ ဝင်ထိုင်ကာ ပန်းကန်ထဲက ထမင်းဖြူတွေချည်း ဇွန်းနှင့် ခပ်ကာ တစ်ဇွန်းပြီး တစ်ဇွန်း သိပ်ထည့် ဝါးစားနေပါသည်။ စားနေရင်းကလည်း မေခါ့ကို မျက်စောင်းရှယ်ကာ ...

"သိတယ် ... ကိုမောင် ဂျူဂျူးကို မုန်းသွားအောင် လုပ်ချင်နေတာ"

မေခါသည် သူ့ကိုသာ ဆေးတိုက်ဖို့ ဇွတ်ကျွေးနေရသော်လည်း ကိုယ်တိုင်တော့ စားမနေချင်တော့ပါပြီ။ လူလည်း မူးနောက်ပင်ပန်းနေပြီ။ လေတွေခံကာ ရင်တွေ ကယ်နေပြီ။

"သူများချစ်ခြင်းကို မနာလိုနေတာ၊ ရန်တိုက်နေတာ"

ထမင်းစားခန်းက အသံတီးတိုးတွေကို မကြားသလို ဧည့်ခန်းမှာပဲ လက်ပိုက်မှီထိုင်ရင်း မျက်လုံးကြောင်ကြောင်နှင့် ဆးမိငေးရာ ငေးစိုက်နေမိသည်။

✳ ❖ ✳



www.burmeseclassic.com

www.burmeseclassic.com



## ၁၂

မှန်ခန်းတွဲဆိုင်ခန်းများမှာ ဒီဘက်က ပိုးထည်ဆိုင်နှင့် ဟိုဘက်က ဗြူတီဆလွန်းက ကပ်လျက်ဖြစ်သည်။ ပိုးထည်ဆိုင်ရှေ့ ကားကို ဖင်ဆုတ်၍ ပါကင်ထိုးလိုက်ကတည်းက မေခဲ့ကားကို မြင်သည်။ မေမေ ပိုးထည်ဆိုင်ထဲ ဝင်သွားတဲ့အခါ ယောမင်းက ကားနားရပ်ကျန်ရစ်ခဲ့ပါသည်။ ဒီနေ့ အိမ်ကဒရိုင်ဘာ ခွင့်ယူ၍ မေမေ့ကို ယောမင်း လိုက်ပို့ရတာ ဖြစ်သည်။

ရုတ်တရက် မေခဲ့ကားကို တွေ့တွေ့ချင်း ဝမ်းသာစိတ် စိမ့်ပျံ့သွားပါသည်။ ချစ်တဲ့သူကို မတွေ့ရတာ ကြာပြီလေ ခဏနေတော့ မေခဲ့ အပေါ် သူ မကြည်မလင် ရှိနေတာကို သည်





တရနှင့် ကောက်ချင်ဆဲ့စိတ်နှင့် လူက ထုံပေပေ ဖြစ်နေပြန်သည်။ ခုနေ မေခဲ့ ထွက်လာလျှင်လည်း သူ့ကိုတွေ့မှာပဲ။ မကြည်လင်ချင်ဘူး ဆိုပေမဲ့ ကလေးတွေကို မခေါ်မပြောနေရမဲ့ အရွယ်တော့လည်း မဟုတ်။ လုံးလုံးစိတ်ဆိုး စိတ်နာတယ်လို့လည်း မဟုတ်လေရာ ...။

ခဏအကြာတွင် ယောမင်းသည် တစ်ဖက်က ဗြူတီဆလွန်းမှန်ခန်းရှေ့သို့ လျှောက်လာဖြစ်သည်။ ဆိုင်ခန်းတွဲ ခပ်ရှည်ရှည်လေး။ ဟိုတစ်ဖက်မှာ အိမ်မွေးတိရစ္ဆာန်အစာနှင့် အလှဆင်ပစ္စည်းလေးတွေ ရောင်းတဲ့ ဆိုင်ခန်း။ ဟိုးအစွန်မှာ ဂေါ့ဖ်ပစ္စည်းများရောင်းတဲ့ ဆိုင်ခန်း ရှိသေးသည်။

ယောမင်း ဆိုင်ရှေ့မှန်ချပ်ရှည်ကြီးရှေ့ ရပ်မိလျှင်ပဲ မှန်ချပ်ရဲ့ အတွင်းဘက် အပေါက်ဝနားနီးနီးက ကြိမ်ထိုးဆက်တီဝိုင်းဝိုင်းကြီး တစ်ခုမှာ ငူငိုင်ငိုင် ထိုင်နေသော မေခဲ့ကို တန်းခနဲ မြင်လိုက်ရပါသည်။ ကြိမ်ခုံဝိုင်းကြီးမှာ ခပ်မှိုမှိုလေး ထိုင်ကာ ခေါင်းလေးစောင်း၍ ဆိုင်ရဲ့အပြင်ဘက် ပလက်ဖောင်းနှင့် ကားလမ်းမဆီ ငေးမိငေးရော ငေးစိုက်နေသလိုပုံစံရှိသော မေခဲ့သည် မှန်ချပ်အပြင်၌ ယောမင်းကို ရုတ်တရက် မြင်လိုက်ရလျှင် ဆတ်



www.burmeseclassic.com

www.burmeseclassic.com



ခနဲ ကိုယ်ဟန်ပျက်သွားရကာ မျက်နှာကလေးပါ အုံ့သြဝမ်းသာ ဖြစ်သွားရသည်။

ယောမင်းက မေခါ့ကို တအံ့တသြကြည့်ရင်း မှန် တံခါးကို ဆွဲဖွင့်၍ လှမ်းဝင်လိုက်ပါသည်။ အလှပြုပြင်ဆိုင်ထဲမှာ လှချင်စိတ် တစ်စက်မှမရှိတဲ့ပုံနှင့် ထိုင်ငိုင်နေသော မေခါ့ အသွင် ဟာ နွမ်းနယ်နေသည်သာမက လူပါ ပါးလုပ်ကိုယ်ရည်စစ်နေ သည်။ မျက်နှာတွေပါ ချောင်ကျ ဖျော့တော့နေသည်။

ယောမင်းက မေခါ့ နံဘေးက လွတ်နေသော ကြိမ် ခုံကြီးတစ်ခုမှာ ဝင်ထိုင်ချလိုက်ရင်း ...

"မေခါ ... ဘာလုပ်နေတာလဲ"

မေခါ့ ပုံစံက အလှပြုပြင်ဆိုင်ထဲ တွေ့ရပေမဲ့ အလှပြုပြင်မည့်ပုံမှ မပေါ်တာ။ မေခါသည် ယောကိုမြင်လျှင် ဝမ်းကနည်းချင်လာသည်။ အတွင်းဘက် မေးထိုးပြရင်း ...

"ဂျူဂျူးကို စောင့်နေတာ"

"ဂျူဂျူး ! ..."

"အင်း"

"နေမကောင်းတဲ့သူက အလှတော့ လာပြင်နေလား"





ဒီတစ်ခါ အစွဲ့တိုက်တာ မဟုတ်ဘဲ ယောမင်းက ဘာကယ် အံ့သြပြီး မေးမိတာပင်။

"သူ ခေါင်းလျှော် ခြေသည်းလက်သည်းတွေ ပြင်နေတာ"

"ဟိုခန်းဆီးအဝက အခန်း မဟုတ်လား"

"အင်း ...၊ လုံးလည်းပါတယ်၊ လုံးက အထဲမှာ"

"သူတစ်ယောက် အလှပြင်တာ လုံခြုံရေးတပ်ဖွဲ့က စောင့် လှချည်လား"

မေခါက မချိပြုံးလေး ပြုံးနေပါသည်။

"မျက်နှာတွေ အရမ်းချောင်နေပါလား၊ လူက ဖျော့တော့ လို့ နေကောင်းရဲ့လား မေခါ ဘာဖြစ်နေလဲ"

"ညက အိပ်မပျော်လို့ နည်းနည်း ဝိန်ဖြစ်နေတာပါ၊ ယော ဘယ်ကိုလာတာလဲဟင်"

"ဟိုဘက် ပိုးဆိုင်ကို မမေ့ကို လာပို့ပေးတာ၊ မေခါ ... မေခါ့ ပုံစံက ညက အိပ်ရေးပျက်ရုံပုံစံ မဟုတ်ပါဘူး၊ ညစ်နွမ်းနွမ်းနဲ့၊ ကျန်းမာရေး ကောင်းရဲ့လား"

"နေတော့ ကောင်းပါတယ်၊ ခုတလောတော့ မူးရိပ်ရိပ် ဖြစ်တတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ"

"ဒီလိုပါပဲ ... မသိပါဘူး ယောရယ်"

"ဂျူဂျူး နေမကောင်းဘူး ... မကောင်းဘူးနဲ့၊ တကယ်နေမကောင်းတာက မေခါ ဖြစ်နေသလိုပဲ၊ မတွေ့တဲ့ နှစ်ပတ်ကျော်မှာ မေခါ အတော်လည်း ပိန်သွားတယ်၊ ဘာတွေဖြစ်နေလဲဟင်"

ယောမင်းက မေခါ့ လက်ဖျားလေးကို ဆုပ်ကိုင်မေးသည်။ မေခါသည် ဒီလိုမေးလိုက်မှ ပို၍မိန်းနည်းလာသော စိတ်ကိုအားတင်းကာ ...

"ဘာမှ မဖြစ်ပါဘူး ယောရယ်"

ယောမင်းသည် စဉ်းစားရခက်စွာ မေခါ့ကို ငေးမေးမိသည်။ တစ်ခုခုတော့ တစ်ခုခုပါပဲ။ ခိုင်ကို မသွား၊ အိမ်ကမခွာဘဲ ဂျူဂျူးကို စောင့်ရှောက်နေရုံးမှန်လျှင် ဂျူဂျူးမှာ အလစ်မပေးရဲတဲ့ ပြဿနာတစ်ခုခု ရှိလို့ပဲ။ လူကြည့်တော့လည်း ကျန်းကျန်းမာမာ။ သူသိသလောက်မှာ ဂျူဂျူးမှာ ခပ်ဆိုးဆိုး ခပ်ကဲကဲ ခပ်ရဲရဲ၊ ရည်းစားကလည်းများ။ ရည်းစားနောက် လိုက်ပြေးသွားမှာစိုးရလို့ပဲများ ခုလို စောင့်ကြည့်နေရတာလား။ သို့မဟုတ် ထွက်ပြေး လိုက်ပြေးလို့များ ပြန်သိမ်းဖွက်ပြီး စောင့်ရှောက်နေရတာလား





သူ့အတွေးက နည်းနည်းတော့ တစ်ဖက်သားကလေးမကို မထီလေးစားနိုင်ပေမဲ့ ဖြစ်နိုင်တာကတော့ ဒါပဲမြင်သည်။ ဒါကလွဲလျှင် မာမာချာချာ ဂျူဂျူးကို အစောင့်အရှောက်များစွာနှင့် တကောက်ကောက် လိုက်စောင့်ရှောက်နေဖို့ ဘာအကြောင်းရှိနိုင်ဦးမလဲ။

"ဂျူဂျူးကိုပဲ ဂရုစိုက်နေပြီး မေခါ ကိုယ့်ကိုယ်ကိုယ်ရော ဂရုစိုက်ရဲ့လား၊ ကိုယ့်ကိုယ်ကိုယ်ရော ဆရာဝန်ပြရဲ့လား"

"မေခါက ဆရာဝန်ပြဖို့ မလိုပါဘူး၊ ဂျူဂျူး အတွက်နည်းနည်းပါးပါး စိတ်ပင်ပန်းရတာကြောင့်ပါ"

ထိုစဉ် ရုတ်တရက် ခန်းဆီးစ,အကွယ်မှ ဂျူဂျူးထွက်လာပါသည်။ ထွက်လာပုံမှာ ရေစိုဆံပင်ကို တဘက်နှင့်ပေါင်းထုပ်လျက် ဆေးဆိုးထားကာစ ဖြစ်ပုံရသော လက်သည်းလက်ချောင်းများကို ဂကားထားသည်။

"ဟား ဟား ... ထင်သားပဲ၊ ကိုယောမင်း ရောက်နေတာလို့၊ အဲဒါကြောင့် ခဏထွက်ဦးမယ်ပြောပြီး ထွက်လာတာအထဲကနေ ကိုယောမင်း အသံကို ကြားနေရတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဂျူဂျူးက ပြောပြောဆိုဆို ယောမင်း ဘေးကပ်လျက်ခုံမှာ ဝင်ထိုင်လိုက်သည်။ ယောမင်းမှာ ညာဘက်မှာ မေခါ၊ ဘယ်ဘက်မှာ ဂျူဂျူး ဖြစ်နေပါသည်။ ဂျူဂျူးက ယောမင်းဘက်သို့ ကိုယ်ကိုလိမ်၍ သူ့လက်တစ်ဖက်ကို ဖြန့်ကားထောင်ပြကာ ...

"ပုလား"

ယောမင်းမှာ အနေရခက်ခက်နှင့် ...

"အင်း ... မဆိုးပါဘူး"

"မမ ခေါင်းသွားလျှော်ပါလား၊ ဂျူဂျူး ကိုယောမင်းကို စကားပြောပြီး စောင့်ခံထားမယ်"

"မမ မလျှော်ဘူး ဂျူဂျူး"

"ကိုယောမင်း တစ်ယောက်လုံး စောင့်နေမှာပဲဟာ၊ ဂျူဂျူး လစ်မပြေးပါဘူး"

တကယ်လည်း ဂျူဂျူး စိတ်ထဲ တစ်နေရာ လစ်ပြေးဖို့ စိတ်ကူးမရှိ။ သူနဲ့ ကိုမောင့်ကို သွေးခွဲ ရန်တိုက်ချင်တဲ့ မမမေခါကိုလည်း ကိုယောမင်းနှင့် နည်းနည်းပါးပါး သွေးခွဲပေးလိုက်ချင်တဲ့ စိတ်ကူးတော့ ရှိသည်။





"သူ အချိန်မရဘူး ဂျူဂျူး၊ သူ့အမေလည်း ပါတယ်၊ သူလည်း ဂျူဂျူးကို စောင့်နိုင်မှာ မဟုတ်ဘူး၊ မမလည်း ခေါင်းလျှော်ဖို့ ရည်ရွယ်ချက် မရှိဘူး၊ ဂျူဂျူး ခေါင်းလျှော်တာ မပြီးသေးရင် ပြီးအောင်သွားဆက်လျှော်လိုက်၊ အအေးမိသွားမယ်"

ဂျူဂျူးကို ခေါင်းလျှော်ပေးတဲ့ ကောင်မလေးက သူ့ကုပ်စတမ်မှာ အပြင်ထွက်သွား၍ ခန်းဆီးစ အပေါက်ဝမှာ လှမ်းကြွက်ရပ် စောင့်နေသည်။

"ကိုယောမင်းနဲ့ ဂျူဂျူး စကားပြောမှာကို မမ ကြောက်နေတာ မဟုတ်လား"

ဂျူဂျူးက ဆိုင်က ကောင်မလေးတွေ မကြားအောင် တိုးတိုးပြောသည်။

"ဘာတွေ လျှောက်ပြောနေတာလဲ ဂျူဂျူး"

"အဟင်း ...၊ မမ အကြောင်းတွေ တိုင်မှာစိုးလို့လေ"

"ဂျူဂျူး ... အဓိပ္ပာယ်မရှိတဲ့စကား မပြောနဲ့၊ ကိုယ်လုပ်စရာရှိတာ ကိုယ်လုပ်"



www.burmeseclassic.com

www.burmeseclassic.com



ယောမင်းမှာ မေခါနှင့် ဂျူဂျူးကို အံ့အားတသင့် တစ်လှည့်စီ ကြည့်နေမိပါသည်။ ဂျူဂျူးက ပခုံးတစ်ဖက် ဟန်ပါပါ တွန့်ရင်း ...

"ကိုယောမင်းနဲ့ တွေ့ရဦးမှာပါ၊ စကားလည်း ပြောခွင့်ရဦးမှာပါ၊ ဟုတ်တယ်နော် ... ကိုယောမင်း၊ သော့ခတ်ထားတိုင်းလည်း လုံခြုံလှပြီမှ မဟုတ်တာ၊ ဩော် ... ဒါနဲ့ စကားမစပ် မမကလေ ညနေကျရင် ကိုမောင့်ကို ဝက်သားနဲ့ ကြော်ကျွေးဖို့ဆိုပြီး တစ်စီး နှစ်ထောင့်တစ်ရာ ပေးရတဲ့ ကညွတ်တွေ ဝယ်ပြီး ဂျူဂျူးကိုတောင်မှ မကျွေးဘဲ ဖွက်ထားတာ၊ ဂျူဂျူးက ကြော်ကျွေးပါလို့ ပြောတာကိုတောင် လုံးဝကြော်မကျွေးဘူး၊ ကိုမောင့်ဖို့တဲ့၊ ဖြစ်နေတာ ... ဖြစ်နေတာ၊ ဂျူဂျူးလည်း အမြင်ကတ်ကတ်နဲ့ ကညွတ်စည်းတွေဆွဲပြီး စားပွဲမှာ ကိုင်ရိုက်ပစ်လိုက်တယ်၊ အားလုံးကျိုးပဲ့သွားတော့ အေးရော၊ သူ ကိုမောင့်ကို အထူးအမြတ်ထားပြီး ကျွေးချင်တာကျွေးလို့ မရတော့ဘူးပေါ့၊ အခုလေးတင်ပဲ ပြဿနာဖြစ်လာတာ၊ မယုံမေးကြည့်လိုက် ...

ကိုမောင့်အတွက် ကညွတ်တွေကို ချိုးဖဲ့ပစ်လို့ စိတ်ကောက်သွားတယ်လေ၊ ထမင်းမစားဘူး"





ယောမင်းသည် ဂျူဂျူးရဲ့ ပြောစကားတွေကိုလည်း အံ့သြ၊ ပြောနေပုံကိုလည်း အံ့အားသင့်၊ မသိမသာ မျက်ခုံးတွန့်ကွေးကာ ညီအစ်မနှစ်ယောက်ကို အကဲခတ်နေမိ၏။

မေခါ့ရဲ့ မျက်လုံးများသည် ဒေါသရောင်ကို တလက်လက် ဖော်ပြနေကာ ထိုဒေါသကို ဖွင့်ထုတ် အန်ချခြင်း မရှိဘဲ မဆန့်မကား ပြန်မျိုချနေတဲ့ အသွင်။ ကိုယ့်စိတ်နှင့် ဆန့်ကျင်ဘက်ကို ဖွတ်လုပ်နေရတဲ့အတွက် မချိမဆံ့ ဖြစ်နေတဲ့ ရုပ်မျိုးလည်း ဖြစ်နေပါသည်။

ဂျူဂျူးပုံစံကတော့ အေးအေးဆေးဆေး။ သူပြောချင်တာ ပြောချလိုက်ရ၍ ပေါ့ပေါ့ပါးပါး ဖြစ်သွားပုံပင်။ အစ်မလုပ်တဲ့သူကို မထီတရီ ဟန်ပန်မူရာမျိုး လုပ်ထားတာကတော့ အတော် အသည်းတယားယား ဖြစ်ဖို့ကောင်းကာ ရိုက်ပစ်ချင်စရာလည်း ကောင်းနေပါသည်။

သူပြောချင်ရာ ပြောခွင့်ရသွားပြီမို့ ချာခနဲလှည့်ကာ သူ ခေါင်းလျှော်နေတဲ့ အခန်းထဲ မထီတထိ လျှောက်ဝင်သွားတာကို မေခါက စူးစူးရဲရဲ လိုက်ကြည့်နေသည်။ ယောမင်းကား ညီအစ်မနှစ်ယောက် အမူအရာကို စိတ်ပျက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



မေခါကလည်း မေခါပဲ။ သူနဲ့ ညီမတစ်ဝမ်းကွဲတော်သည်ဆိုတဲ့ ဂျူဂျူးကို သူက ဘာကြောင့် ခေါ်ယူစောင့်ရှောက်ရပါလိမ့်။ တခြားအဆွေအမျိုး ဝမ်းကွဲတွေလည်း ရှိကြဦးမှာပဲပေါ့။ မေခါ့လို မတိမ်းမယိမ်း အစ်မတစ်ယောက်က ခေါ်ယူစောင့်ရှောက်တာနှင့်စာလျှင် ပြောနိုင်ဆိုနိုင် အဟာန့်ရှိရှိ အသက်ကြီးကြီး အဒေါ်ဦးလေးတွေထဲက တစ်ယောက်ယောက် ခေါ်ယူဖို့ကောင်းတာ။

ခုတော့ မေခါ ကိုယ်တိုင်က အဖေက အဝေးမှာ။ အိမ်မှာ သူပဲ လူကြီးလုပ်နေတာ။ ဒီညီမက ဒီအစ်မကို မထေမဲ့မြင်ပုံစံ ရှိလွန်းသည်။ ကိုယ်ရင့်တန်းတူ ဖြစ်နေတော့ လုံးဝလေးစားပုံမရ။

ကိုမောင်နှင့် ပတ်သက်ပြီး သူတို့ညီအစ်မကြား ဘာတွေမကျေမညက် ရှိနေတယ်ဆိုတာ ကိုယ်လည်း မသိရ။ သောအပေါ်ယံ အမြင်အရတော့ ဒီညီအစ်မနှစ်ယောက်လုံးဟာ ကိုမောင် ဆိုတဲ့ လူတစ်ယောက်တည်းကိုပဲ ပြိုင်ဆိုင်လုယက်နေကြတဲ့ပုံက ပေါက်နေသည်။ ဒါကို ယော်မင်း ရင်နာခံပြင်းလှသည်။ ဂျူဂျူးဘက်ကို သူ ဘာမှပြောဖို့မရှိ။ သူနဲ့ ဂျူဂျူး ဘာမှမပတ်သက်။





မေခါနှင့်တော့ သူဟာ ချစ်သူ။ ဒါကြောင့် မေခါ့ဘက်ကိုတော့ သူ အပြစ်မြင်သည်။ ခုနပြောသွားသလို ကိုမောင့်ကိုမှ ကျွေးဖို့ဆိုတာမျိုး အမြွတ်တနိုး တခုတ်တရနှင့် ဘာကြောင့်စေတနာ ပိုပြသလဲ။ သူ့ညီမ ပြောတာကိုလည်း မဟုတ်ဘူးလို့ သူ မငြင်းနိုင်။ ငြိမ်ကာ ငုံ့ခံနေရသည်မှာ အထိုက်အလျောက်မှန်လို့ပင်။

မဟုတ်ဘဲ ညီမကလည်း ပေါ်တင်ကြီး လီဆယ်ပြောမှာမဟုတ်။ သူတို့ညီအစ်မကို ကြည့်ပြီး စိတ်ပျက်စရာကြီးလို ဖြစ်လာသည်။ မေခါနှင့် သူ့အကြား အရင်က ဘာပြဿနာမှ မရှိ။ ကိုမောင် ဆိုတာကို ကြားဖူးခဲ့ရုံရှိကာ ဘာမှလဲ မသိခဲ့။ ခုတော့ သိရ ကြားရ စိတ်တိုစရာတွေ ဖြစ်ရသည်။

ယောမင်းသည် စကားမတတ်တဲ့ အရုပ်တစ်ရုပ်လို ငြိမ်ထိုင်နေတဲ့ မေခါ့ကို ခပ်တိုတို တစ်ခွန်းနှုတ်ဆက်ပြီး ဆိုင်ထဲက ထ,ထွက်လာခဲ့မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂျူဂျူးက အိပ်ခန်းတံခါးကို အသံမမြည်အောင် ဖွဖွဖွင့်ပြီး အပြင်ဘက်ကို အရင်ခေါင်းပြူကြည့်လိုက်ပါသည်။ အပြင်မှာ မမကိုတော့ မတွေ့ရ။ သို့သော် လှေကားထိပ်မှာထိုင်ပြီး နံရံကိုမှီကာ ငိုက်နေသလား အိပ်ပျော်နေသလား မသိတဲ့ လုံးလုံးကို တွေ့ရသည်။

အိမ်ထဲမှာတောင်မှ မလှမ်းမကမ်းမှာ အစောင့်ချထားသေးတဲ့အတွက် ဂျူဂျူး စိတ်တိုလှသည်။ လူတစ်ယောက်လုံးဟာ ဘယ်လိုနေရတော့မလဲ။ ကျဉ်းကျုတ်ပြီး အပြင်လောကနဲ့လည်း အဆက်အသွယ်ပြတ်ကာ လူက ရူးချင်သလိုလို ဖြစ်လာပြီ။ လူကို အဲသလို အပြင်ပါ မထွက်နိုင်အောင် တစ်ချိန်လုံးလေးထိုင်းပြီး မူးဝေနေအောင် လုပ်ထားတဲ့ ဆေးလုံးတွေကိုလည်း မုန်းလှ၍ ဂျူဂျူး မသောက်တာ တစ်ပတ်လောက်ရှိပြီ။

ဆေးမသောက်ဖို့ကတော့ လွယ်ပါသည်။ မမတိုက်တဲ့ ဆေးလုံးလေးတွေကို အပေါ်အံသွားနဲ့ ပါးစောင်ကြား လျှာနဲ့ တွန်းပို့ထားလိုက်ပြီး ဖက်ထားကာ ရေကိုပဲ မျိုချလိုက်တာပင်။ မမက ပါးစပ်ဟာဆိုရင် ဟပြလိုက်တဲ့အပြင် လျှာကိုပါ ကော့လှန်ပြီး လျှာအောက်အထိမြင်အောင် ပြလိုက်သေးသည်။

မမ ထွက်သွားမှ ပါးစောင်ထဲကဆေးကို ပြန်ထုတ်ယူပြီး မွေ့ရာနှင့် အိပ်ရာခင်းကြားထဲ ပစ်သွင်းဖွက်ထားလိုက်သည်။ အဲဒီတော့ လူက ခါတိုင်းလို ငိုက်မြည်းမနေတော့။ နေ့လယ်တွေလည်း အိပ်ပျော်ပျော်မသွားတော့။

ဂျူဂျူးက ခြေဖွနင်းပြီး ထွက်လာကာ ဘုရားခန်းဘက်ကွေ့၍ ဘုရားခန်း ပြတင်းပေါက်မှ ခြံထဲကြည့်လိုက်သည်။ ခြံထဲက နေရိပ်ထဲက ဒန်းလေးပေါ်မှာ မမမေမေါ ထိုင်ပြီး စာရွက်တစ်ထပ်ကိုင်လျက် ဖုန်းပြောနေတာ တွေ့ရသည်။ သူ့မှာပစ်ထားလို့မရတဲ့ အလုပ်ကိစ္စတွေ ရှိနေပါလျက်နှင့် ဂျူဂျူးကို ဒီလောက်စောင့်ကြပ်နေတာကို အမြင်ကတ်လှသည်။ သူ့ကိုယ်သူလည်း အစောင့်တော်လှတယ် အောက်မေ့ပြီး ဂုဏ်ယူနေမှာပေါ့။

ဒီက မကြိုးစားချင်လို့သာ။ ကိုယ်တိုင် လေးလံငိုက်မြည်းနေလို့သာ။ ခုလို ဆေးတွေမသောက်ဘဲ ပေါ့ပေါ့ပါးပါးဖြစ်နေတုန်း ဂျူဂျူး ပြေးဖို့ကြံရင် သူ ဘာတတ်နိုင်မှာလဲ။ သူ







www.burmeseclassic.com

www.burmeseclassic.com



တော်လွန်းလို့ မဟုတ်။ ဂျူဂျူးက မလုပ်ချင်လို့ ငြိမ်နေလို့သာ။ သူ မျက်ကလဲဆန်ပျာ ဖြစ်သွားအောင် လုပ်ပြလိုက်ချင်သေးသည်။

လျှောက်ကို လည်နေပစ်မယ်။ ပြန်မလာဘူး။ သူ ဖျပ်ဖျပ်လူးနေအောင် လုပ်ပြလိုက်ဦးမယ်လေ။ ဒီတော့မှ သူ့ကို ကိုမောင်ကလည်း အထင်မကြီးတော့မှာ။ ဖေဖေကလည်း အပြစ်ပြောမှာ။ ခုတော့ ဖေဖေကလည်းပဲ ဖုန်းလေးတစ်ခွန်း နှစ်ခွန်း ပြောတာမှာပင် ...

"သမီးလေး ... မမ စကားကို နားထောင်၊ မမကို ကလန်ဆန် မလုပ်နဲ့၊ ကြားလား"

ဒါကိုပဲ မပြောင်းမလဲ အသစ်မထွင် ဖုန်းဆက်တိုင်း ထည့်ပြောရသည်။ ဖေဖေ့မှာ တခြားပြောစရာစကား မရှိတော့ဘူးလေ။ သူနဲ့ တစ်သက်လုံး အတူနေခဲ့တဲ့ သူ့သမီးကြီး စိတ်ရှုပ်မှာ စိတ်ဆင်းရဲမှာကိုပဲ ဖေဖေ့ခေါင်းထဲ စိုးရိမ်သည်။ ဒီတစ်ချီတော့ ငါ့သမီးလေး ဘယ်ရောက်သွားပါလိမ့်လို့လည်း တစ်မျိုးလှည့်ပူဦးပေါ့။

ဂျူဂျူးက ဘုရားခန်းထောင့်ချိုးက ဖုန်းနံဘေးမှာ နံရံကွယ်လျက် ပုထိုင်ပြီး ဖုန်းကောက်ကိုင်ကာ ဂဏန်းတွေနှိပ်





လိုက်သည်။ သူ့မှာ သိပ်လည်း ဆက်သွယ်စရာလူ မရှိ။ နောက်ဆုံး ပြတ်ခဲ့တဲ့ မိုးမောင်ကိုပဲ အားကိုးတကြီးလုပ်ကာ ပြန်ခေါ်လိုက်ပါသည်။

"ဟယ်လို ... မိုးမောင် ရှိပါလား"

လေသံသဲ့သဲ့လေး လုပ်ပြောလျှင် တစ်ဖက်က ဇဝေဇဝါနှင့် ...

"ဘယ်သူ ... !၊ မကြားရဘူး၊ ကျယ်ကျယ်ပြောပါ"

"မိုးမောင် ရှိလား"

"ဩော် ... မိုးမောင်လား၊ ဟေ့ ... မိုးမောင်ရှိလားဟေ့၊ ကြည့်ကြစမ်း၊ ရှိလား၊ ဩော် ... အေး ... ခဏကိုင် ဘာနော်"

ဂျူဂျူးက မိုးမောင်ကို စောင့်သည်။ မိုးမောင်ဆီတောင် မဆက်သွယ်တာ ကြာပြီ။

"ဟယ်လို"

"မိုးမောင်လား"

"ဟုတ်တယ်၊ ဘယ်သူလဲ"

"ဂျူဂျူးပါ၊ ဂျူဂျူးလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဘာလုပ်ဖို့ ဆက်တာလဲ"

"မိုးမောင် ... နင်နဲ့ ရန်ဖြစ်ခဲ့တာကို မေ့လိုက်ပါ၊ ငါ တောင်းပန်ပါတယ်၊ အခု ငါ အကူအညီတစ်ခု လိုနေလို့ သိလား"

"အေ ... ဘာဆိုင်လို့လဲ၊ ဒါပဲ ... ဖုန်းချလိုက်တော့မယ်"

"ဟဲ့ ... မချနဲ့၊ ငါ့မှာ အကူညီတောင်းစရာလူ မရှိဘူး၊ မိုးမောင်နော် ... နင် ဖုန်းချရင် ငါ အခါတစ်ရာ ထပ်ခေါ်နေမှာပဲ"

"ကျွတ် ...၊ နင် ဘာတွေရစ်နေတာလဲ၊ နင်နဲ့ ငါက ဘာဆိုင်တော့လို့လဲ"

"ဟဲ့ ... ငါ့မှာ နင်ကလွဲရင် ဆက်သွယ်စရာ လူမရှိလို့ ဆက်သွယ်နေရတာ နားလည်လား"

"လေသံကလည်း တရွတ်ရွတ်နဲ့၊ ဘာမှကို ကောင်းကောင်း မကြားရဘူး၊ ငါ သတင်းကြားပြီးပါပြီ၊ နင် အင်းလျား လိတ် ဈေးရောင်းပွဲတုန်းက တိုးဆွေနဲ့ သွားငြိတယ် မဟုတ်လား၊ ဒီကောင့်ဆီ ဆက်ပေါ့၊ ဒါပဲဟာ၊ ငါ အပြင် ထွက်တော့မှာ"





မိုးမောင်က ခွပ်ခနဲ ဖုန်းချသွားသည်။ မိုးမောင် ပြောမှပဲ လုံးလုံးမေ့လျော့နေသော တိုးဆွေတို့ အုပ်စုကို ဂျူဂျူး သွားသတိရပါသည်။ ဒီကောင်တွေ ဖုန်းနံပါတ်လည်း ရှိသားပဲ။ ဟုတ်သားပဲ။

ဂျူဂျူးက တိုးဆွေ ဖုန်းနံပါတ်ကို နှိပ်သည်။ ဟဲန်း န်းဖြစ်၍ ဖုန်းကို ချက်ချင်းဖွင့်ကာ ...

"ဟဲလို"

ဟု ခပ်ရွှင်ရွှင် ထူးသံ ကြားလိုက်ရပါသည်။

"တိုးဆွေလား"

"ဟုတ်ပါတယ်၊ ဘယ်သူပါလဲ ခင်ဗျာ"

"ဂျူဂျူးပါ"

"ဂျူဂျူး ... !"

"အင်းလျားလိတ်ဈေးရောင်းပွဲတုန်းကလေ၊ နင်တို့ ငါ့အိမ် တောင် ..."

"ဟာ ... ဂျူဂျူး ... ဟုတ်ပြီ၊ ဟာ ... ဟော့ကောင်တွေ၊ ဟိုကောင်မလေးလေ ... သူ့အစ်မ ..."



www.burmeseclassic.com

www.burmeseclassic.com



ဟိုဘက်ခြံ ဖုန်းကိုရှာကာ တီးတိုးပြောဆိုနေတဲ့ အသံ၊ အုံ့အားသင့်သံ၊ ကျိတ်ရယ်သံတွေ ကွဲစိကွဲစိ ကြားနေရပါသည်။

"ဟဲ့ ... တိုးဆွေ"

"ဗျ ... အင်း ... အင်း သိပြီ၊ ဘာလဲ ပြော"

"ဒါမှာ၊ နင်တို့ကို အကူအညီတစ်ခု တောင်းချင်လို့"

"ဘာအကူအညီလဲ"

"ငါ အိမ်က ထွက်လို့မရလို့ ညစ်နေတယ်၊ အဲဒါ နင်တို့ ငါ့အိမ်နားကိုလာပြီး ငါ့ကို ခေါ်ပေးပါလား၊ ငါလစ်ထွက်လာမယ်"

"ဟာ"

"ဘာ ... ဟာလဲ"

"မဖြစ်ဘူးထင်တယ်၊ နင်က ...၊ ဟိုသင်း၊ နင် နေကောင်းရဲ့လား"

"ငါက ဘာဖြစ်လို့ နေမကောင်းရမှာလဲ"

"မသိဘူးလေဟာ၊ တော်ကြာ ... ဟား ဟား ဟား၊ ငါတို့ အမှုပတ်နေပါဦးမယ် ဂျုဂျုးရယ်၊ မလုပ်ပါနဲ့ဟာ ... နော်"





"ဘာလို့ နင်တို့က အမှုပတ်ရမှာလဲ၊ ငါ့ကားသော့လည်း မမက သိမ်းထားတယ်ဟ၊ ကားသော့ရှိလည်း ငါကား မောင်းထွက်နေဖို့ မလစ်ဘူး၊ လူချည်းပဲ လစ်ပြေးရမှာ၊ နင်တို့ လာစောင့်နေရင် နင်တို့ကားနဲ့ ပြေးရုံပဲ"

"နင်က ဘယ်ကိုလစ်ပြေးမလို့လဲ၊ မလုပ်စမ်းပါနဲ့ဟာ၊ ငြိမ်ငြိမ်ဆိမ်ဆိမ် နေစမ်းပါဟာ၊ လိမ္မာသားနဲ့"

"ဘာလို့ လိမ္မာရမှာလဲ၊ ငါ အပြင်ထွက်ချင်တယ်၊ နင်တို့ ကူညီ ... ဒါပဲ"

"ဟာ ... မလုပ်ပါနဲ့ဟာ၊ ငါတို့ ပြဿနာတက်နေမှာပေါ့"

"ဘာလို့ တက်ရမှာလဲ"

"ဟ ... တက်မှာဟ၊ အမှုပတ်မှာ"

"ဘာလို့ အမှုပတ်ရမှာလဲ"

"ဟိုသင်းလေဟာ ... နင်ကလည်း"

"ဘာလဲ ပြော"

"နင်က သိပ်မှ နေမကောင်းဘဲ"

"ဘာနေမကောင်းတာလဲ"

"ဟိုဟာလေ ... ဟိုသင်းပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဂျူဂျူးသည် လေသံမာမာနှင့် ...

"နင့်ကို ငါ ရှုးနေတယ်လို့ ငါ့အစ်မက ပြောထားတယ် မဟုတ်လား"

"ဟိုသင်းဟာ၊ ရှုးတယ်လို့တော့လည်း မဟုတ်ဘူးပေါ့ဟာ ဟိုဟာပေါ့၊ စိတ်နဲ့ ပတ်သက်လို့ မဲန်တယ်လ်ပရော်ဘလမ် ရှိတယ်လို့တော့ ပြောတယ်၊ ငါတို့က ဘာကြောင့်မှတော့ မဟုတ်ပါဘူး၊ တစ်ခုခုဆိုရင် ငါတို့အပြစ် ဖြစ်နေမှာဆို ဟာ၊ ဒါကြောင့်ပါ၊ နင့်ကို မခင်လို့တော့ မဟုတ်ပါဘူး"

ဂျူဂျူးသည် မျက်လုံးများကို ကျဉ်းမြှောင်းကာ ထွက်လာတဲ့ ဒေါသတွေကို မျိုချရင်း ဘာမှဆက်ပြောမနေဘဲ ဖုန်းကို ချလိုက်ပါသည်။ သူ့ကို သူတကာ အထင်သေးအောင် မမ လျှောက်ပြောနေပြီ။ ဒါကြောင့်လည်း သူ့ဆီ ဘယ်သူမှ မဆက်သွယ်တော့တာ။ ပတ်ဝန်းကျင်က သူ့ကို အရူးလို့ သတ်မှတ်နေပြီပေါ့။

ဂျူဂျူးက အိပ်ခန်းအဝကို ခြေဖျားထောက်ကာ ပြန်လျှောက်လာခဲ့ရင်း အိပ်ခန်းဝမှာရပ်ကာ ...

"လုံးလုံး"





"ရှင်"

ခပ်ကျယ်ကျယ် ဆောင့်အော်လိုက်၍ တချီတည်း နှင့် လုံးလုံး မေးငိုက်ရာမှ လန့်နိုးလာသည်။ ကမန်းကတန်း ထရပ်ကာ ...

"မမဂျူး ... ဘာလဲ"

"ငါ့ကို သံပရာရည်တစ်ခွက် ဖျော်ပေးစမ်း၊ ငါ ခေါင်းတွေ မူးတယ်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

လုံးလုံးက လှေကားမှ ခပ်သွက်သွက် ပြေးဆင်း သွားလျှင် ဂျူဂျူးက အခန်းထဲ ပြန်ဝင်ကာ ပိုက်ဆံအိတ်ပြားက လေးယူကာ ဘောင်းဘီအိတ်ထဲ ထိုးထည့်လျက် လှေကားမှ ခပ် ဖြည်းဖြည်း လိုက်ဆင်းလာသည်။ မမက ခြံရှေ့မှာ။ အုန်းကတော့ မီးဖိုထဲဖြစ်စေ၊ မီးဖိုနားက သူတို့အခန်းမှာ ဖြစ်စေ ရှိလိမ့်မည်။ လုံးလုံး မီးဖိုဘက် ဝင်သွားတာကို ချောင်းကြည့်ပြီးမှ ဂျူဂျူးက ထမင်းစားခန်းရဲ့ ဘေးပေါက်မှ ခြံထဲကို ထွက်လိုက်သည်။ အိမ် နောက်ဘက်ကို ပတ်ဝင်လာကာ ခြံစည်းရိုးဘက် ကပ်လာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



အုတ်နံရံ ခြံစည်းရိုးနံဘေးက ပန်းအိုးတင်တဲ့ စင်တစ်ခုကို တွယ်တက်ကာ အဲဒီကတစ်ဆင့် အုတ်စည်းရိုးပေါ် ထိုင်မိလျှင် တစ်ဖက်ခြံထဲ ခုန်ချလိုက်ပါသည်။ တစ်ဖက်ခြံဟာ ဘယ်သူ့ခြံလဲ ဆိုတာ ဂျူဂျူး မသိ။ ခပ်တည်တည်ပဲ ခြံရဲ့ရှေ့ဘက် အထိ လျှောက်လာရာ လမ်းမှာ ဘာအနှောင့်အယှက်မှ မတွေ့။ ခြံတံခါးအထိ ရောက်လာလျှင် ခြံတံခါးကို ချိတ်အလွယ်တကူ ဖြုတ်၍ တစ်ဖက်လမ်းထဲ ရောက်သွားပါသည်။

သံပရာရည် ယူလာတဲ့ လုံးလုံးဟာ အပေါ်ထပ်တစ်ထပ်လုံးမှာ ဂျူဂျူးကို ရှာမတွေ့လျှင် မျက်ကလဲဆန်ပျာနှင့် မေခါ့ကို အလန့်တကြား ပြေးပြောပါသည်။ မေခါ အပေါ်ထပ် ရောက်လာတဲ့အခါ ဂျူဂျူး လုံးဝမရှိတော့တာလည်း သေချာတဲ့အခါ ဟိုရှာ ဒီရှာနှင့် ကြည့်ရင်း ရှုရင်း ဖုတုတု ဖြစ်နေတဲ့ ဂျူဂျူးရဲ့ အိပ်ရာခင်းစ အချို့နေရာတွေကို ကိုင်စမ်းမိကာ လှန်လှောရှာဖွေလျှင် ဆေးလုံးရောင်စုံလေးတွေ အများအပြားကို ရင်ဆို့အောင် မြင်လိုက်ရပါသည်။

မူးမိုက်သွားတဲ့ မေခါဟာ ဂျူဂျူး ခုတင်ပေါ် တစ်ခဏ ထိုင်နားနေလိုက်ရသေးသည်။ မောကြီးပန်းကြီးနှင့် ...





"ဘယ်တုန်းက မရှိတော့တာလဲ"

"ခုလေးတင်ပဲ မမမေခါ၊ လုံးကို သံပရာရည် ဖျော်ခိုင်းလို့ ခဏဆင်းဖျော်တာ၊ ပြန်လာတော့ မတွေ့တော့တာပါ"

မေခါသည် တဒိန်းဒိန်း တုန်ခုန်နေတဲ့ ရင်နှင့် တယ်လီဖုန်းကို ကတုန်ကယင်မ,ကာ ကိုမောင့်ဆီကိုပဲ ဦးစွာ အားကိုးအားထား ဖုန်းခေါ်လိုက်ရပါသည်။ ဂျူဂျူး မရှိတော့တာ၊ ဆေးတွေ အတော်များများ သောက်မထားတာကို ပြောပြပြီးသော် ရင်ထဲ တလှပ်လှပ်နှင့် တစ်ခဏမျှ ခွေခွေကလေး လဲ့နေရသေးသည်။

✳ ❖ ✳



www.burmeseclassic.com

www.burmeseclassic.com



## ၁၃

"ဟော့ကောင် ... ယောမင်း၊ ငါပါ ... ဝင္ကာပါ"

"သြော် ... အေး၊ ပြော ... ဝင္ကာ"

"ငါ့ဆိုင်ကို ရေခဲမုန့်လာလာစားတဲ့ ကောင်မလေး မှတ်မိလား၊ တစ်ခါတောင်မှ သူ့ကောင်လေးနဲ့ ရန်ဖြစ်တဲ့ အကြောင်း ငါပြောပြသေးတာ"

"သြော် ... အေး၊ ဂျူဂျူး မဟုတ်လား"

"အေး ... သူက အခု ဂျူဂျူးလို့ ပြောတယ်"

"သူ ဘာဖြစ်လို့လဲ"





"ဆိုင်ကို ရောက်လာတယ်၊ ရေခဲမုန့်စားတယ်၊ မင်း ဖုန်းနံပါတ်ကို တောင်းတယ်ကွ၊ ငါက မပေးတော့ သူက ငါ ဆက်ပေးရင်လည်း ရတယ်တဲ့၊ မင်းကို ပြောစရာရှိလို့ ဒီကိုခေါ်ပေးပါ ဆိုတာနဲ့ ငါ ဘာဆက်လုပ်ရမလဲ သိရအောင် မင်းဆီ ဆက်လိုက်တာ၊ အဲဒါ ဘယ်လိုလဲ၊ ငါ ဘာလုပ်ရမှာလဲ"

ယောမင်းက မျက်မှောင်ကုတ်ကုတ်နှင့် စဉ်းစားလိုက်ရင်း ...

"သူ တစ်ယောက်တည်းလား၊ ဘယ်သူ ပါသေးလဲ"

"တစ်ယောက်တည်းကွ၊ တစ်ယောက်တည်းလာပြီး ရေခဲမုန့် လာစားနေတာပဲ၊ ပုံစံက တစ်မျိုးပဲကွ၊ ငွေကြေး ကြောင်နဲ့ပဲ၊ ငါ့ကိုတွေ့မှ မင်းဖုန်းနံပါတ် တောင်းတာ"

ယောမင်းက တစ်ခဏ စဉ်းစားနေပြီးလျှင် ...

"အေး ... ငါ အခုထွက်ခဲ့မယ်လေ၊ ငါလည်း အားနေပါတယ်"

"အေး ... ပြီးရော၊ ဒါနဲ့ ဟော့ကောင်၊ မင်းနဲ့ ဒီကောင်မလေးက ဘယ်လိုပတ်သက်တဲ့ သဘောလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဝဏ္ဏနှင့်က တစ်ခါတစ်ရံမှပဲ တွေ့ဖြစ်တာဖြစ်ရာ သူ့ဆိုင်မှာ ဂျူဂျူးကို တွေ့လိုက်ရတဲ့နေ့ နောက်ပိုင်း ထပ်လည်း မတွေ့ဖြစ်သလို ဂျူဂျူး ဘယ်သူဆိုတာလည်း မသိပါ။

"ဒီလိုပါပဲ၊ ငါ လာခဲ့မယ်"

"ဟေ့ကောင် ယော၊ သူ့ပုံစံကို ငါက သိပ်သဘောမကျဘူးနော်၊ ရှုပ်ရှုပ်ယှက်ယှက် မင်းမှာ ဖြစ်မယ်ဆိုရင် ငါ ခေါ်လို့တော့ မလာစေချင်ဘူး၊ ငါကလည်း လာပါလို့ခေါ်တဲ့သဘော မဟုတ်ဘူးနော်၊ ငါ မင်းကို အခြေအနေလှမ်း ပြောပြတာလောက်ပဲ"

"အေးပါ ...၊ ငါ သဘောပေါက်ပါတယ်၊ ငါ လာကိုလာရမှာပါ၊ ဂျူဂျူးက မေ့ခေါ်ညီမပါကွ"

"ဟေ"

ဝဏ္ဏက အံ့အားသင့်သွားပါသည်။ ယောမင်း ဝဏ္ဏဆိုင်ကို ထွက်လာခဲ့သည်။ ဝဏ္ဏ ဆိုင်ကို သူ ရောက်တဲ့အခါ ဂျူဂျူးက ရေခဲမုန့်စားနေဆဲ။ ယောမင်းက ပြုံးရယ်ကာ သူ့စားပွဲ၌ ဝင်ထိုင်လိုက်ရင်း ...

"ဘယ်နှပွဲ ရှိနေပြီလဲ"





"လေးပွဲထဲ"

"ကဲ ... ကဲ ...၊ တော်တော့၊ ရင်တွေကျပ် ချောင်းတွေဆိုး ဖြစ်နေဦးမယ်၊ ခင်ဗျားက သိပ်လည်း နေမကောင်းဘူး မဟုတ်လား"

"ဘာ"

ဂျူဂျူးက စားပွဲကို လက်သီးဆုပ်နှင့် ထုလိုက်ရင်း ...

"အဲဒီ နေမကောင်းဘူး ဆိုတဲ့စကားက မမ ပြောတာ မဟုတ်လား"

"အင်း ... ဟုတ်တယ်လေ"

ဂျူဂျူးက မျက်ရည်တွေလည်လာကာ ...

"အဲဒီအတိုင်းပဲ၊ ဂျူဂျူးကို နေမကောင်းဘူးလို့ တစ်ကမ္ဘာလုံးကို လိုက်ပြောနေတယ်၊ သိပ်မုန်းစရာ ကောင်းတယ်၊ ဂျူဂျူး နေကောင်းနေတာပဲဟာ၊ နေကောင်းနေတဲ့သူကို အတင်းဆေးတွေတိုက်၊ အပြင်မထွက်ရအောင်လုပ်၊ လူတွေကို လျှောက်ပြော"

"အဲဒါ ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဂျူဂျူးကို ချောင်ထိုးထားလို့ ရအောင်ပေါ့၊ လူတွေ ဆေးဖော်ကြောဖက် မလုပ်ချင်အောင်ပေါ့"

"နေမကောင်းဘူး ဆိုတာဟာ ချောင်ထိုးစရာ ဆေးဖော်ကြောဖက် မလုပ်စရာမှ မဟုတ်ပဲ"

"တစ်ချက်ခုတ် နှစ်ချက်ပြတ်လေ၊ ဂျူဂျူးလည်း အပြင်မထွက်ရတော့ သူ့အကြောင်း လူတွေကို အသိပေးမဲ့သူ မရှိတော့ဘူးပေါ့။ ဂျူဂျူး ဘယ်သူနဲ့မှ စကားမပြောနိုင်ဘူးပေါ့၊ ပြီးတော့ ဂျူဂျူး နေမကောင်းဖြစ်တယ် ဖြစ်တယ် ဆိုပြီး သူ ကိုမောင့်ကို ခေါ်လို့ရနေတာပေါ့"

ယောမင်းက နှာခေါင်းက လေထွက်ရုံ မချိမရိ ရယ်လိုက်ရင်း ...

"အဲဒီ ကိုမောင့် ပြဿနာက မပြီးဆုံးသေးဘူးလား"

"မပြီးဘူး"

"အဲဒီ ကိုမောင် ဆိုတာကို သူ တကယ်လိုအပ်နေရင် သူဘာအချိန်ဆွဲနေစရာ လိုသလဲ၊ ယူလိုက်ရုံပေါ့၊ သူ့ကို ဘယ်သူက တားနိုင်လို့လဲ၊ သူ့သဘောပဲဟာ မဟုတ်ဘူးလား"





"မဟုတ်ဘူး၊ သူ အရှက်ရမှာပေါ့၊ ကိုမောင်က ဂျူဂျူး ရည်းစားကိုး၊ ဂျူဂျူး မာမီကလည်း သဘောတူထားပြီးသား၊ ဂျူဂျူးတို့ လက်ထပ်တော့မှာ၊ ဂျူဂျူး လက်ထဲက အဲဒီလောက် အလွယ်တကူ လုဖို့တော့ အရုပ်ဆိုးနေတာကိုး။ ဒီတော့ ဂျူဂျူးကို နေမကောင်းဘူး မမာနေတယ်လို့ သူ လုပ်ထားရော"

"ကိုမောင်က ဂျူဂျူးရည်းစား ... ! ..."

"ဟုတ်တယ်"

"ဂျူဂျူးမှာ တခြားရည်းစား ရှိသေးတယ် မဟုတ်လား"

"အို ... အဲဒါက မမကိုမုန်းလို့ တမင်တကာ အစွဲ့တိုက်ပြီး လျှောက်လုပ်နေတာ"

"အဲဒီ ကိုမောင်ကကော ဂျူဂျူး နေမကောင်းမဖြစ်ဘူးဆိုတာ မသိဘူးလား၊ သူက ဆရာဝန်တစ်ယောက်ပဲ"

"သူ သိမှာပေါ့၊ ဒါပေမဲ့ သူလည်း မမကို စိတ်ဝင်စားနေပြီပဲ၊ တကယ်တမ်း ရွေးချယ်ဖို့ဆိုတော့ ဂျူဂျူးလို ဖရိုဖရဲ ဝတ်စားပြီး ဂုန်နီရောင်ဆံပင်နဲ့ မိန်းကလေးတစ်ယောက်နဲ့ မမလို ကျက်သရေရှိရှိ မိန်းမပီပီသသ မိန်းမတစ်ယောက်နဲ့ ယှဉ်ကြည့်ရင် သူ တွေဝေလာပြီပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ... မင်း ကိုမောင်က သစ္စာမရှိဘူးပေါ့"

"ဒါပေမဲ့ ကိုမောင်က မမ ကြိုးဆွဲသလို လိုက်လုပ်နေတာပါ၊ အစက ကိုမောင်က ဂျူဂျူးကို သိပ်ချစ်တာပါ ကိုယောမင်းရယ်၊ ဂျူဂျူးလည်း ကိုမောင့်ကို ခွဲရရင် သေမှာပဲ၊ အခုလည်း မမ အိမ်ပေါ်မှာနေရင်း သူတို့နှစ်ယောက် ကယုကယင် ချစ်ကြည်နူးနေတာတွေ နေ့စဉ်နဲ့အမျှ မြင်တွေ့နေရတာ စိတ်ဆင်းရဲ မခံနိုင်တော့လို့ ဂျူဂျူး ထွက်လာတာ၊ ဂျူဂျူး အိမ်မပြန်တော့ဘူး"

ယောမင်းက ဂျူဂျူး စကားတွေကို အပြန်ပြန် အလှန်လှန် သုံးသပ်စဉ်းစားရင်း ဂျူဂျူးကို ကရုဏာနှင့်တော့ ငေးကြည့်နေမိပါသည်။

"မင်း အိမ်မပြန်တော့ ဘယ်သွားမှာလဲ ဂျူဂျူးရဲ့"

"ဂျူဂျူးမှာ အိမ်ရှိပါတယ် ကိုယောမင်းရယ်၊ ကိုယ့်အိမ်ကိုယ်ပြန်မှာပေါ့၊ အရင်ကတည်းက ဂျူဂျူးကို ထိန်းလာတဲ့ နာနီကုလားမလည်း ရှိတယ်၊ အဲဒီနာနီက ချက်ပြုတ်လည်း ကျွေးတယ်၊ မာမီ ရှိကတည်းက၊ အခု မမက အဲဒီနာနီကို ပြန်လွှတ်လိုက်ပြီး ဂျူဂျူးကို သူ့အိမ် ခွတ်ခေါ်သွား





သွားတာ၊ နာနီတို့အိမ်က တောင်ဥက္ကလာမှာ ရှိတယ်၊ သွားပြန်ခေါ်ရင် ရတယ်"

"နေဖို့တော့ ထားတော့၊ စားသောက်သုံးစွဲဖို့ ဝင်ငွေကော"

"အိုး ... ကိုယောမင်းကလည်း၊ မာမီ့ခြံတွေ တိုက်တွေ ငှားထားတာတွေ ငါးလုံးရှိတယ်၊ ဂျူဂျူးမှာ ပိုက်ဆံဆိုတာ သုံးလို့တောင် မကုန်ဘူး သိလား၊ မာမီ ဆုံးပြီးကတည်းက မာမီ့ အလုပ်တွေ စီစဉ်ခန့်ခွဲပေးတဲ့ ဝတ်လုံကြီးက လတိုင်း ဂျူဂျူးကို အိမ်ငှားခတွေ လာပေးနေကျပဲ၊ ဟိုးအရင်ကတော့ ပိုက်ဆံရရင် ဘဏ်တိုက်ထဲ ထည့်တာပေါ့၊ မမကတော့ ပိုက်ဆံတွေ ဂျူဂျူးကိုင်ပြီး လျှောက်ဖြုန်းသုံးလိမ့်မယ် ဆိုပြီးတော့ ရွှေအတောင့်တွေ ဝယ်ပစ်တယ်၊ ဂျူဂျူးက အဲဒီ ရွှေတုံးရွှေတောင့်တွေ အိတ်ကြီးကိုကိုင်ပြီး ဘာလုပ်ရမှာလဲ၊ ပိုက်ဆံလိုရင် ဘဏ်ကိုသွားထုတ်နေရဦးမယ်၊ အပြင်လည်း မထွက်ရတော့ ဘဏ်လည်းမရောက်၊ ပိုက်ဆံလည်း မထုတ်ရ၊ အခုတောင် ဂျူဂျူးမှာ ပိုက်ဆံ နှစ်သောင်းလောက်ပဲ ပါလာတာ၊ ဂျူဂျူး လက်ထဲမှာရှိတာ အကုန်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဂျူဂျူး ပြောစကားတွေကို ယောမင်းက မျက်ခုံး တွန့်ပြီး နားထောင်နေမိပါသည်။ စကားတိုင်းဟာ သူ့အချက် သူ့အလက်နဲ့ အံဝင်ခွင်ကျကွက်တိ။ လိမ်ညာနေတယ်လို့ ယူဆ ရတဲ့ဟာမျိုးလည်း မပါဝင်။

"မင်းအသက်က ဆယ့်ကိုးနှစ်နော်"

"ဟုတ်ကဲ့"

"တစ်ယောက်တည်း နေဖို့တော့ ငယ်လွန်းသေးတာပေါ့ ဂျူဂျူးရ"

"နာနီ့ကို ပြန်ခေါ်ပြီး နာနီနဲ့ နေမှာပဲဟာ၊ ဂျူဂျူး မမနဲ့ မနေနိုင်တော့ပါဘူး၊ ဂျူဂျူး အသည်းနှလုံးကို ခွဲယူတဲ့ မိန်းမကြီး"

ယောမင်းက ခေါင်းကို လက်မတစ်ချောင်းတည်းနှင့် တဂျစ်ဂျစ် ထိုးကုတ်မိရင်း ...

"ကဲ ... ကိုယ်က ဘယ်ကဏ္ဍကနေ ဘာလုပ်ရမှာမို့ ကိုယ့် ကို ခေါ်ရတာလဲ"

"ဂျူဂျူး အိမ်ကို လိုက်ပို့ပေး"

"အိမ်က ဘယ်မှာလဲ၊ သော့ပါလို့လား"





"ပါတယ်၊ အိမ်က ဖိုးစိန်လမ်းမှာ၊ ပိတ်ထားတယ်"

"ဖုန်းတွေ ဘာတွေရော ရှိလား"

"ရှိတာပေါ့"

ယောမင်းသည် တစ်ခဏ စဉ်းစားနေမိသည်။ သူက ငြင်းဆန်လိုက်ရင်လည်း ဒီကောင်မလေးဟာ ဇွတ်တရွတ်နှင့် သူ့ဟာသူ သွားရင်သွားမှာပဲ၊ တော်ကြာ အိမ်မသွားဘဲ တခြား သွားချင်ရာတွေ လျှောက်သွားနေမှ ပိုရှုပ်ဖွေရ ခက်ဦးမည်။ လော လောဆယ် သူ့အိမ်သူ ရှိနေတော့ တခြားလည်း လျှောက်မသွား ဖြစ်တော့ဘူးပေါ့။ ဒီကောင်မလေးရဲ့ စိတ်လေ နေသလိုလို ချောက်ချား အားငယ်နေသလိုလို ပုံစံနှင့် အရှည်မတွေးတဲ့သဘော သဘာဝအရ လမ်းမပေါ် လျှောက်သွားနေလို့ကတော့ ဒုက္ခဖြစ်ဖို့ ပြဿနာတက်ဖို့တွေ များနိုင်မြင်သည်။ မေဓါ့ အိမ်ကိုပြန်ဖို့ လုံးဝ ပြောမရနိုင်ဘူး ဆိုရင်တော့ သူ့အိမ်ကို လိုက်ပို့ပေးတာ အကောင်း ဆုံးပဲ ထင်သည်။

"ပြီးရင် မင်း နာနီကိုလည်း ရှာခေါ်ရမှာပေါ့"

"ကိုယောမင်းပဲ ခေါ်လာပေး"

"အင်းလေ ... ကောင်းပြီလေ၊ မင်း သိပ်သွားချင်ရင် ကိုယ်လိုက်ပို့ရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မမကို မပြောနဲ့နော်"

"မင်း မမကို ပြော,မပြော ဆိုတာကတော့ မင်းအခြေအနေ အနေအထား အဆင်ပြေ,မပြေ၊ ပြောဖို့သင့်မသင့်ကို ကြည့်ရဦးမယ်"

"မမကို မပြောပါနဲ့၊ သူ လာရှုပ်နေဦးမယ်၊ ကိုယောမင်း စိတ်ချချင်ရင် ကိုမောင့်ကို ပြောပေးပါ"

"အိုကေ ...၊ အဲဒါလည်း ကောင်းတာပဲ၊ ကဲ ... လာ ... သွားမယ်၊ နေတော့၊ ရေခဲမုန့်ဖိုးတွေ မပေးနေနဲ့တော့"

ရေခဲမုန့်ဖိုး မပေးရတာကိုပဲ ဂျူဂျူးက ကလေးတစ်ယောက်နယ် တဟီးဟီး ပျော်ရွှင်မဆုံးတော့။ ယောမင်းက မျက်ခုံးပင့်နေတဲ့ ဝတ္တာကို နှုတ်ဆက်ပြီး ဂျူဂျူးကို ခေါ်ကာ ကားမောင်းထွက်လာပါသည်။ ဂျူဂျူးညွှန်ပြတဲ့ လမ်းအတိုင်း မောင်းလာခဲ့ပြီး ဖိုးစိန်လမ်းထဲ ရောက်လာပါသည်။

"ရှေ့ခြံပဲ"

ခြံစည်းရိုးသံတိုင်တွေမှာ ချုံနွယ်တွေ ရစ်နွယ်ရှုပ်ထွေးနေတဲ့ ခပ်ဟောင်းဟောင်း ခြံတစ်ခြံရှေ့ ယောမင်းက ကားကို ခေါင်းတည့် ရပ်လိုက်လျှင် ဂျူဂျူးက ပြေးဆင်းကာ သူ့ဘောင်းဘီအိတ်ထဲက ပိုက်ဆံအိတ်ငယ်ထဲမှ သော့တစ်ချောင်း





ထုတ်၍ ခြံတံခါးသော့ခလောက်ကို ဖွင့်သည်။ ပြီးလျှင် ကားပေါ် ပြန်မတက်ပဲ သူက ခြံထဲဝင်လမ်းတစ်လျှောက် ပျော်ရွှင်စွာပြေးလွှားခုန်ပေါက်ကာ ဝင်သွားတော့သဖြင့် ယောမင်းက သူ့နောက်မှ ကားကို ခပ်ဖြည်းဖြည်း လိုမ့်ဝင်လာခဲ့သည်။

ခြံက ကျယ်သလောက် တစ်ထပ်တိုက်ကလေးကလည်း အပြန့်အကျယ်ကြီး ဖြစ်သည်။ တစ်ထပ်ဆိုပေမဲ့ ရှေးခေတ်က ဆောက်ထားတဲ့ တိုက်ပုံစံမို့ လှေကားထစ်ငါးထစ်တက်ရကာ မြေကြီးမှ မြင့်ဆောက်ထား၍ အောက်မှာ မြေတိုက်ခန်း ပါပုံရတဲ့ ပုံစံဖြစ်သည်။ မျက်နှာကြက်လည်း မြင့်၍ ခုခေတ်ခေတ်မီပုံစံ နှစ်ထပ်တိုက်နီးပါး မြင့်ပါသည်။ အမိုးပြာနီနီတွေနှင့် ဘေးဘက် နောက်ကျကျမှာ မီးခိုးခေါင်းတိုင် လေးထောင့်လေးလည်းပါကာ ချစ်စဖွယ် အိမ်ကလေး ဖြစ်သည်။

လူမနေဘဲ ပိတ်ထားတဲ့အတွက် မှုန်မှိုင်းမှိုင်းဖြစ်ကာ ခြံထဲမှာလည်း ချုံတွေ နွယ်တွေ အနည်းငယ် ရှုပ်ပွနေသည်။

"လာလေ ... ကိုယောမင်း"

ဂျူဂျူးက အိမ်ရှေ့တံခါးမကြီး သော့ကို အပြေးအလွှားဖွင့်နေရင်း ယောမင်းကို အော်ခေါ်သည်။ သူ့အိမ်သူ ပြန်ရတာကို ပျော်ရွှင်တက်ကြွ ခုန်ဆွနေတဲ့ ဂျူဂျူးကို ကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ယောမင်း ကရုဏာတစ်ဝက်နှင့် သဘောကျနေမိသေးသည်။ ဒီကောင်မလေးဟာ ကလေးပုံစံပဲ။ သူ့အစ်မအိမ်မှာ မလွတ်လပ်တော့ မပျော်ဘူး ထင်ပါရဲ့။

"မင်း နာနီကို အရင်သွားရှာ ခေါ်ကြရအောင်လား"

"ဟင့်အင်း ... နောက်မှခေါ်၊ အိမ်ထဲ အရင်ဝင်ဦး"

"အိမ်မှာ ဘယ်သူမှမှ မရှိဘဲ"

ယောမင်းက သူ့အတွက် ပြောတာကိုလည်း နားလည်ပုံမရဘဲ ...

"ဘယ်သူရှိရှိ မရှိရှိ ဘာကြောက်ရမှာလဲ၊ ဒါ ဂျူဂျူးအိမ်ပဲ"

ဂျူဂျူးက ပွင့်သွားသော တံခါးမှ ပြေးဝင်သွား၍ ယောမင်းက အိမ်တံခါးဝသို့ လျှောက်လာခဲ့သည်။ တံခါးပွင့်ဟနေသည့်အထဲ တောက်လျှောက် မြင်နေရသော ဧည့်ခန်း ထမင်းစားခန်းတို့မှာ ပရိဘောဂတွေ အပြည့်အသင့်နှင့် ကျယ်ဝန်းခမ်းနားလှပါသည်။ လူမနေသော်လည်း အချိန်လည်း အလွန်မကြာသေး၍ ဖုန်တွေ ဘာတွေ သိပ်မရှိ။ ကြမ်းခင်းများက ပါကေးကွက်တွေ ပြောင်လက်နေပါသည်။

ယောမင်းက ဖိနပ်ချွတ်ကာ ဧည့်ခန်းထဲ လျှောက်ဝင်လာရင်း ...





"ဂျူဂျူး ... မင်း ဘယ်ရောက်သွားပြီလဲ"

ဘာသံမှ ပြန်မကြားရ။ ခြေသံရယ်လို့လည်း မကြားရ။ ယောမင်းက ဧည့်ခန်းလယ်မှာ ခါးထောက်ရပ်နေရင်း ...

"ဟိတ် ... ဂျူဂျူး ... ထွက်ခဲ့၊ လာကွာ၊ မင်း နာနီကို သွားရှာခေါ်ဦးမှာဆို"

ယောမင်းသည် နံရံပေါ်က စိတ္တဇဆန်တဲ့ ပန်းချီကားတချို့ကို လိုက်ကြည့်နေမိသည်။ ရင်ညွန့်လောက်မြင့်တဲ့ ရှေးဆောင်းပုံစံ ပွတ်လုံးကနုတ်တို့နှင့် ဗီရိုပုလျားလျားပေါ်မှာတော့ ဒိတိုစတဲန်းတွေနှင့် ဓာတ်ပုံလေးတွေ ထောင်ထားပါသည်။ တစ်ပုံချင်း စိတ်ဝင်တစား လိုက်ကြည့်နေရင်း ဂျူဂျူးရဲ့အမေ ဖြစ်နိုင်သည့် ဂျူဂျူးနှင့် ခပ်ဆင်ဆင် မိန်းမပုံကိုလည်း တွေ့သည်။ ဝိုင်းကျယ်တဲ့ မျက်လုံးကြီးတွေက အသက်မပါလှသလို အဝေးကြီးကို ငေးမောနေတာလို ကြောင်စီစီ နိုင်တယ် ထင်မိသည်။

သြော် ... ဒီမှာ မေဓါ့ အဖေပုံကိုလည်း ထောင်ထားတာကိုး။ မေဓါ့ အဖေကိုတော့ စင်ကာပူဆေးရုံကြီးကို ထွက်မသွားခင်ကတည်းက ယောမင်း နှစ်ကြိမ် သုံးကြိမ်လောက် မြင်ဖူးပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ ဓာတ်ပုံတွေ ကြည့်ပြီးတဲ့အထိ အတန်ကြာတဲ့တိုင် ဂျူဂျူး ပေါ်မလာ။ အသံမကြားရ။

"ဟေ့ … ဂျူဂျူး၊ ထွက်လာတော့၊ နောက်မနေနဲ့၊ လာ_လာ …"

"ဟား ဟား … ဟေး …"

ရယ်သံနှင့်အတူ ဟေးခနဲ အော်သံနှင့်အတူ သူ ခံစားလိုက်ရသည်မှာ သူ့ကို နောက်ဖက်မှ တင်းကျပ်စွာ ဖက်လိုက်ခြင်းကိုပင်။ ယောမင်းမှာ ရုတ်တရက် လန့်သွားပါသည်။ သူ့ကျောဘက်မှာ တစ်ကိုယ်လုံးကပ်၍ သူ့ခါးနှင့် ဝမ်းဗိုက်နေရာကို ကျစ်ကျစ်ပါအောင် သိုင်းချုပ်ဖက်ထားလျက် တခစ်ခစ် ရယ်မောနေတဲ့ ဂျူဂျူး အပြုအမူကြောင့် သူ လန့်သွားတာ။

"ဟိတ်ကောင်မလေး၊ လွှတ်စမ်း … လွှတ်စမ်း"

"လွှတ်ဘူး"

"ဟိတ် … လွှတ် … လွှတ်"

"မလွှတ် … မလွှတ် … ဟား ဟား ဟား … ခိ ခိ …"

ဂျူဂျူးသည် ယောမင်း ကိုယ်ကိုဖက်ရင်းမှ သူ့လက်မောင်းများကို လျှောကိုက်တစ်ပတ်လည်ရင်း ယောမင်းရဲ့ ရင်ခွင်





ရှေ့ ချာလည်ရောက်ရှိလာသည်။ အတင်းဖက်ကာ မျက်နှာကို မော့ကြည့်ပြီး ရယ်နေတဲ့ ဂျူဂျူး မျက်နှာပြင်မှာ မျက်နက်ကို ထောင့်ကပ်ထားပြီး ကြာမှုဆန်ဆန် ကြည့်နေပုံက ယောမင်းကို ထိတ်လန့်ချောက်ချားစေသည်။ ဘယ်လိုဟာမလေးလဲ။

"ဂျူဂျူး … လာ၊ ငါတို့ မင်းနာနီဆီ သွားကြမယ်"

"ဟင့်အင်း"

ဂျူဂျူးက ခေါင်းခါပြီး သူ့ပါးပြင်ကို ယောမင်းလည်တိုင်စပ် ရင်ညွန့်မှာ ကပ်ထားလိုက်သည်။

"ဟေ့ … ဘာလုပ်တာလဲကွာ … လွှတ်စမ်း၊ ဆော့စရာနောက်စရာ မဟုတ်ဘူး ဂျူဂျူး၊ ကျွတ် …၊ ဖယ် ဖယ်"

"ဟင့်အင်း … မဖယ်ဘူး၊ မလွှတ်ဘူး"

ယောမင်းမှာ မျက်လုံးမျက်ဆန် ပြူးလာရပါသည်။

"မင်း အဲဒါ ဘယ်လို ဖြစ်တာလဲ ဂျူဂျူး၊ ပြဿနာပဲကွာ"

ယောမင်းသည် ဂျူဂျူး လက်တွေကို သူ့ကိုယ်ခန္ဓာမှ ဆွဲဖြုတ်ခွာပစ်ကာ ရုန်းဖို့ကြိုးစားသော်လည်း မလွယ်ဘူး။ ဂျူဂျူးသည် ဖက်ထားတဲ့ လက်များကို ကျောဘက်မှာ ပတ္တာ



www.burmeseclassic.com

www.burmeseclassic.com



သဖွယ် ခိုင်ခိုင်ယှက် ဆက်ထားသည်။ ယောမင်းမှာ ဇောချွေးပင် ပြန်လာရပါသည်။ ဂျူဂျူးကိုလည်း ထိတ်လန့်မိကာ ...

"ဂျူဂျူး ... ပြောနေတာ မရဘူးလား"

"မရဘူး၊ ဂျူဂျူး ချစ်တဲ့ ကိုမောင့်ကို မမက ဆွဲဆောင်သိမ်းသွင်းထားတာလေ၊ အဲဒါကြောင့် ... မမ ရည်းစားကိုယောမင်းကိုလည်း ဂျူဂျူးက ပြန်ပြီးဆွဲဆောင်သိမ်းသွင်းရမှာပဲ၊ မရဘူး"

ယောမင်း မျက်နှာမှာ နီရဲလာကာ ...

"မင်း ရူးနေလား ဂျူဂျူး၊ ငါ့ကို ဆွဲဆောင်လို့လည်း မရဘူး၊ မင်း လုပ်ရပ်ဟာ စိတ်မနှံ့တဲ့ လုပ်ရပ် ... သိလား၊ အခု ဖယ်လိုက်"

ဂျူဂျူးသည် သူ့ကို အရူး၊ စိတ်မနှံ့ဘူး ပြော၍ ရုတ်တရက် ခက်ထန်ဒေါသွလာကာ ယောမင်းရဲ့ လက်မောင်းတစ်ဖက်ကို မပြောမဆိုနှင့် တအားကုန် ကိုက်ချပစ်လိုက်သည်။

"အား"

အကြီးအကျယ် နာကျင်သွားတဲ့ ယောမင်းဟာ ဂျူဂျူး နဖူးကို တွန်းထုတ်၍ သူ့ပါးစပ်ကို လက်မှလွှတ်အောင်





လည်းခွာ၊ ဂျူဂျူး လက်ကိုလည်း အတင်းဆွဲဖြေဖြုတ်ကာ မံရမက အားကုန်တွန်းထုတ်ပစ်လိုက်ပါသည်။ ဆတ်ခနဲ အကွာမှာ တွန်းထုတ်ခံလိုက်ရ၍ ဝုန်းခနဲ လဲပြိုကျသွားတဲ့ ဂျူဂျူးကို ယောမင်းက နောက်ဆုတ် ခွာကြည့်ရင်း ...

"မင်း ... အရူးမပဲ၊ ကျွတ် ..."

ဒေါသနှင့်ပြောရင်း အိမ်ထဲမှ လှည့်ထွက်ခဲ့သည်။ ကားပေါ်တက်ပြီး ထွက်ခွာလာမည် ပြုပြီးမှ ဂျူဂျူးကို ဒီနေရာမှာ တစ်ယောက်တည်း ထားပစ်ခဲ့လို့လည်း မဖြစ်သေးပြန်ဘူးဟု သဘောပေါက်လာပါသည်။ တစ်ခွတ်ထိုး တဇောက်ကန်းနှင့် မတော်မတည့် တစ်နေရာရာ လစ်ပြေးသွားပြီး ဒုက္ခရောက်နေမှာကိုလည်း စိုးရိမ်သေး၍ မေမြ ညီမကို လက်လွှတ်စပယ် မလုပ်ခဲ့ရက်[illegible]။

လက်မောင်းက တစစ်စစ် ကိုက်အောင် နာကျင်လာတဲ့ ဒဏ်ရာကို လက်နှင့်ဖိရင်း ယောမင်းက အစ်ကိုဖြစ်သူဆီ ဖုန်းဆက်လိုက်ပါသည်။

"ဆက်လား ... ယောပါ၊ မမြတ်ရဲ့ ဆေးရုံဖုန်းနံပါတ်လေး တစ်ချက်လောက် ပြောပါဦး၊ ကျွန်တော် ကိစ္စလေးတစ်ခု ရှိလို့"



www.burmeseclassic.com

www.burmeseclassic.com



ဆက်က ဘာမှ မမေးဘဲ မြတ်ရဲ့ ဆေးရုံဖုန်းနံပါတ်ကို ပြောလျှင် ယောမင်းက ချက်ချင်းပဲ ထိုဖုန်းကို ဆက်သွယ်လိုက်ပါသည်။ တစ်ဖက်က ကိုင်သံကြားလျှင် ...

"ဟဲလို ... ကျေးဇူးပြု၍ခင်ဗျာ၊ ကျွန်တော် ဒေါက်တာမောင်မောင်နဲ့ ခဏလောက် စကားပြောပါရစေ"

တစ်ဖက်က သွားခေါ်နေတုန်း ယောမင်းသည် ခြံထဲမှာ ဟိုဒီလျှောက်ကာ စောင့်နေသည်။ အိမ်ထဲတော့ ပြန်မဝင်ရဲတော့ပါဘူး။ ဒီကောင်မလေးရဲ့ အပြုအမူဟာ အံ့အားသင့်စရာကောင်းအောင် ကယောင်ကတမ်း နိုင်နေသလိုပင်။ ရဲတင်းဖွတ်ကျလှသည်။ သူ့အပေါ် တစ်စုံတစ်ရာ ထောင်ချောက်ဆင် စွပ်စွဲတာမျိုး မလုပ်ဘူး ပြောလို့မရ။ ယောမင်း စိတ်ရှုပ်ရှုပ်နှင့် ခြံထဲမှာ လျှောက်ရင်း ဖုန်းစောင့်ဆဲ ...

"ကိုယောမင်း ... ကိုယောမင်း"

ယောမင်းက အသံလာရာ အိမ်ဘက် လှည့်ကြည့်လိုက်သည်။ ဂျူဂျူးကို မတွေ့၍ မျက်လုံးဝေ့ကာ ကြည့်နေဆဲ...

"ကိုယောမင်း ... ဂျူဂျူး ဒီမှာ"

"ဟာ"





အိမ်ရဲ့ ခေါင်မိုးနီနီတွေပေါ် ဘယ်အပေါက်က ဘယ်လိုတက်ပြီး ရောက်နေတယ် မသိသော ဂျူဂျူးသည် မီးခိုးခေါင်းတိုင်လေး နံဘေး၌ရပ်ကာ လက်နှစ်ဖက်ကို ယောမင်းကို ဇော့ယမ်းမြှောက်ပြနေလျက် လက်တစ်ဖက်ထဲမှာ မီးဖိုချောင်သုံးဓားတစ်ချောင်းကိုင်လျက်သား။

"ဟာ ... ဟိတ် ... ဂျူဂျူး၊ နင် ဘာလုပ်တာလဲ၊ ခေါင်မိုးက ဓောက်လျှောကြီး၊ ပြုတ်ကျပြီး ဇက်ကျိုးသေမယ်၊ ဆင်းခဲ့ အခု၊ မင်း ပေါက်ကရတွေ လျှောက်လုပ်မနေနဲ့"

"ဟား ဟား ဟား ဟား"

"ဂျူဂျူး ... မင်း ဘာဖြစ်နေတာလဲ၊ လာ ... ဆင်းခဲ့"

"ဟင့်အင်း ... မဆင်းပါဘူး၊ ဒီမှာတွေ့လား ဓား"

"မင်း အဲဒါ ဘာလုပ်တာလဲ၊ မင်း ရူးနေလား"

"ပါးစပ်ပိတ်ထားစမ်း၊ ငါ့ကို နောက်တစ်ခွန်းထပ်ပြီး ရူးတယ်ပြောရင် ဒီဓားနဲ့ ငါ့ကိုယ်ငါထိုးပြီး ဒီပေါ်က လိမ့်အချ ေါ၊ သဘောပေါက်လား၊ အဲဒါဆိုရင် ငါသေအောင်လုပ်တာ နင် တရားခံ"

"ဟာ ... ဘာဆိုင်လဲ"



www.burmeseclassic.com

www.burmeseclassic.com



နင်တွေ ငါတွေနှင့် မျက်လုံးကြီးပြူးကာ တစ်မျိုးကြီးဖြစ်လာသော ဂျူဂျူးကို ယောမင်းမှာ တကယ်ပဲ ထိတ်လန့်အံ့သြလာသည်။ ဒုက္ခပဲ။ ဒီကောင်မလေးကို လာတွေ့မိတာက စ,ပြီးမှားပြီ ထင်သည်။

"ဟိတ် ... ဂျူဂျူး၊ ဆင်းခဲ့စမ်းပါဟာ၊ ငါတောင်းပန်ပါတယ်"

"ဟင့်အင်း ... ဂျူဂျူး သေချင်တယ်၊ သေလိုက်တော့မယ်၊ သေလိုက်ရမလား"

"ဘာဖြစ်လို့ သေရမှာလဲ၊ နင် ..."

"ရှူးနေလား" ပြောမိလုလု ပါးစပ်ကို ဘရိတ်အုပ်ကာ ယောမင်းမှာ ချွေးတွေရွှဲလာသည်။ တကယ်များ ခုန်ချလိုက်လိုက်ရင် နေရင်းထိုင်ရင်း သူတော့ အမှုပတ်ပြီ။

"ဂျူဂျူး ... မင်း ဘာဖြစ်ချင်လို့လဲဟင်၊ မင်းဖြစ်ချင်တာကို ပြောပြလေ၊ ကိုယ် ကူညီပေးမှာပေါ့၊ လိမ္မာပါတယ်ဟာ လာပါ၊ အောက်ဆင်းပြီး မင်းဖြစ်ချင်တာကို လာပြောစမ်းပါ"

"ဟယ်လို"





တစ်ဖက်က အလောတကြီး ဟယ်လိုသံ ထွက်ပေါ်လာပြီးလျှင် ...

"ဟယ်လို ... ဘယ်သူလဲ၊ ဂျူဂျူး ဘာဖြစ်နေလို့လဲ"

တစ်ဖက်က ကိုမောင်သည် ယောမင်းတို့ အသံတွေကို တချို့ကြားသွားပုံရသည်။

"ကိုမောင်လား ... ကျွန်တော် ယောမင်းပါ"

"ကိုယောမင်း"

"ဟို ... ဂျူဂျူးလေ ... ဂျူဂျူးဗျာ ... ဒီမှာ"

ဂျူဂျူးသည် ခေါင်းတိုင်မှခွာကာ ရှေ့နည်းနည်းတိုးလာရင်း ...

"ကိုယောမင်း ... ရှင် ဘယ်သူ့ကို လှမ်းတိုင်နေတာလဲ၊ မမလား၊ ဂျူဂျူး ခုန်ချပစ်လိုက်မယ်နော်၊ အခု ဖုန်းချလိုက်"

"ဟာ ... ဟာ ... ဂျူဂျူး၊ ဒါ မင်းအစ်မ မဟုတ်ပါဘူး၊ ကိုမောင်ပါ၊ မင်းအတွက် ကိုမောင့်ကို ခေါ်ပေးနေတာ"

"ကိုမောင် ... ! ကိုမောင်ရေ ..."

ဂျူဂျူးသည် ခေါင်မိုးပေါ် ထိုင်ချရင်း မျက်နှာကို လက်ဝါးနှင့်အုပ်၍ ရှိုက်ကြီးတမင် ငိုချလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုမောင် ... ကိုမောင်၊ ခဏလာခဲ့ပါဗျာ၊ ကျွန်တော် လန့်လွန်းလို့၊ ဂျူဂျူး အခု အိမ်ခေါင်မိုးပေါ် ရောက်နေတယ်၊ လက်ထဲမှာလည်း ဓား ... ဓားနဲ့"

"ခု ဘယ်မှာလဲ"

ကိုမောင့် အသံက လိုရင်းတိုရှင်း။

**"သူ့အိမ်မှာ၊ ဖိုးစိန်လမ်း"**

**"သူ့ကို သူ** ဖြစ်ချင်တာ လိုက်လိုက်လျောလျောပြောပြီး ခဏထိန်းထားလိုက်ပါ၊ ဘာပဲပြောပြော ခေါင်းညိတ်လိုက်၊ ဂျူဂျူးက စိတ်ဝေဒနာသည်တစ်ယောက် ကိုယောမင်း၊ ကျွန်တော် ခုပဲလာပြီ"

တစ်ဖက်က ဖုန်းပိတ်သွားလျှင် ယောမင်းသည် အံ့အားတသင့် ကြက်သေ,သေ၍ ဂျူဂျူးကို ငေးစိုက်မော့ကြည့်နေမိသည်။

စိတ်ဝေဒနာသည်။ ယောမင်းမှာ ခုမှ အူထဲအသည်းထဲက အလိပ်လိုက် ယားကျင်လာကာ တစ်ခုခု လုပ်ချလိုက်မှာ အကြီးအကျယ် ကြောက်တော့သည်။ စိတ်မမှန်မှတော့ တကယ် ခုန်ချချင်လည်း ခုန်ချမှာ။





ယောမင်းသည် မတ်မတ်တောင့်တောင့်ကြီးနှင့် လက်ကြီးနှစ်ဖက်ပါ တွဲလောင်းကြီး လှုပ်မရအောင် ဖြင်နေပါသည်။ နောက်မှ သတိဝင်ကာ ...

"ဂျူဂျူး ... ညီမလေး၊ မငိုနဲ့လေ၊ တိတ် ... တိတ်၊ လိမ္မာတယ်၊ ဂျူဂျူး ဘာဖြစ်ချင်လဲ၊ ကိုယ့်ကို ပြောပြလေ၊ ကိုယ်လုပ်ပေးမှာပေါ့"

"ကိုမောင် ... ကိုမောင့်ကို ခေါ်ပေး"

"အေး ... အေး၊ ခေါ်ပေးထားတယ် ညီမ၊ ခုပဲ ကိုမောင် ရောက်လာလိမ့်မယ်"

"တကယ်လား"

"တကယ် ... တကယ်၊ ကိုယ် ဘာလုပ်ပေးရဦးမလဲ၊ မေမေ့ကိုကော ခေါ်ပေးရမလား"

"မခေါ်နဲ့၊ သူ့ကို မုန်းပါတယ်ဆိုမှ၊ သူက ကိုမောင့်ကို ဂျူဂျူး လက်က ဖြတ်ခုတ်နေတာပါ ဆိုနေမှ၊ လိုက်အပိုင်စီးနေတာပါ ဆိုနေမှ"

"အေး ... အေး၊ မခေါ်ဘူးနော်၊ ဒါပေမဲ့ ဂျူဂျူး အထင်လွဲနေတာပါ ညီမလေးရဲ့၊ မေမေက ကိုမောင့်ကို စိတ်မဝင်စားပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ စိတ်မဝင်စားရမှာလဲ၊ သူတို့နှစ်ယောက် တွတ်တွတ်တွတ်တွတ်နဲ့၊ ကိုမောင် ဂျူဂျူးကို စိတ်ပျက်အောင် ဂျူဂျူးက ရှုးနေတယ်လို့လည်း သူပဲပြောတာ၊ ဒါမှ ကိုမောင် ဂျူဂျူးကို အထင်သေးမှာ၊ သူ ရအောင်ကြံနေတာ၊ ခုလည်း ဂျူဂျူးကို ကိုမောင်နဲ့ သိပ်ပေးမတွေ့ချင်လို့ အိမ်ထဲမှာ အမြဲသိမ်းထားတာ၊ ခြံတံခါးကိုလည်း အမြဲသော့ခတ်ထားတာ"

"အဲဒါ တခြားအကြောင်းကြောင့်ပါ ဂျူဂျူးရဲ့၊ လူဆိုးလာမှာစိုးလို့ သော့ခတ်ထားတာ ဖြစ်မှာပါ"

"ဘာလူဆိုးလဲ၊ ခုခေတ်ကြီး ဘယ်လူဆိုးက နေ့လယ်ကြောင်တောင် အေးအေးဆေးဆေး လာမှာမို့လဲ၊ ရှင် ဘာတွေလျှောက်ပြောနေတာလဲ၊ ကျပ်မှ ပြည့်ရဲ့လား"

"ဟိုဟာလေ၊ လူဆိုးဆိုတာ မကောင်းတဲ့လူကို ပြောတာပါ"

"အဲဒါ ရှင်ပြောမှလား၊ ဘာတွေ လာပြောနေတာလဲ"

"မဟုတ်ဘူး ဂျူဂျူးရဲ့၊ မေခါနဲ့ ကိုယ်က လက်ထပ်တော့မှာ"

"ဟုတ်လို့လား၊ လျှောက်မပြောနဲ့နော်"





"သြော် ... တကယ်ပါ ဂျူဂျူးရယ်၊ လက်ထပ်ကြတော့မှာ၊ ရက်ပိုင်းပဲ လိုတော့တယ်၊ ကိုမောင့်ကို မေခါက မယူပါဘူး"

"သူ ယူလို့ရော ရမလား၊ နှစ်ယောက်လုံး သတ်ပစ်မှာ၊ ရှင်တို့က လက်ထပ်မယ်သာဆိုတယ်၊ ရှင်က အိမ်လည်း မလာဘူး၊ အဆက်အသွယ် မရှိသလိုပဲ"

"ကိုယ် မအားလို့ပါ၊ ဖုန်းတော့ အမြဲဆက်ပြီး အစီအစဉ်တွေ လုပ်နေတာ ဂျူဂျူးရဲ့၊ 'ဟိတ် ... ဟိတ်၊ မင်းတက်လာတဲ့ အပေါက်ကနေ ပြန်ဆင်းလာခဲ့ပါလား ... နော်၊ အောက်မှာ စကားတွေ အများကြီး ပြောရအောင်၊ မင်းနဲ့ ကိုမောင့်ကိစ္စလေ၊ တိုင်ပင်ရအောင်"

စကားပြောရင်း ဂျူဂျူးက ထ,လျှောက်ကာ မီးခိုးခေါင်းတိုင်ဆီ ပြန်ရောက်သွားပြန်သဖြင့် ယောမင်းမှာ အသည်းတထိတ်ထိတ် ဖြစ်နေရပါသည်။

"ဟင့်အင်း ... ရှင့်ကို မယုံဘူး၊ ရှင်က ဂျူဂျူးကို မကောင်းကြံရင် ဘယ်လိုလုပ်မလဲ"

အမယ်လေး ...၊ သူကပဲ ပြောရတယ် ရှိသေး။ ခုနကတော့ သူပဲ အတင်းဖက်တက်ပြီး မလွှတ်တော့တာ။ ကြံချင်ကြံ သူကကြံမှာကို ယောမင်းက ကြောက်ရမှာ။



www.burmeseclassic.com

www.burmeseclassic.com



"မကြေပါဘူး ညီမလေးရယ်၊ ကိုယ်က မေခါ့ကိုပဲ ချစ်တာပါ"

"မချစ်နဲ့၊ သူက မုန်းဖို့ကောင်းတာ မချစ်နဲ့"

"အေး ...၊ မချစ်ဘူး၊ အိုကေ ... မချစ်ဘူး"

ယောမင်းက အကျယ်ကြီးအော်ကာ သူ့အလိုလိုက် ယောက်ခံရင်း ချွေးတွေ သုတ်နေရသည်။ မောင်မင်းကြီးသား ဒေါက်တာမောင်မောင်ကလည်း လာပါတော့။ ကြာနေလိုက်တာ။ သူတို့မလာခင် တစ်ခုခုဖြစ်မှာကို လန့်လွန်းလို့ပါ။ ဂျူဂျူးပုံစံက မျက်ကန်းတစ္ဆေမကြောက်မို့သာ အမိုးပေါ် အေးအေးလူလူ ရဲတင်းနေတာ။ သူလျှောက်လိုက်တိုင်း "ဂျွတ် ... ဂျပ်"နှင့် မြည်နေတဲ့ အမိုးတွေ ကျွံပဲကျမလား ပြုတ်ပဲထွက်မလား ယောမင်းမှာတော့ ရင်တွေ ဖိုနေသည်။

သူကိုယ်တိုင်လည်း လျှောက်ရင်း ယိုင်တီယိုင်ထိုး ဖြစ်နေသေးသည်။ သူ လှမ်းလှမ်းဖက်ကိုင်နေတဲ့ မီးနိုးခေါင်းတိုင်ကတော့ ဆွေးမြည့်နေတဲ့ပုံပင် ပေါ်နေသည်။

"ဟိုမှာ ... ဟိုမှာ ... ကိုမောင် လာပြီ"





ဂျူဂျူး အော်ဟစ် လက်ညှိုးညွှန်လိုက်လျှင် ယောမင်းမှာ လှည့်ကြည့်လိုက်ပြီး ဝင်လာတဲ့ ကားတစ်စီးကိုမြင်မှ မောဟိုက်ဆို့နင့်နေတဲ့ အပူလုံးကြီးကို မှုတ်ထုတ်လိုက်ရသည်။ ကားက လမ်းခုလတ်မှာ ချက်ချင်းရပ်၊ တံခါးတစ်ဖက်တစ်ချက်မှ ကိုမောင်နှင့် မေခါ နှစ်ယောက်ဆင်းလာသည်။

"သူ လိုက်လာပြန်ပြီ၊ မလာနဲ့ ... မလာနဲ့၊ သွား၊ ဘာဖြစ်လို့ ကိုမောင်နဲ့ လိုက်လာပြန်တာလဲ၊ မကြည့်ချင်ဘူး"

ဂျူဂျူးက လက်သီးဆုပ်ကာ သံကုန် အော်ဟစ်လေသည်။

"ညီမလေး ... ညီမလေး၊ ကိုမောင်က ညီမလေးဆီ လာတာ၊ မမက ကိုယောမင်းဆီ လာတာပါ"

မေခါက ယောမင်း့ထံ ပြေးလာလျှင် ယောမင်းက အလိုက်သင့် မေခါ့ပခုံးလေးကို ဖက်ထွေးလိုက်ပါသည်။ ညီမအတွက် ပူပန်ခြင်းနှင့် ဆံပင်တွေပွ၊ မျက်ရည်မခြောက်တခြောက်နှင့် လူတစ်ကိုယ်လုံးလည်း ပျော့လုပ်နွမ်းဖတ်နေတဲ့ မေခါသည် ယောမင်းရဲ့ကိုယ်ကို အားပြုမှီထားလိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုမောင်က အိမ်ထဲ တောက်လျှောက် လှမ်းဝင်ရင်း အပေါ်ကိုလည်း တစ်ဆက်တည်း မော့ပြောသွားပါသည်။


"ဂျူဂျူး၊ ကိုမောင်ပါ တက်ခဲ့မယ်၊ ဟုတ်လား၊ ကိုမောင့် စကား နားမထောင်ရင် မင်းကို လုံးဝမချစ်ဘူးလို့ ပြောထားတယ်လေ ဂျူဂျူး၊ ကိုမောင် အခုတက်လာမယ်၊ အတူတူ ပြန်ဆင်းမယ်"

ကိုမောင်က အိမ်ကို ကျွမ်းဝင်နေသူပီပီ အိမ်ထဲ ဝင်ရောက်သွားပါတော့သည်။

✳ ❖ ✳








www.burmeseclassic.com

www.burmeseclassic.com







## ၁၄

ဒေါက်တာစစ်အောင်က ဆေးရုံက သူ့မိတ်ဆွေ ဆရာဝန်ကြီးနှင့် နှုတ်ဆက်စကား ပြောဆိုရင်း ...

"တစ်ရက်လောက် ကျွန်တော့်အိမ်ကို ဒင်နာကလေး ဖိတ်လိုက်ပါရစေဦး၊ ခင်ဗျား မငြင်းစ်ရောပေါ့ဗျာ"

"ဟား ဟား ... မဟုတ်တာဗျာ၊ ဒေါက်တာစစ်အောင် ရင့်မကြီးတစ်ယောက်လုံး ရန်ကုန် ခဏပြန်ရောက်နေတာ၊ ကျွန်တော်တို့က ထမင်းဖိတ်ကျွေးရမှာပါ"

"တစ်လှည့်စီပေါ့ဗျာ၊ ကျွန်တော် စီစဉ်ပြီးရင် ဖုန်းဆက်လိုက်မယ်နော်၊ ဆီးယူဗျာ ... ကိုဆွေမြင့်"



www.burmeseclassic.com

www.burmeseclassic.com



"ဆီးယု ကိုစစ်အောင်"

"သမီး ... ဆရာကြီးကို နှုတ်ဆက်ဦး"

ဂျူဂျူးက လက်အုပ်လေးချီကာ နှုတ်ဆက်စကားပြောဆိုပြီးလျှင် ဆရာမတွေပါ အားလုံးနှုတ်ဆက်၍ ကိုမောင်က ကားနားအထိ လိုက်ပို့ပါသည်။

"ဆရာကြီး ကျွန်တော် ညနေမှ အိမ်လာခဲ့မယ်"

"အေး ... ကောင်းပြီ၊ သင့်ခ်ယူး မောင်မောင်ရာ၊ သွားမယ်ကွာ"

ဂျူဂျူးက ဖေဖေ့ ဘေးနေရာမှာ ထိုင်ရင်း ကိုမောင့်ကို အပြုံးကလေးတဝင့်နှင့်ပဲ နှုတ်ဆက်ခဲ့ပါသည်။

"မမနဲ့ မောင်ယောမင်းက အိမ်ကပဲ စောင့်နေတယ် သမီးရဲ့၊ အိမ်ရှင်းလင်း၊ ပန်းအိုးတွေထိုးနဲ့ သမီးကို ကြိုဖို့ ပြင်နေကြတာပေါ့"

"မမတို့ မင်္ဂလာဆောင်က နောက်တစ်ပတ်နော် ဖေဖေ"

"ဟုတ်တယ်လေ ... ဆယ့်ငါးရက်နေ့လေ သမီး"

"ဖေဖေ"

"ပြော ... သမီး"





"ဖေဖေ့ကို ဂျူဂျူး ချစ်ပါတယ်၊ မမ ကိုလည်း ဂျူဂျူး ချစ်ပါတယ်"

"ဝမ်းသာပါတယ် သမီးရယ်၊ သမီးမမကတော့ ပြောမနေပါနဲ့တော့၊ ငယ်ငယ်ကတည်းက ညီမလေးကို အိမ်မှာခေါ်ထားပါ တောင်းဆိုလာတဲ့ အစ်မပါ၊ သမီးကို သိပ်သံယောဇဉ်ကြီးရှာပါတယ်၊ ဖေဖေ့ အနေနဲ့ကတော့ သမီးအမြင်မှာ ဝတ္တရားပျက်ကွက်တဲ့ အဖေတစ်ယောက် ဖြစ်ရင်ဖြစ်မယ်၊ ဒါပေမဲ့ အဲ လို မဟုတ်ပါဘူး သမီး၊ ဖေဖေသမီးလေးကို ချစ်ပါတယ်၊ အတူလည်း နေချင်ပါတယ် ..."

မေမေ့အမေက မေမေ့မွေးကာစပဲ ဆုံးသွားတဲ့နောက် ပုံမှန်အားဖြင့်တော့ ဖေဖေ အိမ်ထောင်သစ်ထပ်ပြုဖို့ စိတ်ကူးမရှိသေးတာ မှန်ပေမဲ့ မာရီယာနဲ့ မမျှော်လင့်ဘဲ တွေ့ဆုံသိကျွမ်းတယ်၊ အဲဒီတုန်းက စိတ်ဝေဒနာရှိတယ်လို့ ဖေဖေမသိသေးတဲ့ မာရီယာကို ရဲတင်းသွက်လက် ခေတ်ဆန်တယ်ပေါ့လေ၊ ဥယျာဉ်ပွဲ ပါတီပွဲတွေမှာ ဆုံတွေ့ရင်းနှီးလာရင်းက အလေးအနက် ရည်ရွယ်ချက် မထားသေးဘဲနဲ့ မမျှော်လင့်ဘဲနဲ့ပေါ့လေ ငြိစွန်းခဲ့ကြတယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်က အဖြစ်အပျက်ဟာ မာရီယာက သူ့ကို ထောင်ချောက်ဆင် ဖမ်းလုနီးပါး ကြိုတင် စီစဉ်ခဲ့ခြင်းအားဖြင့် ဖြစ်ပွားမှောက်မှားခဲ့ရတဲ့ အဖြစ်မျိုးပင်။ နောင်တော့မှ ဒါဟာ ... မာရီယာရဲ့ စိတ်ပိုင်းဆိုင်ရာ ဝေဒနာကြောင့် မထိန်းသိမ်းနိုင်တဲ့ အမှားဆိုတာ ဦးစစ်အောင် နားလည်ခဲ့ရသည်။ မာရီယာ့ စိတ် အခြေအနေကို သူ သိတာ နောက်ကျခဲ့ပါသည်။

ဘယ်လိုပင်ဖြစ်စေ သူ့အမှားအယွင်း တာဝန်ကို သူ ယူခဲ့သည်။ မာရီယာ့ကို ဇ ။ဝင် လက်မှတ်ရေးထိုး လက်ထပ်ယူခဲ့ပါသည်။ သို့ပေမဲ့ မာရီယာဟာ ဂျူဂျူး ကိုယ်ဝန်ကို လွယ်ပိုးခဲ့ရတဲ့အခါ ကလေးကို မလိုချင်။ ဦးစစ်အောင် မသိအောင် ဖျက်ချဖို့ပင် ကြိုးစားခဲ့သည်။ ကလေးမွေးပြီးတဲ့ အချိန်တို့မှာတော့ မာရီယာ့ အခြေအနေက ပိုမိုဆိုးဝါးလာပါသည်။ အဲဒီတော့မှပင် မာရီယာ့ စိတ်မူမမှန်မှုကို ဦးစစ်အောင် သိရှိခဲ့တာ။

ဆေးကုသဖို့ ဘယ်လိုမှ ဖျောင်းဖျနားချမရ။ လင်မယား ရန်ဖြစ်ရခြင်းသာ အဖတ်တင်သည်။ သူ့ကို အလိုမလိုက် ဆန့်ကျင်ချုပ်ကိုင်ချင်တဲ့ ဦးစစ်အောင်ကိုလည်း မာရီယာက အလိုမရှိတော့။ ဂျူဂျူးကိုပိုက်ကာ အိမ်ပေါ်က ဆင်းသွားခဲ့သည်။





သူ့အိမ်သူ ပြန်နေကာ နေချင်သလို နေသည်။ နောက်ဆုံး ဘယ်လိုမှ နားချလို့မရ၊ ဆုံးမလို့မရတဲ့ မာရီယာ့ကို ခပ်လှမ်းလှမ်းက သာပဲ လက်ပိုက်ကြည့်နေခဲ့ရတော့တာပါ။ ဟိုလူနဲ့တွဲ ဒီလူနဲ့တွဲ၊ မကောင်းသော အပေါင်းအသင်းများကြောင့် စိတ်ဓာတ်နဂိုကမှ မခိုင်မာ မတည်တံ့တဲ့ မာရီယာ ဆေးစွဲတဲ့အထိ ပျက်စီးခဲ့ပါသည်။

အဝေးကနေသာ အစ်ကိုတစ်ယောက်လို သူ့ကျန်းမာရေးကို တတ်နိုင်သလောက် စောင့်ရှောက်နိုင်တာထက် ပိုပြီး ဦးစစ်အောင်လည်း မတတ်သာခဲ့ပါ။ ထို့ကြောင့် ဂျူဂျူးနှင့် သူဟာ ဝေးကွာကင်းစိမ်းခဲ့သည်။ ဂျူဂျူး ခမျာ မိခင်ကြောင့်ပင် ဖခင်ရဲ့မေတ္တာနှင့် မလုံခြုံ မငွေ့ထွေးခဲ့ရ။

"မပြောပါနဲ့တော့ ဖေဖေ၊ ဂျူဂျူး အဲဒါတွေ သိပြီးပါပြီ၊ ကိုမောင်ရော ... မမရော ... နည်းနည်းချင်း ဂျူဂျူး မေးသလောက် ပြောပြကြပါတယ်၊ ဖေဖေ့ဘက်ကို ဂျူဂျူး နားလည်ပါတယ်၊ ဂျူဂျူး အခု အားလုံး အမြင်ကြည်ကြည်နဲ့ နားလည်မှုလည်း ရှိတယ်၊ နေလည်း ကောင်းနေပါတယ် ...



www.burmeseclassic.com

www.burmeseclassic.com



ဂျူဂျူး ကြောက်တာ တစ်ခုပါပဲ၊ ဂျူဂျူး ခုလို ပြန်ဖြစ်မှာ သိပ်ကြောက်တယ် ဖေဖေ၊ ဂျူဂျူး တစ်သက်လုံး နေကောင်းသွားပြီးတော့ ကိုယ့်ရှေ့ဘဝလေးကို သာသာယာယာ ငြိမ်းငြိမ်းချမ်းချမ်းကလေးပဲ လျှောက်လှမ်းချင်တယ်၊ မမတို့ဘဝလို ဣန္ဒြေရရ အခြေကျကျကလေးမျိုး ဂျူဂျူး ဘဝကိုလည်း ဖြစ်ချင်တယ်"

မျက်ရည်လေးလည်ကာ ပြောနေတဲ့ ဂျူဂျူး ခေါင်းကလေးကို ဦးစစ်အောင်က ကိုင်လှုပ်ရင်း ...

"ဖြစ်ကို ဖြစ်ရမှာပေါ့ သမီးရဲ့၊ ဘာမှ စိတ်မပူပါနဲ့၊ ငါ့သမီး ကောင်းကောင်း ကျန်းမာနေပါပြီ"

ကားကလေးက ခြံဝင်းထဲ ချိုးကွေ့ ဝင်လိုက်ပါသည်။ အိမ်တံခါးဝကို ထွက်ကြိုနေတဲ့ မမနှင့် ကိုယောမင်းကို ဂျူဂျူးက ပြုံး၍နှုတ်ဆက်ရင်း ကားပေါ်က ဆင်းလိုက်သည်။ မမက ဂျူဂျူးကို ထွေးဖက်ကာ ဂျူဂျူး ပါးကလေးကို နမ်းချိန်တွင် ကိုယောမင်းက ဂျူဂျူးရဲ့ အထုပ်အပိုး ပစ္စည်းတချို့ကို သယ်တင်ပေးနေသည်။





"ဂျူဂျူး အခန်းကို သေသေချာချာ လှလှပပ မွှေးမွှေးသန့်သန့်ကလေး ပြင်ပေးချင်သေးလို့ မမက လိုက်မကြိုတော့တာ၊ ဖေဖေကလည်း တစ်နေ့ကမှ ရောက်တော့ ဂျူဂျူးနဲ့ စကားသေချာမပြောဖြစ်သေးတော့ ဖေဖေ့ကိုပဲ လွှတ်လိုက်တယ်၊ ဂျူဂျူးနဲ့ အဖွဲ့ကျရအောင်လေ"

"ဖေဖေ့ဓာတ်ပုံကို ဂျူဂျူးကို ဆေးရုံကို ယူခဲ့ပေးခိုင်းထားတာ တစ်လတောင်ရှိပြီ၊ ကိုမောင် ဟိုအိမ်က သွားယူခဲ့ပေးတာလေ၊ ဂျူဂျူး ရင်ထဲမှာ ဖေဖေ့ကို ဖေဖေ မလာခင်ကတည်းက အဖွဲ့ကျပြီးသား ရင်းနှီးပြီးသားပါ မမရယ်"

"မင်္ဂလာဆောင် အချိန်မီ ညီမလေး ပြန်ဆင်းလာနိုင်တာ ယောလည်း ဝမ်းသာနေတယ်၊ ဂျူဂျူးဖို့ မမ ဝတ်စုံလေးလည်း အဆင်သင့် စီစဉ်ပေးထားတယ်"

ဂျူဂျူးရဲ့ နူးညံ့တဲ့ အပြုံးမျက်နှာကလေးကို ကြည့်ရင်း မေခေါ့ ရင်ထဲ၌လည်း ချမ်းမြေ့နှစ်သိမ့်ရသည်။

"ဂျူဂျူး လုံးလုံးလျားလျား နေကောင်း ကျန်းမာသွားတဲ့အခါ ဂျူဂျူးရဲ့ ဘဝတစ်သက်လုံးကို စောင့်ရှောက်ခွင့်ပြုပါ"လို့ ဖေဖေ့ထံမှာ မနေ့ကပဲ ကိုမောင် တောင်းဆိုခွင့်ပန်ခဲ့တာ၊



www.burmeseclassic.com

www.burmeseclassic.com



ပေပေ ကြည်ဖြူကျေနပ်ခဲ့တာ၊ မေမေါလည်း ကြည်နူးပီတိ ဖြစ်ရတာတွေကို မကြာခင်ပဲ ဂျူဂျူး ဝမ်းသာအောင် အသိပေး ပြောပြရပါဦးမည်။

✳ ❖ ✳

လမင်းမိုမို



BURMESE CLASSIC .com

www.burmeseclassic.com